စိုးမိုးစာပေ

www.burmeseclassic.com

မျိုး
(ကလောင်ခွဲ)

# ဝ
# သျှိုး

## နှစ်ပါးသွားဆော့(ဖ်)ဝဲ



BURMESE CLASSIC .com

Digital Art Idea Kyaw & Wai Yan

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# ပျိုး

(ကလောင်ခွဲ)

# သျှိုး

နှစ်ပါးသွားဆော့(ဖ်)ဝဲ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၄၉၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၀၃၁၁၀၇
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
(ဇော်ပုံနှိပ်တိုက်)
အမှတ် (၃၈၆)၊ အင်းကြင်းမြိုင်လမ်း
(၂၃) ရပ်ကွက်၊ သဃ်န်းကျွန်း။
ကွန်ပျူတာစာစီ
UKN
(၃၂) လမ်း၊ အထက်၊ ရန်ကုန်
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည် Idiea Kyaw & Wai Yan
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဧပြီလ
ထုတ်ဝေ - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁-၂၉၀၉၉၅

BURMESE CLASSIC .com

## အခန်း (၁)

"သိမ့် ဈေးဦးပေါက်ပါရစေ"

ခေါ်သံက ရင်းနှီးကျွမ်းဝင်နေသလိုမျိုး။ လှည့်အကြည့်မှာ မြင်ရသည့်မျက်နှာက သူစိမ်းမျက်နှာ။ နုဖတ်နေသော မျက်နှာပေါ်မှ အပြုံးရိပ်တွေက နှစ်လိုဖွယ်ကောင်းပေမယ့် သိမ့်နန္ဒာ မျက်မှောင်လေး ကုပ်ပြီး ပြန်ကြည့်ပစ်လိုက်မိသည်။

ဆံပင်ကတိုတို နားရွက်ဖော်လျက် နားသယ်စပ်မှာ တောင့်ချွန်ချွန်ပုံ ဖော်ထားသည်။ နဖူးပြေပြေပေါ်ကို တမင် ဖွာချထား ပုံကလည်း စတိုင်ကျတာအမှန်။ လည်ကတုံးအင်္ကျီဖြူနှင့် ကော[illegible]စိမ်း



www.burmeseclassic.com

www.burmeseclassic.com



လုံချည် စိုလဲ့နေသော ထိုလူစိမ်းကျောင်းသားကို သိမ့်တင်မကပါ။ သူမတို့တစ်ဖွဲ့လုံး လှည့်ကြည့်မင်သက်နေမိကြသည်။

"ဘာလဲ ဘာလာကြောင်တာလဲ၊ နင်က ဈေးဦးဖောက်ပေးရအောင် ငါက ဈေးသည်မို့လား"

"အေးလေ ဘာလဲဟ အူကြောင်ကြောင်နဲ့"

"သိမ့်ရေ သိပ်စိတ်မမှန်ဘူးထင်တယ်ဟ"

သိမ့်နှုတ်ခမ်းလှုလှုက ပက်ခနဲ ပြန်ပြောလိုက်သည်နှင့် မိသူနှင့် သန္တာတို့ကလည်း ဝိုင်းတွယ်လိုက်ကြသည်။ လေးယောက်အုပ်စုထဲမှာ နှုတ်ဆိတ်ငြိမ်သက်နေသူက တိမ်ပဝါတစ်ယောက်တည်းရယ်။

မိန်းကလေးအုပ်စုကြားမှာ တစ်ယောက်တည်းပေမယ့် ကိုလူချောက အပြုံးတစ်ချက်မပျက်။ ပုလဲလုံးဖြူဖြူလေးတွေ ပေါ်သွားအောင် အားပါးတရတောင် ရယ်လိုက်ပြန်သေးသည်။

"ဟား ဟား ဟား ရယ်ရတယ်ကွ အဟက် ဟက်"

"အောင်မယ် ဘာရယ်တာလဲ၊ ဒီလိုအပိုးမကျိုးတဲ့ မျက်နှာမျိုးကို တို့စတိတ်ကျောင်းမှာ မမြင်ဖူးပါဘူး"

"ဟုတ်ပါ့ ကျောင်းသားသစ်ထင်ပါရဲ့၊ သိမ့်ရေ အကူအညီလိုရင်လည်း ပေးလိုက်ရအောင်၊ တို့အကြောင်း မသိသေးဘူးနဲ့တူတယ် အဟင်း ဟင်း"

သိမ့်စကားအဆုံးမှာ သန္တာက ဝင်ထောက်ပေးသည်။ မိသူကလည်း မခေပါ။





"ဒီမှာ ရှင် အကူအညီလိုရင် ရိုးရိုးသားသားတောင်း၊ ကြောင်တောင်တောင်တော့ လာမလုပ်နဲ့၊ ဆေးလှူပ်မသောက်ခဲ့ဘူးထင်ပါရဲ့"

ဘယ်လောက်နှိပ်ကွပ်ကွပ် မျက်ဝန်းတွေထဲအထိ အရိပ်ထင်စေသော အပြုံးတွေကို သူ လွှတ်မချဘဲ စလွယ်သိုင်းထားသော Nike ဘက်အိတ် အနက်ရောင်မှ ဘေးဇစ်အိတ်လေးကို ဆွဲဖွင့်နေသည်။

အိတ်ထဲမှ ပြန်ထုတ်လိုက်သော သူ့လက်ထဲမှာတော့ အပြာနုရောင် စာရွက်ခေါက်ကလေး ပါလာသည်။

"တို့အတွက် ဘာအကူအညီမှ မလိုပါဘူး မဖက်တီးရယ်၊ ကဲ ခင်ဗျားတို့ သိပ်ကူညီချင်နေရင် သိမ့်ကို ကူညီပေးလိုက်"

"ဘာ နင်ဘာပြောတာလဲ၊ ငါ့နာမည် ဖက်တီးမဟုတ်ဘူး"

ဖက်တီးမဟု အခေါ်ခံလိုက်ရတာကို သန္တာ ဆတ်ဆတ်ခါနာသွား၏။ မျက်နှာကြီး ရဲရဲနီမြန်းလျက် တုန်ခါသွားတာကြည့်ပြီး သိမ့်တောင် ပြုံးတုံ့တုံ့ဖြစ်ရ၏။

"နာမည်မသိလို့ ခေါ်တာပါဗျာ၊ ဟန်ဆောင်ဒေါသတွေ ပိုမနေပါနဲ့ မဝဝရယ်၊ ရော့ သိမ့်အတွက် တို့ ဈေးဦးဖောက်ကာပါ"

ငြင်းပယ်လိုက်ဖို့ စိတ်ကူးထားလိုက်ပေမယ့် သိမ့်စိတ်ကူးတွေ ပြောင်းသွားမိကာ လှမ်းယူလိုက်တော့ သူ ကျေနပ်စွာပြုံးသည်။ ညီညာသွယ်တန်းဖြူစင်သော သွားလေးတွေကို လှစ်ခနဲ မြင်လိုက်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုပါကတော့ တကယ့် ဖလားပဲဟု သိမ့် စိတ်ထဲက မှတ်ချက်ပြုလိုက်မိသည်။

“တစ်ယောက်တည်းမဖတ်နဲ့နော် သိမ့်၊ အားလုံးကို တိုင်ပင်စဉ်းစားပေးပါ၊ ဟောဟိုက သူသူဇော်ရယ်၊ တေမိနလုံးမှူထားတဲ့ ဟောဒီက တိမ်ပဝါအပြင် တို့နာမည်မသိတဲ့ မဖက် အဲ မမဝဝကိုပါ တိုင်ပင်ပါ၊ ဟုတ်ပြီလား”

ရယ်ကျဲကျဲနှင့် သန္တာကို ထပ်နောက်ပြောင်သွားသေးသည်။

“တောက် ငါ့ကို တမင် နှိပ်ကွပ်သွားတာပဲ၊ မကျေနပ်ဘူး တွေ့မယ်”

သန္တာ ပေါက်ကွဲဒေါကန်နေတာကို တစ်ချိန်လုံး ငြိမ်သက်နေသော တိမ်ပဝါက တိုးလျလျအသံလေးနှင့် တားမြစ်လာချေသည်။

“စိတ်တိုမနေပါနဲ့ သန္တာရယ်၊ တို့သူငယ်ချင်းတွေ ပထမဆုံး ဆုံတဲ့နေ့မှာ ဘာပြဿနာမှမဖြစ်ဘဲ အေးအေးချမ်းချမ်း ကျောင်းတက်ကြရအောင်ဟာ”

“တိမ်ပဝါပြောတာ မှန်တယ် သန္တာ၊ ကြည့်ရတာ ဒီပုဂ္ဂိုလ်ဟ တို့ကျောင်းမှာတက်မယ့် ကျောင်းသားသစ်ပဲဖြစ်မှာပါ၊ တစ်ကွေ့မဟုတ် တစ်ကွေ့တော့ ကြုံဦးမှာပါဟ၊ အခုတောင် သူက သိမ့်နဲ့ပတ်သက်ဖို့ ကြိုးစားလာပြီလေ”

မိသူစကားကြားမှ သန္တာ ဒေါသတွေ အရှိန်ကျိုးသွားပုံရသည်။ သိမ့်လက်ထဲမှ စာခေါက်ပြာလေးကို လှမ်းကြည့်ရင်း





“အေး အဲဒီကောင်စာ နင်ယူထားလိုက်တာ ကောင်းတယ်၊ ဖတ်ကြည့်ကြရအောင်ဟာ၊ ပြီးမှ ကောင်းကောင်းကြီး ပြန်နှိပ်ကွပ်ပြမယ် ဟင်း”

သိမ့် နှုတ်ခမ်းဖူးဖူးလေးတွေ ပြုံးသွားရသည်။ လှပနုညက်မွှန်နေသော မျက်နှာလေးပေါ်မှ ကိုယ့်ကိုယ်ကို အထင်ကြီးဂုဏ်ယူမှုတွေ အပြည့်။

သည်မြို့လေးရဲ့ စတိတ်ကျောင်းလေးမှာ သိမ့်နန္ဒာဆိုတာ အလှနတ်ဘုရားတစ်ပါးဖြစ်သည်။ ရှစ်တန်းကျောင်းသူကတည်းက သိမ့်နန္ဒာသည် ကျောင်းသားတွေရဲ့ကြားမှာ ရေပန်းစားလာခဲ့သူ ဖြစ်သည်၊

ပျို့မျစ်နုနယ်သောအလှက ပန်းဖူးကလေး ပွင့်အာလာသလိုမျိုး။ နုညက်ဝင်းဖန့်သော မျက်နှာလေးနှင့် လိုက်ဖက်သော စတက်ပုံဆံပင်လေးက ချစ်စရာ။ အစက်အပြောက် မြူတစ်မှုံမျှမရှိသော မရှိသော ပါးပြင်လေးတွေက ပန်းနုသွေးကြွနေသည်။ မျက်ခုံးစင်းစင်း နှာတံက သွယ်သွယ် နုထွေးစိုလဲ့သော နှုတ်ခမ်းဖူးဖူးလေး။

အားလုံးက သိမ့်နန္ဒာရဲ့အလှကို အကြွင်းမဲ့စေအောင် ဖန်ဆင်းပေးထားသည်။ သိမ့်နန္ဒာကိုယ်တိုင်က အလှတရားတွေကို ပိုင်ဆိုင်သလို ကံကလည်း ကောင်းသူဖြစ်သည်။ မိဘအသိုင်းအဝိုင်းက ပြည့်စုံချမ်းသာသည်။ တစ်ဦးတည်းသောသမီးမို့လည်း အလိုလိုက်ချစ်ခင်ခြင်း ခံရသူဖြစ်သည်။ သည်တော့လည်း သိမ့်နန္ဒာ မာနကကြီးသည်။

ဘယ်နေရာမှာမဆို သိမ့်နန္ဒာ မျှော်လင့်ပိုင်ဆိုင်လိုတာက



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုသာဖြစ်သည်။ အလှမှာလည်း ပထမ။ ပြည့်စုံမှုမှာလည်း ပထမ။ ပညာရေးမှာလည်း ပထမကိုသာ တောင့်တမက်မောခဲ့သည်။

ဒါပေမဲ့ သိမ့်နန္ဒာအတွက် မရနိုင်တာတစ်ခုပဲရှိသည်။ ပညာရေးမှာ တိမ်ပဝါကို မကျော်နိုင်ခြင်းဖြစ်သည်။ မူလတန်းကျောင်းသားဘဝကတည်းက အတူတွဲလာသော သူငယ်ချင်းတွေပေမယ့် တိမ်ပဝါကို အလယ်တန်းလောက်ကစ၍ သူမ ပညာရေးမှာ မယှဉ်နိုင်ခဲ့ပါ။

ငါးတန်းကစလို့ တိမ်ပဝါက အမြဲတမ်း ပထမဆုကို ရယူသွားသည်ချည်း။ တိမ်ပဝါထက်သာအောင် သိမ့်နန္ဒာ ကြိတ်ပြီး ကြိုးစားသည်။ သို့ပေမယ့် အောင်စာရင်းတွေထွက်လာလျှင် တိမ်ပဝါက အမြဲတမ်း သူမအထက်က ရှိနေသည်။

"နင်က ငါ့ထက် စာတော်တာအမှန်ပဲ၊ အင်းလေ နင့်အတွက် ပညာရေးက အဓိကကိုး၊ နင့်ဘဝအနာဂတ်အတွက် ပညာတစ်မျိုးလှူရာဝင်မှာ ပဝါရဲ့"

ချို့တဲ့မှုနှင့် အဆင်မပြေသော တိမ်ပဝါအကြောင်း သိနေသည့် သိမ့်နန္ဒာက နှိမ်ချသလိုလို၊ အရှုံးပေးသလိုလို ဆိုတတ်လေတိုင်း တိမ်ပဝါက ပြုံးပြုံးလေးနှင့် ခံယူတတ်သေး၏။ ထိုအခါတိုင်း သိမ့်ရင်ထဲမှာ မနာလိုဝန်တိုစိတ်တို့ တိုးလာရ၏။

တကယ်ဆို တိမ်ပဝါသည် တည်ငြိမ်မှုနှင့် သိမ်မွေ့မှုမှာပါ သူမထက် တော်နေသည်ကို သိလိုက်ရသည်ပဲ။

အခုလည်းကြည့်၊ သိမ့်တို့သုံးယောက် ကျောင်းသားသစ်





ပေးခဲ့သော စာလေးကို ဖတ်ရှုကြဖို့အတွက် တက်ကြွပြင်းပြနေချိန်မှာ တိမ်ပဝါက တည်တည်ငြိမ်ငြိမ်လေး ငြိမ်သက်လို့နေ၏။ စာခေါက်ပြာလေးကို ဖွင့်လို့ သိမ့်တို့သုံးယောက် ခေါင်းချင်းဆိုင်နေတာကို စိတ်မဝင်စားဘဲ တိမ်ပဝါ ကျောင်းဝင်းတံခါးမှ ကျောင်းသားကျောင်းသူတွေကိုသာ တွေတွေလေး ငေးမောကြည့်နေခဲ့လေသည်။

"ဟ ဘာလဲ တကယ့်ငကြောင်ပဲ"

"ဟုတ်ပါ့ဟာ၊ ဘိုရှူးထင်ပါတယ်၊ ဆွဲဖြဲပစ်လိုက်ဟာ၊ ရင်ခုန်တာလေးတွေတောင် နှမျောဖို့ကောင်းနေပြီ"

မိသူနှင့် သန္တာတို့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်နေကြသည်။ တိမ်ပဝါ လှည့်ကြည့်တော့ စာခေါက်လေးကို ကိုင်ထားရင်း သိမ့်နန္ဒာ မျက်ခုံးလှလှလေးတွေ တွန့်ကွေးနေသည်။ နှုတ်ခမ်းဖူးဖူးလေးက တင်းတင်းစေ့နေသည်။

တိမ်ပဝါတို့အုပ်စုထဲမှာ အချောဆုံး၊ နာမည်အကျော်ဆုံး သိမ့်ဆီကို ပေးတတ်သည့် ကျောင်းသားများစွာ၏ စာလွှာလေးများကို ဖတ်ရှုပြီးတိုင်း အားလုံး ရယ်မောဟားတိုက်ကြစမြဲ။

"ငါ့ကိုပေးကြတဲ့ ရည်းစားစာထဲမှာ ဒီစာအညံ့ဆုံးပဲ"

နှုတ်ခမ်းဖူးဖူးလေးကို ရှုံ့မဲ့ကာ သိမ့်နန္ဒာက မှတ်ချက်ပြုတတ်သေးသည်။ ပြီးလျှင် ထိုစာရွက်တွေအားလုံးသည် သိမ့်နန္ဒာရဲ့ လက်ဖဝါးလေးထဲမှာ လုံးချေခံလိုက်ရစမြဲဖြစ်သည်။

"ဒါ ငါ့ကို တမင်သက်သက် ချိုးသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်နန္ဒာ အံ့ကလေး တင်းခနဲကြိတ်ရင်း ဆိုသည်။ လက်ထဲက စာခေါက်လေးကို မဆုတ်ဖြဲသေးဘဲ တိမ်ပဝါကို လှမ်းကြည့်သည့် မျက်ဝန်းတွေထဲမှာ အလိုမကျမှုတွေ အရိပ်လိုပါရှိနေတာ အထင်အရှား။

"ဘာတွေရေးထားလို့လဲ သိမ့်ရယ်"

"နင်ဖတ်ကြည့်လေ ရော့"

သိမ့်က လက်ထဲက စာခေါက်လေးကို ကမ်းပေးသည်။ သိမ့်အလိုမကျဖြစ်ရအောင် ဘာတွေများ ရေးထားပါလိမ့်မသိ။ ရုပ်ရည် သန့်ပြန့်ချောမောသော ကျောင်းသားသစ်မျက်နှာကို တိမ်ပဝါ ပြန်မြင် လိုက်မိသေးသည်။

ကြည့်ရတာ ခပ်ပျော့ပျော့နေတတ်သော ကျောင်းသား ဖြစ်ပုံ ရ၏။

သိမ့်ကမ်းပေးနေတာမို့လည်း တိမ်ပဝါ လှမ်းယူဖတ်ကြည့် မိသည်။ ဝိုင်းစက်ညီညာသော လက်ရေးတွေနဲ့ပေမယ့် မြန်မာလို ရေးထားခြင်းမဟုတ်။ အင်္ဂလိပ်ဘာသာနှင့် ရေးထားသော စာတိုလေးသာ ဖြစ်လေ၏။

Hello!

My love

Be aware!

I am loving you.

Love Satan.





ဟဲလို၊ ချစ်သူ၊ သတိထား၊ မင်းကိုငါချစ်နေတယ်။ အချစ်စေတန်တဲ့။

တိမ်ပဝါ နှုတ်ခမ်းပါးလေးတွေ တွန့်ကွေးသွားအောင် ပြုံးလိုက်မိသည်။ အတော်နောက်တဲ့ ကျောင်းသားပဲ။ ရေးထားတဲ့ ကဗျာလိုလို၊ စာလိုလို၊ အဓိပ္ပာယ်ကိုက နောက်ပြောင်ချင်စိတ်ကို ပေါ်လွင်နေစေသည်။

"အံမယ် နင်က ဘာပြုံးနေတာလဲ တိမ်ပဝါရဲ့"

တိမ်ပဝါပြုံးတာကို မြင်လိုက်သော သိမ့် မကျေမနပ် လှမ်းမေး၏။ သိမ့်မျက်နှာက အလိုမကျတာကို အခုမှပဲ တိမ်ပဝါ ရိပ်မိတော့သည်။ တခြားကျောင်းသားတွေဆိုလျှင် သိမ့်နန္ဒာအလှကို တဖွဲ့တနွဲ့ရေးပြီး ခံစားချက်တွေကို စာသီကုံးဖွဲ့လို့ ပေးတတ်ကြသည်။ ဒီကျောင်းသားလို နောက်ပြောင်တာမျိုး မဟုတ်ဘူးလေ။

"ဘာမှမဟုတ်ပါဘူး သိမ့်ရယ်၊ မင်းဆီပေးတတ်တဲ့ စာတွေနဲ့ မတူဘူးလေ၊ ဒီကျောင်းသားကြည့်ရတာ ပျော့ပျော့နေတတ်ပုံထင်တယ်"

"ပဝါပြောတာ ဟုတ်မယ် သိမ့်ရဲ့၊ တကယ် မျက်နှာ ပြောင်တယ်၊ ငါတို့ဝိုင်းနိုင်ကွပ်တာတောင် ဘယ်မှာ မျက်နှာပျက်လို့လဲ"

မိသူက ဝင်ပြောသည်။ သန္တာကလည်း ဝေဖန်ဖို့မလွတ်ပါ။

"ကြည့်ရတာ နောက်ချင်စိတ်နဲ့ ပေးတာနေမှာ၊ တို့နာမည် တွေတောင် သိနေတယ်ဆိုတော့ ကျောင်းသားသစ်ဆိုပေမယ့် နင့်အကြောင်းတွေ ပြောပြထားပုံရတယ်၊ သူနဲ့ရင်းနှီးတဲ့ သူငယ်ချင်းက



www.burmeseclassic.com

www.burmeseclassic.com



ပြောပြထားတာထင်တယ်ဟ''

သိမ့် နှုတ်ခမ်းလေးစူ ခေါင်းကလေးညိတ်သည်။ အာရုံထဲမှာ သူ့ပုံရိပ်ကို ပြန်မြင်မိသေးသည်။ လူကတော့ တကယ့်လူချောတစ်ယောက်။ ရုပ်ရည်က ချောမောသလို အမူအရာ အသွင်အပြင်ကလည်း စတိုင်လ် ကျသည်။

နာမည်၊ အတန်း၊ ဘာမှမသိရပေမယ့် တခြားကျောင်းသား တွေနဲ့ မတူတာတော့ သေချာသည်။ အဖော်တစ်ယောက်မှ မပါဘဲ နဲ့တောင် သိမ့်တို့အုပ်စုထဲ တစ်ယောက်တည်း လာမိတ်ဆက်စကား ပြောရဲခဲ့၏။ ခပ်ညံ့ညံ့ကျောင်းသားတော့ မဟုတ်နိုင်ဟုထင်သည်။ ဒါပေမဲ့ နောက်သလိုပြောင်သလို လုပ်သွားတာကိုတော့ လုံးဝမကျေနပ်နိုင်။

သိမ့်နန္ဒာအကြောင်း မသိသေးလို့လား။ သွေးတိုးစမ်း ချဉ်းကပ် တာလား။ နည်းနည်းတော့ စောင့်ကြည့်ချင်သေးသည်။

''ကလင် ကလင် ကလင်''

သိမ့်အတွေးတို့ ဝေ့ဝဲနေတုန်းမှာပဲ ကျောင်းတက်ခေါင်းလောင်း သံကို ကြားလိုက်ကြသည်။

''ကျောင်းတက်နေပြီဟ သွားကြစို့''

တိမ်ပဝါက သတိပေးရင်း ခြေလှမ်းပြင်သည်။ မိသူနှင့် သန္တာလည်း စာသင်ခန်းဘက်သွားဖို့ အာရုံလွှင့်သွားခဲ့သည်။ သည်နေ့က စာသင်နှစ်ရဲ့ ပထမဆုံးနေ့ဆိုတော့လည်း ကိုယ့်အတန်းပိုင်ဆရာ၊ ဆရာမက ဘယ်သူလဲဟု သိချင်ကြမည်လေ။





သိမ့်လက်ထဲ ပြန်ရောက်လာသော စာခေါက်လေးကို လွယ်အိတ်နိုလေးထဲ အသာထိုးထည့်လိုက်သည်။

ဘာပဲဖြစ်ဖြစ် စတိတ်ကျော်င်းကို ပြောင်းလာသော ကျောင်းသားက ပထမဆုံးနေ့မှာ သိမ့်နန္ဒာကိုမှ ရွေးချယ်စိတ်ဝင်စား မိတ်ဖွဲ့တာ ဂုဏ်ယူစရာပဲလေ။

သူ့ရုပ်သွင်နှင့် သူ့စတိုင်လ်ကတော့ ကျောင်းသားတွေထဲမှာ ပေါ်ပြူလာဖြစ်လာမှာတော့ အသေအချာ။ တစ်ခုပဲရှိသည်။

သိမ့်နန္ဒာဆိုတာ ရုပ်ရည်ချောမောသန့်ပြန့်မှုတစ်ခုတည်းကို ခင်တွယ်တတ်တာမှ မဟုတ်ဘဲလေ။

ကိုလူချော ရှင်နဲ့ကျွန်မဇာတ်လမ်းအတွက် ဆက်ရန်ရှိဦးမလား ဆိုတာတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကဲ ကဲ အားလုံး ကိုယ့်နေရာကိုယ်ထိုင်ကြ၊ ဆရာမ နာမည် ခေါ်ပြီး လူစစ်မယ်"

အတန်းပိုင်ဆရာမ ဒေါ်ညိုညိုခင်က တိမ်ပဝါတို့ ရင်းနှီးကျွမ်းဝင်ပြီးသား ဆရာမဖြစ်သည်။ မနှစ်က နဝမတန်းမှာ ဇီဝဗေဒဘာသာရပ်ကို သင်ကြားသူ ဆရာမ ဒေါ်ညိုညိုခင်က သည်နှစ်မှာ တိမ်ပဝါတို့ ဒသမတန်း ဇီဝတွဲ (A) ခန်း၏ အတန်းပိုင်ဆရာမဖြစ်သည်တဲ့။

ဆရာမက နာမည်တွေခေါ်တော့ ကျောင်းသား ကျောင်းသူတွေ





မတ်တပ်ရပ်ထူးရင်း နှုတ်ဆက်ကြရသည်။ အများစုကတော့ တိမ်ပဝါတို့နှင့်အတူ နဝမတန်းအောင်ခဲ့သော သူတွေချည်းဖြစ်လေသည်။

"မောင်စေတမန်"

ထူးထူးဆန်းဆန်း နာမည်လေးကြောင့် တိမ်ပဝါတို့အုပ်စု စိတ်ဝင်စားသွားကြရသည်။

"ရှိပါတယ် တီချယ်"

ကြည်လင်သော အသံလေးနှင့် မတ်တပ်ရပ်လာသော ကျောင်းသားကိုမြင်လိုက်တော့ တိမ်ပဝါတို့အားလုံး မင်သက်သွားကြရသည်။ ကျောင်းမတက်ခင် အချိန်ပိုင်းလေးက သိမ့်နန္ဒာကို လာရောက်နောက်ပြောင်သွားခဲ့သော သူသည် ခုတော့ မျက်နှာလေးတည်ငြိမ်ကာ မတ်တပ်လေးရပ်နေပုံက မယုံနိုင်စရာ။

"အံမယ် ကိုယ်တော်ချောက အခုတော့ တကယ့် သိက္ခာရ ပုဂ္ဂိုလ်ကြီးဟာ"

သန္တာက တိုးတိုးဆိုသည်၊ သိမ့်နန္ဒာကတော့ မျက်မှောင်ကလေးကုပ်လို့ စေတမန်ကို ငေးကြည့်နေလေသည်။

နုဖတ်ဝင်းမွတ်သော မျက်နှာက ပကတိ ရှင်းသန့်လို့နေသည်။ ညိုညာသော မျက်ခုံး နက်မှောင်မှောင်က ဖြူဝင်းသော အသားအရည်မှာ ထင်းနေသည်။ မျက်ရစ်ရေးရေးလေး ကိုင်းညွတ်နေသော မျက်ဝန်းအစုံက တောက်ပလို့။ ညီညာစွာ သွယ်တန်းစင်းကျသွားသော နှာတံကအဖျားမှာ ကျစ်လစ်စုစည်းလို့ ချွန်မြမြလေးရှိနေ၏။ ပန်းနုသွေးရောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တိပလွန်းသော နှုတ်ခမ်းအစုံအောက်မှာ ဖြူဖွေးညီညာသော ပုလဲနှစ်ရောင် သွားလေးတွေ စီတန်းနေမှာကို တိမ်ပဝါ မြင်သိနေခဲ့ပြီးပြီလေ။

"ကဲ အားလုံးမှတ်ထားကြနော်၊ မောင်စေတမန်ဆိုတာ ဒီနှစ်မှ ဆရာမတို့ကျောင်းကို ပြောင်းလာတဲ့ ကျောင်းသားသစ်တစ်ယောက်ကွဲ့၊ တစ်တန်းတည်းသားတွေ ချစ်ချစ်ခင်ခင်နေကြ၊ မောင့်နှမရင်းချာလို ရိုင်းပင်းကူညီပေးကြတာမျိုးကိုပဲ ဆရာမ မြင်တွေ့ချင်တယ်ကွယ်၊ ကဲ မောင်စေတမန် ထိုင်နော်"

ဆရာမစကားအဆုံးမှာ သူ ခေါင်းကလေးညိတ်ကာ ပြန်ထိုင်လိုက်လေသည်။ သူ့ကို ဝိုင်းကြည့်နေသော အတန်းသားတွေရဲ့ မျက်ဝန်းတွေ ပြန်ရုပ်သိမ်းသွားကြပေမယ့် သိမ့်နန္ဒာတို့အုပ်စုကတော့ ငေးကြည့်နေဆဲဆိုတာ သူသိပါသည်။

သူမျှော်လင့်ထားသည့် အတိုင်းပါပဲ။ လှည့်အကြည့်မှာ သိမ့်နန္ဒာတို့အုပ်စုရဲ့ မျက်ဝန်းတွေကို ရင်ဆိုင်ရသည်။ ဟန်ဆောင်ချုပ်တီးထားရသော သူ့မျက်နှာပေါ်က တည်ကြည်မှုတွေ ချက်ချင်းကွာကျသွားရသည်။

မျက်ခုံးလှုလှုလေးတွေ စုကျုံ့ငေးစိုက်ကြည့်နေသော သိမ့်နန္ဒာကို သူ ပြုံးပြလိုက်မိသည်။ သိမ့်နန္ဒာ မျက်စောင်းကလေးထိုးလျက် တစ်ဘက်ကို ပြန်လှည့်သွားသည်။ သူ ပိုလို့တောင် သဘောကျကျေနပ်စွာ ပြုံးလိုက်မိပါသည်။

သူ့ကို တွေတွေလေး ငေးစိုက်ကြည့်နေသော မျက်ဝန်းလေး





တစ်စုံကတော့ ကျန်နေသေးသည်။ သိမ့်နန္ဒာတို့ခုံတန်းရဲ့ ညာဘက်မြင့်၊ အစွန်ဆုံးက ကောင်မလေး။

တိမ်ပဝါတဲ့။ နာမည်လေးက နူးညံ့လှပသလို ဖြူဖြူနွဲ့နွဲ့ အသွင်လေးကလည်း တစ်မျိုးတော့ ချစ်စရာကောင်းပါသည်။ သိမ့်နန္ဒာရဲ့ ထင်ရှားပေါ်လွင်သော အလှနှင့်တော့ ကွာခြားသည်။ ရင်ထဲထိ လှိုက်တက်တာသော နောက်ချင်ပြောင်ချင်စိတ်ကြောင့် စေတမန် ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြလိုက်မိသည်။

တိမ်ပဝါဆိုသည့် ကောင်မလေးရဲ့ မျက်တောင်ကော့ကော့လေးတွေ တဖျတ်ဖျတ်လှုပ်ကာ ထိတ်လန့်သွားတာလား။ ရှက်သွားတာလား မသိပါ။

သူ့ကို ဆက်မကြည့်ရဲတော့ဘဲ သူမမျက်ဝန်းလေးတွေ ရှောင်တိမ်းသွားခဲ့သည်။ ရယ်ချင်စိတ်ကြောင့် သူ အသံထွက်အောင် ရယ်လိုက်မိပေမယ့် အတန်းထဲမှာမို့ ဘရိတ်တော့ နင်းထားရသေးသည်။

"မင်းက ဘာရယ်တာလဲ စေတမန်ရ"

သူ့ရယ်သံကို ကြားသွားသော ဗညားလှိုင်က မေးသည်။ ဗညားလှိုင်က သူနှင့် ခြံချင်းကပ်နေသောသူမို့ သူ့အတွက် သည်မြို့လေးမှာ ရင်းနှီးရသော ပထမဆုံး သူငယ်ချင်းဖြစ်ခဲ့ရသူ။

"ဒီ.ဟွန်း ဘာရယ်မဟုတ်ပါဘူး၊ ငါ မျက်စိမှိတ်ပြလိုက်တာကို တိမ်ပဝါ ရှက်သွားတာက ရယ်စရာကောင်းနေလို့ပေါ့ကွ"

"ဘာရယ် တိမ်ပဝါကို မင်းက၊ ဘယ်လိုဖြစ်တာလဲ စေတမန်၊


www.burmeseclassic.com

www.burmeseclassic.com

တိပလုဗ်ဘ်တော် အပြောင်းအလဲမြန်တဲ့ ကောင်ပါလား''

ဗညားလှိုင်က ဝေဖန်တော့ သူ နှုတ်ခမ်းတွန့်ပြုံးလိုက်ရင်း ခေါင်းကို ခါရမ်းပြမိသည်။

''မင်းထင်တာတွေ တစ်ခုမှမဟုတ်ပါဘူး ဗညား၊ ငါက တမင် အပျော်နောက်ခဲ့တာချည်းပဲကွ၊ ကျောင်းမဖွင့်ခင်ကတည်းက မင်း သူတို့အုပ်စုအကြောင်း ပြောထားလို့ နောက်ချင်တာ၊ ကျန်တာ ဘာမှ မပါဘူး''

''အေး ကောင်းပါတယ်ကွာ၊ ငါတို့အရွယ်ဆိုတာ ပညာရေးကို ဦးစားပေးရမယ်ကွ၊ ဆယ်တန်းက အရေးကြီးတယ်''

ဗညားလှိုင်နှင့် ရင်းနှီးခင်မင်ခဲ့တာ တစ်လတောင်မပြည့်တတ် သေးပေမယ့် ဗညားလှိုင်အကြောင်းကို သူသိပါသည်။

သည်မြို့လေးကို သူတို့ပြောင်းလာတော့ ခြံချင်းကပ်နေသော ဗညားလှိုင်နှင့် ခင်မင်ခဲ့ရသည်။ ဆယ်တန်းတက်ဖို့စောင့်နေသည့် ဗညားလှိုင်က နွေကျောင်းပိတ်ရက်တွေမှာကတည်းက စာအုပ်တွေထဲမှာ နစ်နေသူ၊ ရည်ရွယ်ချက်ကြီးမားစွာနှင့် ကြိုးစားနေသော စာဂျပိုး တစ်ယောက်ဖြစ်သည်။

သူ့ကိုလည်း ကျောင်းက သူငယ်ချင်းတွေအကြောင်း ကြိုတင် ပြောပြထားသည်။

''ငါတို့ကျောင်းမှာ စာအတော်ဆုံးက တိမ်ပဝါဆိုတဲ့ ကောင်မလေးကွ၊ သူပြီးရင် သိမ့်နန္ဒာက ဒုတိယပေါ့၊ သိမ့်နန္ဒာက





ကွင်းလို့ ဆိုရမယ်၊ ချောတယ်၊ လှတယ်၊ မာနကလည်း ခပ်မြင့်မြင့်၊ ပြည့်စုံတဲ့မိဘတွေက တစ်ဦးတည်းမွေးထားတဲ့ သမီးဆိုတော့လည်း မင်းစဉ်းစားကြည့်၊ ငါတော့ လုံးဝ ကြည့်မရပါဘူး၊ ကျောင်းသူ အရွယ်တောင် ဒီလောက်ဖြစ်နေတာ တက္ကသိုလ်ရောက်ရင် ဘယ်လောက် ပဲများမလဲမသိဘူး၊ တိမ်ပဝါကတော့ တကယ်တော်တယ်ကွ၊ မိဘတွေ မရှိတော့ဘဲ အဒေါ်တွေနဲ့နေပြီး စာကို ကြိုးစားနေရတယ်လေ၊ မပြည့်စုံတဲ့ကြားက တစ်ကျောင်းလုံးမှာ ပထမရတဲ့အထိ တော်နေတော့ သိမ့်နန္ဒာက သိပ်မကျေနပ်ဘူး၊ ဒီနှစ်တော့ သိမ့်နန္ဒာထက်သာအောင် ငါကြိုးစားနေတာကွ''

ဗညားကတော့ အပြိုင်အဆိုင်စိတ်နှင့် စိမ်ကိန်းချပြီး စာကြိုးစားနေခဲ့သည်။ သူကတော့ ထိုစဉ်ကတည်းက သိမ့်နန္ဒာကို လူမမြင်ဘူးဘဲ အကြောင်းသိ တွေ့ချင်နေခဲ့ခြင်းဖြစ်သည်။

ကျောင်းစတက်သည့်နေ့မှာ သိမ့်နန္ဒာတို့အုပ်စုနှင့်တွေ့တော့ သိမ့်နန္ဒာအလှကို သူ အကြွင်းမဲ့ လက်ခံမိသည်။ စခင်ပြောင်နောက် ချင်စိတ်နှင့်လည်း စာလေးတစ်စောင်ရေးကာ သူ ပေးခဲ့ခြင်းဖြစ်သည်။

ဗညားဆိုသလို သိမ့်နန္ဒာ ဘယ်လောက်ထိ မာနကြီးပါစေ သူ့အတွက် အရေးပါသော ကိစ္စမဟုတ်ပါ။ ချောသော လှသော သိမ့်နန္ဒာနှင့် ခင်မင်ရင်းနှီးအောင် သူကြိုးစားရမှာ ခက်ခဲသော ကိစ္စမဟုတ်။

ပျင်းရိစရာကောင်းလှသော သည်မြို့ကလေးမှာ သိမ့်နန္ဒာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရင်းနှီးရတာ ပျော်စရာတော့ ကောင်းမည်ထင်သည်။ ပြီးတော့ သိမ့်နန္ဒာက သူတို့အုပ်စုထဲမှာ အရှိန်အဝါကြီးသည်။ မိသူနှင့် သန္တာ ဆိုသော ဖက်တီးမတို့ကလည်း ခင်မင်စရာကောင်းမှာ သေချာသည်။ သိမ့်နန္ဒာနှင့် တွဲဖက်ညီကြသူတွေပင်။

တစ်ခုပဲ သူ အံ့ဩမိသည်။ စာတော်တာချင်းတူပေမယ့် စရိုက်ချင်းမတူသော တိမ်ပဝါနှင့် သိမ့်နန္ဒာတို့ အတူ ခင်မင်နေတာကို ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သည်မိန်းကလေးအုပ်စုနှင့် ခင်မင်ရတာ ပျင်းစရာတော့ မရှိနိုင်။ ရန်ကုန်ကနေ သည်မြို့လေးကို ပြောင်းမည် ဆိုတော့ သူ အတော်ပဲ စိတ်ညစ်သွားခဲ့ရသည်။ ခင်မင်နေပြီးသား အပေါင်းအသင်း မိတ်ဆွေတွေနှင့်ခွဲကာ နေရာဒေသသစ်တစ်ခုမှာ ရှင်သန်ရဦးမည်ကိုး။

အခုတော့ သူ့အတွက် သိမ့်နန္ဒာတို့အုပ်စု ပျင်းရိစရာ အချိန်တွေကို ကုန်ဆုံးလွန်မြောက်စေမှာတော့ သေချာပါသည်။

ကျောင်းဆင်းလျှင်တော့ ပျော်စရာကောင်းဦးမှာပါ။

✿ ✿ ✿



အခန်း (၃)

"သိမ့် ဟိုမှာ စေတမန် မဟုတ်လား"

သန္တာ့စကားကြောင့် သိမ့် လှမ်းကြည့်လိုက်တော့ ကျောင်းဝင်း တံခါးမှ တစ်လှမ်းချင်းထွက်သွားသော စေတမန်ကို လှမ်းမြင်လိုက်ရသည်။ ကျောင်းသားကျောင်းသူတွေကြားထဲမှာပေမယ့် အသားအရည် ဖြူဝင်းနေသော စေတမန်အသွင်က ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ သစ်ပင်ရိပ်အောက်မှာ ရပ်ထားသော MARK II ကားနက်ကြီးဆီသို့ စေတမန် တည်ငြိမ်စွာ လှမ်းသွားနေသည်။

သိမ့်မျက်ဝန်းလေးတွေ တအံ့တဩနှင့် မင်သက်ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိတာ အမှန်။ ကျောင်းဆင်းလျှင် သိမ့်တို့နောက်ကို စေတမန် လိုက်လာဦးမှာပဲဟု တွက်ဆထားမိ၏။ ဒါကြောင့်လည်း တမင်ဦးအောင် စာသင်ခန်းထဲက ထွက်ခဲ့ခြင်းဖြစ်သည်။ သိမ့်ထွက်လာတုန်းက တမန် စာသင်ခန်းထဲမှာ ကျန်ရစ်ခဲ့ဆဲရှိသည်။

သိမ့်တို့အုပ်စုက ကျောင်းဆင်းချိန်နီးကတည်းက ကြိုတင် တိုင်ပင်ကာ ခေါင်းလောင်းတီးသည်နှင့် အမြန်ထွက်လို့ရအောင် သိမ်းဆည်းပြင်ဆင်ထားခဲ့ကြသည်။ ခေါင်းလောင်းသံကြားသည်နှင့် သူမတို့ ဆရာ့ကိုနှုတ်ဆက် လွယ်အိတ်လွယ် ထွက်ခဲ့ချိန်မှာ တမန့်တစ်ယောက် လွယ်အိတ်ထဲ စာအုပ်တွေ ထည့်သိမ်းဆည်းနေတုန်းပဲ ရှိသေးသည်။

တစ်ခုပဲရှိသည်။ သိမ့်တို့မသိအောင် ကျောင်းသားအုပ်နှင့် ရောထွေးပြီး ကျော်ဖြတ်သွားတာလည်း ဖြစ်နိုင်သည်။

သိမ့် ငေးကြည့်နေတုန်းမှာ စေတမန်က ကားတံခါးဖွင့် တက်သွားလေပြီ။ ဒရိုင်ဘာပုဂ္ဂိုလ်ကြီးကို စေတမန် ဘာလှမ်းပြော နေသည် မသိ၊ ကားကြီးက သစ်ပင်ရိပ်အောက်က မောင်းထွက်သွား ချေသည်။

"ကားကတော့ တကယ့် အမိုက်စားပဲဟ၊ သိန်းထောင်ချီတန် ကားကြီးပဲ"

"ဒီလိုကားမျိုးနဲ့ ကျောင်းတက်နိုင်တယ်ဆိုတော့ စေတမန့်တို့က အတော်ချမ်းသာမှာ သေချာတယ်"

မိသူနှင့် သန္တာတို့က တစ်ယောက်တစ်ခွန်း ဝေဖန်နေကြသည်။





သိမ့်မျက်ဝန်းနက်နက်လေးတွေမှာ အံ့ဩရိပ်တွေနှင့် တောက်ပနေတာကို တိမ်ပဝါလည်း မြင်နေရသည်။

တကယ်ဆို တိမ်ပဝါလည်း အံ့ဩမိတာ အမှန်လေ။ စေတမန် ဒီလောက်ချမ်းသာလိမ့်မည်ဟု တိမ်ပဝါ လုံးဝ ထင်မထားခဲ့မိပါ။ သည်မြို့လေးရဲ့ သည်အရပ်ပိုင်းလေးမှာ ကိုယ်ပိုင်ကားနှင့် ကျောင်းတက် နိုင်သူဆို၍ လက်ချိုးရေလို့တောင်ရသည်။ သို့ပေမယ့် စေတမန်လို ကားကြီးမျိုးနှင့်တော့ မရှိပါ။

မနက် ကျောင်းမတက်ခင်က သိမ့်နန္ဒာကို စာလေးတစ်စောင် ပေးကာ နောက်သလို ပြောင်သလို လုပ်သွားသော စေတမန်။ အခု ကျောင်းဆင်းတော့ လှည့်တောင်မကြည့်တဲ့ လုပ်သွားတာ ဘာကြောင့်လဲ တိမ်ပဝါတောင် စဉ်းစားမရပါ။

"မေ့ပစ်လိုက်စမ်းပါ သိမ့်ရာ၊ လုပ်သွားပုံက မတူမတန်သလိုနဲ့"

"အေးဟ၊ သိန်းထောင်ချီကားကြီးနဲ့ ကျောင်းတက်နိုင်သူ ဆိုတော့လည်း မာနက ခပ်ကြီးကြီးဖြစ်မှာပေါ့၊ မနက်က ငါတို့ကို တမင် ဟာသလုပ်သွားတာထင်တယ်၊ ရှက်စရာကောင်းလိုက်တာ"

မိသူနှင့် သန္တာတို့ ပြောနေသည့် စကားတွေကို သိမ့်နန္ဒာ ဘာမှမတုန့်ပြန်နိုင်ဘဲ တိတ်ဆိတ်နေလေသည်။ သိမ့်နန္ဒာ ရင်ထဲမှာ ဘယ်လိုဖြစ်နေသည်လဲဆိုတာ တိမ်ပဝါ မှန်းဆလို့ရပါသည်။

အမြဲတမ်း ခေါင်းမော့နေတတ်တဲ့၊ မျက်ဝန်းနက်နက်လေးတွေ ဘယ်တော့မှ ငည်ှိုးမှိန်တတ်တဲ့သူ။ အခုတော့ မျက်နှာလေးလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့နေလေသည်။ သည်တော့လည်း သူငယ်ချင်းအတွက် တိမ်ပဝါ စိတ်မကောင်းပါ။

စေတမန် ဒီလိုတော့ မလုပ်သင့်ဟုထင်သည်။

"ဟော့ မင်းတို့ တို့ကို စောင့်နေကြတာလား"

အသံကြောင့် အားလုံး လှည့်ကြည့်မိတော့ စေတမန်ပါပဲ။ သွားတန်းဖြူဖြူလေးတွေပေါ်အောင် ပြုံးနေသော စေတမန်ကို အားလုံး တအံ့တသြ ငေးနေမိကြသည်။

"ဘာဖြစ်နေကြတာလဲ၊ တို့ကို ပိုင်းကြည့်နေတာ ကျောက်ရုပ်ကြီးတွေကျနေတာပဲ ဟား ဟား"

အားရပါးရအော်ရယ်လို့ နဖူးပေါ်က ဆံနွယ်တွေကို သပ်တင်လိုက်ပုံက ကြည့်ကောင်းနေပြန်သည်။ သိမ့်မျက်လုံးဝိုင်းဝိုင်းလေးတွေက အံ့သြရိပ်တွေ မပြယ်နိုင်သေးဘဲ

"နေ နေပါဦး၊ နင် စောစောက ကားပေါ်ပါသွားတာမို့လား"

သိမ့်စကားကြောင့် သူ မျက်ခုံးအစုံ တွန့်ခနဲ။ ပြီးတော့မှ နှုတ်ခမ်းအစုံကို လှပစွာ ကွေးညွတ်ပြုံးရင်း

"အေး အဲဒါ မျက်လှည့်ပြလိုက်တာပါ၊ နင်တို့ရှေ့မှာ ထွက်သွားတယ်၊ ပြီးတော့ ကျောင်းဝင်းထဲပြန်ဝင်ပြီး ခု ပြန်ထွက်လာတာလေ အဟဲ"

"လာနောက်မနေနဲ့ စေတမန်၊ ငါတို့မယုံဘူး၊ နင် သရဲချောက်ပြနေလည်း မကြောက်တတ်ဘူး"





"ဟား ဟား နင်တို့အံ့သြနေတာကို သဘောကျလို့ပါ၊ စောစောကပြန်သွားတာ ငါ့အစ်ကို နွေတမန်ပါ၊ ငါ့ရဲ့ အမွှာအစ်ကိုပေါ့၊ ငါ့ထက် သုံးမိနစ်ပဲကြီးတယ်၊ ရှင်းပြီလား"

သည်တော့မှပဲ သိမ့်တို့ နားလည်သွားရတော့၏။ ညှိုးမှိန်နေသော သိမ့်မျက်ဝန်းလေးတွေ ပြန်တောက်ပလင်းလက်လာရင်း

"နင်နဲ့ အတော်တူတာပဲနော်"

"မတူတာတွေ အများကြီးရှိပါတယ်၊ အဲ အဓိက,က ငါက ပိုချောတယ်လေ ဟား ဟား"

စေတမန်က သူ့စကားကိုသူ သဘောကျစွာ ရယ်နေပြန်သည်။ မျက်ဝန်းထဲအထိ အရယ်တွေ အရိပ်ထင်စေသော စေတမန် ချောတာတော့ သိမ့် မငြင်းလိုပါ။ မွှေးညင်းနုနုလေးတွေ ရေးရေး ထင်နေသော သူ့နားသယ်စပ်မှာ မှဲ့နက်သေးသေးလေးကို အခုမှပဲ သိမ့် သတိထားမိတော့သည်။

"ကဲ အတူပြန်ကြရအောင်၊ တို့ သိမ့်တို့အုပ်စုနဲ့ အတူ ပြန်ချင်လို့ ကားနဲ့ပြန်မလိုက်တာ"

သိမ့်မျက်ဝန်းလေးတွေ လက်ခနဲ ရောင်စဉ်ဖြာသွားတာ ကြည့်ရင်း တိမ်ပဝါ နားလည်လိုက်သည်။ စေတမန်ကို ခင်မင်ဖို့အတွက် သိမ့် ဆုံးဖြတ်ပြီးခဲ့ပြီထင်ပါရဲ့။

အင်းလေ ချောမောလှပပြီး ပြည့်စုံတဲ့ စေတမန်ကို သိမ့် ငြင်းဆိုစရာမှ မရှိဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သိမ့်တို့အုပ်စုနဲ့အတူ စေတမန် လမ်းလျှောက်ပြန်ခဲ့သည်။ စပ်စုဖို့ ဝါသနာထုံသန်သော သန္တာကြောင့်လည်း စေတမန်အကြောင်းကို သိခဲ့ရသည်။

“တို့က ရန်ကုန်ကပြောင်းလာတာ၊ နံ့သာကုန်းထိပ်က နွေစံအိမ်ကြီးကို ကျောင်းမတက်ခင် တစ်လလောက်ကမှ ရောက်ခဲ့ကြတာလေ”

“နွေစံအိမ်လား၊ သိတာပေါ့၊ အရမ်းလှတဲ့တိုက်ကြီး ပြန်ဆောက်ထားတာလေ၊ အရင်က ဦးမြသောင်းဆိုတဲ့ ဝန်ထောက်ဟောင်းကြီး လင်မယားနေတာ၊ မာမီတို့နဲ့တောင် ရင်းနှီးတယ်၊ ခြံကြီးကို ရန်ကုန်ကသူဌေးတွေ ဝယ်လိုက်တယ်ဆိုတာ စေတမန်တို့ကိုး”

သိမ့်က မြူးမြူးသွက်သွက်ကလေး ဆိုနေသည်။ စေတမန်ကတော့ ပခုံးကလေးတွန့် နှုတ်ခမ်းလေးကွေးပြုံးရင်း

“ဖေဖေနဲ့မေမေက အဲ့ဒီခြံကြီးကိုဝယ်ပြီး ခေတ်မီတိုက်ကြီး ဆောက်နေတယ်ဆိုတာ သိပေမယ့် ဘာအတွက်လဲ တို့မသိခဲ့ဘူး၊ နောက်မှ သိလိုက်ရတာ နွေတမန် ကျန်းမာရေးအတွက် နေဖို့လေ”

“ဘာရယ် တမန်၊ နင့်အစ်ကိုက နေမကောင်းဘူးလား”

“လုံးဝမကောင်းဘူး ကိုကိုက တကယ့် ဂီလာနတစ်ယောက်၊ မွေးရာပါနှလုံးရောဂါကြောင့် ငယ်ငယ်ကတည်းက ပိုးမွေးသလို မွေးခဲ့ရတာတဲ့၊ အမွှာတွေဆိုပေမယ့် တို့နဲ့ကိုကို မတူတာ အဲ့ဒါပဲ၊ ကိုကို့ကို ဖေဖေနဲ့မေမေက အရိပ်ကြည့် ဂရုစိုက်ခဲ့ရတာပေါ့၊ ကုမ္ပဏီကိစ္စအတွက်





ဖေဖေနဲ့မေမေ ဂျပန်ကို သွားရတော့မယ်ဆိုတော့ ရန်ကုန်ကနေ တို့ကို ဒီနွေစံအိမ် ပို့လိုက်ကြတာပဲ”

“နွေစံအိမ်တဲ့ နာမည်လေးကလှတယ်နော်”

“ဖေဖေက ကိုကို့နာမည်နဲ့ ဝယ်ပေးထားတာလေ၊ နွေစံအိမ်ဆိုတာ နွေတမန်ရဲ့စံအိမ်ပေါ့ သိမ့်ရဲ့၊ တို့ကတော့ ရန်ကုန်က ပြောင်းခဲ့ရလို့ သိပ်ကျေနပ်တာ မဟုတ်ဘူး၊ ကိုကို့ကျန်းမာရေးအတွက် မိဘတွေစိမ်တာကို မငြင်းသာလို့လေ”

“ဘာလို့လဲ တမန်ရဲ့၊ ဒီမြို့လေးက နေလို့ကောင်းပါတယ်”

“ရန်ကုန်မှာလောက် မစည်ကားဘူးလေ သိမ့်ရဲ့၊ ပျော်စရာလည်း မကောင်းဘူး၊ ဒါပေမဲ့ အခုတော့ နေတတ်လာပါပြီ၊ ခင်စရာကောင်းတဲ့ သိမ့်တို့နဲ့ ဆုံဆည်းရတာကိုး”

သိမ့်ကိုစိုက်ကြည့်ရင်း စေတမန်ဆိုလိုက်တော့ သိမ့် ကျေနပ်စွာ ပြုံးသွားခဲ့လေသည်။

“သိမ့်အတွက်ပေးဖို့ လက်ဆောင်တစ်ခု တို့ပေးမယ်”

စေတမန်က Nike လွယ်အိတ်လေးထဲ လက်နှိုက်ယူသည်။ အားလုံး စေတမန်လက်ကို ဝိုင်းကြည့်နေမိကြသည်။ ဒါကိုသိနေသော စေတမန်က လက်သီးဆုပ်လေးထဲမှာ သိုဝှက်ထားရင်း သိမ့်ကို ပြုံးကြည့်နေသည်။

“ဘာလက်ဆောင်လို့ထင်သလဲ သိမ့်”

“ဘယ်သိမှာလဲ တမန်ရဲ့၊ မြင်မှ မမြင်ရသေးတာကို”



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ကဲ သိမ့်လက်ပေး"

သိမ့်နန္ဒာရဲ့ ညာလက်လေးကို စေတမန်က လှမ်းဆွဲကာ ဆုပ်ကိုင်ထားသော အရာလေးကို ထည့်ပေးလိုက်လေသည်။

"ဟယ် လှလိုက်တာ ရင်ထိုးလေး"

ဖြူနုသော သိမ့်လက်ဖဝါးလေးပေါ်မှ လက်ဆောင်ပစ္စည်းလေးကို အားလုံး မြင်လိုက်ကြရသည်။ အသဲပုံ ကျောက်နီရဲရဲလေးပေးမှာ အစိမ်းရောင်မြားလေးတစ်စင်း ထိုးထားသော ရင်ထိုးလေးဖြစ်သည်။

"သိမ့် သဘောကျတယ် မဟုတ်လား။ ကဲ တို့ကိုယ်တိုင် ထိုးပေးမယ်နော်"

သိမ့် ကျေကျေနပ်နပ် ခေါင်းကလေးညိတ်သည်။ စေတမန်က ရင်ထိုးလေးကို ကောက်ယူလိုက်ကာ သိမ့်ရဲ့ ညာဘက်ရင်ညွှန့်အဝတ်မှာ ကိုယ်တိုင် ထိုးပေးလိုက်လေသည်။

အဖြူရောင်အင်္ကျီလေးထက်မှာ ကျောက်ပွင့်ရင်ထိုးလေးက လှပစွာ နေရာယူထားလေသည်။ လှပသော ရင်ထိုးလေးကို တိမ်ပေါ်ဘို့ အားလုံး ငေးမောကြည့်မိတာတော့ အမှန်။

"ဒါတော့ တမန် မျက်နှာလိုက်တာပဲ၊ ငါတို့အတွက် လက်ဆောင်မပေးဘူးပေါ့"

သန္တာက မကျေမနပ်ဆိုတော့ သိမ့် ဂုဏ်ယူစွာနှင့် ပြုံးနေလေသည်။ စေတမန်က အပြုံးလှလှလေးတွေ ခိုတွယ်နေသော သိမ့်ထံမှ





အကြည့်ကိုလွှဲဖယ်ရင်း

"တို့မှာ အဲဒီတစ်ခုပဲရှိတာ၊ နင်တို့လိုချင်ရင် ကိုကို့ဆီ လာတောင်းကြလေ"

"ဟယ် နင့်ကိုကိုဆီမှာ ရှိသေးသလား"

"ကိုကို့မှာ အများကြီးရှိတယ်၊ မေမေက ကိုကိုလိုချင်တယ် ဆိုလို့ ဝယ်ပေးထားတာ အများကြီး"

"တမန်နဲ့ကိုကိုက ဘယ်လိုကြီးလဲ၊ ရင်ထိုးဆိုတာ မိန်းကလေး အသုံးအဆောင်ပဲဥစ္စာ၊ ဘာလို့ သိမ်းထားရတာလဲ မသိဘူးနော်"

"ကိုကို ကြိုက်တဲ့ သူငယ်ချင်းမိတ်ဆွေတွေကို လက်ဆောင် ပေးနိုင်အောင် မေမေ ဝယ်ပေးထားတာ၊ မြန်မာပြည်က ပစ္စည်း မဟုတ်ဘူး၊ တရုတ်ပြည်က ဝယ်လာတာ၊ ကိုကို မေမေနဲ့ လိုက်သွားဖူးတယ်လေ"

"နေပါဦး နင့်ကိုကိုက ပေးပါ့မလားဟယ်"

"နင်တို့ အိမ်ကိုလာလည်ကြလေ၊ ကိုကိုနဲ့ ငါ မိတ်ဆက်ပေးမှာပေါ့၊ ကိုကို့မှာ အပေါင်းအသင်း မရှိသေးပါဘူး၊ နင်တို့နဲ့ ခင်မင်သွားရင် သူပေးမှာပါ၊ ငါပြောပေးမှာပေါ့"

စေတမန်ကဆိုတော့ မိသူက သန္တာတို့ မျက်နှာလေးတွေ ဝင်းလက်သွားကြသည်။ ငြိမ်သက်နားထောင်နေသော သိမ့်က စေတမန် လက်ကို လှမ်းဆွဲရင်း

"တမန့်ကိုကိုနဲ့ သိမ့်ကိုလည်း မိတ်ဆက်ပေးနော်၊ သူ့ဆီက ပါ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုထပ်ရရင် နှစ်ခုတောင်ရမှာ''

တစ်ခါတစ်လေ ဘာမဟုတ်တာလေးတောင် သိမ့် လောဘကြီးတတ်တာ အားလုံးသိနေတာမို့ ဘာမှမပြောကြတော့ပါ။ စေတမန်က သိမ့်ကိုလှမ်းကြည့်ရင်း

''သိမ့်က လိုချင်သေးလို့လား၊ တို့ပေးထားထား ရနေပြီပဲ''

''မဆိုင်ဘူးလေ၊ စေတမန်ပေးတာ သပ်သပ်၊ တမန့်ရဲ့ကိုကို ပေးတာ သပ်သပ်ပေါ့၊ မတူဘူးလေ''

''ဒါဆို ကျောင်းပိတ်ရက် လာခဲ့ကြလေ၊ ကိုကိုပေးရင် အားလုံးကိုပေးမှာပါ''

''တကယ်လာမှာနော် တမန်၊ ပြီးမှ တံခါးပိတ်မထားနဲ့နော်''

''လာခဲ့ကြစမ်းပါ၊ နွေစံအိမ်မှာ ဘယ်သူမှမရှိဘူး၊ တို့ညီအစ်ကိုရယ် ဒေါ်လေးစိမ့်ရယ်ပဲ ရှိတာ၊ ကျွန်တာ အလုပ်သမားတွေပဲ၊ ဒေါ်လေးစိမ့်ဆိုတာလည်း ဖေဖေ့ရဲ့ ညီမဝမ်းကွဲ၊ ဖေဖေနဲ့မေမေ မရှိတုန်း တို့တွေကို စောင့်ရှောက်ရင်း လာနေပေးတာပါ၊ သဘော ကောင်းပြီးသား''

စေတမန်ဆိုတော့ သိမ့် ကျေနပ်စွာ ခေါင်းကလေးညိတ်သည်။ သန္တာနှင့် မိသူကလည်း ရင်ထိုးလေးတွေရမှာမို့ ဝမ်းသာနေကြပုံရသည်။

အားလုံးထဲမှာ ငြိမ်သက်နေသော တိမ်ပဝါကို စေတမန် သတိရသွားကာ

''ငြိမ်လှချည်လား တိမ်ပဝါ၊ အဲဒီနေ့ကျ သိမ့်တို့နဲ့လိုက်ခဲ့နော်''





''ပဝါ အားမှာမဟုတ်ဘူး၊ ကျောင်းပိတ်ရက်တွေဆို အိမ်မှာ လျှော်ဖွပ်ချက်ပြုတ်ပေးရဦးမှာ''

''အမလေး မိပဝါရယ် ခဏလေးပဲဥစ္စာ၊ နင်ကလည်း လိုက်ခဲ့စမ်းပါ၊ ငါတို့လာခေါ်မယ်၊ တစ်ခုခု အကြောင်းပြပြီး လိုက်ခဲ့ပေါ့''

သန္တာက ဆိုသလို မိသူကလည်း ဝင်တိုက်တွန်းနေပြန်သည်။

''နင်မလိုက်လို့ မရဘူး ပဝါ၊ ငါတို့ အတူသွားကြမယ်၊ ရင်ထိုးလေးတွေလည်း ရမှာလေဟာ''

''ဟုတ်သားပဲ တိမ်ပဝါ၊ ခင်ဗျားလေးတစ်ယောက်တည်း ခွဲထွက်မနေနဲ့၊ စနေကျောင်းပိတ်ရက်ကျ အားလုံးလာခဲ့၊ တို့ကိုကိုနဲ့ အားလုံးကို မိတ်ဆက်ပေးမယ် ဟုတ်ပြီလား''

တိမ်ပဝါတစ်ယောက်တည်း ဆက်ငြင်းနေလျှင်လည်း မကောင်းတော့ပါ။ လှပသော ရင်ထိုးလေးထက် စေတမန်နှင့် ရုပ်ချင်းတူသော နွေတမန်ကို မြင်တွေ့ဖူးချင်တာမို့ ခေါင်းကလေး ညိတ်လိုက်ရပါသည်။

နွေတမန်ဆိုသောသူသည် စေတမန်လိုပဲ ခင်မင်စရာ ကောင်းသော လူချောတစ်ယောက်ဖြစ်လိမ့်မည်။ ပြီးတော့ စေတမန်လို ပျော်ပျော်နေတတ်သော ခင်မင်စရာကောင်းသော သူတစ်ယောက် ဖြစ်လိမ့်မည်ဟု တိမ်ပဝါ တွက်ဆထားမိသည်။

သို့ပေမယ့် ထင်မြင်ချက်အားလုံးသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မနက်ကိုးနာရီလောက် လာခေါ်မည်ဟု သိမ့်တို့ဆိုစဉ်က ကားနှင့်ဟု မပြောထားသောကြောင့် အိမ်ရှေ့ကို ကားထိုးရပ်တော့ တိမ်ပဝါ အံ့ဩနေမိသည်။ သူမတို့အုပ်စုထဲတွင် ကိုယ်ပိုင်ကားစီးနိုင်သူဆို၍ သိမ့်နန္ဒာ တစ်ယောက်ပဲ ရှိသည်။

အဖြူရောင်ဆလွန်းကားလေးရဲ့ ခေါင်းခန်းထဲမှာ သိမ့်နန္ဒာကို မြင်ရသည်။ မောင်းလာသူက သိမ့်တို့အိမ်က ကားဒရိုင်ဘာ ဦးအေးပဲဖြစ်သည်။ တစ်ခါတရံ သိမ့်ကို ကျောင်းထိ လိုက်ပို့တတ်ပေမယ့် နောက်ပိုင်းမှာတော့ သိမ့်နန္ဒာ သူ့ဘာသာသူပဲ လမ်းလျှောက်ဖြစ်တော့သည်။





ဘာကယ်တမ်းကျ ကျောင်းနှင့်အိမ်ဆိုတာက ဝေးလှတာမှမဟုတ်ဘဲ။

"ဟဲ့ ပဝါ ဘာလုပ်နေတာလဲ၊ တမန်တို့အိမ်သွားဖို့ လာခေါ်တာလေ"

သိမ့်လှမ်းခေါ်သည့် အသံကြားမှ တိမ်ပဝါ မင်သက်နေရာမှ သတိဝင်လာရ၏။ ကပျာကသီ ညှော်ခန်းကြိမ်ကုလားထိုင်ပေါ်က ထ,ရပ်ကာ ဆင်းခဲ့ရတော့သည်။

"မိပဝါ မကြာစေနဲ့နော်၊ စောစောပြန်ခဲ့ဦး"

"ဟုတ်ကဲ့ ဒေါ်လေး စိတ်ချပါ"

မီးဖိုထဲက ဒေါ်လေးစကားကို ခေါင်းညိတ်လှမ်းဖြေရင်း ပျဉ်ထောင်အိမ်ကလေး၏ ဖိနပ်ချွတ်လေးပေါ်က တိမ်ပဝါ ခပ်သွက်သွက် ဆင်းခဲ့မိသည်။

"ဟဲ့ နင် အဝတ်အစားလေးတောင် မလဲတော့ဘူးလား ပဝါရယ်"

ရင်စေ့အင်္ကျီအနီပွင့်လေးနှင့် တပတ်ရစ် ပါတိတ်ထဘီလေးသာ ဝတ်ဆင်ထားသော တိမ်ပဝါကို သိမ့် လှမ်းပြောသည်။

"ဒီအနွားလေးပဲ သိမ့်ရယ်၊ မလဲတော့ပါဘူး၊ သိမ့် ကားယူလာမယ်တောင် မထင်ထားဘူး"

"တမန်တို့က ချမ်းသာတယ်ဟ၊ အထင်သေးအမြင်သေး မခံနိုင်ဘူး။ ဒါကြောင့် တမင် ကားနဲ့လာတာ၊ ကဲ တက်ဟာ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းတံခါးကို သန္တာက ဖွင့်ပေးပြီး တစ်ဘက်က မိသူနံဘေး တိုးကပ်ပေးတာမို့ တိမ်ပဝါ ဝင်ထိုင်လိုက်ရသည်။

ကားလေး ငြိမ့်ခနဲ မောင်းအထွက်မှာ သင်းပျံ့လွင့်လာသော ရေမွှေးရနံ့က သိမ့်ဆီကပဲဖြစ်မည်။

ဂျော်ဒန်းနိုး ( Giordano ) မီးခိုးနုရောင် အင်္ကျီလေးနှင့် သစ်လွင်တောက်ပနေသော သိမ့်ကို တိမ်ပဝါ လှမ်းကြည့်မိသည်။ ကားနောက်ကြည့်မှန်လေးထဲမှ မြင်ရသော သိမ့်မျက်နှာလေးက ဝင်းပနေသည်။

သိမ့်နန္ဒာအလှက မိန်းကလေးချင်းတောင် ငေးကြည့်ရအောင် လှတာ တိမ်ပဝါ မငြင်းနိုင်ပါ။ မပြင်မဆင်ဘဲ လှပလွန်းသော သိမ့်၊ ပေါင်ဒါမှုန်မှုန်လေးဖို့ကာ ပန်းနုရောင်နှုတ်ခမ်းဆိုးဆေးလေး တင်ထားတော့ လှပသောမျက်နှာလေးက ပိုလို့ စွဲမက်ဖွယ်ကောင်းနေလေသည်။

"သိမ့်ရေ မင်းကိုတောင် ပဝါ ငေးနေရပြီ ဘာလို့ ဒီလောက်ထိ ပြင်ဆင်လာရတာလဲ"

သန္တာက လှမ်းပြောတော့ သိမ့်မျက်ဝန်းလေးတွေက နောက်ကြည့်မှန်ထဲမှာ လက်ခနဲ တောက်ပသွားသည်။ နှုတ်ခမ်းဖူးဖူးလေးက မပွင့်တပွင့် ရယ်မောလို့ သိမ့် ကျေနပ်နေသည်။

သည်လို စွဲမက်စရာကောင်းအောင် လှသော သိမ့်ကတော့ ချိုးမွမ်းလျှင်လည်း ဂုဏ်ယူတတ်သူဖြစ်လေသည်။ တိမ်ပဝါ ရင်ထဲမှာ အလိုလိုသိလိုက်မိတာ တစ်ခုပဲရှိသည်။





ယောက်ျားလေးတွေနှင့်ပတ်သက်ပြီး အမြဲတမ်း အထက်စီးက မာနတံခွန်ထူခဲ့သော သိမ့်နန္ဒာ၊ စေတမန်နဲ့ကျမှ မာနတွေ ကျိုးပြတ်ခဲ့ရပြီထင်ရဲ့။

ဒါ ဘာကြောင့်လဲတော့ တိမ်ပဝါ မသိပါ။ ချောမောလှပသော စေတမန်ကြောင့်လည်း ဖြစ်နိုင်သည်။ ပြီးတော့ ပြီးပြည့်စုံသော စေတမန်ရဲ့ ဂုဏ်ဓနတွေကြောင့်လည်း ဖြစ်နိုင်သည်။

အလှအပကို မက်မာပိုင်ဆိုင်သော သိမ့်နန္ဒာသည် ပြည့်စုံသော ဘဝကိုလည်း မက်မောတတ်သော တိမ်ပဝါသိနေသည်။ စေတမန်ဆိုသော ယောက်ျားတစ်ယောက်သည် ပြီးပြည့်စုံခြင်းတွေကို ပိုင်ဆိုင်ထားသည် မဟုတ်လား။

နံ့သာကုန်းထိပ်မှာ လှမ်းမြင်နေရသော နွေစံအိမ် ခြံကြီးသည် ကောင်းကင်ပြာပြာနောက်ခံနှင့် နံနက်ခင်းရဲ့ နေခြည်နုထွေးထွေးအောက်မှာ လှပခန့်ညားလွန်းနေသည်။

တိမ်ပဝါတို့အားလုံး နွေစံအိမ်ကြီးရဲ့ မြင်ကွင်းကို ငေးမောအားကျရင်း ကားလေးက နွေစံအိမ်ကြီးရှေ့ ရောက်လာခဲ့သည်။

ကြေးဝါပြားပေါ်မှ ထွင်းထုထားသော နွေစံအိမ် အမည်စာလုံးက တောက်ပပြောင်လက်နေသည်။

ကားဟွန်းသံနှစ်ချက် တီးလိုက်တော့ ခြံစောင့် ဦးလေးကြီးတစ်ယောက် အပြေးရောက်လာကာ တံခါးကိုဖွင့်ပေးသည်။

"ဆင်ဝင်အောက် မောင်းသွားလိုက်ပါ၊ မောင်စေတမန်

www.burmeseclassic.com

www.burmeseclassic.com



တူမကြီးတို့ကို စောင့်နေလိမ့်မယ်ကွယ့်"

ကားလေးက ကွန်ကရစ်လမ်းလေးအတိုင်း ခွေ့ဆံအိမ်ကြီး၏ ပေါ်တီကိုအောက်မှာ ထိုးရပ်သွားခဲ့သည်။ MARK II ကားနက်ကြီး အနီးမှာ သိမ့်နန္ဒာကားကလေးက သိမ်ငယ်မှိန်ဖျော့သွားသလိုပါပဲ။

"လာ သိမ့် အားလုံးအထဲဝင်ကြ၊ တိမ်ပဝါလည်း ပါလာတာကိုး ထိုင်ကြဦး"

ရောင်စုံကြွေပြားတွေနှင့် အလှဆင်ထားသော ဧည့်ခန်းကြီးက နင်းရက်စရာတောင်မရှိ။ သူမတို့အားလုံး ဧည့်ခန်းထဲက အိစက် ညက်ညောသော ဆိုဖာခုံကြီးတွေမှာ ဝင်ထိုင်မိကြသည်။

"ဒေါ်လေးစိမ့်က ကိစ္စတစ်ခုရှိလို့ အပြင်သွားတယ်၊ ကိုကို့ကိုတော့ သိမ့်တို့ရောက်လာမှာ တို့ ကြိုပြောထားတယ်၊ ဒေါ်ဖွားဒီရေ ဧည့်သည်တွေစားဖို့ တစ်ခုခုလုပ်ပါဦး"

စေတမန်က အိမ်ခန်းထဲကို လှမ်းပြောရင်း ထိုင်ခုံမှာ ဝင်ထိုင်သည်။ ဒီဇိုင်းဆန်းဆန်း အနက်ရောင်တီရှပ်ကို အညိုရောင် ရှော့ပင်နှင့် တွဲဖက်ဝတ်ဆင်ထားသော စေတမန်ကို သိမ့် ငေးကြည့်နေ၏။ ဖြူဝင်းသော အသားအရည်နှင့် ထာဝစဉ် ချိုမြနေတတ်သော စေတမန်ရဲ့ အပြုံးတွေကြားမှာ သိမ့် မျှောဝင်ပါသွားပြီလားမသိပါ။

"တမန် ဘယ်မှာလဲ နှင့်အစ်ကို နွေတမန်ဆိုတာ"

သန္တာမေးမှ သိမ့်ကိုကြည့်နေသော စေတမန်မျက်ဝန်းတွေ





တိမ်ပဝါတို့ဘက် ပြန်ဦးလှည့်လာသည်။ ဘယ်အချိန်ပဲကြည့်ကြည့် နှစ်လိုဖွယ်ပြုံးနေတတ်သော တမန်ကတော့ ခင်မင်စရာကောင်းနေတာ အမှန်ပင်။

"ကိုကိုက သူ့အခန်းထဲက ထွက်ခဲတယ်ဟ၊ ငါ ပြောထားပါတယ်၊ သွားခေါ်ပေးပါ့မယ်၊ ကဲ စားကြသောက်ကြပါဦး၊ သိမ့် စားဦးနော်"

ကော်ဖီနှင့်မုန့်တွေ ရောက်လာပြီမို့ စေတမန်ကိုယ်တိုင် သူမတို့ကို ဧည့်ခံနေလေ၏။ ဒါပေမဲ့ စိတ်မရှည်နိုင်ဖြစ်နေရသူက မိသူနှင့် သန္တာပင်ဖြစ်သည်။ နွေတမန်ထံမှ ကျောက်ပွင့်ရင်ထိုးလေးတွေကို လိုချင်လှပြီကိုး။

"အစားအသောက်က အရေးမကြီးပါဘူး တမန်ရယ်၊ နှင့်အစ်ကိုနဲ့ အမြန်ဆုံး မိတ်ဆက်ပေးစမ်းပါဟ၊ ပြီးတော့ ရင်ထိုးလေးတွေလည်း နင်တောင်းပေးနော်"

"အေးပါ ငါအခုပဲ သွားခေါ်လိုက်ပါ့မယ်၊ စိတ်ချ နှင်တို့လိုချင်တာလည်း ရစေရမယ်"

စေတမန်ကတော့ သူ့အသွင်အတိုင်း အပြုံးချိုချိုလေးနှင့်ဆိုရင်း ထွက်သွားခဲ့လေသည်။ သိမ့်မျက်နက်ဝန်းလေးတွေက စေတမန် အနောက်ကို နှစ်နှစ်မျောမျော လိုက်ပါသွားတာကိုလည်း တိမ်ပဝါတို့ မြင်သိနေကြသည်။

ခမ်းနားမှုတွေနဲ့အတူ ပြည့်စုံနေသော ဧည့်ခန်းကျယ်ကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သိမ့်စိတ်ကူးတွေ ဘယ်လို လှုပနေမည်လဲ တိမ်ပဝါ မသိချင်ပါ။ တိမ်ပဝါ သိချင်မြင်ချင်လှတာ နွေတမန်ဆိုသော စေတမန်ရဲ့ အမွှာအစ်ကိုကိုပဲ ဖြစ်လေသည်။

သုံးမိနစ်သာခြားသော အမွှာအစ်ကိုတဲ့။ နွေတမန်နှင့် စေတမန်ဆိုတာ ရုပ်ချင်းခွဲမရအောင် တူနေတာတော့ အသေအချာ မြင်ခဲ့ဖူးပြီးပြီ။ မွေးရာပါ နှလုံးရောဂါသည်လေးဆို၍ တိမ်ပဝါ စာနာနေမိတာလည်း အမှန်။

"လာ ကိုကို ညီ့သူငယ်ချင်းတွေက ကိုကို့ကို တွေ့ချင်နေကြတာ"

တိမ်ပဝါတို့အားလုံး ဧည့်ခန်းထဲဝင်လာသော စေတမန်တို့ နှစ်ဦးကို မင်သက်ငေးမောနေမိကြလေသည်။ တူတာမှ တကယ့်ကို ချွတ်စွတ်ပါပဲ။ မျက်ဝန်း၊ နှာတံကျပုံနှင့် နှုတ်ခမ်းပြည့်ပြည့်လေးတွေက အစ ခွဲမရအောင်တူသည်။

အသားရောင်ရှပ်အင်္ကျီလက်ရှည်ကို တစ်တောင်ဆစ်နားအထိ ခေါက်တင်လျက် ကချင်ပုဆိုးပြာကွက်စိပ်လေးနှင့် နွေတမန်ရဲ့ ခန္ဓာကိုယ် ကျစ်လစ်မှုက စေတမန်နဲ့တော့ ကွာခြားပါသည်။ ဖြူနုသော အသားအရည်က ပိုလို့ ဖြူလျော်နေကာ နွေတမန်ရဲ့ ရောဂါကြောင့်ဟုထင်သည်။

စေတမန်က နွေတမန်ရဲ့လက်မောင်းကို အသာတွဲ၍ ခေါ်လာသည်။ စေတမန်မျက်နှာပေါ်မှာ အပြုံးတွေ ဝေဆာနေသလောက် နွေတမန်ကတော့ မျက်ခုံးမည်းနက်နက်တွေကို တွန့်ကွေးထားပုံက





တစ်စုံတစ်ခုကို မကျေမနပ် အလိုမကျပုံ ဖြစ်နေလေသည်။

"ကိုကိုက ခေါင်းမူနေလို့တဲ့၊ မနည်း ခေါ်လာရတယ်"

"ဟယ် ဟုတ်လား၊ အားနာစရာကောင်းလိုက်တာ တမ္မန်ရယ်"

"ရပါတယ် သိမ့်ရယ်၊ ကိုကိုက ဂီလာနတစ်ယောက်လေ၊ ဒီလိုပဲ ခေါင်းမူးခေါင်းကိုက် ဖြစ်တတ်တာ သိပ်မဆန်းတော့ပါဘူး။ တစ်ပတ်မှာ ငါးရက်လောက် ကျောင်းတက်ရက်ရှိတာ ခြောက်ရက်လောက် ပျက်နေတတ်တာဟာ၊ ကိုးတန်းတုန်းကတောင် ဆေးရုံကဖြေပြီး အောင်လာတာ"

"ညီ မင်းငါ့ကို ဘာလုပ်ဖို့ ခေါ်လာတာလဲ၊ မင်းသူငယ်ချင်းတွေရှေ့မှာ ငါ့အတင်းတွေ ပြောပြီး နှိပ်ကွပ်ချင်တာကြောင့်လား"

မာကြောသောလေသံမှာ စိတ်မရှည်နိုင်မှုတွေ ရောစွက်နေသည်။ စေတမန်ကတော့ အပြုံးမပျက်၊ ပခုံးလေးတွန့်ရယ်ရင်း

"အဟွန်း ကိုကိုကလည်းဗျာ၊ ဒါလေးပြောတာ စိတ်ဆိုးစရာလား၊ ကိုကိုရဲ့ ကျန်းမာရေးမကောင်းလို့ ဖြစ်တတ်တဲ့ကိစ္စတွေပဲ ဥစ္စာ"

"ငါ့ဘာသာ ကောင်းကောင်း မကောင်းကောင်း ငါခံရမယ့်ကိစ္စပဲ၊ ဘယ်သူ့ရဲ့ သနားကရုဏာကိုမှ ငါမလိုချင်ဘူး။ ကဲ မင်းအခု ဘာလုပ်မှာလဲ"

ဖြူလျော့လျော့အသားအရည်တွေ နီမြန်းလာသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



နွေတမန် ဒေါသထွက်နေတာကို တိမ်ပဝါ ဧေးနေမိသည်။ ဆံပင်ညို ပျော့ပျော့လေးတွေကို နားရွက်ပေါ်အောင် ဘီးတိုညှပ်ထားသော နွေတမန်၏ ဆံပင်တိုတိုကိုပဲ ဘေးခွဲ့ခွဲကာ ဖီးသင်ထားသဖြင့် နုဖတ်သော မျက်နှာက ပိုလို့တောင် ပေါ်လွင်နေသည်။

"ကိုကို ဒေါသတွေ အရင်လျှော့လိုက်ပါဦး။ ပြီးရင် ညီသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့၊ ဧည့်သည်တွေကို ကိုကို ဆက်ဆံတာ သိပ်မာထန်နေတယ်"

စေတမန်ဆိုတော့မှ တိမ်ပဝါတို့ရှိနေတာကို သတိရသွားပုံဖြင့် သူ ဖျတ်ခနဲ မော့ကြည့်သည်။ အလိုမကျမှုတွေကို ဟန်ဆောင်ချုပ်ထိန်းဖို့ ကြိုးစားနေသည့်တိုင် မှုန်ကုပ်ကုပ်မျက်ခုံးတွေက မပြေလျော့သေးပါ။

"ကိုကို သူက သိမ့်နန္ဒာ၊ သူက သန္တာနဲ့ မိသူ၊ ဟောဟိုက တိမ်ပဝါ၊ အားလုံး ဇီဝတန်းခွဲအေကသူတွေချည်းပဲ"

စေတမန်ရဲ့ အမှာအစ်ကိုဟုသော အသိနှင့် သိမ့်နန္ဒာက နှစ်လိုဖွယ်ပြုံးပြသည်။ သို့တိုင် နွေတမန် နှုတ်ခမ်းတွေက တစ်ချက် ဟန်ဆောင်လို့တောင် မပြုံးခဲ့ပါ။ အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ ခေါင်းညိတ်ပြသည်။

စေတမန်ကတော့ နွေတမန်ရဲ့ အပြုအမူအတွက် နှုတ်ခမ်းတွန့် ပြုံးရင်း .

"အားလုံးသိတဲ့အတိုင်း နွေတမန်က တို့ရဲ့ အမှာအစ်ကို၊ ဝိဇ္ဇာတန်းခွဲစီမှာ တက်နေတာလေ"





"ဩော် နွေတမန်က ဝိဇ္ဇာတန်းကကိုး"

"ဟုတ်တယ် သိမ့်နန္ဒာ၊ ငါက ညီလိုမဟုတ်ဘူး။ ငယ်ငယ် ကတည်းက နှလုံးရောဂါနဲ့ မကြာခဏ ချူချာတဲ့ကောင်၊ ဒီတော့ ပညာရေးမှာလည်း ခပ်ညံ့ညံ့ကောင်ပေါ့၊ မင်းတို့လို စာမတော်ဘူး"

သိမ့်နန္ဒာမျက်နှာ ကွက်ခနဲပျက်သွားသည်။ သူမက နွေတမန်နှင့် ရင်းနှီးအောင် စကားပြောဖို့ အစတည်တုန်း ရှိသေး၏။ နွေတမန်က ပြောချင်တာပြောပြီး ဘုတောနေတာမို့ ခက်တော့နေချေပြီ။

တိမ်ပဝါရင်ထဲမှာ စိုးရိမ်သွားမိသည်။ သိမ့်နန္ဒာက ဒီလို ဆက်ဆံမှုမျိုးကို ခေါင်းငုံ့ခံတတ်သူမဟုတ်။ ပက်ခနဲ ပြန်တုံ့ပြန်လိုက်လျှင် မျက်နှာပူစရာတွေ ဖြစ်ကုန်တော့မည်။

သို့ပေမယ့် တိမ်ပဝါစိုးရိမ်သလို ဖြစ်မလာပါ။ ပျက်သွားသော မျက်နှာကို သိမ့်နန္ဒာ အချိန်မီ ပြန်ပြင်လိုက်တာ မြင်သည်။ ပြုံးတော့ နှုတ်ခမ်းဖူးဖူးလေးတွေ လှပစွာပြုံးလို့ နွေတမန်ကို ငေးစိုက်ကြည့်နေ ပုံက ကြွေသွားလောက်သည်။

နွေတမန်ကတော့ စိတ်ရှုပ်ထွေးနေဟန်နှင့် သိမ့်နန္ဒာအကြည့် တွေကို ရှောင်ဖယ်ကာ စေတမန်ကို လှမ်းကြည့်နေသည်။ စေတမန် ကတော့ သိပ်ကိုပဲ ပေါ့ပါးတည်ငြိမ်လွန်းစွာ ပြုံးရင်း

"ညီသူငယ်ချင်းတွေက ကိုကို့ကို ခင်မင်ချင်လို့ လာလည် ကြတာပါ ကိုကို၊ တစ်ကျောင်းတည်းတက်နေကြသူတွေပဲ ကိုကို ပဲသီအမှတ်ပြုသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ငါမှတ်ထားပါ့မယ်၊ မင်းတို့ စကားပြောကြဦး၊ ငါ ခေါင်းမူးချင်နေပြီ၊ ရေမွှေးနံ့ရှူးရှူးတွေကို ငါမခံနိုင်တာ မင်းအသိပဲညီ"

အားမနာစတမ်း ပြောလိုက်သော နွေတမန့်စကားကြောင့် သိမ့်နန္ဒာမျက်နှာလေး ရဲရဲနီမြန်းသွားသည်။ အားလုံးထဲမှာ လှပစွာ ပြင်ဆင်လို့ ခြယ်သလိမ်းကျံလာတာ သိမ့်နန္ဒာတစ်ယောက်တည်းလေ။

"ကိုကို့ကိုစိတ်ပျက်တာ အဲဒါပဲ၊ အမွှေးရနံ့ဆိုတာ စိတ်ချမ်းမြေ့စရာတစ်ခုပါ၊ ဒါကို မခံနိုင်ဘူးတဲ့၊ ထားပါတော့၊ အခု ကိုကိုနဲ့သူတို့ ခင်မင်သွားပြီဆိုတော့ ကိုကို့မှာရှိတဲ့ ရင်ထိုးလေးတွေ လက်ဆောင် ပေးလိုက်ပါလား"

"ဘာ ရင်ထိုးလေးတွေ လက်ဆောင်ပေးရမယ်"

"ဟုတ်တယ်လေ ကိုကိုရဲ့ အဲဒါ မိန်းကလေးအသုံးအဆောင် တွေပဲဥစ္စာ"

"အဲဒါဘာဖြစ်လဲ ညီ၊ မာမီ တရုတ်ပြည်ကတောင် ဝယ်လာပေးတဲ့ ရင်ထိုးတွေကွ၊ ရှားတန်ဆောင်တန် ပစ္စည်းတွေ ထင်လို့လား၊ တန်ဖိုးကြီးတဲ့ ကျောက်အစစ်တွေနဲ့ လုပ်ထားတဲ့ ရင်ထိုး တွေကို ငါက ပေးရမှာလား၊ ဘယ်လိုမိန်းကလေးတွေလဲ ညီ၊ သိကွာရှိ သူများပစ္စည်းတွေ လာတောင်းရတယ်လို့ကွာ"

နွေတမန်စကားကြောင့် သူမတို့အားလုံး မျက်နှာတွေ ထူပူသွားခဲ့ရလေသည်။ တော်တန်ရုံ အပြုံးတွေမပျောက်တတ်သော ဆေတမန် မျက်နှာလေးတောင် ညိုမှောင်သွားခဲ့ရလေသည်။





"ကို ကိုကို ဘယ်လိုပြောလိုက်တာလဲဗျာ"

"ငါပြောတာ ဘာမှားလို့လဲ ညီ၊ ငါ့ဘာသာ မြတ်နိုးလို့ သိမ်းထားတဲ့ ပစ္စည်းတွေကို အခုမှသိရတဲ့ မိန်းကလေးတွေကို ငါပေးရမှာလား"

"ဆေတမန် နင်ဘာမှ ထပ်မပြောနဲ့တော့၊ ဒီလောက်ထိ ဆက်ဆံရေးညံ့ဖျင်းလွန်းတဲ့ နင့်အစ်ကိုနဲ့ အစောကြီးကတည်းက မတွေ့ပေးခဲ့ရင်ကောင်းမှာ"

"မ မဟုတ်ဘူး သိမ့် တို့ တောင်းပန်ပါတယ်"

"တောင်းပန်စရာမလိုပါဘူး စေတမန်၊ ဒါ တမန်နဲ့ မဆိုင်ပါဘူး၊ သိမ့်တို့လာခဲ့ကြတာ တမန်လိုပဲ တမန့်ရဲ့ အမွှာအစ်ကိုက ခင်မင်စရာကောင်းမယ်ထင်လို့၊ ဟွန်း ဒီလိုရင့်သီးတာမျိုး ဘယ်တော့မှ သိမ့်တို့ လက်မခံဘူးမှတ်"

"ဟုတ်တယ် တမန်၊ နင့်အစ်ကိုစကားတွေက သိပ်ရိုင်း လွန်းတယ်၊ ငါတို့က အဲဒီရင်ထိုးတွေ တန်ဖိုးအရမ်းကြီးမှန်း မသိလို့ပါ"

"ဟေ့ တန်ဖိုးကြီးတာ မကြီးတာကို ငါဆိုလိုတာ မဟုတ်ဘူး၊ အခုမှခင်မင်ရုံပဲရှိသေးတဲ့ နင်တို့ကို ငါက လက်ဆောင်ပေးရမယ်လို့ ညီက ကြားဝင်အမိန့်ပေးနေတာကို ငါမကြိုက်လို့ဘဲ"

"တော်ပါတော့ နွေတမန်၊ စေတမန်နဲ့ ရှင် အမွှာညီအစ်ကို ဆိုတာတောင် ယုံရခက်ခက်ပဲ၊ စေတမန် သိမ့်တို့ ပြန်တော့မယ် ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်က ဆတ်ခနဲထရပ်တော့ သန္တာနှင့် မိသူကပါ ရပ်ပြီး ဖြစ်နေလေသည်။ သိမ့်နန္ဒာ နှုတ်ခမ်းဖူးဖူးလေးတွေက စေတမန်ကို ညို့ယူစွာပြုံးလိုက်ရင်း

"တမန် ကျောင်းကျမှဆုံကြစို့၊ ရှင့်အစ်ကိုကိုစွက သိမ့်နဲ့ ခင်မင်မှုကို ပျက်ယွင်းစရာမရှိပါဘူး၊ တမန် မေ့ပစ်လိုက်ပါ"

သိမ့် စကားလေးအဆုံးမှာ မော့မော့လေး ဦးဆောင် ထွက်သွားတော့ တိမ်ပဝါလည်း မျက်နှာပူပူနှင့် ထရပ်မိသည်။

"ကိုကို တော်တော်ဆိုးတယ်၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်တွေကို စော်ကားလိုက်သလိုပဲ"

စေတမန် ဒေါသတကြီးပေါက်ကွဲနေတော့ နွေတမန် တိတ်ဆိတ်ငြိမ်သက်လို့ တိမ်ပဝါကို လှမ်းကြည့်သည်။ ဝေရီမှိန်ဖျော့ နေသော နွေတမန် မျက်ဝန်းညိုညိုတွေက တောင်းပန်တာလား တိမ်ပဝါ မခွဲခြားတတ်ပါ။

ပေါ်တီကိုအောက်ရောက်နေပြီဖြစ်သော သိမ့်နန္ဒာတို့နောက်သို့ ပြေးလိုက်ခဲ့ရလေသည်။

"တော်တော်ရိုင်းတဲ့လူပဲ၊ တမန်နဲ့ ကွာလိုက်တာ"

"အေးဟာ ငါဆို ရှက်လွန်းလို့ ထူပူနေတာပဲ၊ ငါတို့ကိုက မှားတာ၊ တန်ဖိုးမသိဘဲ ရင်ထိုးလေးကို အရမ်းလိုချင်မိတာကိုး"

"ဘာပဲဖြစ်ဖြစ် နွေတမန် ဒီလို မဆက်ဆံသင့်ဘူး၊ သိပ်စိတ်ပုပ်တဲ့လူ၊ ဒါကြောင့် ရောဂါသည်ရုပ်ပေါက်နေတာ ဟွန်း"





အပြန်လမ်းတစ်လျှောက်လုံး သိမ့်နန္ဒာတို့တွေ နွေတမန်ကို အပြစ်တင်ကျိန်ဆဲရင်း တနှံ့နှံ့ ဖြစ်နေခဲ့ကြလေသည်။ တိမ်ပဝါကတော့ နှုတ်ဆိတ်ငြိမ်သက်ရင်း နွေတမန်မျက်ဝန်းညိုညိုလေးတွေကို မြင်နေမိလေသည်။

နွေတမန် စိတ်တိုတတ်၊ ဒေါသကြီးတတ်တာတော့ တိမ်ပဝါ မျက်မြင်ပင်။ အမြဲမှုန်ကုပ်နေသော မျက်နှာကလည်း သုန်မှုန်နေတတ်သည်။ ချောမောပြေပြစ်သော ရုပ်ရည်နဲ့တောင် မလိုက်ဖက်ဟု ထင်မိသည်။

ဖြူဖြူနွဲ့နွဲ့လေး နွေတမန်ရင်ထဲမှာ ဘာတွေဖြစ်နေတာလဲ။ ဘာကြောင့်များ အလိုလို ဒေါသတွေ ဆူဝေနေရတာလဲ။ ခံစားနေရတဲ့ ဝေဒနာနဲ့ ရောဂါကြောင့်လား။

တိမ်ပဝါအတွေးတွေ ဆင့်ပွားနေမိသည်။ အံ့ဩစရာ ကောင်းသည်က နွေတမန်ကို တိမ်ပဝါ စိတ်မဆိုးရက်၊ အပြစ်မမြင် မိခြင်းပင်ဖြစ်သည်။

မျက်ဝန်းညိုလေးတစ်စုံရဲ့ အနက်ရှိုင်းဆုံးကို တိမ်ပဝါ မြင်သိချင်လိုက်တာ။

နွေတမန် ရှင်နဲ့ကျွန်မ ဆုံချင်သေးတယ်။ အဲ့ဒီအခါကျရင် ရှင့်ရင်ထဲက ခံစားချက်တွေကို တိမ်ပဝါ မြင်သိခွင့်ပြုပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သူ့ဘက်က သိပ်ကို လွန်သွားခဲ့တာတော့ သေချာသည်။ အမှန်ဆို ညီက သူ့ကို မနေ့ကတည်းက ကြိုပြောထားခဲ့သည်။ ညီ့ရဲ့ သူငယ်ချင်းမိန်းကလေးလေးယောက် အိမ်ကို လာလည်ကြမည်တဲ့။ ညီက သူနှင့် မိတ်ဆက်ပေးမည်ဟု ဆိုသည်။

"ကိုကို့ကို ညီ ခုကတည်းက ကြိုတောင်းပန်ထားတယ်နော်၊ အခုလာလည်ကြမယ့် သူငယ်ချင်းတွေက ညီ့အတန်းက သူငယ်ချင်းတွေ၊ ကိုကိုနဲ့လည်း ခင်မင်အောင် မိတ်ဆက်ပေးမှာ၊ ကိုကို ကန့်လန့်တော့ မတိုက်လိုက်နဲ့နော်"





"ငါက ဘာကန့်လန့်တိုက်ရမှာလဲကွ၊ ပြီးတော့ မင်းရဲ့ သူငယ်ချင်းတွေပဲ၊ ငါနဲ့လည်း အခန်းတူတာမဟုတ်ဘူး မခင်ချင်ပါဘူး"

"ဟာ ကိုကိုကလည်း ခုကတည်းက ကန့်လန့်တိုက်နေပြီ၊ ညီ့သူငယ်ချင်းလည်း ကိုကိုခင်လို့ရပါတယ်၊ ပြီးတော့ သိမ့်နန္ဒာဆိုတာ နာမည်ကြီးနော်၊ ဘာကယ်ချောတယ်၊ စာလည်းတော်တယ်၊ တိမ်ပဝါဆို နှစ်တိုင်း ပထမရတဲ့ ကောင်မလေး၊ သိမ့်က ဒုတိယ၊ အခုလာမယ့် လေးယောက်စလုံး စာတော်တဲ့လူတွေချည်းပဲ"

ညီ ဂုဏ်ယူဝင့်ကြွားစွာပြောနေတာ နားထောင်ရင်း သူ့ရင်ထဲမှာ ပဲ့တားရသည်။ စာတော်တဲ့သူငယ်ချင်းတွေတဲ့၊ ဟုတ်မှာပါ။ ဒါကြောင့်လည်း တန်းခွဲအောမှာ သူတို့ တက်ခွင့်ရတာပေါ့။ အမွှာညီအစ်ကိုနှစ်ယောက် ဖြစ်တဲ့ သူနဲ့ စေဘာမန်တို့မှာတောင် စေတမန်က သူ့ထက်သာလွန် တော်နေခဲ့တာ သူ အားမရနိုင် အလိုမကျနိုင် ဖြစ်ရသည်။

မနာလိုဝန်တိုခြင်း မဟုတ်ပေမယ့်လည်း ညီနှင့်ယှဉ်လျှင် ညှို့ဖျင်းနေတာကိုတော့ သူ့ကိုယ်သူ မကျေနပ်နိုင်ခြင်းသာဖြစ်သည်။

ငယ်စဉ်ကတည်းက နွေတမန်ဆိုသော သူသည် ချူချာလှသော ကျန်းမာရေးကြောင့် အမြဲတမ်း လွတ်လပ်မှုမရှိခဲ့ပါ။ စေတမန်ကစားလို့ လိုက်ကစားမိလျှင်လည်း ဒယ်ဒီနှင့် မာမီက သူ့ကို ဖွတ်အတင်း ခေါ်ကာ တားမြစ်တတ်သည်။

"အိုး သားကိုကို ခြံထဲမှာ ပြေးလွှားကစားနေတယ်၊ လာ လာ အိမ်ထဲပြန်ဝင်စမ်း၊ မကစားပါနဲ့ သားရယ် နာဖျားနေမှဖြင့်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာမီကလည်း သားခုမှ ဆင်းကစားတာပါ၊ ညီကစားနေ တာဖြင့် ကြာလှပြီ"

"သားနဲ့ညီညီက မတူဘူးလေကွယ်၊ သားက အကြမ်းပတမ်း ခံနိုင်တာမဟုတ်ဘူး"

မာမီဆိုတိုင်း သူ အလိုမကျနိုင်ဖြစ်ရသည်။ သူ့မျက်နှာ ညှိုးသွားတာမြင်တိုင်း မာမီမျက်နှာက နွေးနွေးလေးပြုံးလို့ ချော့မော့ တတ်သေးသည်။

"မာမီ့စကားကို နားထောင်နော် သား။ ဟဲ သားညီညီ ကိုကိုနဲ့ အတူတူ အိမ်ထဲမှာပဲဆော့နော်၊ ကစားစရာအရုပ်တွေ အများကြီး ရှိတာပဲကွယ်"

"ဟာဗျာ မာမီကလည်း အရုပ်တွေနဲ့ကစားရတာ ပျင်းစရာကြီး မကစားချင်ပါဘူး"

"သားညီညီ မာမီ့စကားကို နားထောင်နော်၊ အခုတက်ခဲ့၊ သားကစားနေတော့ ကိုကိုကပါ ကစားချင်နေမှာပေါ့"

မာမီက သူ့ကို ညင်သာစွာ ချော့မော့တတ်ပေမယ့် ညီညီ့ကိုတော့ ဆူတတ်ပူတတ်သည်။ တစ်ခါတရံဆိုလျှင် ရိုက်နှက် လို့တောင် ဆုံးမတတ်သေး၏။ သူ့ကိုတော့ ဒယ်ဒီကော မာမီပါ လက်ဖျားနှင့်တောင် မရွယ်တတ်ကြပါ။

ဒါကြောင့်လည်း ညီညီက ဘယ်တော့မှ မကျေနပ်ခဲ့ပါ။

"မာမီတို့ မတရားဘူး။ မင်းကိုကျတော့ မဆူပူဘူး၊ ညီ့ကိုပဲ





ဆူပူတယ်၊ ကိုယ့်ဘာသာ ကစားချင်တာတောင် မင်းကြောင့် မကစား ရဘူး"

မာမီ့ကွယ်ရာမှာဆိုလျှင် ညီက သူ့ကို မင်းနဲ့ငါနဲ့ သုံးနှုန်း တတ်သေးသည်။ ဒယ်ဒီနှင့် မာမီကတော့ သည်လိုခေါ်ပြောသုံးနှုန်းလျှင် ညီညီကို ချက်ချင်း မာန်မဲအပြစ်တင်တတ်သည်။

တစ်ယောက်နှင့်တစ်ယောက် သုံးမိနစ်သာခြားသည် ဆိုပေမယ့် သူ့ကို အစ်ကိုတစ်ယောက်လို ရှိသေစေချင်သည်။ မာမီဆို သူတို့ နှစ်ယောက်ကို ခေါ်ပြောပုံကိုက သူ့ကို သားကိုကို၊ ညီညီ့ကို သားညီညီဟု ခေါ်ဝေါ်တတ်သည်။

မာမီနှင့် ဒယ်ဒီကိုကြောက်ပြီး ညီ သူ့ကို မင်းငါ မခေါ်ရဲ တော့ပါ။ ကိုကိုဟုခေါ်သည်။ ညီဟု သူ့ကိုယ်သူသုံးကာ နှုတ်ကျိုး လာခဲ့သည်။

ငယ်စဉ်ကတော့ ညီကစားလျှင် လိုက်ကစားခွင့်မရသော သူ့ကြောင့် မာမီက ညီ့ကိုပါ တားမြစ်ကာ အိမ်ထဲမှာပဲ အရုပ်တွေနဲ့ ဆော့ခိုင်းခဲ့၏။ ဒါကို ညီညီက လုံးဝမကျေနပ်ပါ။

အရွယ်လေးရလာတော့ မာမီ ဘာကြောင့် သူ့ကို ညီညီနှင့် အတူ မကစားတာလဲဆိုတာ သူ နားလည်လာရသည်။ မွေးရာပါ နှလုံးရောဂါက သူ့ကို တခြားသူတွေလို လွတ်လပ်စွာရှင်သန်ခွင့် မရှိစေခဲ့ပါ။ မွေးစကတည်းက သူ့မှာ နှလုံးအားနည်းဝေဒနာကြောင့် မာမီတို့ လက်လွှတ်ရတော့မလိုအထိ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးပြည့်စုံမှုကြောင့်သာ မာမီနှင့် ဒယ်ဒီတို့က ပိုးမွေးသလို ပြုစုနိုင်ခဲ့ကြခြင်းဖြစ်သည်။ သူက ညီညီလို အပင်ပန်းအကြမ်းတမ်းမခံနိုင်။ ညီညီ့ကိုအားကျပြီး မာမီတို့အလစ်မှာ ညီညီနှင့် ပြေးလွှားကစားမိရုံနှင့် သူ ထိုညမှာ အပြင်းဖျားတတ်သည်။

ထိုအခါတိုင်း မာမီနှင့်ဒယ်ဒီ မျက်ကလဲဆန်ပြာနှင့် သူ့ကို ပါရဂူကြီးပင့်ကာ ကုသရသည်။ သူလည်း ဆေးတွေ မှန်ထူအောင် သောက်လိုက်ရကာ လူက အားမရှိအောင် ဖြူလျော်ပိန်လှီသွားတတ်စမြဲ။

"သားကိုကိုရယ် မာမီ့စကားကို ဘာလို့ နားမထောင်တာလဲကွယ်၊ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်မှပေါ့"

"ညီညီ မင်းလည်း အတူတူပဲ၊ ကိုကိုကစားရင် ဒီလိုဖြစ်တတ်တာ သိရက်နဲ့ မင်းက ဘာလို့ အတူကစားရတာလဲ"

"မဟုတ်ဘူး ဒယ်ဒီ၊ သားဘာသာ ကစားတာ၊ ကိုကိုက သူ့ဘာသာ ကစားချင်လို့ဆိုပြီး အတင်းဝင်ကစားတာပါ"

"ကစားမှာပေါ့ မင်းက သိပ်တစ်ကိုယ်ကောင်းဆန်တဲ့ကောင်၊ ကိုယ့်ရဲ့ကိုကိုနဲ့အတူ ကစားမယ်မရှိဘူး၊ သူလည်း ပျင်းမှာပေါ့ကွ"

သူတစ်ခုခုဖြစ်တိုင်း ညီ့ခမျာ အဆူအပူက မလွတ်နိုင်ရှာခဲ့ပါ။ နောက်ပိုင်းမှာ ညီညီက သူနှင့် လုံးဝ မကစားတော့ဘဲ ခြံထဲက လစ်ထွက်သွားတတ်သည်။ တစ်ဘက်ခြံက သူငယ်ချင်းတွေနှင့် သွားကစားမှန်း သူသိသည်။ သူကစားချင်ပေမယ့် မာမီ့ကိုသနားသည်။





ဆေးတွေအများကြီး သောက်ရမှာလည်း ကြောက်ရွံ့လှတာမို့ အိမ်ထဲမှာပဲ အချိန်ကုန်ခဲ့ရတော့သည်။

ညီကျောင်းတက်တော့ မာမီက သူ့ကိုပါ ကျောင်းတက်ဖို့အတွက် စိတ်မချ ဖြစ်နေသေးသည်။ သူ ဖွတ်တောင်းဆိုတော့မှ မာမီ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

မာမီနှင့်ဒယ်ဒီကိုယ်တိုင် ကျောင်းက ဆရာ၊ ဆရာမတွေကို အကျိုးအကြောင်းပြောကာ အပ်နှံခဲ့ကြသည်။

ကျောင်းမှာ သူငယ်ချင်းတွေအများကြီးမို့ သူပျော်သည်။ အိမ်မှာထက် လွတ်လပ်တာမို့လည်း သူ ရောဂါဝေဒနာကို မေ့နေခဲ့သည်။

သူ့အတွက် စိတ်ကြိုက်ဆော့ကစားခွင့်ရတာမို့လည်း ကျေနပ်နေမိ၏။ သို့ပေမယ့် အမောအပန်းမခံနိုင်သော သူ အပေါင်းအသင်းတွေနှင့် တူညီစွာ မကစားနိုင်ခဲ့။ ခံနိုင်ရည်မရှိခဲ့ချေ။

ကျောင်းကစားကွင်းထဲမှာ သတိလစ်မေ့မျောနေသော သူ့ကြောင့် ဆရာဆရာမတွေ မျက်ကလဲဆန်ပြာ ဖြစ်သွားကြရတာ မကြာခဏ။ ထိုအကျိုးဆက်က နောက်ပိုင်းမှာ သူနှင့်ကစားလိုသော အဖော်အပေါင်းတွေ မရှိတော့ခြင်းဖြစ်လေသည်။

"နွေတမန် မင်း ငါတို့ဘက် မပါနဲ့ကွာ၊ မင်းပါရင် ငါတို့ ရှုံးမှာပဲ"

"ငါတို့ဘက်ကလည်း မပါနဲ့ နွေတမန်၊ မင်းကို ဆရာမက အတူမကစားစေနဲ့တဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com

သူ ရင်ထဲမှာ နာကျင်ဝမ်းနည်းရသည်။ ညီညီလိုပဲ သူငယ်ချင်းတွေကတောင် သူနဲ့ အပေါင်းအသင်း မလုပ်ချင်ဘော့ပါ။ နွေတမန်ဆိုတဲ့ ကောင်ကျမှ ဘာကြောင့်များ ကံကြမ္မာက ဆိုးလွန်းရတာလည်း မသိ။ စာသင်ခန်းပြတင်းမှာ တွေတွေလေးရပ်လို့ သူငယ်ချင်းတွေကစားတာ ငေးမောရင်းနဲ့ပဲ သူ ကျေနပ်ရတော့သည်။

မကြာခဏ နေမကောင်းဖြစ်တတ်သော သူ ကျောင်းပျက်ရက်တွေ ရှိတတ်ပေမယ့် စာမေးပွဲကျရှုံးမှာကိုတော့ ကြောက်ပါသည်။ ညီနှင့် သူငယ်ချင်းတွေကို အရာရာတိုင်းမှာ အရှုံးပေးရသော သူ ပညာရေးမှာတော့ အရှုံးမပေးနိုင်ပါ။

သူ့ထက် ညီ တစ်တန်းသာလွန်သွားမှာ သူစိုးရိမ်သည်။ ဒါကြောင့်လည်း သူ စာကိုတော့ ကြိုးစားခဲ့သည်။ အတန်းငယ်စဉ်က သူ့အတွက် အခက်အခဲ မရှိလှပေမယ့် အလယ်တန်းကျောင်းသားဘဝရောက်တော့ အခက်အခဲ ဖြစ်ရတာအမှန်။

မူလတန်းထက် ပိုခက်ခဲပြီး များပြားလာသော သင်ခန်းစာတွေကို သူလိုက်မီအောင် ကြိုးစားရသည်က ပင်ပန်းလှသည်။ ညီက ကျူရှင်တတ်ပေမယ့် မာမီက သူ့ကိုတော့ ကျူရှင်တက်ခွင့်မပြု။

"သားကိုကိုအတွက် အရေးကြီးဆုံးက ကျန်းမာရေးပဲ၊ ကျောင်းတက်ခွင့်ပြုတာတောင် မာမီက သားကို စိတ်ချမ်းသာအောင် လိုက်လျောတာ၊ သားက အပင်ပန်းခံလို့မရဘူး၊ ကျူရှင်တက်ချင်တာတော့ မာမီခွင့်မပြုဘူး သား"





"မာမီရယ် ကျွန်တော်ဘာမှ မဖြစ်ပါဘူး"

"အိပ်ရေးဝဝအိပ် ဆေးမှန်မှန်သောက် ဂရုစိုက်လို့ သားကျန်းမာနေတာ၊ ကျောင်းကတစ်ဘက် ကျူရှင်တစ်ဘက်ဆို သားကိုကိုပင်ပန်းမှာသေချာတယ်၊ မာမီတောင်းပန်ပါတယ် သားရယ်၊ စိတ်ထက်သန်လွန်းနေရင် အိမ်မှာ ကိုက်ခေါ်ပြပေးမယ်၊ ဒါပေမဲ့ စာသင်ချိန်ကိုတော့ နည်းနည်းပဲစီစဉ်မယ်၊ ဂုဏ်ထူးတွေဘာတွေ ပုန်းမနေပါနဲ့ သားရယ်၊ အောင်ရင်ပြီးရောပေါ့၊ ကျသွားလည်း ဘာမှ ပြဿနာမရှိဘူး၊ မာမီ့သား ကျန်းမာရေးက ပထမဆိုတာ မမေ့နဲ့"

မာမီ့စကားကို သူ လက်မခံနိုင်ပေမယ့် မငြင်းဆိုချင်တော့ပါ။ ငယ်စဉ်ကလို မာမီ့ကို အနိုင်မယူချင်တော့တာလည်း အမှန်။ သူ အိပ်ရာထဲလဲလျှင် မာမီ့ခမျာ မျက်ရည်လေးဝဲနေတတ်တာကိုလည်း စာနာနိုင်ခဲ့ပြီလေ။

ကိုယ့်ဘဝ ကိုယ့်အခြေအနေကို တွေးမိလျှင်တော့ သူ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်တောင် ဝဲမိသည်။ သူ့အနာဂတ်အတွက် ဘာကိုမှ မမျှော်လင့်ထားတာ သေချာသည်။ အနာဂတ်မှာ ရည်ရွယ်ချက်ကင်းမဲ့သူတစ်ယောက် ဖြစ်နေပြီလား။

အမွှာညီအစ်ကိုတွေ ဖြစ်သည့်တိုင် ညီနှင့် သူ့ဘဝက သိပ်ကို ခြားနားလွန်းတာကို သူ တစတစ သိနားလည်လာရလေသည်။

ညီ့ဘဝက လွတ်လပ်သည်။ အနာဂတ်ကို ရွေးချယ်ပိုင်ခွင့် ပြည့်ဝစွာရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com

မာမီက အိမ်မှာ ဂိုက်ခေါ်ကာ စာသင်ပေးပေမယ့် ညီက လက်မခံ။ သူ့စိတ်ကြိုက်ဆရာကို ရွေးချယ်ကာ ကျူရှင်ကျောင်းမှာ တက်သည်။

သူ့မှာတော့ အိမ်မှာ ဂိုက်ခေါ်သင်သည်ဟုသာ နာမည် တွင်သည်။ မာမီက ဘယ်လိုပြောထားသည်မသိပါ။ ဆရာမက တစ်နာရီမျှတောင် မသင်။ တစ်ခါတရံ တစ်ပတ်သုံးရက်ဟု သတ်မှတ်ထားသော စာသင်ရက်တွေကိုတောင် ပျက်တတ်သေးသည်။ ဒါတွေအားလုံး မာမ့်ရဲ့ စီမံမှုတွေဆိုတာ သူသိနေခဲ့သည်။

သူ ကျောင်းစာကျက်လျှင်လည်း မာမီက အနားရောက်လာကာ ချော့မော့ပြီး အိပ်စက်ခိုင်းတတ်ပါသေးသည်။

"သားကိုကို အကြာကြီး စာထိုင်ကျက်မနေနဲ့လေ၊ ဇက်ကြောတွေ တက်မှာပေါ့၊ အိပ်တော့နော်၊ မနက်ကျ ကျက်လို့ ရတာပဲ သားရယ်"

မာမ့်စေတနာတွေကို သူ ဥပေက္ခာ မပြုရက်တော့ပါ။ သူ့ဝေဒနာကိုလည်း သူနားလည်တတ်ခဲ့ပြီ။ အိပ်ရေးပျက်လိုက်သည်နှင့် လူက နုံးချိအင်အားမဲ့ကာ နောက်တစ်နေ့မနက်မှာ ကျောင်းပျက် သွားတတ်သည်။

သည်တော့လည်း ညီလို စာတော်ဖို့ ဂုဏ်ထူးတွေမှန်းဖို့ သူ မတောင့်တတော့ပါ။ တစ်နှစ်တစ်တန်း ပုံမှန်အောင်မြင်သည့် အခြေအနေလေးကိုပဲ ကျေနပ်နိုင်ခဲ့ရသည်။ သူတို့ညီအစ်ကို အထက်တန်း





ကျောင်းသားဘဝ ရောက်ခဲ့ကြတော့ ဒယ်ဒီနှင့်မာမီ ဂျပန်မှာ စီးပွားရှာဖို့ ထွက်သွားကြတော့မည်ဆိုတော့ သူ အားငယ်ရ၏။

"မာမီရယ် ဘာဖြစ်လို့ ဒီလောက် လောဘတွေ ကြီးနေရတာလဲဗျာ၊ သားတို့ညီအစ်ကိုကို ထားခဲ့ပြီး အဝေးကြီးထိထွက်သွားမှာ မဟုတ်သေးဘူးထင်တယ်"

"မာမီတို့လည်း ဘယ်သွားချင်မှာလဲ သားကိုကိုရယ်၊ ဒါပေမဲ့ စီးပွားဆိုတာ ရှာနိုင်တုန်းအချိန် ရှာထားရမှာပေါ့၊ မာမီတို့ရှာသမျှ သားတို့အတွက်ပဲ၊ အဓိက,ကတော့ သားကိုကိုအတွက်လေ၊ လောကကြီး ထဲမှာ မာမီတို့ မရှိခဲ့ရင်တောင် သားအတွက် မတောင့်မတ ပြည့်စုံအောင် မာမီ စီစဉ်ထားခဲ့ချင်တယ်"

မာမ့်စကားက သူ့ရင်ထဲ စူးနစ်စွာစိုက်ဝင်သော မြားတစ်စင်း ဖြစ်ခဲ့ရလေသည်။ နွေတမန်ဆိုသော သူသည် မာမီတို့ဘဝထဲ ရောက်ခဲ့ရပေမယ့် မာမီတို့ အားကိုးလောက်သော သားယောကျ်ား တစ်ယောက် မဖြစ်နိုင်ခဲ့ပါ။

မာမီတို့ခမျာ သူ့အနာဂတ်အတွက်တောင် ပူပန်နေရသည့် အခြေအနေ။ ညီနှင့်ယှဉ်လိုက်လျှင် နွေတမန်ဆိုသော သူသည် လူပိုသက်သက်။ မာမီတို့အတွက် ဒုက္ခလူသားတစ်ဦးသာ။

မာမ့်ရှေ့မှာ မျက်ရည်ကိုချုပ်ထိန်းရင်း ကွယ်ရာရောက်မှ ကျခဲ့သော သူ့မျက်ရည်တွေကို ဘယ်သူ သိနိုင်မှာလဲ။

ရင်ထဲမှာ နာကျင်ခံစားရသမျှ ဒိုင်ယာရီစာအုပ်လေးမှာ သူ


www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထုတ်ဖြေသိမ့်ခဲ့ရတဲ့ ဘဝဆိုတာ ကိုယ်တိုင်ပဲသိနိုင်သည်။

နွေတမန်ဆိုတာ အနာဂတ်ကင်းမဲ့နေတဲ့ကောင်။ လောကကြီးထဲကို ကံဆိုးစွာ ရောက်လာတဲ့ ဒုက္ခလူသားတစ်ယောက်။ နွေတမန်ဆိုတဲ့ကောင် ရင်ဘတ်ထဲမှာ အလိုမကျမှုတွေ၊ မျိုသိပ်ဒေါသတွေနဲ့ ပိတ်လှောင်နေတဲ့ ခံစားချက်ပဲရှိတဲ့ကောင်ပါ။

ပြည့်စုံမှုတွေ၊ ရည်ရွယ်ချက်တွေ၊ မျှော်လင့်ချက်တွေနဲ့ ရှင်သန်နေတဲ့သူတိုင်းကို မြင်တိုင်း နွေတမန်ရင်ထဲ ပိုလို့ ခံစားနာကျင်ရ၏။ သူတို့ဘဝတွေက ကိုယ်နှင့် ဘာမှမဆိုင်သလို ခံစားရသည်။ ငယ်ငယ်တုန်းက ရင်ဆိုင်ခံစားဖူးတဲ့ ဝေဒနာတွေကိုလည်း ထပ်မခံစားချင်တော့ပါ။ ဒါကြောင့်လည်း သူ့ဘဝမှာ သူငယ်ချင်းဆိုတာ မရှိခဲ့။

ထိုကာလမှာပဲ ညီက သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးလာတော့ သူ စိတ်ညစ်ညူးရသည်။ ညီဆိုသည့်ကောင်ကလည်း အရာရာကို ပေါ့ပါးစွာ နေတတ် ပြောတတ်သူ။ သူ့အကြောင်း၊ သူ့ရောဂါကအစ အစုံအလင်ပြောပြနေတော့ သူ စိတ်ထဲမှာ ပိုလို့ တင်းကျပ်လာရသည်။

စာတော်တဲ့ကောင်မလေးတွေ။ ညီ့လိုပဲ နုပျိုချောမောတက်ကြွမှုတွေက အပြည့်၊ သူ့ကို သနားသလိုကြည့်နေတဲ့ မျက်လုံးပေါင်းများစွာရှေ့က သူ ပြေးထွက်သွားချင်လှပြီ။ ဒီအချိန်မှာ ညီက ကောင်မလေးတွေအတွက် လက်ဆောင်တောင်းဆိုတော့ သူ ဒေါသဖြစ်ရလေသည်။





နှမျောတာထက် ညီ့လုပ်ပုံကို သူ ပိုလို့ စိတ်နာရခြင်းဖြစ်သည်။ ကောင်မလေးတွေရှေ့မှာ သူ့ကို နှိပ်ကွပ် လှုလုံးပြ။ ပြီးတော့ သူပိုင်ဆိုင်သော လက်ဆောင်တွေနှင့် မျက်နှာလုပ်တာပဲဟု သူထင်မိသည်။ သူ့ရင်ထဲက ခံစားချက်တွေ မထင်မှတ်ဘဲ ပေါက်ကွဲသွားရသည်။

ကောင်မလေးအုပ်စု သိပ်ရှက်သွားမှာ သေချာသည်။ ဒေါသမဖြစ်စဖူး ညီတောင် သူ့ကို ဒေါသအိုးပေါက်ကွဲကာ တုံ့ပြန်လာခဲ့သည်။

"ကိုကို မင်းလုပ်ရပ် အတော်ကြီးကို ရိုင်းစိုင်းလွန်းတယ်၊ ဘာမဟုတ်တဲ့ ပစ္စည်းလေး လက်ဆောင်တောင်းမိတာကို မင်းပြောလိုက်တဲ့စကားတွေက ရင့်သီးလွန်းတယ်၊ သူတို့က ညီ့သူငယ်ချင်းတွေ ခင်မင်တာမကြာသေးဘူး၊ ညီနဲ့ပတ်သက်ပြီး ရောက်လာတဲ့ ဧည့်သည်တွေကို မင်း စော်ကားလိုက်တာပဲ"

ညီ့လေသံတွေက မာကျောနေသည်။ မျက်ဝန်းတွေထဲမှာ ဒေါသအရိပ်တွေ လက်ဖြာနေသည်။ ညီသည်လောက်ထိ ဒေါသဖြစ်တာမျိုး သူ မကြားဘူး၊ မမြင်ဘူးခဲ့ပါ။

"နေစမ်းပါဦး ညီ၊ ငါ ဒီစကားလေး ပြောမိတာဘယ်လောက်လွန်သွားလို့လဲကွာ၊ လွန်တယ်ပဲထားပါဦး မင်းက ဘာလို့ဒေါသပေါက်ကွဲနေရတာလဲ၊ ငါက မင်းရဲ့အမွှာအစ်ကိုပါကွာ၊ သူစိမ်းဘက်က ပါမနေပါနဲ့"

"တော်စမ်းပါ ကိုကိုရာ၊ စေတမန်ရဲ့ အမွှာအစ်ကိုရင်းကို စေတမန်လို ခင်မင်စိတ်နဲ့ သူတို့ရောက်လာတာ၊ မင်း ဆက်ဆံလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာက ငါပါ မျက်နှာမပြရဲအောင်ဘဲ၊ ဒီမှာကိုကို မင်းဟာ ဝေဒနာသည် တစ်ယောက်မို့ မိသားစုရင်သွေးတွေက ခွင့်လွှတ်နားလည်ပေးလို့ရတယ် သူစိမ်းတွေကတော့ မင်းစော်ကားတာ ခံနိုင်မှာမဟုတ်ဘူးဆိုတာ မင်း မေ့ထားသလား"

"ဘာ မင်း တော် တော်တော့"

"ဟဲ့ ဘာ ဘာတွေဖြစ်နေကြတာလဲ၊ ညီ တော်စမ်း ကိုကို စိတ်ကိုလျှော့"

အပြင်မှပြန်လာသော ဒေါ်လေးစိမ့် သူအနားသို့ရောက်လာချိန် နှစ်သိမ့်သလို ညီကိုပါ မာန်မဲနေ၏၊ ညီ့နှုတ်ခမ်းတွေ တွန့်ကွေးပြီး မချိပြုံး ပြုံးသည်။

ညီ့အမူအရာကိုကြည့်ရင်း သူ့ရင်ထဲမှာ စူးခနဲဖြစ်ရသည်။ နာကျင်မှုဝေဒနာကြောင့် မျက်နှာပျက်သွားသော သူ့ကို ဒေါ်လေးစိမ့် စိုးရိမ်ပူပန်စွာကြည့်ရင်း

"ကိုကို ဘာဖြစ်တာလဲ၊ စိတ်ကိုလျှော့၊ ထိုင် ထိုင်ခုံမှာ ထိုင်လိုက်နော်၊ သား ဘာဖြစ်ကြတာလဲ ဒေါ်လေးစိမ့်ကိုပြော ဟုတ်လား"

ဝေဒနာက တဆစ်ဆစ် စူးနစ်နေသောမို့ သူဘာမှ မရှင်းပြနိုင် ခဲ့ပါ။ လက်သီးကို တင်းတင်းဆုပ်ရင်း အံကြိတ်တင်းခံထားမိသည်။ ဒေါ်လေးစိမ့်က ညီကို မေးနေ၏။ သည့်တော့မှ ညီက အစအဆုံး ရှင်းပြနေသည်။

"ဒေါ်လေးစိမ့် စဉ်းစားကြည့်ဗျာ၊ ညီ့သူငယ်ချင်းတွေ





ဘယ်လောက် ရှက်သွားမလဲ၊ ကိုကို့စကားတွေက သိပ်ဆိုးလွန်းတယ်"

"ဩော် ညီရယ် ကိုကိုက စိတ်ရှုပ်စိတ်ညစ်ပြီး ပြောမိတာ နေမှာပါ၊ ကိုကို့အကြောင်း ညီလည်း သိသားပဲကွယ်၊ ညီ့သူငယ်ချင်း တွေကို တောင်းပန်လိုက်ပေါ့ကွယ်၊ သူတို့ နားလည်မှာပါ"

"စော်ကားပြီးမှ တောင်းပန်ရမှာလား ဒေါ်လေးစိမ့်၊ ပြီးတော့ ဒါ ကိုကိုပြောလိုက်တဲ့စကားတွေလေ၊ သိမ့်နန္ဒာက ညီ့ကို နားလည် ပြီးသား၊ အဲ နွေစံအိမ်ကိုတော့ ရှုံရှာသွားမှာအမှန်ပဲ၊ တော်ပါပြီ နောက်ဆို ဘယ်သူငယ်ချင်း မိတ်ဆွေကိုမှ ညီ ခေါ်မလာတော့ဘူး၊ ဒါ ကိုကို့ရဲ့အိမ်၊ နွေတမန်ပိုင်ဆိုင်တဲ့ နွေစံအိမ်ဆိုတာ ညီမေ့သွားတာ ပဟာအမှားတစ်ခုပဲ"

စကားအဆုံးမှာ ညီ အခန်းထဲက လှည့်ထွက်သွားခဲ့သည်။ ဒေါ်လေးစိမ့် သူ့မျက်နှာပေါ်က အရိပ်ကို ရှာဖွေကြည့်ရင်း နှစ်သိမ့် စကားတွေ တတွတ်တွတ် ဆိုနေခဲ့လေ၏။

"ညီက ဘာရယ်မဟုတ်ပါဘူး၊ အစ်ကိုနဲ့ သူငယ်ချင်းတွေကြား ဆိုတော့ သူ မျက်နှာပူသွားတာ ဖြစ်မှာပါ၊ ဒေါ်လေးစိမ့် ရှင်းပြလိုက်ရင် သဘောပေါက်သွားမှာပါ၊ သားကိုကို ရင်ထဲမှာ ဘာမှမခံစားနဲ့၊ မေ့လိုက်တော့ ဟုတ်လား"

သူ့ဝေဒနာ တိုးလာမှာစိုး၍ ဒေါ်လေးစိမ့် ဖြေသိမ့်နေမှန်း သူသိပါသည်။ ရင်ထဲမှာတော့ ညီ့စကားသံတွေ ပြန်ကြားနေမိသည်။ သူ့ကို နာကျည်းစွာကြည့်သွားသော သိမ့်နန္ဒာဆိုတဲ့ ကောင်မလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေကိုလည်း မြင်နေမိသေးသည်။

ပြီးတော့ မမျှော်လင့်သော အခြေအနေတွေကြားမှာ မျက်နက်ဝန်းလေး ဝိုင်းစက်လို့ ဘာတစ်ခွန်းမှ မဆိုနိုင်ဘဲ ဖြစ်နေသည့် ကောင်မလေး။ ဘာတဲ့ တိမ်ပဝါဆိုလား။ တကယ့်ကို ရိုးသားဖြူစင်သည့် မျက်ဝန်းလေးအစုံမှာ သူ့စကားတွေအတွက် ငဲ့ဒါသမရှိ။ အံ့ဩ မင်သက်ခြင်း ရောင်စဉ်တွေသာ ဖြာလက်နေခဲ့သည်။

အင်းလေ စေတမန်ရဲ့ အမွှာအစ်ကိုတစ်ယောက်က ဒီလို ဆက်ဆံမယ်လို့ သူတို့ မျှော်လင့်ထားခဲ့ပုံ မရှိနိုင်။

တစိမ့်စိမ့်တွေးလေလေ သူ့အမှားကို မြင်သိလာလေလေ။ လွန်ကျူးသွားခဲ့တာ သူ။ ရိုင်းစိုင်းမောက်မာသွားခဲ့တာ သူ။

ခွင့်လွှတ်ပါ ညီ။ နွေတမန်ဆိုတဲ့ကောင် ရင်ထဲမှာ အမုန်းတရားတွေ မရှိခဲ့ပါဘူး။ ဒါပေမဲ့ မွန်းကျပ်နေတဲ့ ခံစားချက်တွေနဲ့ မှားခဲ့မိတာ ဝန်ခံပါတယ် ညီ။

❀ ❀ ❀



## အခန်း (၆)

ကျောင်းဖွင့်ရက်မို့ ထုံးစံအတိုင်း တိမ်ပဝါတို့အုပ်စု မဝေး လှသော ကျောင်းလေးကို လေးယောက်သား လမ်းလျှောက်လာခဲ့ ကြသည်။

ဆွတ်ဆွတ်ဖြူသော သိမ့်နန္ဒာရဲ့ ရင်ဖုံးအင်္ကျီ ညာဘက် ရင်ညွန့်အထက်မှာ ကျောက်ပွင့်ရင်ထိုးလေးက ပေါ်လွင်စွာရှိနေခဲ့သည်။

"သိမ့်ရာ နင့်ရဲ့ရင်ထိုးကိုမြင်တော့ နွေတမန်ကို သတိရ လာတယ်၊ ငါတို့ ကောင်းကောင်းကြီး နှိပ်ကွပ်ခံလိုက်ရတာ တွေးပြီး တနုံ့နုံ့ ခံစားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သန္တာ အခဲမကျေနိုင်စွာ ဆိုသည်။ မိသူကလည်း ခေါင်းညိတ် ထောက်ခံရင်း

"အေးလေ နင်က ဘာလို့ အဲ့ဒီရင်ထိုးကြီးကို ထိုးလာရတာလဲ"

"ဘာဖြစ်လဲဟ၊ ဒါ စေတမန်ပေးထားတဲ့ လက်ဆောင်လေ၊ ငါ့သဘောကျလို့ တမင်ထိုးလာတာပေါ့"

"စေတမန်ပေးတာဆိုပေမယ့် အဲ့ဒီပစ္စည်းက နွေတမန်ပိုင်တဲ့ ပစ္စည်းလေ၊ တော်ကြာ စိတ်ပုပ်စိတ်ယုတ်နဲ့ လူကြားထဲကျမှ ဖွတ်လာတောင်းရင် နင်အရှက်ကွဲရဦးမယ်နော် သိမ့်"

"ဒီတစ်ခါတော့ သည်းခံလိမ့်မယ် မထင်လိုက်နဲ့၊ ရှင်းရှင်း ပြောရရင် ဟိုနေ့က ငါသည်းခံမျိုသိပ်လိုက်တာ စေတမန် မျက်နှာ ကြောင့်ပေါ့"

"ဒါဆို နင်က စေတမန်ကို သူငယ်ချင်းအဖြစ် အသိအမှတ် ပြုလိုက်ပြီလို့ ဆိုလိုတာလားဟင် သိမ့်"

"ဒါပေါ့၊ စေတမန်က တကယ် ခင်စရာကောင်းပါတယ်၊ နွေတမန်နဲ့တော့ လုံးဝ တခြားစီပဲ၊ ရုပ်ချင်းသာတူတာ စိတ်ဓာတ်က ဆန့်ကျင်ဘက်ပဲ"

မျက်မှောင်ကလေးတွေနဲ့ နှုတ်ခမ်းဖူးလေးတွေ ပြူးရိပ်ချီကာ ဆိုနေသော သိမ့်ရင်ထဲကို တိမ်ပဝါ မြင်နေရ၏။ ရုပ်ရည်ချောမောတာ တူညီတာချင်းအတူတူ ခင်မင်စရာကောင်းသော စေတမန်ကို သိမ့် ကြည့်ဖြူနေတာ အထင်အရှား။





လေးယောက်သား စကားဖောင်ဖွဲ့လျှောက်လာခိုက် စူးရှသော ဟွန်းသံတစ်ချက်ကြောင့် တိုင်ပင်မထားဘဲ လှည့်ကြည့်လိုက်မိကြသည်။

"ဘုရားရေ စေတမန်တို့ကားကြီးပဲ"

သိမ့် တအံ့တဩ ရေရွတ်လိုက်သံနှင့်မခြား မရှေးမနှောင်း မှာဘဲ MARK II ကားနက်ကြီးက သူမတို့နံဘေးမှာ ငြိမ့်ခနဲ ထိုးရပ် လာသည်။ အားလုံး မင်သက်အံ့ဩနေတုန်းမှာ ကားပေါ်က ဆင်းလာ သူက စေတမန်။

အဲရိုးတံဆိပ် လည်ကတုံးရှပ်အင်္ကျီအဖြူရောင်နှင့် စေတမန် အပြုံးတွေက အရင်အတိုင်း နှစ်လိုဖွယ်ရှိနေသည်။

"ကိုကို လာလေ ဆင်းပါ၊ လာပါ ကိုကိုရဲ့"

ကားထဲမှ နွေတမန်လက်ကိုဆွဲကာ ခေါ်နေသော စေတမန်ကို သိမ့် တအံ့တဩ ကြည့်နေသလို တိမ်ပဝါလည်း မယုံနိုင်စွာ ငေးကြည့် နေမိသည်။ စေတမန်ရဲ့ လက်ကိုဆွဲခေါ်နေမှုကြောင့် ကားပေါ်က ဆင်းလာရသည့် နွေတမန်ကတော့ မျက်ဝန်းညိုညိုတွေနဲ့ တည်တည် ငြိမ်ငြိမ်ပါပဲ။

လိုသည်ထက်ပို၍ လျှံကျနေသော အပြုံးတွေနှင့် စေတမန်က သိမ့်ကိုကြည့်ကာ

"ဟိုတစ်နေ့ကကိစ္စအတွက် ကိုကိုက သိမ့်ကို တောင်းပန် ချင်လို့တဲ့"

ဘယ်လိုမှ မျှော်လင့်မထားသော စကားကြောင့် သိမ့်မျက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

လေးတွေ ဝိုင်းစက်သွားသည်။ စေတမန်နည်းတူ လည်ကတုံးရှပ်ဖြူ လက်ရှည်ကို လက်ရှည်ချ ကြယ်သီးတပ်ဝတ်ဆင်ထားသော နွေတမန် နှုတ်ခမ်းပြည့်ပြည့်လေးမှာ အပြုံးရိပ်တို့ မပီတပီ အရိပ်ထင်လာသည်။

"ဟုတ်ပါတယ် သိမ့်နန္ဒာတင် မကပါဘူး ညီ့သူငယ်ချင်း အားလုံးကို ကျွန်တော် တောင်းပန်ချင်တာပါ၊ အဲဒီနေ့က ကျွန်တော့် စိတ်တွေ ညစ်ညူးနေလို့ ပြောခဲ့မိတဲ့စကားကို ဖွဲမယူပါနဲ့ဗျာ"

သိမ့်နန္ဒာ နှုတ်ခမ်းစိုအိအိလေးတွေ လှပကျေနပ်စွာ ကိုင်းညွတ်သွားကြသည်။ နေရောင်အောက်မှာ လက်ခနဲ တောက်ပသွားတတ်သည့် ဖန်စီနားကွင်းလေးတွေ လှုပ်ခါသွားအောင် သိမ့်နန္ဒာ ခေါင်းကလေးမော့လိုက်ပုံက စွဲမက်ဖွယ်ကောင်းသည်။

"နွေတမန်က တောင်းပန်မှတော့ ကျေနပ်ပေးရမှာပေါ့၊ ဘာလို့လဲဆိုတော့ စေတမန်က တို့ရဲ့ အခင်ဆုံးသူငယ်ချင်း ဖြစ်သွားလို့လေ အဟင်း ဟင်း"

စေတမန်မျက်နှာပေါ်က ကြည်နူးရိပ်တွေ အတော မသတ်အောင် စီးဆင်းသွားကြသည်။ နွေတမန်က အညိုရောင် Nike လွယ်အိတ်လေးထဲကို လက်နှိုက်ယူရင်း

"ကျွန်တော့်ကို ခွင့်လွှတ်တယ်ဆိုရင် ကျွန်တော်ပေးတဲ့ လက်ဆောင်လေးတွေကို လက်ခံပေးပါလို့ ထပ်တောင်းပန်ချင်ပါတယ်"

နွေတမန် လက်ချောင်းသွယ်သွယ်လေးတွေ ဖြန့်လိုက်တော့ လှပစွဲမက်စရာကောင်းသော ကျောက်ပွင့်ရင်ထိုးလေး လေးခုကို





မြင်လိုက်ကြရသည်။

"ကိုကိုက သိမ့်တို့ကို လက်ဆောင်ပေးချင်လွန်းလို့ ယူလာတာ"

"တမန်ကိုကိုက တကယ်စေတနာရှိရှိ ပေးတာဆိုရင် သိမ့်တို့က ဝမ်းသာကျေနပ်စွာ လက်ခံမှာပေါ့ တမန်ရဲ့"

သိမ့်တစ်ယောက် ဟန်မဆောင်နိုင်လောက်အောင် ပျော်နေတာ ကြည့်ရင်း စေတမန်အပြုံးတွေလည်း တောက်ပနေသည်။ စေတမန် ကိုယ်တိုင် နွေတမန်လက်ထဲက ရင်ထိုးလေးတွေကို ယူကာ သိမ့်လက်ထဲ ထည့်ပေးနေ၏။

"သိမ့်တို့လေးယောက် တစ်ယောက်တစ်ခုပေါ့၊ တို့ကိုကိုရဲ့ အမှတ်တရ လက်ဆောင်ပေါ့ကွာ"

"နေ နေဦး ညီ၊ သိမ့်နန္ဒာရင်မှာ ထိုးထားတဲ့ ရင်ထိုးက ဟို ဟို"

အခုမှ သတိထားမိသွားပြီး သိမ့်နန္ဒဆင်ထားသည့် ရင်ထိုး လေးကို ကြည့်ကာ နွေတမန် မေးသည်။ စေတမန်က ကြည်ကြည် နူးနူးလေး ပြုံးလိုက်ရင်း

"အဲဒါ သိမ့်အတွက် ညီ သီးသန့်ပေးထားတာလေ"

နွေတမန် နဖူးပြေပြေလေးအောက်နားစပ်က မျက်ခုံးနက်နက် လေးတွေ စုကျုံ့သွားခဲ့သည်။ သိမ့်ကတော့ စေတမန်အဖြေအတွက် ဂုဏ်ယူသော အပြုံးတွေ လှိုင်လှိုင်ဖန်ဆင်းရင်း

"စေတမန်က တစ်ခု၊ အခု နွေတမန်က တစ်ခုဆိုတော့


www.burmeseclassic.com

www.burmeseclassic.com

တို့မှာ နှစ်ခုတောင် ပိုင်ဆိုင်ရပြီလေ၊ အဟင်း သိမ့်ရဲ့ ကံကောင်းမှု အတွက် သူငယ်ချင်းတွေက မနာလိုမဖြစ်ပါဘူး နွေတမန်ရဲ့၊ ကဲ သူငယ်ချင်းတို့ တစ်ယောက်တစ်ခု ယူကြ၊ ပဝါ ရော့ နင့်အတွက်''

အားလုံးက ကျေနပ်စွာ လက်ခံယူနေတာမို့ တိမ်ပဝါ မငြင်းရဲ၊ နွေတမန်နှင့် ငြိမ်းချမ်းရေးရပြီးမှ သူမကြောင့်တော့ ပြဿနာမရှည် စေလိုပါ။

''ကဲ ကိုကို ကိုကိုသွားနှင့်ဗျာ၊ ညီတော့ သိမ့်တို့နဲ့ လမ်းလျှောက်လိုက်ခဲ့မယ်နော်''

''ဟေ အေး ဒါဆို ငါသွားတော့မယ် ညီ''

အားလုံးကို တစ်ချက်ဝေ့ကြည့်ရင်း ကားပေါ်လှမ်းတက် သွားသော နွေတမန်ကို တိမ်ပဝါ ငေးစိုက်ကြည့်နေမိသည်။ ကာလေး အထွက်မှာ ပြတင်းတံခါးက လှမ်းကြည့်သည့် နွေတမန်ရဲ့ အကြည့် တွေနှင့် ပြန်ဆုံဆည်းရ၏။

တိမ်ပဝါရင်ထဲမှာ လှုပ်ခတ်သွားတာ အမှန်။

စေတမန်နှင့် ရုပ်ချင်းတူပေမယ့် အသွင်စရိုက်ကွဲပြားသော နွေတမန်ပုံရိပ်လေးက တိမ်ပဝါမျက်ဝန်းထဲက မပျောက်နိုင်ပါ။

မျက်ဝန်းညိုညိုတွေ၊ စိုလဲ့အိထွေးသော နှုတ်ခမ်းတွေ၊ နဖတ် ရှင်းသန့်သော မျက်နှာလေးကို ပေါ်လွင်စေသည့် ဘေးခွဲဆံပင်တိုတိုနဲ့ နွေတမန်ပုံရိပ်။

လက်ထဲမှာရှိနေဆဲ ရင်ထိုးလေးကို တိမ်ပဝါ ငုံ့ကြည့်မိ၏။





မျက်ဝန်းထဲမှာ မြင်နေရသည်က သူ့ရဲ့ မျက်ဝန်းညိုညိုတွေ ပါပဲ။ ဘာကြောင့်များ မှတ်မှတ်ထင်ထင် အရိပ်ထင်ကျန်ရစ်ခဲ့ရတာလဲ နွေတမန်ရယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နောက်ပိုင်း ကျောင်းတက်ရက်တွေမှာတော့ စေတမန် တစ်ယောက် တိမ်ပဝါတို့အုပ်စုနှင့် လမ်းလျှောက်ကာ အတူလိုက် တတ်သည်။

"တမန်ရယ် အလကား အပင်ပန်းခံလို့၊ ကိုယ့်ကားနဲ့ကိုယ် သွားလို့ရနေတာကို"

"သိမ့်တို့နဲ့ အတူသွားချင်လို့၊ ကားပေါ်မှာလည်း ငုတ်တုတ် ကျောင်းမှာလည်း ငုတ်တုတ်ထိုင် ဘာလုပ်ရမှာလဲ ညောင်းလွန်းလို့"

"နင့်ကိုကိုကတော့ တကယ့်ဇိမ်ပုဂ္ဂိုလ်ပဲနော်၊ ဘာမှမဝေးတဲ့





ခရီးလေးကို ကားကြီးနဲ့ ကြိုပို့နေတော့ ကျောင်းမှာ ပေါ်ပြူလာ ဖြစ်နေပြီ"

"ကိုကိုက ဒီသဘောမဟုတ်ပါဘူး ကျန်းမာရေးကြောင့်ပါ၊ ကိုကို့ရောဂါက မလွယ်ဘူး၊ ခုကောင်းနေပေမယ့် တော်ကြာ ဖောက်ချင် ဖောက်တတ်တာ"

"ဟုတ်လား အဲဒီလောက်ထိဆိုးလို့လား၊ ကြည့်ရတာ ဒေါင်ဒေါင်မြည်ကြီးပါလားဟယ်"

"မထင်နဲ့၊ ကိုကို ဒီအသက်အရွယ်အထိ အသက်ရှင်နေတာ မာမီတို့ ငွေနဲ့ဆက်ကုထားလို့လေ၊ အခုလည်း အိမ်မှာ မာမီတို့ မရှိပေမယ့် ဒေါ်လေးစိမ့်က ကိုကို့ကို အရိပ်ကြည့်နေရတာ၊ မာမီကလည်း နှစ်ရက် တစ်ကြိမ်လောက် ဖုန်းဆက်ပြီးမေးနေတာ သိမ့်ရဲ့"

"တမန့်မာမီက တမန်ထက် သူ့ကိုပိုချစ်တယ်ထင်တယ်"

သိမ့်စကားကို စေတမန်က သွားတန်းသွယ်သွယ်လေးတွေ ပေါ်လာသည်အထိ ပြုံးရယ်ရင်း ခေါင်းကိုညိတ်၏။

"အင်း တို့ငယ်ငယ်က မာမီနဲ့ဒယ်ဒီကို အဲဒီလိုပဲ ထင်ခဲ့ ဖူးတယ်၊ အရွယ်လေးရလာမှ နားလည်လာမိတာ သိမ့်ရဲ့၊ ကိုကို့တာဝက သနားစရာပါ၊ လောကကြီးထဲမှာ အသက်ဆက်ရှင်ဖို့ဆိုတာ ကိုကို့အတွက် ပလွယ်ဘူး"

သိမ့်မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသလို တိမ်ပဝါ ရင်ထဲ ဟာလည်း နင့်နင့်သီးသီး ခံစားလိုက်ရတာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



"မွေးရာပါ နှလုံးအားနည်းရောဂါက ကိုကို့ကို ကံဆိုးစေတာပဲ၊ ကိုကို့ကို ကုသပေးနေတဲ့ ပါရဂူကြီးတွေက မာမီတို့ကို အသိပေးထားပြီးသား။ သက်တမ်းစေ့နေနိုင်ဖို့ဆိုတာ သိပ်ကို ခဲယဉ်းတယ်တဲ့၊ ကိုကို့နှလုံးက အရမ်းအားနည်း ချို့ယွင်းနေတာလေ၊ ကိုကို ဝေဒနာခံစားနေရချိန်ဆိုရင် သိပ်သနားဖို့ကောင်းတယ်၊ လုံးဝ အပင်ပန်းမခံနိုင်ဘူး၊ မာမီဆို ကျောင်းပညာရေးကိုတောင် တက်စေချင်တာမဟုတ်ဘူး၊ ကိုကို့အတွက် အရေးကြီးတာက ကျန်းမာရေးလေ၊ ကိုကိုက ဇွတ်အတင်းတောင်းဆိုလို့ မာမီ လက်ခံခဲ့ရတာ၊ လောကကြီးထဲမှာ ရှင်သန်ဖို့အချိန် သိပ်မရှိတော့တဲ့ ကိုကို့ကို မာမီတို့ ဂရုစိုက်တာ တို့ဝန်မတိုတတ်တော့တာ အဲဒီကတည်းကပဲလေ"

"တမန့်ကိုကိုရဲ့ ရောဂါကြီးကလည်း ကြောက်စရာကောင်းလိုက်တာ"

သိမ့်နန္ဒာ ပခုံးလေးတွန့်ကာ ဆိုညည်းသည်။ တိမ်ပဝါ အတွေးထဲမှာတော့ မျက်ဝန်းညိုညိုတွေနဲ့ နွေတမန်ကိုပဲ မြင်မိဆဲ။

တိမ်ပဝါတို့နဲ့ အခန်းချင်းမတူပေမယ့် တိမ်ပဝါ သတိထားကြည့်မိတာ အမှန်။ မကြာခဏ ကျောင်းပျက်တတ်သော နွေတမန်။ ဖြူလျော့လျော့အသွင်းနှင့် သွေးရောင်ကင်းမဲ့နေတတ်သော သွေးနှုတ်ခမ်းလေးတွေ။

သနားစရာကောင်းလိုက်တဲ့ နွေတမန်ရယ်။

သိပ်ကို ချမ်းသာပြည့်စုံမှုတွေ ပိုင်ဆိုင်နေရပေမယ့် နွေတမန်





အဖြစ်က တိမ်ပဝါထက်တောင် ကံဆိုးလွန်းပါတယ်လို့ ဆိုရမယ်ထင်ပါရဲ့။

စေတမန်ဆီက ကြားနေရတဲ့ နွေတမန်အကြောင်းတွေက တိမ်ပဝါရင်ထဲကို စူးစူးနစ်နစ် တိုးဝင်နေခဲ့သည်။ ကြာလာတော့လည်း နွေတမန်ကို စာနာစိတ်နှင့် တိမ်ပဝါရင်မှာ နှောင်တွယ်လာပြီထင်ရဲ့။

စေတမန်လို အရယ်အပြုံးတွေ ကင်းစင်နေတဲ့ နွေတမန်။ အပေါင်းအသင်း မရှိတာလား။ မထားတာလား မသိ။ အထီးကျန်နေသော နွေတမန်ကို တိမ်ပဝါရင်ထဲ တစိမ့်စိမ့် သနားလာမိသည်။

တစ်ခါတရံ နွေတမန်ရဲ့ စာသင်ခန်းဘက်ကို တိမ်ပဝါ လှစ်ခနဲ တစ်ယောက်တည်း သွားခိုးကြည့်မိတတ်တာ သိမ့်တို့မသိကြပါ။

မုန့်စားလွှတ်ချိန်ပေမယ့် စာသင်ခန်းရဲ့ ထိုင်ခုံလေးမှာ ငုငုလေးထိုင်ရင်း ငေးမောနေတတ်တဲ့ မျက်ဝန်းညိုညိုတွေက တမေ့တမေ့မာပါပဲ။

ရိပ်ခနဲ တိမ်ပဝါကို မြင်လိုက်တော့ နွေတမန်မျက်ဝန်းတွေ တောက်ပအံ့ဩသွားတတ်ခဲ့သည်။ ဖြားယောင်းမှုမပါတဲ့ အပြုံးလေးတွေနဲ့ တိမ်ပဝါ သူ့ကိုပြုံးပြတော့ ပန်းနုဖျော့ဖျော့နှုတ်ခမ်းတွေက ပပွင့်တပွင့် ပြန်လို့ ပြုံးပြတတ်သေးသည်။

နွေတမန်ရယ်၊ ရှင့်အနားမှာထိုင်ပြီး အားပေးစကားတွေ ပြောချင်လိုက်တာ။ ပျော်ရွှင်မှုတွေနဲ့ တောက်ပလင်းလက်လာအောင် ရှင့်မျက်ဝန်းတွေထဲ ထွန်းညှိပေးချင်လိုက်တာ။ အမြဲတမ်း ငေးငိုင်တွေဝေနေတတ်တဲ့ နွေတမန်ရဲ့အသွင်ကို အရယ်အပြုံးတွေနဲ့ ရှင်သန်



www.burmeseclassic.com

www.burmeseclassic.com



စေချင်လိုက်တာ။

ဘာလိုလားတောင့်တမှုမျိုးမှ မပါဝင်တဲ့ အဖြူရောင် ဆန္ဒ သက်သက်ပါ။

ဒါပေမဲ့ တိမ်ပဝါဆိုတဲ့ မိန်းကလေးရဲ့ဘဝမှာ ရည်ရွယ်ချက်တွေ ရှိနေတယ်။ ခိုင်ကျည်မှုတစ်ခုနဲ့ ကြိုးစားတည်ဆောက်ထားရတဲ့ အနာဂတ် မျှော်လင့်ချက်တွေပါ။ ဒါတွေကို ထိခိုက်ယိမ်းယိုင်သွားစေမယ့် နှောင်ကြိုးတွေကိုလည်း တိမ်ပဝါ ကြောက်တယ်။

သံယောဇဉ်ဆိုတဲ့ နှောင်ကြိုးတွေကို ကြောက်လန့်နေသူကိုမှ ရစ်နှောင်မှန်းမသိ ရင်နှောင်နေစေခဲ့တာ ဘယ်လိုအရာလဲဟင်။

တိမ်ပဝါ မတွေးရဲဘူး နွေတမန်ရယ်။

✿ ✿ ✿



## အခန်း (၈)

သိမ့်နန္ဒာတက်နေသော ကျူရှင်ကို စေတမန်လည်း လိုက်တက် မည်ဆိုတော့ တိမ်ပဝါ တအံ့တဩတော့ မဖြစ်မိတော့ပါ။ ထိုသတင်းကို သိမ့်ကိုယ်တိုင် တိမ်ပဝါအိမ်အထိ ရောက်လာကာ ပြောပြခဲ့ခြင်းဖြစ်သည်။

"တမန်တက်မှာဆိုတော့ သူ့အစ်ကိုကော တက်ဖြစ်မှာလား သိမ့်"

"ဟာ ဘယ်လိုလုပ် နွေတမန်က တက်နိုင်မှာလဲ၊ သူ့ရောဂါနဲ့သူ ကျောင်းတက်ရက်တောင် မမှန်တာ"

"အင်းနော် ပြီးခဲ့တဲ့တစ်ပတ်ကလည်း နွေတမန် သုံးရက်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပျက်တယ်''

လွှတ်ခနဲ တိမ်ပဝါ ထွက်သွားသောစကားကြောင့် သိမ့် မျက်မှောင်လေးကုပ်စိုက်ကြည့်ရင်း

''ဘာရယ် တိမ်ပဝါ၊ နင်က နွေတမန် ကျောင်းပျက်ရက် တွေတောင် အတိအကျ မှတ်မိနေတယ် ဟုတ်လား''

''ဟာ ငါက ရိုးရိုးသားသားပြောတာပါ၊ နွေတမန်က ကျန်းမာရေး မကောင်းဘူးလေဟာ၊ သူနေမကောင်းဘူးလား တွေးမိတိုင်း သတိထားမိတာပါ''

တိမ်ပဝါ ကသောကမျော ရှင်းလင်းတာကို သိမ့်နန္ဒာ ပြုံးပြုံးလေး ငေးစိုက်ကြည့်နေ၏။ တိမ်ပဝါရင်ထဲ မလုံမလဲဖြစ်ရ၏။ သိမ့်မျက်ဝန်းအကြည့်တွေထဲက အဓိပ္ပာယ်တွေကို နားလည်နေသည်ကိုး။

''ပဝါ နွေတမန်ဆိုတာ ဘယ်နေ့သေမလဲ စောင့်နေရတဲ့ လူတစ်ယောက်ဆိုတာ နင်သိမှာပါ၊ အဲဒီလိုလူတစ်ယောက်ကို သံယောဇဉ် ငြိတွယ်နေတာ နင့်အတွက် ကောင်းတဲ့လက္ခဏာတော့ မဟုတ်ဘူးနော်''

သိမ့်နန္ဒာ စကားအဓိပ္ပာယ်ကို တိမ်ပဝါ နားလည်လိုက်မိပါသည်။ နွေတမန်ကို သူမ စာနာစိတ်နှင့် ခင်တွယ်မိတာလည်း မငြင်းချင်ပါ။ ဒါပေမဲ့ ခုချိန်မှာ တိမ်ပဝါနလုံးသားသည် တကယ်ကို အဖြူစင်ဆုံးဆိုတာ သိမ့် ယုံနိုင်ပါ့မည်လား။

''သိမ့် နင့်စိတ်ထဲမှာ ဘယ်လိုထင်မြင်သလဲတော့ ငါမသိဘူး၊ ဒါပေမဲ့ နွေတမန်ကို ငါ သနားတယ်၊ အားငယ်နေတဲ့ သူ့ဘဝလေးကို





စာနာတယ်၊ ဒီထက် ဘာမှမပိုတာ သေချာပါတယ်''

''အဟင်း ဟင်း အဲဒါ နင့်ကိစ္စ နင့်ဆုံးဖြတ်ချက်ပဲ ပဝါ၊ ငါ ဘာမှ မဝေဖန်ချင်ပါဘူး၊ ငါကတော့ ငါ့ရဲ့အနာဂတ်ဘဝကို ကြိုတင် တွက်ဆပြီးမှ အလုပ်တစ်ခုကို လုပ်တတ်တယ်၊ တို့တွေ ဆက်ရှင်သန် ရမယ့် ဘဝလမ်းက အရှည်ကြီးကျန်ပါသေးတယ်၊ ငါ့သူငယ်ချင်း တစ်ယောက် ဖြစ်နေပြီး နင် လမ်းလွဲမှားသွားမှာစိုးလို့ သတိပေးတာ''

''ကျေးဇူးတင်ပါတယ် သိမ့်၊ မစိုးရိမ်ပါနဲ့၊ ငါ့အနာဂတ်အတွက် အစီအစဉ်တွေကို ငါ အနိုင်အမာ ချမှတ်ပြီးသားပါ''

''ကောင်းပြီလေ ဒါဆိုလည်း ပြီးတာပဲပေါ့၊ နင်က ပညာရေးမှာ ငါ့ထက်ပိုပြီး ထူးချွန်ပါတယ် ပဝါ၊ သိပ်ထူးချွန်ထက်မြက်လွန်းသူတွေက တစ်ခါတစ်လေ ဘာမဟုတ်တဲ့ကိစ္စလေးမှာ အကြီးအကျယ် မှားယွင်း တတ်လို့ ငါသတိပေးတာပါ၊ ကဲ ငါသွားမယ် ပဝါ''

ဂျပန်စက်ဘီး ကြက်သွေးရောင်လေးပေါ်ကို ဖွေ့ခနဲတက်နင်း၍ သိမ့်နန္ဒာ ထွက်ခွာသွားတော့ တိမ်ပဝါ ခြံဝင်းထဲက ရပ်ငေးကြည့်နေ ပါသည်။ သူတို့သူငယ်ချင်းတွေထဲမှာ သိမ့်နန္ဒာသည် ပြည့်စုံခြင်းအတိနှင့် ကံကောင်းခဲ့သည်ဟု ထင်ပါသည်။

အရာအားလုံးမှာ သိမ့်နန္ဒာသည် သူမထက် သာလွန်ခဲ့ သည်ချည်း ဖြစ်ပေမယ့် သူမဘက်ကတော့ သိမ့်ကိုယှဉ်နိုင်တာ ကျောင်းစာမှာ ပိုမိုထူးချွန်ထက်မြက်ဖို့ပဲဖြစ်သည်။ သိမ့်နန္ဒာကို ယှဉ်ပြိုင် နိုင်ယှူခြင်းဆိုတာထက် သူမဘဝအတွက် သူမ ပိုမိုကြိုးစားခြင်းဟု



www.burmeseclassic.com

www.burmeseclassic.com



စိတ်မှာ နိုင်ကျည့်စွာ ဆုံးဖြတ်ထားခဲ့သည်။

တိမ်ပဝါဆိုသော သူမှာ ဘဝပေးအသိဖြင့် ရှင်သန်နေခဲ့ရတာလေ။ ဒုက္ခသောကတွေကို တိမ်ပဝါ ပိုင်ဆိုင်ခဲ့ရတာ ဖိုးငယ်စဉ်ကလေးဘဝကတည်းက ဖြစ်သည်။

တိမ်ပဝါဘဝမှာ အားကိုးရာ ဖေဖေနဲ့မေမေကို ဆုံးရှုံးလိုက်ရတော့ တိမ်ပဝါ အသက်ဆယ့်နှစ်နှစ်၊ ခြောက်တန်းကျောင်းသူဘဝပဲ ရှိပါသေးသည်။

ငယ်စဉ်တုန်းကတော့ ဖေဖေရဲ့ အဆင်ပြေသော စီးပွားရေးကြောင့် တိမ်ပဝါဘဝမှာ ပူပန်သောကတို့ မရှိခဲ့။ အရာရာ လိုတရဘဝမှာ ရှိခဲ့သည်။ ဖေဖေနဲ့မေမေရဲ့ တစ်ဦးတည်းသောသမီးဘဝမှာ တိမ်ပဝါဘဝလေး အေးချမ်းခဲ့ပေမယ့် တိမ်ပဝါ အလယ်တန်းကျောင်းသူဘဝရောက်တော့ ဖေဖေ့စီးပွားရေးတွေ ကျဆင်းခဲ့သည်။ အဆုံးအရှုံးတွေနှင့် ပိုင်ဆိုင်ထားသော ခြံနှင့်တိုက်ကိုတောင် ပေါင်နှံထားရသည့်တဲ့။ ဒါတွေကို တိမ်ပဝါ သိလိုက်ရချိန်မှာ ဖေဖေနှင့်မေမေတို့ နှစ်ဦးစလုံး မထင်မှတ်ဘဲ ကားအက်ဆီးဒင့်တစ်ခုမှာ တိမ်းပါးသွားကြစဉ်မှာ ဖြစ်သည်။

တိမ်ပဝါ အသက်ဆယ့်နှစ်နှစ်သာသာအရွယ်လေးမှာ ဆုံးရှုံးခဲ့ရသမျှတွေ မမျှတလွန်းအောင်ဘဲ များပြားလှပါတယ်။ ဖေဖေနဲ့မေမေကတော့ ဘာကိုမှ မခံစား မသိနိုင်ဘဲ တိမ်ပဝါကို ချန်ထားရစ်ခဲ့ပြီလေ။





"အင်း ခက်တော့ခက်ပြီ၊ စိတ်ချလက်ချ ထွက်သွားတဲ့သူတွေက ထွက်သွားကြပြီး ကျန်ရစ်ခဲ့သူတွေမှာတော့ ဒုက္ခတွေနဲ့ သေသာသေလိုက်ချင်တယ်"

ဖေဖေ့ရဲ့ ညီမတစ်ဝမ်းကွဲ ဒေါ်လေး ဒေါ်မြခင်က နာရေးကို ရောက်လာပေမယ့် အခြေအနေအားလုံးကို သိရှိသွားချိန်မှာ ပြောင်းလဲသွားခဲ့သည်။ ရောက်စက တိမ်ပဝါကိုစွကို သူမကပဲ တာဝန်ဆက်ယူမယ်လို့ လေသံပစ်သည်။ ခြံနှင့်တိုက်က ဖေဖေတို့ ပေါင်နှံထား၍ ဆုံးရှုံးရတော့မည်ဆိုတာ သိလိုက်တာနဲ့ လေသံက ပြောင်းသွားခဲ့သည်။ ဒါပေမဲ့ ခက်နေသည်က တိမ်ပဝါအတွက် အားကိုးရာ ဆွေမျိုးသားချင်းဆို၍လည်း ဒေါ်လေးမြခင်သာ ရှိနေသည်။

သည်မှာပဲ ကြားဝင်ကာ ညှိနှိုင်းစီမံပေးလာသူက ဦးဆန်းထွန်းမောင်ဆိုသော ဖေဖေ့ရဲ့ မိတ်ဆွေတစ်ဦးဖြစ်သည်။ ဖေဖေနဲ့မေမေကို ခင်မင်သော သူငယ်ချင်း ဦးဆန်းထွန်းမောင်က တိမ်ပဝါကိစ္စကို ညှိနှိုင်းဆွေးနွေးပေးသည်။

"ကျွန်တော်က ကလေးမလေးရဲ့ မိဘတွေနဲ့ အရင်းနှီးဆုံး မိတ်ဆွေပါ၊ ကလေးမလေးကိုလည်း တာဝန်ယူချင်ပါတယ်၊ ဒါပေမဲ့ ဖြစ်သင့်တာက တိမ်ပဝါလေးရဲ့သွေးချင်း ဆွေမျိုးသားချင်းတွေမှ ပိုကောင်းမှာပါ။ ပြီးတော့ ကျွန်တော်ကလည်း တစ်ယောက်တည်းသမားဆိုတော့ ကလေးမကို တာဝန်ယူဖို့ အခက်အခဲရှိတယ်၊ ဒီတော့ ဒေါ်မြခင်က တိမ်ပဝါလေးကို စောင့်ရှောက်ပေးပါ၊ ကလေးမအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘက်က လစဉ် ထောက်ပံ့ပေးမယ်"

"အလွယ်မပြောပါနဲ့ ဦးဆန်းထွန်းမောင်၊ လူတစ်ယောက်ရဲ့ တာဝန်ကို ယူရမှာ မလွယ်ပါဘူး။ ရှင်က ဘယ်အချိန်ထိ စောင့်ရှောက်ပေးနိုင်မှာမို့လဲ"

"တိမ်ပဝါ အရွယ်ရောက်ပြီး သူ့ဘဝသူ ကျောင်းနိုင်တဲ့အချိန်ထိ ကျွန်တော် တာဝန်ယူတယ် ဒေါ်မြခင်၊ ခင်ဗျားဘက်က အတူနေထိုင်ခွင့်ပေးပြီး ဆုံးမထိန်းသိမ်းပေးဖို့ပါပဲ၊ ငွေကြေးကိစ္စအတွက် ဘာမှမပူပါနဲ့၊ ကျွန်တော့်ဘက်က လုံလောက်အောင် လစဉ် ထောက်ပံ့ပေးမယ်"

ရဲရဲတွံ့တွံ့ ကတိပေးနေသော သူစိမ်းတစ်ဦးရှေ့မှာဆိုတော့လည်း ဒေါ်လေးမြခင် ရှက်ဖို့ သတိရသွားသည်ထင်သည်။ မာတင်းတင်းမျက်နှာကို ပြေလျှော့ပစ်လိုက်ရင်း

"ကျွန်မကို တစ်မျိုးမထင်ပါနဲ့ရှင်၊ ကျွန်မကလည်း မိသားစုနဲ့ဆိုတော့ သိပ်ပြီး အဆင်ပြေလှတာမဟုတ်ဘူး၊ ဒါကြောင့်ပါ၊ ဦးဆန်းထွန်းမောင် ကူညီတာကို သိပ်ကျေးဇူးတင်ပါတယ်၊ ကျွန်မတူမလေးကို ကျွန်မ တာဝန်ယူပါ့မယ်"

"ဒါဆိုရင် အဆင်ပြေပြီပေါ့ဗျာ၊ ခြံနဲ့တိုက်ကို အပြတ်ရောင်းပြီး ပိုတဲ့ငွေကြေးကို တိမ်ပဝါလေးအတွက် လိုတာသုံးဖို့ ဒေါ်မြခင်လက်ခံပေးပါ၊ ကျွန်တော့်ဘက်ကတော့ ဒီလကစပြီး လစဉ် ထောက်ပံ့ကူညီပေးပါ့မယ်"





ကံကြမ္မာက စာနာစွာနှင့် တိမ်ပဝါအတွက် ဖန်ဆင်းပေးခဲ့သော ကံကောင်းခြင်းလက်ဆောင်တစ်ခုဟုပဲ ဆိုရလိမ့်မည်။ ဦးဆန်းထွန်းမောင်ဆိုသော သူစိမ်းကျေးဇူးရှင်တစ်ယောက်ရဲ့ ကျေးဇူးနှင့် တိမ်ပဝါဘဝလေး ဆက်ရှင်သန်ခဲ့ရခြင်းပင်။

လစဉ်တိုင်း ဦးဆန်းထွန်းမောင်က ဒေါ်လေးမြလက်ထဲကို တိမ်ပဝါအတွက် စားစရိတ်ကို လုံလောက်စွာ ထည့်ပေးခဲ့သည်။ ဒေါ်လေးမြက တိမ်ပဝါအတွက် သူမရဲ့ ပျဉ်ထောင်အိမ်အိုကလေးထဲမှာ အခန်းတစ်ခန်း စီစဉ်ပေးခဲ့သည်။

တိမ်ပဝါအတွက် စာကြည့်စားပွဲလေးတစ်လုံး၊ အဝတ်အစားတွေထည့်ဖို့ ဗီရိုပုလေးတစ်လုံးနှင့် အိပ်စက်ဖို့ ခုတင်လေးတစ်လုံးကို ဦးဆန်းထွန်းမောင်ကပဲ ဝယ်ယူစီစဉ်ပေးခဲ့သည်။

"သမီး ဘာမှ အားမငယ်နဲ့၊ သမီးဖေဖေနဲ့ မေမေဆိုတာ လေးလေးဆန်းရဲ့ ငယ်သူငယ်ချင်းတွေ၊ လေးလေးဆန်း ဒုက္ခရောက်တုန်းက သူတို့ကူညီခဲ့တဲ့ ကျေးဇူးတရားရှိတယ်၊ အဲဒီအတွက် လေးလေးဆန်းက သမီးလေးကို ပြန်စောင့်ရှောက်ကူညီရမယ့် တာဝန်ရှိတယ်၊ ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် လေးလေးဆန်းရယ်"

"မလိုပါဘူး သမီး၊ သမီးရင်ထဲမှာ သိထားရမှာက သမီးအနာဂတ်ဟာ သမီးလက်ထဲမှာပဲ ရှိတယ်၊ ပညာတတ်ကြီးဖြစ်အောင်ကြိုးစား၊ လေးလေးဆန်းဘက်က လိုတာမှန်သမျှ ကူညီပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား''

သွေးသားရင်းဆိုပေမယ့် ဖြူစင်မှုမရှိသော ဒေါ်လေးမြ စိတ်ရင်းကို လေးလေးဆန်း သိနေခဲ့သည်။ ဒါကြောင့်လည်း တိမ်ပဝါ အတွက် ပြည့်စုံအောင် ကူညီမှုတွေ ပေးတတ်ခဲ့သည်။

''ရော့ သမီး၊ သမီးလိုအပ်တာသုံးဖို့ ယူထား၊ လေးလေးဆန်း ပေးတာ သမီးအတွက် စားစရိတ်နဲ့ မသက်ဆိုင်ဘူးနော်၊ စာအုပ် စာတမ်းနဲ့ သမီးဝယ်ချင်တာ သုံးချင်တာအတွက် သီးသန့်ပေးတာ''

လေးလေးဆန်းဘက်က သိတတ်စွာနှင့် ကူညီပေးတတ်ခဲ့သည်၊ ထို့ကြောင့်လည်း တိမ်ပဝါအတွက် အဆင်ပြေခဲ့ရသည်။ လေးလေးဆန်း ကျေးဇူးအတွက်၊ ပြီးတော့ တိမ်ပဝါဘဝအတွက် အနာဂတ်ကို တိမ်ပဝါ နိုင်မာစွာ ပဏ္ဍက်ချခဲ့ပြီးဖြစ်လေသည်။

ဒေါ်လေးမြမှာက တိမ်ပဝါထက်ငယ်သော သမီးမိန်းကလေး နှစ်ယောက် ရှိနေတာမို့ တိမ်ပဝါ အလိုက်သတိ နေတတ်ခဲ့ရသည်။ လေးလေးဆန်းက တိမ်ပဝါအတွက် စားစရိတ်ပြည့်ဝစွာ ပေးထား သည့်တိုင် အိမ်မှုကိစ္စတွေကို တိမ်ပဝါ ကူညီပေးသည်။

ဒေါ်လေးမြ မျက်နှာမညိုရအောင် လျှော်ဖွပ်ချက်ပြုတ်တာက အစ တိမ်ပဝါ ကူညီပေးသည်။ ဒေါ်လေးမြရဲ့ သမီးနှစ်ယောက်ကိုလည်း ညီမရင်းတွေလို စောင့်ရှောက်ပေးရသေး၏။

အနာဂတ်အတွက်တော့ တိမ်ပဝါ ရင်ထဲ နှလုံးသားထဲမှာ နိုင်မာသော ရည်ရွယ်ချက်ကိုတော့ မပျောက်ပျက်စေခဲ့ပါ။ အလှအပ





တရားတွေ၊ အပျော်တွေဆိုတာ တိမ်ပဝါအတွက် လိုအပ်ချက်တွေ မဟုတ်။ တိမ်ပဝါရင်ထဲမှာ ရှိနေတာ တစ်နှစ်တစ်တန်း စာမေးပွဲ အောင်ဖို့၊ တိမ်ပဝါခြေထောက်ပေါ်မှာ ကိုယ်တိုင်ရပ်တည်နိုင်ဖို့ ကြိုးစားရမည်။

ဒါကြောင့်လည်း တိမ်ပဝါ ဘယ်အရာကိုမှ စိတ်မဝင်စားခဲ့။ ပနှောင်တွယ်ခဲ့ပါ။ သိမ့်ဆိုသွားခဲ့ရလောက်အောင် နွေတမန်အပေါ် သူမ သံယောဇဉ်က ကျွံလွန်နေခဲ့ပြီလား။ ဟင့်အင်း ဘယ်တော့မှ မဖြစ်ရဘူး နွေတမန်။

တိမ်ပဝါရဲ့ နှလုံးသားကို ဖြူစင်စွာနဲ့ ရှင်သန်ခွင့်ပေးပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"တိမ်ပဝါ မင်းက တို့ ကိုကို့ကို စိတ်ဝင်စားနေလို့ဆို ဟုတ်လား"

ကျောင်းတက်ရက်မှာ မေးလာသော စေတမန့်စကားကြောင့် တိမ်ပဝါမျက်နှာလေး ရဲရဲနီ ထူပူသွားခဲ့ရသည်။ စေတမန်ကတော့ သူ့ရဲ့ အမှတ်တံဆိပ်လိုဖြစ်နေသော ပေါ့ပေါ့ပါးပါး အပြုံးလေးနဲ့ ပြုံးနေသည်။

သိမ့်မျက်နှာကို တိမ်ပဝါ လှမ်းကြည့်လိုက်တော့ နှုတ်ခမ်းဖူးဖူးလေးတွေမှာ မပွင့်တပွင့် အပြုံးလေးတွေ ခိုတွယ်လှောင်ပြုံးလို့။





သန္တာနဲ့ မိသူတို့ကလည်း တအံ့တသြ မျက်ဝန်းတွေနှင့် တိမ်ပဝါမျက်နှာဆီမှာ စူးနစ်ငေးမောကုန်သည်။

"တို့ကိုကို နွေတမန်က လုံးဝ ကျန်းမာရေးမကောင်းတဲ့ ဂီလာနတစ်ယောက်နော် တိမ်ပဝါ၊ မင်း ကိုကို့ကို ဘာလို့ စိတ်ဝင်စားသွားတာလဲ၊ တို့ အရမ်းအံ့သြနေတာ"

"တော်စမ်း စေတမန်၊ နင်ငါ့ကို မစော်ကားနဲ့၊ တိမ်ပဝါဆိုတဲ့ ငါက ကိုယ့်ရည်ရွယ်ချက်တစ်ခုကလွဲရင် ဘာကိုမှ စိတ်မဝင်စားဘူး၊ နင့်ကိုကို့ကိုလည်း စိတ်မဝင်စားဘူး။ အဲ တစ်ခုတော့ရှိတယ်၊ နွေတမန်ကို ငါ စာနာသနားတာသက်သက်ပဲ၊ ဒီထက် ဘာတစ်ခုမှ မပိုဘူး၊ ရှင်းပြီလား"

ဒေါသကြောင့် အသံလေးတုန်ခါကာ ဆိုနေသော တိမ်ပဝါကို ကြည့်ရင်း စေတမန်နှုတ်ခမ်းမှာ အပျော်တွေ ကွယ်ပျောက်ကုန်သည်။ တမန်မျက်နှာလေး အပြုံးရိပ်တွေ ကင်းစင်သွားတာမြင်တော့ ပိပ့်နန္ဒာလည်း မကျေနပ်နိုင်တော့ပါ။

"နေစမ်းပါဦး တိမ်ပဝါ၊ နင်က ဘာဖြစ်လို့ ဒီလောက်ထိတောင် ဒေါသကြီးနေရတာလဲ၊ တမန်က အပျော်သဘောမျိုး နောက်တဲ့ဟာကို"

"ဒါ နောက်စရာမဟုတ်ဘူး သိမ့်၊ ငါ နွေတမန်ကို သနားတယ်ဆိုတာ နင်ပဲသိတဲ့ကိစ္စ၊ တမန်သိသွားရလောက်အောင် ငါ့ကွယ်ရာမှာ နင်ပြောတာ ဘာသဘောလဲ၊ ငါ့ကို တမင်လှောင်တဲ့ သဘောလားဟင်"

"တို့သူငယ်ချင်းတွေ နောက်ပြောင်တာလေးနဲ့ နင်ဒီလောက်ထိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာကို ငါအံ့ဩမဆုံးဘူး ပဝါ၊ ဘာလဲ နှင့်ရင်ထဲက ရိုးသားမှု မရှိလို့လား''

''သိမ့် နှင်တော်တော့''

''ငါ့ကို အမိန့်မပေးနဲ့ ပဝါ၊ နှင် ဘာလို့ ဒီစကားလေး အတွက် နာကျည်းနေရတာလဲ၊ အင်း တမန့်စကားက နှင့်ကို အနာပေါ် တုတ်ကျ ဖြစ်သွားလို့လားဟင်''

''သိမ့် တိမ်ပဝါဆိုတဲ့ မိန်းမတစ်ယောက်က နှင့်လောက်တော့ ချမ်းသာချင်မှချမ်းသာလိမ့်မယ်၊ ဒါပေမဲ့ မာနတရားကတော့ နှင့်ထက် ပြင်းထန်တယ်ဆိုတာ နှင်ယုံလိုက်စမ်းပါ၊ ငါ့မာနနဲ့ သိက္ခာကို ထိပုတ် ရိုက်ခတ်ပြီး လှောင်စရာလုပ်တာတော့ ဘယ်တော့မှလက်မခံဘူး၊ ဒါကို နှင်တစ်သက်လုံး မှတ်ထားလိုက်''

မျိုသိပ်ထားရသော တိမ်ပဝါဒေါသတွေ ပေါက်ကွဲသွားတော့ သိမ့်နန္ဒာမျက်နှာလေး ရဲရဲနီမြန်းသွားခဲ့လေသည်။ အမြဲတမ်း တိမ်ပဝါကို အနိုင်ယူခဲ့သမျှ ဒီတစ်ခါတော့ တိမ်ပဝါစကားတွေအောက်မှာ သူမ ကျရှုံးခဲ့ရပြီ။

စေတမန်ရှေ့မှောက်မှာ နှိပ်ကွပ်ခံလိုက်ရတာမို့လည်း သိမ့်နန္ဒာ မျက်ဝန်းလေးမှာ မျက်ရည်တွေ ဝဲတက်နီရဲလာ၏။

''တော် တော်ကြပါတော့ဟာ၊ တိမ်ပဝါ ငါ့စကားကြောင့် နှင်တို့ ပြဿနာဖြစ်ရတာ ငါတောင်းပန်ပါတယ်''

''တောင်းပန်ရမယ့်ကိစ္စမဟုတ်ဘူး စေတမန်၊ ဒါ ဆင်ခြင်ရမယ့်





ကိစ္စပါ၊ ကဲ အားလုံး ငါ့ကို ခွင့်ပြုကြဦး''

တိမ်ပဝါ ချာခနဲ လှည့်ထွက်သွားခဲ့သည်။ သိမ့်နှုတ်ခမ်း လေးတွေ တင်းတင်းဖိကိုက်ရင်း ကျန်ရစ်ခဲ့တာကိုလည်း ဂရုမစိုက် ချင်တော့ပါ။

သိမ့်နန္ဒာအပေါ် အမြဲတမ်း တိမ်ပဝါဘက်က အလျှော့ပေး နားလည်ပေးခဲ့သည်ချည်း ဖြစ်သည်။ ငွေကြေးပြည့်စုံမှုတွေနဲ့ သိမ့်နန္ဒာ မာနတရားတွေ ထောင်လွှားနေတာလား တိမ်ပဝါ မဝေဖန်ချင်ပါ၊ ဒါ သူ့ကိစ္စ သူ့ဆန္ဒဝသီသာဖြစ်၏။

နွေတမန်ကိစ္စမှာ ရိုးသားစွာနှင့် ပြောမိသော စကားကို အခွင့်ကောင်းယူပြီး တိမ်ပဝါသိက္ခာတွေကို ရိုက်ချိုးလာတာတော့ ဘယ်နည်းနှင့်မှ လက်မခံနိုင်ပါ။

တိမ်ပဝါဆိုတာ မာနနဲ့ သိက္ခာကို အလေးထားထိန်းသိမ်းခဲ့တဲ့ မိန်းကလေး။ ရည်ရွယ်ချက်တွေနဲ့ ဘဝကို အပြူစင်ဆုံးနှလုံးသားနဲ့ လျှောက်လှမ်းနေတာလေ။ ရိုးသားတဲ့ ယှဉ်ပြိုင်မှုမျိုးနဲ့ဆိုရင် မင်းကို ဖိနှင်ခေါ်ရဲတယ် သိမ့်နန္ဒာ။

ဘယ်တော့မှ မင်းကို တိမ်ပဝါ မရှုံးနိမ့်စေရဘူးဆိုတာ ယုံလိုက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မမျှော်လင့်ဘဲ သိမ့်နန္ဒာနှင့် ဖြစ်ပွားခဲ့သော ပြဿနာ နောက်ပိုင်းမှာ တိမ်ပဝါနှင့် သူမကြားမှာ အေးစက်သူစိမ်းဆန်သွား ခဲ့တာတော့ သေချာခဲ့လေသည်။

တိမ်ပဝါတို့နှစ်ဦးကြားမှ အဆိုင်အခဲကြီးကို ချေဖျက်ဖို့အတွက် စေတမန်က ကြားဝင် ကြိုးစားလာသေးသလို သန္တာနှင့် မိသူတို့ကလည်း ညှိနှိုင်းရေးလုပ်ခဲ့ကြသည်။

"သူငယ်ချင်းတွေပဲ တိမ်ပဝါရယ်၊ တိမ်ပဝါကို တို့ တောင်းပန် ပါတယ်၊ သိမ့်ကို နားလည်ပေးလိုက်ပါဟာ"





"ဒီကိစ္စမှာ မှားယွင်းခဲ့တာ သူ၊ စော်ကားခဲ့တာ သူပဲ စေတမန်၊ ငါ့ဘက်က ဘာမှ အလျှော့ပေးစရာမရှိဘူး၊ သူတောင်းပန်ရင်တော့ ကျေနပ်မယ်"

မာနနှင့်အလှမှာ နှစ်မွှန်းဂုဏ်ယူနေသူ သိမ့်နန္ဒာအတွက် တိမ်ပဝါ တောင်းဆိုချက်က ဆတ်ဆတ်ခါ နာကျင်သွားစေမှာ သိပါသည်။ သို့ပေမယ့် တိမ်ပဝါ အလျှော့ပေးဖို့အတွက် မစဉ်းစားတော့ပါ။ အမြဲတမ်း ငုံ့ထားခဲ့ရသော ခေါင်းကို မော့ထားချင်သည်။ အထူးသဖြင့် သိမ့်နန္ဒာနဲ့ ပတ်သက်လို့ပေါ့။

"ပဝါရယ် သိမ့်က ဒီလိုပဲပြောတတ်တာ နင်သိရက်နဲ့၊ နင့်ဘက်က ပိုနေမြဲကျားနေမြဲ နေလိုက်ရင် ပြီးသွားမှာပဲဟာ"

"အေးလေ သန္တာပြောသလို လျှော့ပေးလိုက်ပါ ပဝါရယ်"

"ဆောရီးပဲ မိသူ၊ ငါ့ရဲ့ မာနနဲ့သိက္ခာအတွက် ငါထပ်ပြီး မျက်ချိုးမခံနိုင်တော့ဘူး၊ နင်တို့ကို အားနာပါတယ်၊ အကောင်းဆုံးက ဒီကိစ္စမှာ နင်တို့ မဆိုင်သလို နေလိုက်ကြပါဟာ"

စေတမန်တို့ လက်လျှော့သွားခဲ့ကြသည်။ တစ်ခန်းတည်းမှာ တစ်ခုံတည်း ဟိုဘက်ဒီဘက် အစွန်းမှာ ထိုင်နေခဲ့ကြပေမယ့် တိမ်ပဝါနှင့် သိမ့်နန္ဒာကြားမှာ စကားအပြောအဆို မရှိကြတော့ပါ။ မမျှော်လင့်ဘဲ တိုက်ဆိုင်စွာ မျက်နှာချင်းဆိုင်မိကြလျှင်တောင် ပြုံးတူ အကြည့်လွှဲသွား တတ်ကြစမြဲ။

"ဒီနှစ် သိမ့် ဘာသာစုံဂုဏ်ထူးနဲ့ တစ်ကျောင်းလုံး



www.burmeseclassic.com

www.burmeseclassic.com



ပထမရအောင် ကြိုးစားပြမယ် စောင့်ကြည့်ကြ''

တိမ်ပဝါ တမင်ကြားအောင် သိမ့်နန္ဒာက ကြုံးဝါးစိန်ခေါ် တတ်သည်။ ပညာရေးမှာ အမြဲတမ်း တိမ်ပဝါနောက်က ဒုတိယနဲ့ ကျေနပ်နေခဲ့ရသော သိမ့်နန္ဒာခံစားချက်တွေ အခုမှ ပိုလို့ ပြင်းထန်လာသည်ထင်ရဲ့။

သိမ့်နန္ဒာတစ်ယောက် အပြင်ကျူရှင်တက်ရုံမကဘဲ အိမ်မှာတောင် အနီးကပ် ဂိုက်ငှားသင်သည်အထိ စာကို ကြိုးစားနေသည်တဲ့။ တိမ်ပဝါအတွက်တော့ မနာလိုဝန်တိုစရာ မရှိခဲ့တာ သေချာသည်။

တိမ်ပဝါဘဝက သိမ့်နန္ဒာတို့လို ပြည့်စုံတာမဟုတ်ဘဲ။ ကိုယ်ကြိုးစားမှ ကိုယ်ပိုင်ဆိုင်ရမယ့် ဘဝမှာ တိမ်ပဝါအတွက်တော့ ပုံမှန်ပဲ ကြိုးစားဖြစ်ခဲ့သည်။

သိမ့်နန္ဒာကို အနိုင်ရဖို့ဆိုတာထက် ဘဝမှာ အရေးကြီးတာ တိမ်ပဝါရဲ့ ရည်ရွယ်ချက်တစ်ခု ပြည့်ဝအောင်မြင်ဖို့ပဲလေ။

တိမ်ပဝါဘက်က ဖြူစင်စွာပဲ ရှင်သန်ခဲ့ပေမယ့် သိမ့်နန္ဒာကတော့ တိုက်ခိုက်ဖို့အတွက် အမြဲတမ်း အသင့်ရှိနေတတ်တာတော့ အမှန်။

''သိမ့်မကောင်းတာ အမှန်ပဲ ပဝါ၊ ဟိုတစ်ရက်က မင်းအကြောင်း အတင်းပြောနေတာ ငါကြားတယ်''

သန္တာကိုယ်တိုင် ပဝါကို အသိပေးလာသော စကားအတွက်





ကြည်ငြိမ်စွာနှင့် ပြုံးနေနိုင်ပေမယ့် ဆက်ဆင့်ကဲလာသော သန္တာ့စကားတွေကြောင့်တော့ တိမ်ပဝါစိတ်ထဲမှာ ထောင်းခနဲ ဒေါသထွက်မိရ၏။

''မင်းနဲ့သိမ့် ပြဿနာဖြစ်ပြီး မခေါ်မပြောဖြစ်ကြတာ မင်းက စေတမန်ကို ကြိုက်နေလို့တဲ့၊ သူ့ကို မနာလိုဝန်တိုနေတာတဲ့''

သိမ့်နန္ဒာနှလုံးသားက သည်မျှအထိ ညစ်ထေးလိမ့်မည်ဟု သူမ လုံးဝထင်မှတ်မထားခဲ့မိပါ။ အခုတော့ တိမ်ပဝါသိက္ခာကျအောင် သူမ တမင်ကြံစည် လုပ်ဆောင်နေခဲ့ခြင်းဆိုတာတော့ ထင်ရှားနေပြီ။

''ငါက မင်းသိအောင် အသိပေးထားတာ ပဝါ၊ သူနဲ့ ယိပ်တိုက်မဖြေရှင်းပါနဲ့တော့ကွာ၊ တော်ကြာ ငါက ပြန်ပြောမိတာဆိုတော့ သိမ့်သိသွားရင် မကောင်းဘူးလေ''

သန္တာစကားကို နားလည်စွာနှင့် ပဝါ ခေါင်းညိတ်မိသည်။ ဒေါသစိတ်တွေနဲ့လည်း သိမ့်နန္ဒာကို မယှဉ်ပြိုင်လိုတော့ပါ။ စာသင်ခန်းထဲမှာလည်း သိမ့်နန္ဒာ ဘယ်လိုပဲ စောင်းရွဲ့ရွဲ့ တိမ်ပဝါ မကြားယောင်ပြု မပြင်ဟန် တိမ်းရှောင်တတ်ခဲ့သည်။

မုန့်စားကျောင်းဆင်းချိန်ဆိုလျှင်လည်း တိမ်ပဝါ ထွက်လာတတ်မိတာက ကျောင်းနောက်ဘက်က ကျောင်းစိုက်ခင်းလေးဘက်ကို ဖြစ်သည်။ ထိုနေရာလေးက တော်တန်ရုံကျောင်းသားကျောင်းသူတွေ မလာတတ်ပါ။

တကယ့်ကို တိတ်ဆိတ်ငြိမ်းချမ်းသော နေရာလေးဖြစ်သည်။ စာသင်ခန်းထဲမှာ သိမ့်နန္ဒာနှင့်အတူ ယှိုင်နေရချိန်တွေက စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မွန်းကျပ်စေသည်။ ပြန်မတုံ့ပြန်ဟု ဆုံးဖြတ်ထားပေမယ့် မာန်စောင်တတ်တာမို့ တမင် ရှောင်ထွက်ခဲ့ခြင်းပင်ဖြစ်သည်။

ဘယ်သူမှမရှိဟု ထင်ကာ တိမ်ပဝါ စိတ်အေးလက်အေး ထိုင်နေမိခိုက်မှာ ခပ်လှမ်းလှမ်းမှ ရိပ်ခနဲမြင်လိုက်ရသော အဖြူရောင် အရိပ်တစ်ခုကြောင့် ထိတ်ခနဲ လန့်သွားရ၏။

သစ်ပင်,ပင်စည်လေးမှာ မှီထိုင်နေသော ကျောင်းသား တစ်ယောက် တအိအိ ပြိုလဲငိုက်စိုက်ကျသွားရခြင်းဖြစ်သည်။ ရုတ်တရက်မို့ တိမ်ပဝါ ထိတ်လန့်ကာ နောက်ဆုတ်မိပေမယ့် စိုးရိမ် ပူပန်စွာ ပြန်ငဲ့ကြည့်မိတော့။

"ဟင် နွေ နွေတမန်"

နွေတမန်က သူမခေါ်သံကိုတောင် ကြားနိုင်ရဲ့လား မသိပါ။ ခေါင်းငိုက်စိုက်ကာ ပြိုလဲကျနေချေပြီ။ သစ်ပင်မှာမှီထိုင်ကာ နွေတမန် စာကျက်နေတာပဲဖြစ်မည်။ ယခုတော့ ပွင့်လက်စ မှတ်စုစာအုပ်လေးက လွတ်ကျလို့၊ လူကလည်း မဟန်နိုင်ဘဲ ပြိုလဲကျနေခဲ့လေ၏။

"နွေ နွေတမန် နွေတမန်"

စိုးရိမ်စိတ်နှင့် နွေတမန်ကို တိမ်ပဝါ ထွေးပွေ့လိုက်မိသည်။ နွေတမန် နဖူးပြင်မှာ ချွေးလေးတွေစို့လို့ သွေးရောင်ကင်းမဲ့နေသော နှုတ်ခမ်းတွေက ဖြူလျော်နေသည်။

"နွေတမန် နွေတမန် ဘာဖြစ်တာလဲ ပဝါ ဘာကူညီရ မလဲဟင်"





နွေတမန်ဦးခေါင်းလေးကို ဘယ်လက်မောင်းပေါ် မှေးတင်ပြီး တိမ်ပဝါ ပူပန်စွာ ခေါ်နေမိသည်။ နဖူးပြေပြေလေးမှာ ရွှဲနစ်နေသော ချွေးတွေကိုလည်း တိမ်ပဝါ လက်ဖဝါးလေးနှင့် ပွတ်သုတ်ပေးမိသည်။

နွေတမန် မျက်ဝန်းညိုညိုလေးတွေ ညင်သာစွာပွင့်လာသည်။ မျက်နက်ဝန်းလေးတွေ ဝိုင်းစက်အံ့သြသွားပြီး တိမ်ပဝါကို ငေးကြည့် နေမိ၏။ တိမ်ပဝါရင်ထဲက စိုးရိမ်စိတ်တွေ နည်းနည်းတော့ ပြေလျော့ သွားခဲ့ရချေသည်။

"နွေတမန် သတိရပြီနော်၊ ကျွန်မ တိမ်ပဝါလေ"

တိမ်ဖဝါကို မှတ်မိဟန်နှင့် သူ ခေါင်းကလေးညိတ်ပြသည်။ နှုတ်ခမ်းပြည့်ပြည့်လေးတွေကတော့ ဝေဒနာကြောင့်လာမသိ တဆတ်ဆတ် တုန်ရီနေဆဲ။

"ပဝါ ဘာကူညီရမလဲ နွေတမန်"

"ကိုယ့်ခေါင်းကို ထူပေးပါ တိမ်ပဝါ"

လေသံတိုးတိုးလေးနှင့် သူဆိုသည်။ တိမ်ပဝါလက်တွေက ညင်သာစွာနှင့် နွေတမန်ခေါင်းလေးကို ထောင်မတ်ပေးလိုက်မိသည်။

ပြင်းပြစွာ အသက်ရှူနေသော နွေတမန်ကိုကြည့်ရင်း တိမ်ပဝါ ရင်ထဲမှာ သနားနေမိသည်။ စိုးရိမ်စိတ်တို့ လျှံနေသော တိမ်ပဝါ မျက်ဝန်းလေးတွေတောင် မျက်ရည်စတွေနှင့် စိုစွတ်လာရသည်။

"ကျေး ကျေးဇူးတင်ပါတယ် တိမ်ပဝါ"

သူ့အသက်ရှူသံတွေ ပုံမှန်ဖြစ်လာကာ နှုတ်ခမ်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်သမ်းလာတော့မှပဲ တိမ်ပဝါ ဝမ်းသာနိုင်တော့သည်။

"မလိုပါဘူး နွေတမန်ရယ်၊ ရှင်ရှိနေမှန်း ကျွန်မ လုံးဝ မသိဘူး။ စာသင်ခန်းထဲမှာ ညီးငွေ့လို့ ဒီဘက်ကိုလာရင်း မထင်မှတ်ဘဲ တွေ့ရတာ"

"မုန့်စားကျောင်းဆင်းချိန်ဆို ကိုယ်ဒီမှာထိုင်ပြီး စာကျက်နေကျ၊ ဒီနေ့ သိပ်နေမကောင်းဘူး၊ စာကျက်ရင်း ခေါင်းတွေမူးလာလို့ တော်သေးတာပေါ့၊ တိမ်ပဝါ ရောက်မလာရင် ကိုယ် ဘယ်အချိန်ထိ လဲနေမလဲ မသိဘူး"

"နွေတမန်ရယ် ရှင် ဒီနေရာမှာ တစ်ယောက်တည်း လာမထိုင်သင့်ဘူး၊ ဒီမှာ တော်ရုံကျောင်းသားတွေ မလာတတ်ဘူးလေ၊ ကျောင်းနောက်ဘက် စိုက်ခင်းနေရာကြီးကို"

"အခု တိမ်ပဝါရောက်လာတာ ကိုယ်အံ့သြနေတာ၊ ကိုယ် ဒီနေရာလေးမှာ ထိုင်တတ်တာကြာပြီ ဘယ်ကျောင်းသားမှ ရောက်မလာ တတ်ပါဘူး"

"ဟုတ်တယ်၊ တိမ်ပဝါလည်း ဒီနေ့မှ ထွက်လာမိတာ၊ အခု နွေတမန် ဘယ်လိုနေသေးလဲဟင် သက်သာရဲ့လား"

"ရတယ်၊ ကိုယ်က ဒီလို အမြဲဖြစ်နေကျပါ၊ မနက်က ဆေးသောက်ချင်စိတ်မရှိလို့ ကိုယ်မသောက်ခဲ့မိဘူး၊ ဒါကြောင့်ထင်တယ်"

"ရှင် ကျောင်းဆက်တက်လို့ ဖြစ်ပါ့မလား နွေတမန်၊ ကျွန်မ ဆရာမကို လိုက်ပြောပေးမယ်၊ ပြီးရင် စေတမန်ကို အကြောင်း





ကြားပြီး အိမ်ပြန်ပို့ပေးမယ်လေ"

"ဟင့်အင်း မလုပ်နဲ့၊ ကိုယ် တကယ်ကို ဘာမှမဖြစ်တော့ဘူး၊ ညီ့ကိုလည်း ဒုက္ခမပေးချင်ဘူး၊ တိမ်ပဝါကို ဒုက္ခပေးမိတာ တောင်းပန် ပါတယ်"

"တောင်းပန်စရာမလိုပါဘူး နွေတမန်ရယ်၊ တိမ်ပဝါ တကယ်ပဲ ရှင့်ကို စိတ်ပူမိတာပါ"

"အင်း မာမီဆိုရင် ကိုယ်ဒီလိုဖြစ်တိုင်း မျက်ရည်လေးဝဲပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တတ်တယ်၊ စောစောက တိမ်ပဝါ မျက်လုံးတွေကို မြင်တော့ ကိုယ် မာမီ့ကို သတိရလိုက်သေးတယ်"

နွေတမန်စကားကြောင့် တိမ်ပဝါ ရှက်ရွံ့ရွံ့ဖြစ်ရ၏။ ဟုတ်ပါရဲ့ စောစောက သူ့ခံစားနေရတာကိုကြည့်ပြီး တိမ်ပဝါ စိုးရိမ်သွားခဲ့တာ။ ပူပန်စိတ်တွေရောပြီး ငိုချမိတော့မတတ် ဖြစ်ခဲ့သေးရဲ့။

သူ့မျက်ဝန်းညိုညိုလေးတွေ တိမ်ပဝါကို ငေးစိုက်ကြည့်နေတော့ တိမ်ပဝါ နေရခက်ခက် ဖြစ်ရသေးသည်။ နွေတမန် နှုတ်ခမ်းလေးတွေ စိုလဲ့နီမြန်းပြီး နဂိုအတိုင်း ပြန်ဖြစ်သွားတာအတွက်တော့ တိမ်ပဝါ ဝမ်းသာနေမိသည်။

"သိမ့်နန္ဒာတို့ မပါကြဘူးလား တိမ်ပဝါ"

"ဟင့်အင်း သူတို့ အခန်းထဲမှာ ကျန်ရစ်ခဲ့ကြတယ်၊ ပဝါ တစ်ယောက်တည်း ထွက်ခဲ့တာ"

"နောက်နေ့တွေကော တိမ်ပဝါ ဒီနေရာလေးကို ရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မှာလားဟင်''

သူ့မျက်ဝန်းညိုညိုလေးတွေက မျှော်လင့်ချက်တွေနှင့် တောက်ပနေသည်ဟု တိမ်ပဝါ ထင်မိသည်။ စေတမန်ရဲ့ အမွှာ အစ်ကိုရင်းမို့ စေတမန်နဲ့ ခွဲမရအောင်တူသည် ဆိုပေမယ့် နွေတမန်မှာ မျက်ဝန်းညိုလေးတွေက ထူးခြားသည်။

ပြီးတော့ ထိုမျက်ဝန်းတွေက စေတမန်လို တောက်ပမနေခဲ့ပါ။ တစ်စုံတစ်ရာကို အားငယ်နေသော အရိပ်တွေ ငုံ့ထင်းသိုဝှက်နေသည် ထင်မိ၏။

''တိမ်ပဝါ ကိုယ်မေးတာဖြေဦးလေ၊ မနက်ဖြန် တိမ်ပဝါ ဒီကို လာဦးမှာလားဟင်''

''အင်း ပဝါ လာခဲ့ပါ့မယ် နွေတမန်''

''ဒါဆို ကိုယ်စောင့်နေပါ့မယ် တိမ်ပဝါ''

ကြည့်စမ်း မျက်ဝန်းညိုလေးတွေထဲက လင်းလက်တောက်ပ မှုတွေ နွေတမန် နှုတ်ခမ်းပြည့်ပြည့်လေးတွေမှာတောင် အရိပ်ထင် သွားတာ တိမ်ပဝါ မြင်လိုက်ရ၏။

နွေတမန်ရယ် တိမ်ပဝါမြင်ချင်တာ ရှင့်ရဲ့ အပျော်အပြုံး တွေကိုပါ။ စေတမန်လိုပဲ ရှင်အမြဲပြုံးနေတာ တိမ်ပဝါ မြင်ချင်လိုက်တာ။

''ဟော ကျောင်းတက်ဘဲလ်တီးနေပြီ တိမ်ပဝါ''

''သွားကြစို့ နွေတမန်၊ ရှင် အိမ်ရောက်ရင် ဆေးသောက်ဖို့ မမေ့နဲ့နော်''





တိမ်ပဝါ စိုးရိမ်စွာဖြင့် သတိပေးတော့ သူ့နှုတ်ခမ်းလေးတွေ ကွန့်ကွေးလျက် အဖျားချွန်လေးတွေမှာ ချိုင့်ဝင်အောင်ပြုံးလေသည်။

ဘာကြောင့်မှန်းမသိ၊ တိမ်ပဝါရင်ထဲမှာ နွေးခနဲ လှိုက်ခုန်သည်။

သံယောဇဉ်ဆိုတဲ့ နှောင်ကြိုးကို ဘာကြောင့်များ ထုံးဖွဲ့ဖို့ တိမ်ပဝါ ခေါင်းညိတ်လက်ခံလိုက်မိတာလည်း မသိပါ။

တိမ်ပဝါ ရင်ထဲမှာတော့ ကြည်နူးနေခဲ့တာ သေချာခဲ့လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အံ့ဩစရာတော့ ကောင်းပါသည်။ သူ့ဘဝမှာ မကြုံခဲ့ဘူးသော ခံစားမှုတစ်မျိုးကို သူ ခံစားခဲ့ရသည်။ ရင်ထဲမှာ တသိမ့်သိမ့်လေး နွေးလို့ လှိုက်ဖိုရင်ခုန်စရာကောင်းတဲ့ အရသာမျိုး သူ တစ်ခါမှ မခံစားခဲ့ဘူးပါ။

တိမ်ပဝါဆိုသော မိန်းကလေးရဲ့ နူးညံ့သိမ်မွေ့သော လက်ကလေးတွေရဲ့ အထိအတွေ့၊ စိုးရိမ်တကြီး ငေးစိုက်ကြည့်နေသော မျက်ဝန်းနက်နက်တွေ။ ထိုအရာတွေကို သူ မြင်တွေ့လိုက်ရချိန်မှာ အံ့ဩလွန်းလို့ ဘယ်လိုမှတောင် မယုံနိုင်ခဲ့ပါ။





သူခံစားရသော ဝေဒနာအားလုံးသည် တိမ်ပဝါရဲ့ မျက်နက်ဝန်းလေးက ရောင်စဉ်တွေအောက်မှာပဲ ငြိမ်းချမ်းသွားခဲ့လေသည်။ တိမ်ပဝါဆိုတာ ညီရဲ့သူငယ်ချင်း ကောင်မလေးဟု သူ မှတ်မိနေသည်။

ညီက နွေစံအိမ်အထိ ခေါ်လာသော သူမတို့ကို သူ ပါထန့်ထန့် ဆက်ဆံခဲ့မိ၍ နောက်တစ်နေ့မှာ သူ ပြန်တောင်းပန်ခဲ့သည်။ ထိုအတွက် ညီကလည်း ကျေနပ်သည်။ ထိုကောင်မလေးတွေ လိုချင်လှသည်ဆိုသော ကျောက်ပွင့်ရင်ထိုးလေးတွေကိုလည်း ညီကျေနပ်အောင် သူပေးခဲ့မိသည်။

ထိုစဉ်တုန်းက သူ့စိတ်ထဲမှာ အလိုမကျနိုင် ဖြစ်ခဲ့ရသည်က သိမ့်နန္ဒာဆိုသော မိန်းကလေးကိုပဲဖြစ်သည်။ အားလုံးထဲမှာ အလှဆုံးဟု ညီဆိုလောက်အောင်လည်း သိမ့်နန္ဒာ လှပပါသည်။ ဒါပေမဲ့ ညီ့ဆီက ရင်ထိုးလေးတစ်ခု ပိုင်ဆိုင်ခဲ့ပြီးဖြစ်ရက်နဲ့တောင် သူ့ဆီက ထပ်ပြီး လိုချင်တပ်မက်နေတာတော့ သူ ဘဝင်မကျနိုင်ခဲ့ချေ။

ညီနှင့် ပြဿနာမဖြစ်လို၍ သူဘာမှ ထပ်မပြောခဲ့တော့ပါ။ သိမ့်နန္ဒာတို့အုပ်စုကိုလည်း သူ ခင်မင်ချင်စိတ် မရှိတော့ပါ။ မိန်းကလေးတွေဖြစ်ရက်နဲ့ သူစိမ်းယောကျ်ားတစ်ယောက်ဆီက လိုချင်တပ်မက်မှု ကြီးမားနေတာမျိုးတော့ သူ သိပ်မုန်းတီးသည်။

သိမ့်နန္ဒာရဲ့အလှမှာ တွယ်ငြိနေသောညီ့ကို ရိပ်မိနေတာမို့ သူ ဘာမှမပြောဖြစ်တော့ဘဲ နေခဲ့သည်။ နောက်တစ်ကြိမ် ဆုံတွေ့ ပတ်သက်စရာ မရှိတော့ဟု ဖြေသိမ့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မထင်မှတ်ဘဲ သူနှင့် ဆုံလိုက်ရသူက တိမ်ပဝါ။ နူးညံ့သော တိမ်ပဝါ မျက်ဝန်းလေးတွေထဲမှ ကြင်နာရိပ်တို့ကို သူ မထင်မှတ်ဘဲ မြင်ခဲ့ရ၏။

သွေးရင်းဖြစ်တဲ့ ညီတောင်မှ သူ့ကို တိမ်ပဝါလောက် စိုးရိမ်ပူပန်မှု မရှိခဲ့တာ သူအသိဆုံး။ မျက်ဝန်းနက်နက်လေးတွေ၊ နီထွေးသော နှုတ်ခမ်းပါးပါးလေးတွေနဲ့ သူမမျက်နှာလေးကို နွေတမန် မေ့နိုင်တော့မည် မဟုတ်ပါ။

သူမနှင့် ထပ်ဆုံခွင့်အတွက် သူတောင်းဆိုမိသော ဆန္ဒကိုလည်း တိမ်ပဝါ လိုက်လျောပေးခဲ့သည်။

ဆေးသောက်ဖို့ မမေ့နိုင်အောင်တောင် တိမ်ပဝါ သတိပေးသွားခဲ့သေးသည်။ သူ့ကို သည်လို အရိပ်လိုကြည့် ဂရုစိုက်တတ်တာ မာမိပဲရှိသည်။

ကြည်နူးမှုတွေနဲ့ သူ ငေးမောကြည့်နေတုန်း ထွက်သွားခဲ့သော တိမ်ပဝါရဲ့ ဆံနွယ်ရှည်ရှည်ကြီးတွေကို သူ မှတ်မိနေခဲ့သေးသည်။

"သားကိုကို ဆေးသောက်ဦးလေ"

ဒေါ်လေးစိမ့်က သူမေ့နေသည်အထင်နှင့် သတိပေးလာသည်။ သူ ဒေါ်လေးစိမ့်ကို ပြုံးကြည့်ရင်း

"ပြီးသွားပြီ ဒေါ်လေးစိမ့်၊ အခုလေးတင် သားသောက်ပြီးသွားတာ"

ဒေါ်လေးစိမ့်မျက်ဝန်းမှာ အံ့ဩရိပ်တွေ ဖြတ်သန်းသွားခဲ့သည်။





ဒါတိုင်းဆိုလျှင် သတိပေးတာကိုပင် စိတ်မရှည်နိုင်စွာ ဘုတောတတ်သည့် နွေတမန်၊ ဒီနေ့ကျမှ ဘယ်လိုကြောင့် ကြည်လင်နေတာလဲ မသိပါ။

"သား စာကျက်ဦးမယ်နော် ဒေါ်လေးစိမ့်၊ ပြီးရင် အိပ်တော့မှာပါ"

"ဟေ အေး အေး ခဏနေရင် ဒေါ်လေးစိမ့် သံပုရာရည် တစ်ခွက် ဖျော်ခဲ့မယ်နော် သား"

နွေတမန်လေး စိတ်ကြည်လင်နေတော့ သူမလည်း စိတ်ချမ်းသာရပါသည်။ တကယ်ဆို နွေတမန်လေးကို စာနာသနားစိတ်နှင့် သူမ ဒီအိမ်ကြီးကို ရောက်လာခဲ့ရတာပါပဲ။ နွေတမန်နှင့် စေတမန်တို့ သုံးမိနစ်ကလေးသာ ကွာခြားပြီး လူ့လောကကြီးထဲကို ရောက်လာကြသူချင်းမှာမှ နွေတမန်လေးမှာ ဆိုးရွားလှတဲ့ ရောဂါဆိုးကြီးက ကပ်ပါလာ၏။

အစ်ကိုဖြစ်သူ ကိုမြင့်ဟန်နှင့် မနွေခင်ဦးတို့ခမျာလည်း အမွှာသားနှစ်ယောက်မွေးလို့ အပြည့်အဝ မပျော်နိုင်ရှာ။ သားကိုကို နွေတမန်အတွက် သောကတွေဝေခဲ့ကြရသည်။ မွေးရာပါ နှလုံးအားနည်း ရောဂါဝေဒနာက နွေတမန်လေးဘဝကို ရှင်လျက် သေဆုံးခဲ့ရသလို ဖြစ်ခဲ့ရသည်။

သူတပါးကစားလို့ မကစားနိုင်။ ယော်ရွယ်စဉ်ကတည်းက ဆေးတွေနဲ့ အသက်ဆက်နေခဲ့ရသူ။ ငွေကြေးဓန ပူပန်စရာမရှိအောင် ပြည့်စုံပေမယ့်လည်း သားအတွက် ရတက်မအေးနိုင်သော မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်အထိသွားကာ အလုပ်ကို လုပ်ကြရသည်။

နွေတမန်လေး အနာဂတ်မှာ မပူမပင် မကြောင့်မကျ နေထိုင်နိုင်ဖို့အတွက်တဲ့။ မိဘတွေမရှိချိန်မှာ သူမကို အားကိုးတကြီးနဲ့ ကလေးနှစ်ယောက်ကို စောင့်ရှောက်ပေးဖို့ အကူအညီတောင်းတော့ သူမလည်း မနေနိုင်ပါ။

တန္ဓယ်ငင်သော သံယောဇဉ်ဖြင့် အမွှာညီအစ်ကို,ကို စောင့်ရှောက်ဖို့ရောက်ခဲ့ရသည်။ နေ့စဉ်ပုံမှန် ဆေးသောက်၊ အိပ်ရေးဝဝအိပ်၊ အစားအသောက် အနေအထိုင်ကအစ အရိပ်ကြည့် ဂရုစိုက်ပေးရသည်။

"သားကိုကို ဆေးသောက်ဖို့ အချိန်ကျပြီလေ"

"မသောက်ချင်တော့ဘူး ဒေါ်လေးစိမ့်၊ အဲဒီဆေးတွေကို အရမ်းမုန်းနေပြီ"

"ဩော် သားရယ် သားကျန်းမာရေးအတွက်ပဲကွယ်၊ သားမာမီတောင် မနေ့က ဖုန်းနဲ့ လှမ်းဆက်သေးတယ်၊ သားကို ဂရုစိုက်ပေးပါတဲ့"

"ကျွန်တော့်ကြောင့် အားလုံး တာဝန်တွေပိုနေရတာကို သိပ်စိတ်ကုန်နေပြီ၊ မာမီနဲ့ ဒယ်ဒီတို့ကိုလည်း ဒုက္ခမရောက်စေချင်တော့ဘူး၊ သေမှာကိုလည်း မကြောက်တော့ဘူး၊ မသေခင်လေးမှာ မာမီတို့နဲ့ ကျွန်တော် ပျော်ပျော်နေသွားချင်တယ်"

"သားရယ်"





သူမ စိတ်မကောင်းနိုင်တော့ပါ။ နှစ်သိမ့်ဖို့လည်း စကားတွေ မရှိတော့ပါ။ နွေတမန့်ရင်ထဲက ခံစားချက်တွေကို စာနာနားလည် နိုင်ခဲ့ပါသည်။

နွေတမန်ဆိုသော ကလေးငယ်အတွက် သူမ တွေးမိတိုင်း မျက်ရည်ဝဲရသည်။ ဖြစ်နိုင်မည်ဆိုလျှင် နွေတမန်လေးအတွက် သူမအသက်နှင့်တောင် လဲလှယ်ပေးလိုက်ချင်ပါသည်။

"ဒေါ်လေးစိမ့် ငိုနေတာလား"

"အို မ မဟုတ်ပါဘူး သားရယ်၊ မငိုပါဘူးကွယ်"

လွင့်စင်ကြွေကျသည့် မျက်ရည်တွေကို နွေတမန်လေး မမြင်နိုင်အောင် တစ်ဘက်လှည့်ရှောင်တိမ်းပေမယ့် မလုံခြုံနိုင်ခဲ့ပါ။

"ဒေါ်လေးစိမ့်ကို ကျွန်တော် ဒုက္ခပေးမိပြန်ပြီ၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ကြောင့် အားလုံး ဒုက္ခသောကတွေ ကင်းဝေစေချင်ပါပြီ"

"မ မပြောပါနဲ့တော့ သားရယ်၊ သားကို ဒေါ်လေးစိမ့် နားလည်နိုင်ပါတယ်၊ သားလေး ပျော်ပျော်နေတာပဲ ဒေါ်လေးစိမ့် မြင်ချင်ပါတယ်ကွယ်"

ဒေါ်လေးစိမ့်မျက်ဝန်းထဲက မျက်ရည်တွေ ချုပ်ထိန်းလို့ မရတော့သလို နွေတမန်ပါးပြင်ပေါ်မှာလည်း မျက်ရည်တွေ လိမ့်ဆင်း လာခဲ့ရလေသည်။

အမြဲတမ်း အလိုမကျမှုတွေနှင့် သုန်မှုန်နေသော၊ အရိပ်ထင်



www.burmeseclassic.com

www.burmeseclassic.com



တတ်သော နွေတမန်တစ်ယောက် သည့်လို လန်းဆန်းနေတာမြင်လျှင် ဒေါ်လေးစိမ့် ကျေနပ်ရသည်။ ဝမ်းသာရသည်။

နွေတမန်လေးတစ်ယောက် အမြဲတမ်း ကြည်လင်နေရင် ဘယ်လောက် ကောင်းလိုက်လေမလဲဟု ဒေါ်လေးစိမ့် တွေးရင်း ကြည်နူးနေမိရဲ့။

✿ ✿ ✿



## အခန်း (၁၂)

"တိမ်ပဝါအတွက် ကိုယ့်ရဲ့လက်ဆောင်"

အံ့ဩလွန်း၍ တိမ်ပဝါ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရသည်။ နွေတမန် လက်ဝါးလေးပေါ်မှာ မြင်နေရသော ရောင်စုံကျောက်ပွင့်လေးတွေနှင့် စီခြယ်ထားသည့် ဆံညှပ်လေးက တဖိတ်ဖိတ်လက်နေသည်။

"ယူလေ တိမ်ပဝါ၊ တိမ်ပဝါကို ပေးချင်လို့ ကိုယ်ယူလာတာ၊ ဒါ ကိုယ်ပိုင်တဲ့ပစ္စည်းပါ၊ ဟိုတစ်ခါပေးတဲ့ ရင်ထိုးလေးတွေထက်တောင် ပိုတန်ဖိုးကြီးတယ်၊ ကိုယ်သဘောကျနေတာသိလို့ မာမိဝယ်ထား[illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲရှိတယ်''

''ဟင့်အင်း ပဝါ မယူပါရစေနဲ့၊ တန်ဖိုးကြီးလက်ဆောင်တွေ ပဝါမယူချင်ဘူး နွေတမန်''

တိမ်ပဝါ ခါးခါးသီးသီးငြင်းတော့ နွေတမန်မျက်နှာလေး ညှိုးမှိန်သွားတာ အထင်အရှား။ ကော့စင်းနေသော မျက်တောင်လေးတွေ ညွတ်ကျွေးလျက် မျက်ဝန်းညိုတွေ လွှမ်းရိပ်သမ်းသွားတာ တိမ်ပဝါ သတိထားမိသည်။

''ငွေကြေးတန်ဖိုးက ဘာမှအရေးမပါ,ပါဘူး တိမ်ပဝါရယ်၊ မင်းကို ပေးချင်လွန်းလို့ ကိုယ်ယူလာခဲ့တာကို မငြင်းသင့်ပါဘူး၊ အမှန်ဝန်ခံရရင် ဟိုတစ်ခါရင်ထိုးလေးတွေ ပေးခဲ့တာ ညီကျေနပ်စေဖို့နဲ့ ကိုယ့်ရဲ့ လွန်ကျူးသွားတဲ့စကားတွေအတွက် တောင်းပန်ချင်လို့ ပေးခဲ့တာပါ၊ ဒီလက်ဆောင်က တိမ်ပဝါကိုပဲ သီးသန့်ရည်စူးတာပါ''

''တောင်းပန်ပါတယ် နွေတမန်ရယ်၊ နွေတမန်ဆီက ပဝါ ဘာမှမမျှော်လင့်ပါဘူး၊ ရင်ထိုးလေးကိုလည်း သူငယ်ချင်းတွေကြားထဲမှာ တစ်ယောက်တည်း ငြင်းလို့မသင့်လို့ ယူထားတာပါ၊ နွေတမန်နဲ့ ကြုံရင် ပြန်ပေးဖို့တောင် သိမ်းထားတယ်''

''ဘာရယ် ကိုယ့်ကိုပြန်ပေးမယ် ဟုတ်လား၊ တိမ်ပဝါ ကိုယ့်ကို ခွင့်မလွှတ်နိုင်သေးဘူးလားဟင်၊ ကိုယ့်ကိုစိတ်ဆိုးနေတုန်းပဲလား''

''မဟုတ်တာပဲ နွေတမန်ရယ်၊ ပဝါ ဘယ်တုန်းကမှ နွေတမန်ကို စိတ်မဆိုးခဲ့ပါဘူး၊ အမှန်တော့ အဲဒီတုန်းက ပဝါတို့





ပွားခဲ့တာပါ၊ သိမ့်နန္ဒာမှာ ရင်ထိုးလေးတစ်ခု ရလိုက်လို့ အားလုံးလိုချင်သွားတာပါ၊ အမှန်ဆို နွေတမန် မြတ်နိုးစွာသိမ်းထားတာကို မတောင်းဆိုခဲ့သင့်ပါဘူး''

''အဲဒီရင်ထိုးတွေကိစ္စ ကိုယ်မေ့လိုက်ပြီ၊ လက်ထဲမှာ တစ်ခုရှိနေလျက်နဲ့ နောက်တစ်ခုထပ်တောင်းတဲ့ သိမ့်နန္ဒာကိုပဲ စိတ်ဆိုးပိတာပါ၊ ကျန်တဲ့သူတွေကို ကိုယ် စေတနာနဲ့ ပေးခဲ့တာပါ၊ ဒါကြောင့် တိမ်ပဝါ ပြန်မပေးပါနဲ့''

''အင်း ဒါဆိုလည်း ရှိပါစေတော့၊ ပဝါ သိမ်းထားပါ့မယ်၊ နောက်ထပ်လက်ဆောင်တော့ မယူရဲပါဘူး နွေတမန်''

''ဘာရယ် မယူရဲဘူး၊ ဘာလို့လဲ တိမ်ပဝါ၊ ကိုယ့်စေတနာက ဘာရည်ရွယ်ချက်မှ မပါ,ပါဘူး၊ တိမ်ပဝါကို ခင်မင်လို့ပေးတာပါ''

''ပဝါကို ခင်လို့ရပါတယ် နွေတမန်ရယ်၊ ဘာလက်ဆောင်မှ မလိုအပ်ပါဘူး၊ အခုလည်း နွေတမန်ကိုခင်မင်လို့ မုန့်စားကျောင်းဆင်းတာနဲ့ ဒီကိုလာခဲ့တာပါ''

နွေတမန်ကျေနပ်အောင် တိမ်ပဝါ အပြုံးမျက်နှာလေးနှင့် ရှင်းပြရသည်။ သိမ့်နှင့် စေတမန် သိသွားပြီး တစ်မျိုးထင်မှာတော့ ပဝါ မလိုလားပါ။ တကယ်ဆို နွေတမန်ကို ခင်မင်ခြင်းက ဖြူစင်မှုတွေ ကရင်းခံနှင့်ပဲလေ။

''ကိုယ်စိတ်မကောင်းပါဘူး တိမ်ပဝါ၊ ကိုယ်ရည်ရွယ်ထားတာ ပဝါအတွက်၊ ဒါကိုမှ မင်းလက်မခံရင် ကိုယ်ဘာလို့ ပြန်ယူရမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



နွေတမန် လက်ကလေးမြောက်တက်သွားကာ ဆံညှပ်ကလေးကို ကျောင်းစိုက်ခင်းတွေထဲ လွှင့်ပစ်ဖို့ ကြံလိုက်တာမို့ တိမ်ပဝါ စိုးရိမ်တကြီး လှမ်းတားရ၏။

"အဓိပ္ပာယ်မရှိတာ နွေတမန်ရယ်၊ တန်ဖိုးမဲ့အောင် မလုပ်ပါနဲ့"

"အဓိပ္ပာယ်ရှိတာပေါ့ တိမ်ပဝါ၊ ကိုယ်ရည်စူးထားတာ မင်းအတွက်၊ မင်းမှ လက်မခံတော့ လွှင့်ပစ်လိုက်တာ အကောင်းဆုံးပေါ့"

နွေတမန်အသွင်က တကယ်လုပ်မည့်အသွင်မို့ တိမ်ပဝါ စိတ်ညစ်သွားရသည်။

အင်းလေ နွေတမန်ဆိုတာ မိသားစုက အလိုလိုက်အလျှော့ပေးတာ ခံနေခဲ့ရတဲ့ သူတစ်ယောက်ပဲ။ ပြီးတော့ ဒီဆံညှပ်လောက်တော့ တန်ဖိုးထားမည်မဟုတ်။

"လွှင့်တော့မပစ်ပါနဲ့ နွေတမန်၊ ပဝါလက်ခံမှ စိတ်ချမ်းသာမယ်ဆိုရင် ပဝါလက်ခံပါ့မယ်"

နွေတမန် နှုတ်ခမ်းအစုံက ဖြူဖွေးသန့်စင်သော သွားတက်ကလေးတွေ ပေါ်သည်အထိ ပြုံးသွား၏။ မျက်ဝန်းညိုလေးတွေမှာလည်း အလင်းတွေ ထွန်းညှိလိုက်သလိုပါပဲ။

"ဝမ်းသာလိုက်တာ တိမ်ပဝါရယ်၊ ကိုယ်တကယ်ဝမ်းသာတယ်၊ မာမီ ဒီဆံညှပ်လေးကို ဝယ်ပေးတုန်းက ကိုယ်စိတ်ကူးထားတာတစ်ခု ရှိခဲ့ဖူးတယ်၊ ဒီဆံညှပ်လှလှလေးကို ဆံပင်ရှည်ရှည်ကြီးတွေ ပိုင်ဆိုင်တဲ့ မိန်းကလေးတစ်ယောက်ကို လက်ဆောင်ပေးမလို့ စိတ်ကူးထားတာ၊





ကိုယ့်ရည်ရွယ်ချက် ပြည့်ဝသွားပြီ တိမ်ပဝါရယ်"

ကြည်နူးကျေနပ်ခြင်းတွေ လွှမ်းခြုံထားသော အသံနှင့် သူဆိုနေသည်။ ဘာကြောင့်ရယ်မသိ၊ သူ့မျက်ဝန်းညိုတွေနှင့် ရင်ဆိုင်ဖို့ တိမ်ပဝါ မဝံ့ရဲခဲ့ပါ။

"ပဝါ ကိုယ့်ရဲ့လက်ဆောင်လေးကို အမြဲတမ်း ဆင်ထားပါလားဟင်၊ ပဝါရဲ့ ဆံနွယ်ရှည်ရှည်ကြီးတွေနဲ့ဆို သိပ်လိုက်မှာပဲ"

"အို နွေတမန်ကလည်း အမြဲတမ်းတော့ မဆင်ပါရစေနဲ့၊ တော်ကြာ ပျောက်သွားလို့ နှမြောစရာကြီး"

"အမြဲတမ်းမဆင်ရင်တောင် မကြာခဏတော့ ညှပ်လာခဲ့နော်၊ ကိုယ်ကြည့်ချင်လို့ပါ ပဝါရယ်၊ ဒီတစ်ပတ်တော့ နေ့တိုင်း ညှပ်လာခဲ့နော်၊ ပဝါကို ကိုယ် စောင့်ကြည့်နေမယ်"

နွေတမန်က တကယ် ဖွင့်ဆိုနေသည်။ တိမ်ပဝါမှာ ငြင်းရလည်းအခက်။ ရှက်လိုက်တာလည်း ထူပူနေပြီ။ နွေတမန် ကျေနပ်အောင် ခေါင်းကလေးပဲ ညိတ်ပြလိုက်ရပါသည်။

"စာမေးပွဲကြီး နီးပြီနော်၊ တိမ်ပဝါ စာတွေပိုင်နေပြီလား"

"အင်း အားလုံးပိုင်သလောက် ရှိနေပါပြီ၊ နွေတမန်ကော အတော်အသင့် ဖြစ်နေပြီလားဟင်"

"အင်း ကိုယ်ကတော့ အောင်မှတ်ရရင် ကျေနပ်ရမှာပါ၊ တိမ်ပဝါလို စာမှမတော်ဘဲလေ၊ တိမ်ပဝါ စာအတော်ဆုံးလို့ ကျောင်းသားတိုင်း ပြောတယ်၊ ညီလည်း ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပင်း နွေတမန်လည်းတော်ပါတယ်၊ မကျန်းမာတဲ့ကြားက တစ်နှစ်တစ်တန်း အောင်,အောင် ကြိုးစားနိုင်တာ တော်တာပဲပေါ့၊ ဆယ်တန်းအောင်ရင် ဘာဆက်ရည်ရွယ်ထားသလဲဟင်"

အပြုံးပန်းလေးတွေ ညှိုးသွားသည်။ နွေတမန်ဆီမှ ပင့်သက်မောကြီးကိုတောင် တိမ်ပဝါ ကြားရ၏။ ဒုက္ခပါပဲ။ တိမ်ပဝါစကားတွေ မှားခဲ့ပြီလား။

"အနာဂတ်နဲ့ ရည်ရွယ်ချက်ဆိုတာ ကိုယ့်ဘဝမှာ မရှိသလောက်ပါဘဲ တိမ်ပဝါ၊ စတိတ်ကျောင်းအထိပဲ မာမီက ခွင့်ပြုထားတာ၊ တက္ကသိုလ်ဆက်တက်ဖို့ဆိုတာ မလွယ်ဘူး၊ ဒါပေမဲ့ မာမီ့ဆီက မရအရ ခွင့်တောင်းပြီး ဘွဲ့တစ်ခုတော့ ရအောင် ကိုယ်တက်ချင်တယ်"

"နွေတမန်အမေက ပင်ပန်းပြီး ကျန်းမာရေးထိခိုက်မှာစိုးလို့ နေမှာပါ"

"အင်းလေ ကိုယ့်ကျန်းမာရေးကလည်း ဆိုးပြီဆိုရင် မာမီ စိုးရိမ်လောက်အောင် ပြင်းထန်တတ်တာကိုး၊ ဒါနဲ့ တိမ်ပဝါကကော အနာဂတ်အတွက် ရည်ရွယ်ချက်တစ်ခုတော့ ရှိမယ်ထင်တယ်"

"ရှိတာပေါ့ နွေတမန်ရယ်၊ ပဝါကြိုးစားနေတာ ဆယ်တန်းကို ထူးထူးချွန်ချွန် အောင်မြင်ပြီး ဆေးတက္ကသိုလ်တက်ခွင့် ရချင်တာ"

"ပဝါက တော်ပါတယ်၊ ပဝါဆန္ဒ ပြည့်မှာပါ၊ ပဝါ့မိဘတွေက ဒေါက်တာမလေး တိမ်ပဝါအတွက် ဂုဏ်ယူနေကြမှာပဲနော်"

"မဖြစ်နိုင်တော့ဘူး နွေတမန်ရဲ့၊ ပဝါ့မှာ မိဘတွေမရှိတော့ဘူး၊





ဒေါ်လေးအိမ်မှာနေ၊ အဖေ့ရဲ့မိတ်ဆွေတစ်ယောက် ထောက်ပံ့မှုနဲ့ ပညာသင်နေရတာပါ"

ကရုဏာရိပ်တို့ လွှမ်းခြုံသော မျက်ဝန်းတွေနှင့် နွေတမန် တိမ်ပဝါကို ငေးစိုက်ကြည့်ရင်း

"ကိုယ်စိတ်မကောင်းလိုက်တာကွာ၊ ပဝါအကြောင်း ကိုယ် ခုမှသိတာ၊ ပြောပြစမ်းပါ ကိုယ်ကြားချင်လို့ပါ ပဝါရယ်"

စိတ်ဝင်တစားနှင့် နွေတမန်မေးလာသည်။ တိမ်ပဝါ စကားတွေကို တွေတွေလေး ငေးစိုက်နေသော နုဖတ်ကြည်လင်သည့် မျက်နှာလေးကို တိမ်ပဝါ မြင်နေရသည်။

ခြားနားလှတဲ့ ဘဝရဲ့ဒုက္ခတွေကို မငြီးပြရက်ပါဘူး နွေတမန်။ ဘကယ်ဆို အရာရာပြည့်စုံတဲ့ လူဆိုတာ လောကကြီးထဲမှာ မရှိနိုင်ဘူး ထင်ရဲ့။

"သိပ်စိတ်ဝင်စားစရာ ဇာတ်လမ်းတော့ မဟုတ်ပါဘူး နွေတမန်ရယ်၊ ပဝါဆယ့်နှစ်နှစ်သမီးမှာ ဖေဖေနဲ့မေမေ ကားအက်ဆီးဒင့် တစ်ခုနဲ့ တိမ်းပါးကုန်တယ်၊ တိမ်ပဝါကို ဒေါ်လေးက စောင့်ရှောက် ခေါ်ထားတယ်၊ ဒါပေမဲ့ ဒေါ်လေးကလည်း ချမ်းသာပြည့်စုံတဲ့သူ မဟုတ်ရှာပါဘူး၊ ပဝါ ပညာရေးနဲ့ ထောက်ပံ့စားစရိတ်ကို ဖေဖေ့ရဲ့ မိတ်ဆွေတစ်ယောက်က စေတနာနဲ့ တာဝန်ယူပေးတယ်၊ ဒါပါပဲ"

"ပဝါရယ် မင်းဘဝလေးကို ကိုယ် သနားလိုက်တာ"

"ဒီလိုပဲပေါ့ နွေတမန်၊ ဘဝဆိုတာ အရာရာ အပြည့်စုံပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ရှန်းကန်ရင်ဆိုင်ရင်း ရှင်သန်ရတာပါပဲ၊ ဒါကြောင့်လည်း ပဝါ အနာဂတ်ကို တိုးတက်အောင် ပဝါ ကြိုးစားနေတာပါ၊ ဆရာဝန် တစ်ယောက်ဖြစ်ဖို့ ရည်ရွယ်ထားပေမယ့်လည်း အခိုင်အမာ မဆုံးဖြတ်ရသေးပါဘူး၊ ခြောက်နှစ်နီးပါး ထောက်ပံ့ကူညီပေးနေတဲ့ လေးလေးဆန်းကို ဒုက္ခပေးသလိုဖြစ်မှာ တွက်ရသေးတယ်၊ လေးလေးဆန်းကတော့ ပဝါအတွက် အတတ်နိုင်ဆုံး ကူညီပေးမယ်လို့ ကတိပေးထားတယ်''

''ပဝါ လိုတဲ့အကူအညီရှိရင် ပြောနော်၊ ပဝါရဲ့မာနကို ကိုယ်ရိုပ်မိပေမယ့် စေတနာဖြူစင်စွာနဲ့ ပြောတာပါ၊ ပဝါအတွက် ကိုယ် တတ်နိုင်သမျှ ကူညီပေးချင်ပါတယ်''

နွေတမန်နှင့် စေတမန်တို့ ကွာခြားတာက ဒါပဲဖြစ်သည်။ စေတမန်က လူငယ်ပီပီ ရွတ်နောက်နောက်ပြောင်ပြောင်ပြောတတ်ပေမယ့် နွေတမန် ကလည်း တည်ငြိမ်မှုအပြည့်ရှိတတ်သည်။ ခုလည်း ပဝါကိုကြည့်နေသော နွေတမန့်မျက်နှာက နုဖတ်ချောမွေ့နေပေမယ့် လူကြီးဆန်စွာ တည်ငြိမ်နေလေ၏။

''ကျေးဇူးတင်ပါတယ် နွေတမန်၊ ပဝါမှာ အကူအညီ မလိုတော့ပါဘူး၊ ဘဝကို ရပ်တည်ရှင်သန်နိုင်ဖို့ ပြည့်ဝနေပါပြီ၊ ကဲ အတန်းထဲပြန်ဝင်စို့ ကျောင်းတက်တော့မယ်''

တိမ်ပဝါဆိုတော့ နွေတမန့်လက်က ရွှေရောင်အိုမီဂါနာရီလေးကို ငုံ့ကြည့်ရင်း ခေါင်းညိတ်သည်။





''ပဝါ ပေးထားတဲ့ကတိကို မမေ့ကြေးနော်''

နွေတမန်စကားကြောင့် တိမ်ပဝါ နားမလည်သလို မျက်မှောင်လေးကုပ်လို့ ဝေးစိုက်ကြည့်တော့။

''မသိချင်ယောင်ဆောင်မနေနဲ့၊ ဒီတစ်ပတ်လုံး ကိုယ့်ရဲ့ လက်ဆောင် ဆံညှပ်လေးကို ပဝါ ဆင်လာရမယ်လေ''

တိမ်ပဝါ ရှက်ပြုံးလေးနှင့် ခေါင်းကလေးညိတ်ပြတော့ သူ ကျေနပ်သွားပြုံးသည်၊ ဖြားယောင်းတတ်သော မာယာတွေမပါဝင်ပေမယ့် ထိုအပြုံးလေးကိုမှ တိမ်ပဝါ စွဲမက်နှောင်တွယ်နေမိပြီထင်ရဲ့။

ကျေးဇူးပြုပြီး ရှင်မပြုံးပါနဲ့လား နွေတမန်ရယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သိမ့်တို့လေးယောက်ကို ဖြတ်ကျော်သွားသည့် MARK II ကားနက်ကြီးက ညင်သာစွာ နောက်ပြန်ဆုတ်လာတာမို့ သိမ့် အံ့ဩသွားရသည်။ သိမ့်တို့အနားမှာ ယဉ်ရပ်မိမှ နောက်ခန်းတံခါးမှန်နက်ကြီး လျှောကျပွင့်လာ၏။

ဆံနွယ်တွေကို ဘေးခွဲ သေသပ်စွာဖီးသင်ထားသော နွေတမန့် မျက်နှာလေးက ပြတင်းတံခါးမှ ဝင်းလက်စွာ ပြူထွက်လာသည်။

သိမ့်တို့လေးယောက်ကို ဝေ့ဝဲကြည့်နေသော နွေတမန် အကြည့်တွေက စေတမန်မျက်နှာဆီမှာ စူးစူးလေး ရပ်တန့်သွားရင်း





"ညီ တိမ်ပဝါ မပါဘူးလားကွ"

"မပါဘူး ကိုကို၊ ဘာဖြစ်လို့လဲ"

"ဒီနေ့ သူ ကျောင်းမတက်ဘူးလား၊ နေမကောင်းလို့လား ညီ"

တမန့်အမေးကိုမဖြေ၊ တိမ်ပဝါကို ရည်ညွှန်းသောအမေး စကားရှစ်ခွန်းသာ နွေတမန်နှုတ်ဖျားတွေက ထွက်ကျလာ၏။

"မသိဘူး ကိုကို၊ တက်မယ်ထင်ပါတယ်၊ တိမ်ပဝါက ညီတို့ ဂုပ်စုနဲ့ ခွဲထွက်နေတာ ကြာပြီ၊ ကျောင်းရောက်နေပြီထင်တယ်"

နွေတမန် မျက်ခုံးနက်နက်လေးတွေ သွယ်တန်းပြေပြစ်သော နှာတံထိပ်ဖျားမှာ စုကျုံ့သွားကြသည်။ ပူပန်ရိပ်တို့ စွန်းထင်းနေသော မျက်ဝန်းတွေနှင့် တစ်စုံတရာမေးဖို့ နှုတ်ခမ်းအစုံက ဟန်ပြင်၏။ သို့ပေမယ့် နွေတမန် ဘာမှ ဆက်မမေးတော့ပါ။

"အေး အေး ဒါဆို ကိုကိုသွားတော့မယ်၊ မောင်းတော့ ဦးလေးနီ"

ကားကြီးက ငြိမ့်ခနဲ ပြန်မောင်းထွက်သွားသည်။ သံသယနှင့် ဂလိုမကျခြင်းများစွာကို စုစည်းထားရသော သိမ့်နှုတ်ခမ်းဖူးဖူးလေးတွေ ပျို့သိပ်နိုင်ပါ။ တမန်ဘက်လှည့်ကာ မေးခွန်းထုတ်မိ၏။

"တမန့်ကိုကိုက တိမ်ပဝါကို ဘာလို့မေးတာလဲ"

"တို့လည်း မသိဘူးလေ၊ တို့မေးတာ ကိုကိုမှ ပြန်မဖြေသွားဘဲ"

သိမ့်ရင်ထဲမှာ ဘယ်လိုမှ အစာမကြေနိုင်။ သိချင်စိတ်တို့က



www.burmeseclassic.com

www.burmeseclassic.com

တားမရဆီးမရ ဖြစ်လာသည်။ နံဘေးက သန္တာနှင့် မိသူတို့ မျက်နှာတွေကို ငဲ့ကြည့်တော့လည်း သိမ့်သိချင်တာကို ဖြေနိုင်မယ့်အသွင်မရှိပါ။

"တစ်ခုခုတော့ တစ်ခုခုပဲ တမန်၊ နွေတမန်နဲ့ တိမ်ပဝါ ဘယ်လိုပတ်သက်နေခဲ့ပြီလဲမသိဘူး"

"မသိတာကို စဉ်းစားမနေနဲ့ သိမ့်၊ ဆံတွေဖြူ သွားတွေကျိုးပြီး အလှပျက်ကုန်လိမ့်မယ် အဟွန်း"

ပြောနေကျအတိုင်း တမန်က အသောဖောက်နေပေမယ့် သိမ့်မရယ်နိုင် မပြုံးနိုင်ပါ။ နှုတ်ခမ်းပြည့်ပြည့်လေးတွေ တွန့်ကွေးရယ်နေသော တမန့်အပြုံးကိုတောင် ဒီအချိန်မှာ ခံစားလို့မရ။

"နင့်ကြည့်လိုက် အမြဲတမ်း ပြောင်ချော်ချော်နဲ့ တစ်အိမ်တည်းနေတဲ့ ကိုယ့်အစ်ကိုအကြောင်းတောင် မသိဘူး"

"ဟ ဘလိုင်းကြီးပါလား သိမ့်ရဲ၊ တို့က ဘယ်လိုလုပ် သိမှာလဲ၊ ကိုကိုက သူ့ဘာသာ သူ့ခံစားချက်နဲ့ အခန်းအောင်းနေတတ်တာ၊ ပြီးတော့ စိတ်ဝင်စားစရာလည်း မရှိပါဘူး၊ ဘာဆိုင်တာမှတ်လို့၊ ဦးနှောက်လေးတယ်၊ အေးဆေး"

မျက်စိတစ်ဘက်မှိတ် ပခုံးလေးတွန့်ရင်း ပြုံးပြုံးလေးဆိုနေသည့် တမန့်ကို သိမ့် မျက်စောင်းတစ်ချက်လှမ်းထိုးတော့

"အား တကယ်ထိတယ်ကွာ၊ မိုနာလီဇာ မျက်စောင်းဆိုတာ ထင်ပါရဲ့"

"တမန်နော် လာနောက်မနေနဲ့"





"ဘာမှာနောက်နေလို့လဲ၊ တို့အားလုံးယှဉ်ပြီး ဘေးကပ်လျှောက်နေကြတာကို"

"တမန်နော်"

"ဗျာ ဗျ"

သိမ့် ဒေါသဖြစ်အောင် စေတမန် မျက်နှာပြောင်တိုက်နေတော့ လွယ်ထားသောလွယ်အိတ်ကို ဖြုတ်ကာ သိမ့် ရိုက်နှက်ဖို့ပြင်သည်။

"ဟာ ဟေ့ ဟေ့ ရှောင်ကြ ရှားကြ၊ အာဋ္ဌာဝက ဝင်ပူးနေပြီ၊ ပြေးကြလေ ဟား ဟား ဟား"

ခုန်ပေါက်အော်ရင်း ရယ်မောပြေးထွက်သွားသော တမန်ကို သိမ့် ဒေါသထွက်မဆုံးတော့။ နံဘေးက မိသူနဲ့ သန္တာတို့ကပါ ရယ်ကျဲကျဲလုပ်နေတာမို့ သိမ့် ဘုတောမိသေး၏။

"နင်တို့က ဘာရယ်တာလဲ"

"ဟင် ဘာရယ်လို့လဲ ခစ် ခစ်"

"ရယ်ကြ ရယ်ကြ အူတက်သေအောင်ရယ်၊ တမန်ဆိုတဲ့ကောင်ပေါတိုင်း လိုက်ပေါကြတဲ့ အပေါမတွေ ဟွန်း"

အလိုမကျသော ဒေါသတွေနှင့် သိမ့်ခြေလှမ်းတွေ မြန်သွက်သွက်လှမ်းခဲ့မိသည်။ ကျောင်းဝင်းရှေ့ရောက်တော့ တံခါးဝနားက ဂိတ်တိုင်ကို မှီရပ်နေသော နွေတမန်ကို မားမားကြီး တွေ့လိုက်ရသည်။

လည်ကတုံးအင်္ကျီဖြူနှင့် အင်္ကျီလက်ရှည်ကို လက်ခုံအထိချကာ ကြယ်သီးတပ်ဝတ်ဆင်ထားသော နွေတမန်ကို သိမ့် ခပ်ရူးရူးငေး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်လိုက်မိသည်။

စေတမန်နှင့် ခွဲမရအောင် တူသည်ဆိုသည့်တိုင် မတူညီသော အသွင်နှင့် စတိုင်က သူတို့နှစ်ယောက်ကို ခွဲခြားရလွယ်ကူသည်။ နွေတမန်ကို ကြည့်လိုက်တိုင်း ကျောင်းဝတ်စုံကို သေသေသပ်သပ် ပိပိရိရိ ဝတ်ဆင်ထားတတ်စမြဲ။

လည်ကတုံးကော်လံဖြူလေးထိပ်မှာတောင် ရွှေကြယ်သီးလေး တပ်ကာ စမတ်ကျကျ ရှိတတ်တာမို့ တည်ကြည်ခြင်းနှင့် ကြည့်ကောင်းသည်။

စိုက်ကြည့်နေသော သိမ့်မျက်ဝန်းတွေနှင့် သူ့မျက်နှာ ထပ်တိုက်အဆုံမှာ သိမ့် အလှပဆုံးအပြုံးလေးနှင့် နှုတ်ဆက်မိ၏။ နွေတမန်က မမြင်ဟန်ဆောင်ကာ မျက်နှာလွှဲရှောင်သွားတာမို့ သိမ့်မျက်နှာ နီမြန်းသွားရသည်။

ရှက်စရာကောင်းလိုက်တာ။ ဒါ သိမ့်ကို တမင်ချိုးလိုက်တာ။ မပတ်သက်ချင်ဘူးလို့ ပြောလိုက်တာပဲပေါ့။ ကြည့်စမ်း လက်နှစ်ဖက်ကို စတိုင်ကျကျပိုက်လို့ ကျောင်းဝင်းအပြင်ကို ငေးမျှော်နေပုံက ခံရခက်စရာ ကောင်းလိုက်တာ။

ရတယ် နွေတမန်။ သိမ့်နန္ဒာဆိုတဲ့ ကျွန်မဟာလည်း ရှင့်လို အေးစက်စက် ရေခဲတုံးလိုလူမျိုးကို ဝေးပါသေးရဲ့။

ခေါင်းကိုမော့လို့ သိမ့် သူ့နံဘေးကဖြတ်လျှောက်ပြီး ကျောင်းဝင်းထဲ လှမ်းဝင်ခဲ့ရပေမယ့် ရင်ထဲမှာ မကျေနပ်မှုတွေ တလိပ်လိပ်။





ကျောင်းဝင်းရှေ့မှာ ကားရပ်တာနဲ့ ပတ်ဝန်းကျင်ကိုတောင် ဝေ့ဝဲမကြည့်ဘဲ စာသင်ခန်းဘက် ခပ်သုတ်သုတ်လေး ဦးတည်ဝင်သွား တတ်တဲ့ နွေတမန် ဒီနေ့ကျမှ ဘာလုပ်နေတာလဲ။ ဘယ်သူ့ကို စောင့်နေတာလဲ။

တစိမ့်စိမ့်တွေးရင်း သိမ့်ရင်ထဲမှာ သိချင်စိတ်တို့ ပြင်းထန် လာရပြန်သည်။

လမ်းမှာတုန်းက နွေတမန်မေးခဲ့တာ တိမ်ပဝါကိုပဲ။

ဘုရားရေ နွေတမန်နဲ့ တိမ်ပဝါတို့ ဘယ်လိုဆုံတွေ့ ပတ်သက် ကုန်တာလဲ သိမ့် မသိလိုက်ပါလား။

စာသင်ခန်းထဲရောက်တော့ တိမ်ပဝါ မရောက်သေးပါ။ ဒါဆို သေချာပါပြီ။ နွေတမန်စောင့်ကြည့်နေတာ တိမ်ပဝါကိုပဲ ဖြစ်ရမည်။

"သူကျောင်းမတက်ဘူးလား။ နေမကောင်းလို့လား ညီ"

စိုးရိမ်နေတဲ့ မျက်ဝန်းညိုတွေနဲ့ မေးခဲ့တာကို သိမ့် ပြန်မြင် မိ၏။ နွေတမန်နှင့် တိမ်ပဝါတို့ ပုံရိပ်တွေ သိမ့်အာရုံထဲ တိုးဝင် လာကြသည်။ ဘာကြောင့်ရယ်သမိ၊ သိမ့်စိတ်ထဲမှာ ရှုံးနိမ့်သွားသူလို ခံစားနေရသည်။

အခြေအနေတွေ ဒီလောက်ထိ မြန်ဆန်လွန်းမည် မထင်ခဲ့။ တိမ်ပဝါဆိုတာ တည်ငြိမ်လွန်းတဲ့မိန်းကလေး။ ရည်ရွယ်ချက်တစ်ခုနဲ့ ကျောင်းစာကလွဲလို့ ဘာကိုမှ အလေးမထားတဲ့သူ။

ပြီးတော့ နွေတမန်ဆိုတာလည်း မိန်းကလေးအပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့။ စာသင်နှစ်ကုန်ဆုံးလုအထိ ယောကျ်ားလေးအပေါင်းအသင်း တောင် မရှိတဲ့သူပါပဲ။

အတွေးတွေနဲ့ ချာလည်နေတုန်း စာသင်ခန်းထဲကို လှမ်းဝင်လာတဲ့ တိမ်ပဝါကို သိမ့် လှမ်းမြင်လိုက်ရသည်။

သနပ်ခါးမှုန့်လေးတွေ နုညက်မှုန်နေသော မျက်နှာနုနုလေးက ကြည်လင်လို့။ နှုတ်ခမ်းပါးပါးလေးတွေက ပြုံးဖိုသန်းနေသလိုပါလား။ ရင်ဖုံးအင်္ကျီဖြူလေးနှင့် လွယ်အိတ်ပြာလေး လွယ်ထားသော တိမ်ပဝါကို တဒင်္ဂတော့ သိမ့် ငေးကြည့်နေမိ၏။

နားသယ်စပ်မှ ဆံနွယ်တွေက ကပိုကရိုကျနေတဲ့ မိန်းမသားချင်းတောင် ငေးမော မက်မောလောက်တဲ့ ဆံနွယ်ရှည်ရှည်ကြီးတွေ ပိုင်ဆိုင်ထားသော တိမ်ပဝါကို အရင်တုန်းက သိမ့်တောင် မနာလိုဖြစ်ဖူးသေးသည်။

စာသင်ခန်းရဲ့ ပြတင်းပေါက်နားရောက်မှ အခန်းအပြင်ကို တစ်ချက်လှည့်ကြည့်လိုက်တဲ့ တိမ်ပဝါကြောင့် သိမ့် မျက်နှာတန်းတန်းလေး တွန့်ခေါက်သွားရလေ၏။

လက်ခနဲ တောက်ပသွားတဲ့ တိမ်ပဝါ ဆံနွယ်တွေကြားက ဆံညှပ်လေးက အထင်အရှား။ တိမ်ပဝါမျက်နှာက ပြန်ဦးလှည့်လာတာမို့ ကြာရှည်မြင်နိုင်ခွင့် မရလိုက်ပါ။

အတန်းရဲ့ ထိပ်ဆုံးအစွန်မှာ တိမ်ပဝါဝင်ထိုင်တော့ သိမ့် မမျှိသိပ်နိုင်တော့ပါ။ နောက်ဘက်ခုံတန်းတွေဆီမှ သူငယ်ချင်း





တစ်ယောက်ဆီ စကားပြောသလိုလိုနှင့် ထသွားကာ အသေအချာ ကြည့်လိုက်မိ၏။

ရောင်စုံကျောက်ပွင့်လေးတွေ တဖိတ်ဖိတ်တောက်ပနေတဲ့ ဆံညှပ်ကလေးက တိမ်ပဝါရဲ့ နက်မှောင်သော ဆံနွယ်လေးတွေထဲမှာ လှပစွာနစ်နေလေ၏။

ကန့်ဖိုးတော့ သေးမည်မဟုတ်ဟု သိမ့် မြင်ရုံနှင့်သိသည်။ ဒီဆံညှပ်မျိုးကို တိမ်ပဝါ ဝယ်ယူဆင်မှာ မဟုတ်နိုင်။ ဒါဆို နွေတမန်ပေါ့။

အတန်းထဲကိုဝင်လာတဲ့ ဆရာမကြောင့် သိမ့် ကိုယ့်ထိုင်ခုံကို ပြန်လာခဲ့ရပေမယ့် မျက်ဝန်းထဲမှာ လှပသော ဆံညှပ်လေးကို မြင်ယောင်နေဆဲ။

သိပ်ကို သေချာခဲ့ပါပြီ။ နွေတမန်နှင့် တိမ်ပဝါကြားမှာ နှောင်ကြိုးတစ်ခုတော့ ရစ်ပတ်ခဲ့ပြီဆိုတာ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

"ကိုယ် လုံးဝမသိခဲ့ဘူး ပဝါ၊ မနက်က ညီတို့နဲ့ ပဝါကို အတူမတွေ့ရလို့ မေးကြည့်မှ အရိပ်အမွက် သိရတာ၊ ဘာဖြစ်ကြတာလဲ ပဝါ"

"ကြီးမားတဲ့ ပြဿနာတစ်ခု မဟုတ်ပါဘူး နွေတမန်၊ ပဝါနဲ့ သိမ့်ကြားမှာ မတူညီကြတဲ့ကိစ္စတစ်ခုအတွက် အငြင်းပွားရင်း ဖြစ်ခဲ့ကြတာပါ၊ ဒီထက်ပိုပြီး ပဝါ ရှင်းမပြချင်တော့ဘူး"

သိမ့်ကွယ်ရာမှာ ဖြစ်ခဲ့သည့်ပြဿနာကို မပြောချင်တာမို့ ပဝါ ပေါ့ပေါ့ပါးပါးပဲ ဖြေရှင်းပြမိ၏။ နွေတမန်ကလည်း နားလည်စွာ





ခေါင်းညိတ်ရင်း တိမ်ပဝါကို ဆက်မမေးတော့ပါ။

"ကိုယ် ဒီလောက်ဆိုနားလည်ပြီ ပဝါ၊ ပဝါဘက်က မမှားယွင်းခဲ့ဘူးဆိုတာ ကိုယ်ယုံကြည်တယ်"

"သိမ့်ဘက်က မှားခဲ့တာလို့ ပဝါမပြောဘူးနော် နွေတမန်၊ ယုံကြည်ချက်တစ်ခုအတွက် အားလုံး မှန်ခွင့်ရှိပါတယ်၊ ကဲပါ နွေတမန်ရယ် အဲဒီကိစ္စတွေကို မေးလိုက်ပါတော့"

"ဟုတ်ပြီ ပဝါစကားကို ကိုယ်သဘောတူတယ်၊ သိမ့်နဲ့ဒွာ ကိစ္စ ထားလိုက်တော့၊ ကိုယ့်ကိစ္စပဲပြောမယ်"

နွေတမန်စကားကြောင့် တိမ်ပဝါ မျက်ဝန်းလေးတွေ မော့ကြည့်ရင်း နားစွင့်ထားလိုက်မိသည်။ နွေတမန်နှုတ်မှ စကားသံတွေ ထွက်မလာ။ ကြည်လဲ့နေတဲ့ မျက်ဝန်းလေးတွေက ငေးစိုက်လို့။ နှုတ်ခမ်းအစုံမှာ အပြုံးရိပ်တွေ ရေးရေးထင်နေဆဲ။

သည်အပြုံးတွေနဲ့ အကြည့်တွေကို ရင်မဆိုင်ရဲသော တိမ်ပဝါက မျက်လွှာချ အရှုံးပေးရင်း

"ပြောလေ နွေတမန်ရဲ့ ကိစ္စဆိုတာ"

"ပြောမှာပေါ့၊ နောက်တစ်ပတ်မှာ ကျင်းပမယ့် ကိုယ်နဲ့ညီရဲ့ မွေးနေ့ပွဲကိုလာဖို့ ပဝါကိုဖိတ်တာပါ"

တိမ်ပဝါ ခေါင်းကလေးမော့ကာ မျက်တောင်ကော့လေးတွေ ပုတ်ခတ်သွားခဲ့သည်။ မွေးနေ့ပွဲတဲ့၊ ငြင်းဆိုဖို့အတွက် အကြောင်းပြချက်တွေကို တိမ်ပဝါ ရှာဖွေနေတုန်း နွေတမန် ရိပ်မိသွားဟန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအကြောင်းပြချက်နဲ့မှ မငြင်းဆိုပါနဲ့ ပဝါရယ်၊ အရင်နှစ်တွေက ကိုယ့်ကိုကိုယ် စိတ်ခါတ်ကျဆင်းနေလို့ ကိုယ် မွေးနေ့ပွဲ မလုပ်ခဲ့ဘူး၊ ဒီတစ်ခါတော့ မာမိနဲ့ ဒယ်ဒီကလည်း ဖုန်းဆက်ပြီး လုပ်ဖို့ စေခိုင်းနေတယ်၊ ကိုယ်လည်း လုပ်ချင်နေတယ်၊ ညီကလည်း သဘောတူတယ်၊ ဒါကြောင့် စီစဉ်ဖြစ်သွားတာပါ"

"ဟို ဟို တောင်းပန်ပါတယ် နွေတမန်ရယ်၊ ပဝါ ဒီလိုပွဲတွေကို တစ်ခါမှ မသွားဖူးဘူး၊ ဟိုလေ ဒေါ်လေးကလည်း"

"ခဏလေးနားထောင်ပါဦး ပဝါရယ်၊ ဒီမွေးနေ့ပွဲကို ကိုယ်ကိုယ်တိုင်က လိုလားလို့ ဒေါ်လေးစိမ့် စီစဉ်ပေးတာ၊ ပြီးတော့ အကြီးအကျယ်ကြီး မဟုတ်ပါဘူး၊ ဘုန်းကြီးတွေကို ဆွမ်းကပ်မယ်၊ လှူဒါန်းမယ်၊ ပြီးတော့ သူငယ်ချင်းအနည်းအကျဉ်း ဖိတ်မယ်၊ ညီ့ဘက်က ဆယ်ယောက်လောက်ရှိမယ်၊ ကျောင်းက သူငယ်ချင်းတွေ ပါပဲ၊ ကိုယ့်ဘက်ကတော့ ပဝါတစ်ယောက်တည်းပဲ ဖိတ်မှာပါ"

နွေတမန်က ရှင်းပြနေပေမယ့် တိမ်ပဝါ ခေါင်းခါနေမိဆဲ။ ဖြစ်နိုင်လျှင် သိမ့်နန္ဒာနှင့် မဆုံချင်။ ပြီးတော့ ကျောင်းက သူငယ်ချင်းတွေလည်း လာကြဦးမည်တဲ့။ လူတွေများများကြီးထဲမှာ တိမ်ပဝါ မနေတတ်ပါ။

"ဒီတစ်ခါတော့ ပဝါ့ကို ခွင့်လွှတ်ပေးပါ နွေတမန်ရယ်၊ ပဝါ မလာပါရစေနဲ့နော်၊ အနူးအညွတ် တောင်းပန်ပါတယ်"

တိမ်ပဝါ မျက်နှာလေးညှိုးမှောင်ကာ တောင်းပန်နေတော့





နွေတမန်မျက်နှာလေးက ချက်ချင်း ညှိုးမှိန်သွားခဲ့သည်။ အကြောက် အကန် ငြင်းဆိုနေသော တိမ်ပဝါကို ငေးစိုက်ကြည့်ရင်း နွေတမန် ခေါင်းကို ငုံ့ချပစ်၏။

"ဆောရီး ပဝါ၊ ပဝါစိတ်ညစ်အောင် ကိုယ်မလုပ်တော့ပါဘူး၊ ဒီကိစ္စကို မေ့ပစ်လိုက်တော့"

"ဟို ဟို ပဝါ့ကို စိတ်မဆိုးပါနဲ့နော် နွေတမန်"

တိမ်ပဝါ စိုးရိမ်စွာ တိုးလျှိုးတောင်းပန်နေတော့ နွေတမန် ခေါင်းကလေးမော့ကြည့်ရင်း

"စိတ်မဆိုးပါဘူး ပဝါ၊ အမှန်ဆို ကိုယ်က ပဝါကို အရင် ဖိတ်ပြီးမှ စီစဉ်နိုင်းသင့်တာ၊ ရပါတယ် အခုလည်း အချိန်မီပါသေးတယ်၊ မွေးနေ့ပွဲကို ကိုယ်ဖျက်လိုက်ပါပြီ"

"အို မဟုတ်တာ၊ ပဝါ့ကြောင့် ဘာလို့ ဖျက်ရမှာလဲ"

"ပဝါ့ကြောင့် မဟုတ်ပါဘူး၊ ကိုယ်ကိုယ်တိုင်ကိုက ဆန္ဒ မရှိတော့တာပါ၊ ပဝါနဲ့ ဘာမှမဆိုင်ဘူး၊ ကာယကံရှင်စိတ်မပါတဲ့ ကိစ္စကြီးကို ဒေါ်လေးစိမ့်တို့လည်း လက်မခံစရာ မရှိပါဘူး"

"မဟုတ်သေးဘူးလေ နွေတမန်ရဲ့၊ ဒီမွေးနေ့က နွေတမန် တစ်ယောက်တည်း မဟုတ်ဘူး၊ စေတမန်အတွက်လည်း ပါတယ်"

"ကိုယ်ငြင်းဆိုရင် စေတမန် မငြင်းရဲပါဘူး၊ ဘာမှ ပြဿနာ မရှိဘူး၊ ကိုယ်လုံးဝ စိတ်မပါတာတော့ အမှန်ပဲ"

ဖွတ်တရွတ်နိုင်လှသော နွေတမန်ကြောင့် ပဝါ စိတ်ညစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

နွေတမန်အသွင်က ဆုံးဖြတ်သည့်အတိုင်း လုပ်မှာ သေချာသည်။ အသေအချာ အားလုံးစီစဉ်ပြီးကာမှ ပဝါကြောင့် ပွဲပျက်သွားတာသာ ဆိုတာ ဘယ်လိုမှမဖြစ်သင့်။

"နွေတမန် ရှင်ကျွန်မကို အနိုင်ကျင့်နေတာပဲ"

တိမ်ပဝါ စိတ်ညစ်ညူးစွာ မျက်ရည်လေးအဝဲသားဆိုတော့ နွေတမန် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရပြန်သည်။

"ဟာ လုံးဝမဟုတ်ရပါဘူး ပဝါရယ်၊ ပဝါ့ကို ကိုယ် ဘယ်တော့မှ အနိုင်မယူပါဘူး"

"မွေးနေ့ပွဲကိုဖျက်မှာ ရှင် တမင်အနိုင်ကျင့်တာပဲပေါ့၊ စဉ်းစားကြည့် တိမ်ပဝါကြောင့် ဖြစ်သွားတာ စေတမန်သိရင် ပဝါ ဘယ်လိုရင်ဆိုင်ရမလဲ၊ ဘယ်သူမှ မသိဘူးပဲထားဦး ဒီကိစ္စမှာ ပဝါ့ပယောဂ မကင်းတာ သေချာနေပြီ၊ ပဝါ စိတ်ညစ်တယ်"

မျက်ရည်ကြည်လေးတွေ ရစ်ဝိုင်းနေသော ပဝါကိုကြည့်ကာ နွေတမန် ခေါင်းကိုခါရမ်းသည်။ ပင့်သက်မောကြီးကို မှုတ်ထုတ်လျက် အသက်ကို ပြင်းပြင်းရှူနေသည်။ နွေတမန်ကိုကြည့်ရင်း ပဝါတောင် ကျလုလုမျက်ရည်တွေကို ပုတ်ခတ်သိမ်းရင်း စိုးရိမ်သွားရသည်။

"နွေတမန် ရှင်ဘာဖြစ်လို့လဲဟင်"

"ဟင့်အင်း ဘာမှမဖြစ်ဘူး ရတယ် ပဝါ၊ မွေးနေ့ပွဲကို ညီ အတွက် ကိုယ်ကျင်းပပေးပါ့မယ်၊ ကိုယ့်အတွက်တော့ အဓိပ္ပာယ် မရှိနိုင်ဘူး၊ ကိုယ်ဖိတ်တဲ့ တစ်ဦးတည်းသောဧည့်သည့်ကာမှ မလာနိုင်ဘဲလေ"





မျက်ဝန်းညိုလေးတွေ တောက်ပမှု ကင်းစင်ကုန်၏။ ပိန်ဖျော့ဖျော့ နွေတမန်မျက်နှာလေး ပျက်ယွင်းသွားတာ တိမ်ပဝါ မမြင်ရက်ပါ။

"နွေတမန် သိပ်စိတ်မကောင်းဖြစ်သွားသလားဟင်"

တိုးညှင်းညင်သာသော အမေးစကားကြောင့် နွေတမန် တိမ်ပဝါကို မော့ကြည့်လာသည်။ တောက်ပမှုကင်းစင်နေသော အပြုံးတွေ နွေတမန်နှုတ်ဖျားမှာ အသက်မဲ့စွာ အရိပ်ထင်လာကြသည်။ ပြီးမှ နွေတမန် ခေါင်းလေးလှုပ်ခါရမ်းသွား၏။

"ဟင့်အင်း ကိုယ်ဘာမှမဖြစ်ပါဘူး ပဝါရယ်"

"ပဝါမယုံဘူး၊ နွေတမန်ညာနေတာ"

တိတ်ဆိတ်စွာ မျက်ဝန်းချင်းဆုံမိကြတာ စက္ကန့်ပိုင်းမျှသာ။ မညာပါနဲ့ နွေတမန်ရယ်။ မျက်ဝန်းညိုတွေထဲက ရောင်စဉ်တွေကို တိမ်ပဝါ ခံစားနားလည်တတ်ခဲ့တာ ကြာပါပြီ။

ပန်းကလေးတစ်ပွင့် ညှိုးသွားသလို ရှင့်မျက်နှာလေး ညှိုးသွားရင် တိမ်ပဝါရင်ထဲက စူးခနဲ နာကျင်ရတာ ရှင်မှမသိဘဲ။

"နွေတမန် ရှင့်ရဲ့မွေးနေ့ပွဲကို ပဝါ အရောက်လာခဲ့မယ်"

"ဘာ ဘာရယ် ပဝါ ဘာပြောလိုက်တယ်"

ကြည့်စမ်း။ အဲဒီလို တောက်ပသွားတဲ့ မျက်ဝန်းတွေကိုပဲ ပဝါ မြင်ချင်တာ။

အကြွင်းမဲ့ယုံလိုက်စမ်းပါ နွေတမန်။



www.burmeseclassic.com

www.burmeseclassic.com

တိမ်ပဝါဆိုတဲ့ ကောင်မလေးက နွေတမန် စိတ်ချမ်းသာတာကိုပဲ လိုချင်ခဲ့သူရယ်ပါ။

"နွေတမန် မွေးနေ့ကို လာမယ်လို့ ပဝါ ကတိပေးတယ်လေ"

ပန်းကလေးတစ်ပွင့် လန်းဆန်းပွင့်အာလာတာကို တိမ်ပဝါ မြင်လိုက်ရ၏။ နွေတမန်ဆိုတဲ့ ပန်းကလေးတစ်ပွင့်ပေါ့။

နွေတမန်နဲ့ပတ်သက်လာရင် အမြဲတမ်း အရှုံးပေးဖို့အတွက် တိမ်ပဝါစိတ်ခတ်တွေ ပျော့ညံ့နေခဲ့ပြီထင်ရဲ့။ ဒါပေမဲ့ ကျေနပ်ပါတယ် နွေတမန်။ နိုင်မြဲမာကျောလှပါတယ်ဆိုတဲ့ အရာအားလုံးကို အရည်ပျော်သွားစေနိုင်တဲ့ အရာက ဘာလဲ။

တိမ်ပဝါရင်ထဲမှာ ပေါက်ဖွားနေခဲ့ပြီထင်ပါရဲ့။

❀ ❀ ❀



## အခန်း (၁၅)

"သိမ့်ထင်နေတာတွေအားလုံး အမှန်တရားတွေပဲ"

တိကျသေချာမှုတစ်ခုကို စေတမန်နှုတ်က ကြားလိုက်ရချိန်မှာပဲ သိမ့် နှုတ်ခမ်းဖူးဖူးလေးတွေ တင်းစေ့သွားခဲ့သည်။

"တို့လည်း အစက လုံးဝမသိဘူး။ ကိုကို အတော်ပြောင်းလဲသွားတာတော့ သေချာတယ်၊ ဟိုတစ်ရက်က ကိုကိုပြောပြမှ အားလုံးသိလိုက်ရတာ၊ တိမ်ပဝါက ကိုကို ကျောင်းအနောက်ဘက် စိုက်ခင်းတွေဘက်မှာ မူးလဲတော့ ကူညီခဲ့တယ်တဲ့၊ အဲဒီကစပြီး တိမ်ပဝါနဲ့ ကိုကို ရင်းနှီးသွားကြတာ၊ နောက်တော့ ကိုကိုက တိမ်ပဝါကို သူ တမြတ်တနိုး



www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားတဲ့ ကျောက်စီဆံညှပ်ကလေး လက်ဆောင်ပေးလိုက်တယ် တဲ့လေ"

"ဒါဆို သူတို့နှစ်ယောက်က ချစ်နေကြပြီလား တမန်"

"ဟာ အဲဒီလိုတော့ မဟုတ်ပါဘူး။ ခင်မင်သံယောဇဉ် တွယ်နေကြတဲ့ သူငယ်ချင်းတွေပဲ ရှိပါသေးတယ်"

စေတမန်က ဆိုပေမယ့် သိမ့် နားလည်တွက်ဆလိုက်မိသည်။ တိမ်ပဝါဘက်က မသေချာသေးခဲ့ရင်တောင် နွေတမန်ဘက်က သေချာနေသည်။ ဘယ်မိန်းကလေးကိုမှ မနှောင်တွယ်တတ်တဲ့ နွေတမန်။ တိမ်ပဝါနဲ့ကျမှ ဦးညွှတ်အရှုံးပေးသွားရပြီပေါ့။

"ပြောရဦးမယ် သိမ့်၊ ကိုကိုက လာမယ့်ဆန်းဒေးကျရင် နွေစံအိမ်မှာ မွေးနေ့ပွဲလုပ်ဖို့ စီစဉ်ထားတယ်"

"မွေးနေ့ပွဲ ဟုတ်လား၊ ဒါဆို တမန်လည်း မွေးနေ့ရှင်ပဲပေါ့"

"ဒါပေါ့ သိမ့်ရဲ့၊ တို့က အမွှာညီအစ်ကိုတွေပဲလေ၊ မွေးနေ့ပွဲကျရင် တို့ အဦးဆုံးဖိတ်ချင်တာ သိမ့်ကိုပဲ"

မျက်နက်ဝန်းတွေထဲအထိ ရောင်စဉ်ဖြာစေသော ဂုဏ်ယူအပြုံးလေးက သိမ့်နှုတ်ခမ်းလေးမှာ ပွင့်ဖူးသွားခဲ့သည်။ ဘာပဲဖြစ်ဖြစ် သိမ့် ကံကောင်းသည်ဟု ယုံကြည်သည်။

သိမ့်ရှေ့မှာရှိနေသူက နွေတမန်မဟုတ်။ နုပျိုတက်ကြွမှုနှင့် လူငယ်ဆန်သော စေတမန်လေ။ အနက်ရောင်အခံပေါ်မှာ အဖြူကွက်လေးတွေ တောက်ပနေသော ကွက်စိပ် အော်တာရှပ် ခါးတိုလေးနှင့်





စေတမန်ရဲ့ ချောမောပြေပြစ်မှုက နွေတမန်ထက် သာသည်ဟု သိမ့်ယုံသည်။

ပြီးတော့ ပျော်ပျော်နေတတ်သော အကျင့်စရိုက်နှင့် ဘယ်တော့ကြည့်ကြည့် လွတ်လပ်ညို့ယူနိုင်စွမ်းသော မျက်ဝန်းတွေနှင့် ငေးစိုက်ကြည့်နေသော တမန်ကို သိမ့် နွေးနွေးကလေးပြုံးပြရင်း

"စိတ်ချ တမန်၊ မွေးနေ့လက်ဆောင်နဲ့အတူ သိမ့် အရောက်လာခဲ့မှာ ယုံကြည်ထားလိုက်"

"အဲဒီနေ့ကျ ကိုယ်အလိုချင်ဆုံးလက်ဆောင်ကို သိမ့် ပေးမှာလား"

မိုးပြာရောင်ဂျင်းနှံပင်နီပြာထဲ လက်နှစ်ဖက်နှိုက်ရင်း စေတမန် ပြုံးပြုံးလေးမေးတော့ သိမ့် သဘောကျစွာ ရယ်လိုက်ရင်း

"ဒါတော့ မပေးနိုင်သေးဘူး တမန်ရယ် စောင့်ဦးပေါ့"

"ဟာကွာ သိမ့် ကိုယ့်ကို တမင်ညှင်းဆဲတာပဲ၊ သိမ့်နှုတ်ဖျားက ပြေလေးကိုစောင့်ရင်း စာသင်နှစ်တစ်နှစ်တောင် ကုန်ဆုံးတော့မယ်"

ကလေးဆိုးတစ်ယောက်လို ညီးညူရင်း ဘောင်းဘီအိတ်ထဲ နှိုက်ထားသော တမန့်လက်တွေက ခေါင်းပေါ်ကဆံပင်တွေကို နှိုက်ဖွ ပစ်နေပြန်ရဲ့။ နဖူးပြေပြေပေါ် ဝဲကျနေသော စေတမန်ဆံနွယ်လေး တွေကို ငေးကြည့်ရင်း သိမ့်ရယ်နေမိဆဲ။

"ရယ်မနေနဲ့နော်၊ ကိုယ်စိတ်တိုလာရင် စိတ်မထိန်းဘဲ ပြောပစ်လိုက်မှာနော်"

"ဒါဆို အဝေးဆုံးသိချင်းပဲ စေတမန် ဆိုသွားရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဟင်း ဟင်း''

နှုတ်ခမ်းဖူးဖူးလေးတွေ တွန့်ကွေးပြီးရယ်နေသော သီမ့်ကို စေတမန် မချင့်မရဲ ငေးကြည့်မိသည်။ ဝင်းဖန့်သော အသားအရည်နှင့် လိုက်ဖက်အောင် ဆင်ယင်တတ်သော သီမ့်က နက်ပြာရောင် လက်ဖောင်းခါရှည်အင်္ကျီလေးကို ဝတ်ဆင်ထားသည်။

ပြေပြစ်အချိုးကျသော ခန္ဓာကိုယ်လေးက နုဖတ်ချောမွတ်သော မျက်နှာလေးနှင့် ပေါင်းစည်းကာ တမန့် နှလုံးသားကို လှပစွာ သိမ်းပိုက်သွားခဲ့တာကြာပြီ။

သို့ပေမယ့် တိကျသေချာသော အဖြေစကားတစ်ခွန်း အတွက်တော့ သီမ့်နှုတ်ခမ်းစိုလဲ့လဲ့လေးက မာယာများနေခဲ့တာ သူ မကျေနပ်နိုင်ပါ။

''စာမေးပွဲနောက်ဆုံးနေ့ကျရင် အဖြေပေးမယ်လို့ ကတိ ပေးထားပြီးပြီပဲ တမန်ရယ်၊ ဘာမှစောင့်ရတော့မှာမှ မဟုတ်တာ''

''သီမ့် တမင်ဒုက္ခပေးတာ၊ သီမ့်ဆီက အဖြေတစ်ခုရရင် ကိုယ် စာမေးပွဲကို စိတ်ချမ်းချမ်းသာသာ ဖြေဆိုနိုင်မှာ''

''အကောင်းဆုံးကြိုးစားဖြေပါ တမန်ရယ်၊ သီမ့်လည်း ဒီနှစ် အောဒီထွက်ချင်တယ်၊ တစ်ကျောင်းလုံးမှာ ပထမရပြီး တိမ်ပဝါကို အနိုင်ယူချင်တယ်၊ ဒါကြောင့် သီမ့် ကြိုးစားနေတာ၊ အရေးကြီးတဲ့ အချိန်တွေမှာ နှလုံးသားကိစ္စတွေ မေ့ထားချင်တယ် တမန်''

တမန်နှုတ်က ပင့်သက်မောနှင့်အတူ ခေါင်းကို အသာ





ခါရမ်းသည်။ သီမ့်ရဲ့ ပြင်းထန်သောစိတ်ဓာတ်ကို သူအသိဆုံး။ မာန ကြီးသလို ပြင်းထန်သောစိတ်ဓာတ်နှင့် သီမ့် တိမ်ပဝါကို ကျော်လွှန်ဖို့ ကြိုးစားနေတာတော့ သူ လက်ခုပ်မတီးချင်ပါ။

အငြိုးအတေးဆိုတာ ကြောက်စရာကောင်းသည်။ ဒါပေမဲ့ သီမ့်နန္ဒာဆိုတာ သူပြောစကားကို လက်ခံမှာမဟုတ်။ ခက်တော့ ခက်သည်။ တိမ်ပဝါနှင့် သီမ့်ကြားမှာ ခါးသီးမှုတွေ မရှိစေချင်ပါ။

''ကဲပါ တမန်ရယ်၊ မွေးနေ့ကိစ္စပြောပါဦး၊ တမန်က ဘယ်သူတွေကို ဖိတ်ထားသေးလဲ''

''သီမ့်ရယ် သန္တာနဲ့ မိသူရယ်၊ ပြီးတော့ ကိုယ့်ရဲ့သူငယ်ချင်း နည်းနည်း၊ ဒါလောက်ပါပဲ''

''တိမ်ပဝါကို မဖိတ်တော့ဘူးပေါ့''

''ကိုကိုဖိတ်ကြားတဲ့ သူ့ရဲ့ တစ်ဦးတည်းသော ဧည့်ပရိသတ် အဖြစ် တိမ်ပဝါလာမယ်လို့ ကိုကို့ကို ကတိပေးထားတယ်တဲ့၊ ဒါကြောင့် ကိုယ်ဖိတ်စရာ မလိုတော့ဘူးလေ''

သီမ့်မျက်နက်ဝန်းလေးတွေ တဖျတ်ဖျတ် လှုပ်ခတ်သွားသည်။ နှုတ်ခမ်းလေးက ယဲ့ယဲ့ပြုံးလို့ ခေါင်းကလေးကို ညိတ်လိုက်သည်။

''ကောင်းပါတယ် နွေတမန်ရဲ့၊ အထူးဧည့်သည်တော်အဖြစ် ဂုဏ်ယူစရာပေါ့ တမန်ရယ်''

''သီမ့်နန္ဒာဆိုတာလည်း စေတမန်ရဲ့ အထူးဧည့်သည်တော်အဖြစ် သီမ့်ရဲ့၊ ကိုကို့ကိုတောင် ပြောပြပြီးသားလေ''



www.burmeseclassic.com

www.burmeseclassic.com



စေတမန်စကားကြောင့် သိမ့်ရင်ထဲမှာ ကျေနပ်သလိုတော့ ဖြစ်ရသည်။ စိုလွဲ့ရွှန်းပနေသော တမန့်မျက်ဝန်းတွေထဲကို သိမ့် ငေးငေး ရီရီလေး စိုက်ကြည့်မိသည်။ ရစ်နှောင်ဖွဲ့သော သံယောဇဉ်တို့ကို ခိုင်ကျည်နေခဲ့ပြီဟု ယုံပါသည်။

စေတမန်နှင့် သိမ့်ကြားမှာ ဝေးကွာသွားစရာ အကြောင်း တရားတို့ ဘာတစ်ခုမှ မရှိနိုင်ပါ။ နွေတမန်ကို ထိမ်းပဒါ ပိုင်ဆိုင်လိုက် ခြင်းထက် စေတမန်ကို သိမ့် ပိုင်ဆိုင်ခွင့်ရခြင်းက ပိုမိုသာလွန်မှာ သေချာသည်။

နွေတမန်ဆိုတာက ချောမောလှပတာမှန်ပေမယ့် ကျွန်းမာရေး မကောင်းလှသူတစ်ယောက်။ စေတမန်နဲ့ ဘယ်လိုပဲ နှိုင်းယှဉ်ယှဉ် ရှုံးနိမ့်စရာတွေချည်း ဖြစ်သည်။ တစိမ့်စိမ့် တွေးကြည့်ရုံနှင့်တောင် သိမ့်နန္ဒာ တလှိုက်လှိုက် ကြည်နူးရသည်။

ငါ ဘယ်တော့မှ နင့်ကို မရှုံးနိမ့်စေရဘူး ထိမ်းပဒါ။ ကြိုက်တဲ့ ဘက်က ယှဉ်ကြည့်လိုက်စမ်း။ သိမ့်နန္ဒာဆိုတာ နင့်ထက် အမြဲတမ်း နှာတစ်ဖျား သာလွန်နေစေရမယ်ဆိုတာ ယုံကြည်လိုက်စမ်းပါ။

ပညာရေးမှာ နင် ငါ့ကို အမြဲတမ်း အနိုင်ရနေမှုတွေကို အောင်စာရင်းတွေထွ ်တဲ့နေ့မှာ ငါ အနိုင်ယူပြမယ်။

စောင့်ကြည် ့က်စမ်း ထိမ်းပဒါ။ သိမ့်နန္ဒာဆိုတာ မင်း အမြဲ မော့ကြည့်နေရမယ့် မိန်းမတစ်ယောက် ဖြစ်စေရမယ်။

✿ ✿ ✿



အခန်း (၁၆)

"ဒေါ်လေးစိမ့် အားလုံး အဆင်ပြေရဲ့လားဟင်"

ဘုန်းကြီးပွဲအတွက် ပြင်ဆင်နေတုန်း အခန်းထဲဝင်လာသော နွေတမန်ကို ဒေါ်လေးစိမ့် တအံ့တသြ ကြည့်မိသည်။ ဘယ်လိုဖြစ်တာလဲ။ နက်စောစော ဘယ်တော့မှ မထတတ်တဲ့ သားကိုကို၊ ဒီနေ့တော့ စောကြီး နိုးထလို့နေပါလား။

"အဆင်ပြေပါတယ် သားကိုကိုရဲ့၊ ဘုန်းကြီးတွေက ကြောက်နာရီခွဲလောက်မှ ကြွလာမှာလေ၊ အခုမှ ငါးနာရီတောင် ထိုးသေးဘူး။ ဘာလို့ အစောကြီး ထ,လာရတာလဲ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်အိပ်မရလို့ ထ,လာတာပါ ဒေါ်လေးစိမ့်ရဲ့၊ ဒေါ်လေးတောင် တစ်ညလုံး ချက်ပြုတ်နေသေးတာပဲ၊ ကျွန်တော် အခုမှ ထ,လာတာပါ"

ဒီကလေး ခုတစ်လော ထူးထူးခြားခြားဖြစ်နေတာ ဒေါ်လေးစိမ့် သတိထားမိသည်။ အရင်ကနဲ့ လုံးဝမတူပါ။ ဘယ်တော့ကြည့်လိုက် ကြည့်လိုက် တက်ကြွလန်းဆန်းနေသည်။

အရင်ကဆိုလျှင် အမြဲ သုန်မှုန်နေတတ်သော ဘာကိုမှ အလိုမကျနိုင်သော နွေတမန် အတော်ကြီးကို ပြောင်းလဲနေတာ အထင်အရှား။

"မွေးနေ့ ဟုတ်လား၊ မလုပ်ချင်ပါဘူး၊ လူတွေပျော်နေတာလည်း မမြင်ချင်ဘူး၊ ကျွန်တော့်ဘဝက ဘာများ ကျေနပ်ပျော်စရာကောင်းလို့လဲ"

"မဟုတ်ဘူးလေ သားကိုကိုရဲ့၊ မွေးနေ့မှာ အလှူဒါနပြုတော့ သား ကုသိုလ်ရတာပေါ့၊ ပြီးတော့ မိသားစုတွေ သူငယ်ချင်းတွေနဲ့ ကိုယ့်ရဲ့မွေးနေ့မှာ သား ပျော်ပျော်ရွှင်ရွှင်ဖြစ်ရအောင် မာမိတို့ စီစဉ်ပေးတာပါ သားရယ်"

"ဟင့်အင်း သားစိတ်မပါဘူး မာမိ၊ ဆေးတွေနဲ့ အသက်ဆက်နေရတဲ့ ဘဝကြီးကို ရွံ့တယ်၊ သားမွေးနေ့မှာလည်း ဘယ်လိုနည်းနဲ့မှ ပျော်နိုင်စရာမရှိမှာ သေချာတယ်၊ မာမိတို့လုပ်ချင်ရင် ဘုန်းကြီးကျောင်းမှာ လှူလိုက်ပေါ့၊ မွေးနေ့ပွဲကြီးတော့ မလုပ်ချင်ပါဘူး"





"သားလေးရယ်"

အရင်ကဆို မွေးနေ့ပွဲလုပ်ဖို့ပြောတိုင်း ခါးခါးသီးသီးငြင်းတတ်သော နွေတမန်လေး ဒီနှစ်မှာတော့ တက်တက်ကြွကြွဖြစ်သွားတာကို အားလုံး အံ့သြကြရသည်။

"နေ့လည်က သားမာမီ ဖုန်းဆက်တယ်၊ သားမွေးနေ့ရက်မှာ ဘာလုပ်ချင်သလဲတဲ့၊ သားမိဘတွေကတော့ ဂျပန်မှာ သားတို့ညီအစ်ကိုအတွက် ရည်စူးပြီး ဘုန်းတော်ကြီးကျောင်းမှာ ဆွမ်းလှူပေးမယ်တဲ့"

နွေတမန်ရဲ့ မာမီဆီက ဖုန်းစကားကို ပြန်ပြောပြတော့ နွေတမန်မျက်နှာလေး ဝင်းလက်တောက်ပသွားခဲ့သည်။ မွေးနေ့ပွဲကို ကျင်းပချင်တယ်ဆိုတော့ ဒေါ်လေးစိမ့်တောင် အံ့သြမယုံနိုင်ခဲ့ပါ။

"သားကိုကို တကယ်ပြောတာလား၊ ဒါဆို ဒေါ်လေးစိမ့် စီစဉ်ပေးမယ်၊ ဘာကျွေးချင်တာလဲ ပြော၊ သားကိုကိုစိတ်ကြိုက် စီစဉ်ပေးမယ်"

"အရမ်း ခမ်းခမ်းနားနားကြီး မလုပ်ပါနဲ့ ဒေါ်လေးရယ်၊ ညီရဲ့ မိတ်တွေသူငယ်ချင်းတချို့နဲ့ ကျွန်တော့်သူငယ်ချင်းတချို့ကို ဖိတ်ပြီး ကျွေးမွေးကြရင် မကောင်းဘူးလားဟင်"

"ဟာ ကောင်းတာပေါ့၊ ဒေါ်လေးစိမ့် စီစဉ်ပေးမယ်၊ သားမာမီကိုလည်း အသိပေး ဖုန်းဆက်လိုက်ဦး၊ သူတို့ အရမ်း ဝမ်းသာသွားကြမှာ"

သည်လိုနှင့် နွေတမန်တို့ အမွှာညီအစ်ကိုရဲ့ မွေးနေ့ပွဲလေး



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပဖြစ်ခဲ့ကြခြင်းဖြစ်သည်။ ဆယ့်ခုနစ်နှစ်မြောက် မွေးနေ့ပွဲလေးမှာ ဘုန်းတော်ကြီးဆယ့်ခုနစ်ပါးကို ဆွမ်းကပ်လှူဖို့၊ မွေးနေ့ပရိသတ် နှစ်ဆယ်စာအတွက် ဒန်ပေါက်ထမင်းနှင့် ကြက်သားဟင်း၊ ဆိတ်သားဟင်းတွေကို ဒေါ်လေးစိမ့် စီစဉ်ပေးခဲ့ရခြင်းပင်ဖြစ်လေသည်။

"သားရေချိုးလိုက်ဦးမယ် ဒေါ်လေးစိမ့်၊ ခဏကြာရင် ညီ့ကို နှိုးလိုက်ဦး။ ဘုန်းတော်ကြီးတွေကြွလာရင် အတူ ဆွမ်းကပ်ရအောင်ပါ"

"အေး. အေး ရေချိုးရင် မြန်မြန်ချိုးနော် သားကိုကို၊ အပူအအေး စပ်ပြီးချိုး ဟုတ်လား"

သူမ စိုးရိမ်စွာသတိပေးတော့ နွေတမန် ပြုံးပြုံးလေး ခေါင်းညိတ်ပြကာ မီးဖိုခန်းထဲက ထွက်သွားခဲ့လေသည်။ ဒီကလေး ခုလို ရွှင်ရွှင်ပျပျလေး မြူးနေတာမြင်တော့ သူမ စိတ်ချမ်းသာရပါသည်။

အချိန်မှန်အိပ်၊ အချိန်မှန်ဆေးသောက်၊ သူမ သတိပေး စရာတောင် မလိုအပ်အောင် ပြောင်းလဲနေတာ ကျေနပ်စရာပါပဲ။ ချက်ပြုတ်စီစဉ်မှုတွေ ပြီးဆုံးတော့မှ သားညီညီကို နှိုးဖို့အတွက် ဒေါ်လေးစိမ့် ထွက်ခဲ့မိသည်။

စေတမန်အခန်းရှေ့အရောက်မှာပဲ အိပ်ချင်မူးတူး မျက်ဝန်းတွေကို လက်နှင့်ပွတ်သပ်ရင်း ထွက်လာသော စေတမန်ကို တွေ့ရသည်။

"သားညီညီ နိုးပြီလား၊ ဒေါ်လေးစိမ့် အခုပဲ လာနှိုးတာကွဲ့၊ ပြင်ဆင်ရေမိုးချိုးတော့လေ၊ နောက်နာရီဝက်လောက်ဆို ဘုန်းတော်





ကြီးတွေ ကြွလာတော့မှာ"

စေတမန် လက်နှစ်ဖက်ကို မြှောက်ရင်း အားပါးတရ သမ်းဝေနေသေးသည်။ ပြီးမှ

"ကျွန်တော်က မြန်တယ် ကိစ္စမရှိဘူး၊ ကိုကို့ကို သွားနှိုး လိုက်ဦး"

"အမလေး သားညီညီလို အိပ်ပုတ်မကြီးပါဘူး၊ နွေတမန်က ငါးနာရီမထိုးခင်ကတည်းက နိုးနေပြီ၊ ခုလောက်ဆို ရေမိုးချိုးပြီးလို့ ပြင်ဆင်ပြီးလောက်ပြီထင်တယ်"

စေတမန် မယုံနိုင်အောင် အံ့ဩသွားရသည်။ ကိုကိုက နိုးနေပြီဆိုပါလား။ တကယ့် အံ့ဖွယ်သုတပါပဲ။ အမြဲတမ်း ခုနစ်နာရီ ထိုးမှ အိပ်ရာကထတတ်တဲ့သူက ဘယ်လိုကြောင့် တက်ကြွနေတာ ပါလိမ့်။

"ကဲ မြန်မြန်လေးလုပ် သားညီညီရေ၊ ဒေါ်လေး ပြင်ဆင် စရာတွေ သွားပြင်ဆင်လိုက်ဦးမယ် ဟုတ်လား"

ဒေါ်လေးစိမ့် ထွက်သွားတော့မှ စေတမန် ရေချိုးခန်းဘက် ပွက်ခဲ့ရသည်။ ကိုကို့အခန်းရှေ့က ဖြတ်အလျှောက်မှာ အထဲက သီချင်းညီးသံသဲ့သဲ့ ကြားရတာမို့ အသာ ချောင်းကြည့်လိုက်မိသည်။

ကြည့်စမ်း။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ရပ်နေတဲ့ ကိုကို ဖွေတမန်။ နို့နှစ်ရောင်ရှပ်အင်္ကျီ၊ အပေါ်က မီးခိုးနုရောင်ကုပ်နဲ့ လိုက်ဖက်စွာ မီးခိုးနုရောင်ဘောင်းဘီကို ဝတ်ဆင်ထားသည်။ အ



www.burmeseclassic.com

www.burmeseclassic.com



ရောင်နက်ကတိုင်ကို မှန်ထဲကြည့်ကာ တပ်နေရင်း သီချင်းလေး တိုးတိုးညီးနေလေသည်။

ပိရိသေသပ်သော ဆံပင်တိုကို ခေါင်းလိမ်းဆီပါးပါးလူးလို့ အကျအန ခွဲနေပြန်သည်။ ကိုကို အခုလို တက်ကြွစွာ ပြင်ဆင်နေတာမျိုး မမြင်ဘူးတာမို့ စေတမန် အားမလိုအားမရ အခန်းထဲ ခေါင်းဝင်ကြည့်လိုက်မိသည်။

မှန်ထဲက ပြူးခနဲပေါ်လာသော စေတမန်မျက်နှာကြီးကြောင့် ကိုကို ဖျတ်ခနဲ လှည့်ကြည့်၏။

"ဟေ့ကောင် ညီ ဘာလာချောင်းတာလဲ"

"ဟာ ချောင်းတာမဟုတ်ပါဘူး ကိုကိုရဲ့ ကိုကို မနိုးသေးဘူးထင်လို့ နှိုးမလို့ပါ အဟဲ"

"ငါနိုးနေတာ ငါးနာရီမထိုးခင်ကတည်းကကွ၊ မင်းက ရေမချိုးသေးဘဲ ဘာလုပ်နေတာလဲ၊ အမြန်ချိုး အဝတ်အစားလဲလေကွာ၊ ဘုန်းတော်ကြီးတွေကြွလာရင် ဆွမ်းကပ်ရမယ်ကွ"

"သိပါတယ် ကိုကိုရဲ့ ဆွမ်းကပ်မှာ ကိုကိုက အနောက်တိုင်းဝတ်စုံကြီး ဝတ်ထားရသလားဗျ"

စေတမန့်စကားကြောင့် နွေတမန့်မျက်နှာလေး နီမြန်းသွားရသည်။ အခန်းထဲမှာ မွေးနေ့ဝတ်စုံကို အစမ်းဝတ်ကြည့်နေတုန်း စေတမန်နှင့် ရင်ဆိုင်တိုးနေသည်ကိုး။

"ဟေ့ကောင် ဆွမ်းကပ်တာ ငါက ဒီဝတ်စုံကြီး ဝတ်မလားကွ၊





ကြည့်ခံပွဲကျ ဝတ်မယ့်ဝတ်စုံ တော်မတော် အစမ်းဝတ်ကြည့်နေတာပါ"

နွေတမန် ရှက်ရှက်နှင့် မျက်နှာကြီးနီနေတာကြည့်ရင်း စေတမန် ရယ်လိုက်ချင်တာ။ ဒါပေမဲ့ မရယ်ရဲတာမို့ ပြုံးစိစိဖြင့်သာ ချုပ်ထိန်းရင်း

"တကယ်ဂွတ်တယ်ဗျာ၊ တို့ကိုကိုက ဒီလိုစတိုင်နဲ့ဆိုတော့ ဟိုက်တန်းနစ်ရုပ်ရှင်ထဲက လီယိုနာဒိုနဲ့ တစ်ထေရာတည်းပဲ မိတယ် အဟုတ်"

လူကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း အသားလွတ် ချီးကျူးနေတော့ နွေတမန် မျက်နှာမထားတတ်အောင် ထူပူနေရသည်။ ဖြူဝင်းနုသောမျက်နှာက ပန်းသွေးရောင်တွေ လိမ်းကျံထားသလို ဖြစ်နေသည်။

"ကောင်မလေးတွေသာ ကိုကို့ကိုမြင်ရင်တော့ တကယ့် ပူးမေ့ကုန်မှာ သေချာတယ်ဗျ"

"ဟေ့ကောင် လာနောက်မနေနဲ့ မင်း ရေးချိုးမှာမြန်မြန်ချိုး၊ ဟိုမှာ ခြောက်နာရီထိုးဖို့ ဆယ်မိနစ်ပဲလိုတော့တယ်ကွ"

ရှက်ဒေါသနှင့် ကိုကို မောင်းထုတ်နေပြီမို့ စေတမန် မဖုံးဖိနိုင်သော အရယ်မျက်နှာကြီးကို ဘရိတ်အုပ်ရင်း ရေချိုးခန်းဘက် လစ်ထွက်ခဲ့ရပါသည်။ တကယ့် ကိုကိုပါပဲ။ အရင်ကဆို မှုန်ကုပ်ကုပ်နဲ့ ဘာကိုမှ အလိုမကျသည့် ကိုကို ဒီရက်ပိုင်းမှာ သိသာစွာ ပြောင်းလဲသွားတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘာကြောင့်လဲ စေတမန် ခက်ခက်ခဲခဲ အဖြေရှာနေစရာ မလိုပါ။ တိမ်ပဝါကြောင့်ပဲပေါ့။

တိမ်ပဝါကို ကိုကိုက သူ့မွေးနေ့မှာ တစ်ဦးတည်းသော ညီ့သည်အဖြစ် ဖိတ်ကြားထားခဲ့သည်။ သည်တော့ ကိုကို့အတွက် သည့်မွေးနေ့ပွဲက တိမ်ပဝါကို ရှိုးပြမှာကလွဲလို့ ဘာဖြစ်ဦးမှာလဲ။

သူသိနေတာသာ ပြောလိုက်လျှင် ကိုကို့မျက်နှာကြီး ခရမ်းချဉ်သီးမှည့် ဖြစ်သွားလောက်သည်။ တော်တော်ရက်တတ်တဲ့ ကိုကိုပါပဲ။

တိမ်ပဝါရဲ့အသွင်နဲ့ ကိုကို့ကို ယှဉ်တွဲကြည့်တော့လည်း လိုက်ဖက်သည်ဟု စေတမန်ထင်ပါသည်။ ဆံနွယ်နက်မှောင်မှောင်ကြီးတွေနဲ့ တိမ်ပဝါက မာနကြီးသလို သိက္ခာလည်းကြီးမားသည်။

အသွင်တူတဲ့ ကိုကိုနဲ့ တိမ်ပဝါကတော့ လိုက်ဖက်ညီလှတဲ့ နှစ်ပါးသွားစုံတွဲပါပဲ။ တိမ်ပဝါနဲ့ ကိုကို့အကြောင်း စဉ်းစားမိတော့ သူ့အာရုံထဲဝင်လာတာ သိမ့်နန္ဒာရဲ့ မျက်နှာလှလှလေးဖြစ်သည်။.

တိမ်ပဝါအလှနှင့် သိမ့်နန္ဒာအလှက မတူညီဘဲ ကွဲပြားသည်။ ခေတ်မီလှပသော သိမ့်နန္ဒာအလှက ယစ်မူးစွဲမက်ဖွယ်ကောင်းသည်ဟု တမန်ထင်သည်။ သိမ့်ရဲ့ မျက်နက်ဝန်းအကြည့်တစ်ချက်၊ နှုတ်ခမ်းဖူးဖူးလေးက အပြုံးတစ်ပွင့်အောက်မှာ သူ့ရင်ခုန်သံတွေ ကြွေဆင်းခဲ့ဖူးတာ အကြိမ်ကြိမ်။

တစ်ခါတရံတော့ သူ့ကိုယ်သူ မကျေနပ်ချင်ပါ။ ဘာကြောင့်များ သိမ့်နန္ဒာရှေ့မှာ ဒူးထောက်ဝပ်စင်းသွားလောက်အောင် ဖြစ်သွားရတာလဲ။





ရင်ထဲက အလိုလိုဖြစ်ပေါ်လာသော အရာတစ်ခုကြောင့်ပဲ ဖြစ်မည်။

သိမ့်ရယ် မင်းရင်ထဲမှာတော့ မင်းရဲ့မာနနဲ့ မာကျောကျောစိတ်ခာတ်တွေကို ရိုက်ချိုးပျော်ဝင်သွားစေမယ့် အရာတစ်ခု ရှိမနေသေးဘူးလား။ တမင်ပဲ ဟန်ဆောင်သိုဝှက်ထားတာလား။

ဟန်ဆောင်ကန့်လန့်ကာကို ခွာချလိုက်ပါတော့လား သိမ့်နန္ဒာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ညှော်ခန်းထဲမှာပေမယ့် မွေးနေ့ပွဲလေးနှင့် တူညီလိုက်ဖက်အောင် ဦးနီနှင့် ဒေါ်လေးစိမ့်က အစွမ်းကုန် ပြင်ဆင်ပေးထားခဲ့သည်။ အသည်းပုံ ဘဲဥပုံ ရောင်စုံဘောလုံးလေးတွေ၊ ရောင်စုံပန်းဖွားလေးတွေနှင့် HAPPY BIRTHDAY ဆိုသော စာတန်းလေးတွေကအစ ပြင်ဆင်ထားသည်။

ကျောင်းကဖိတ်ထားသော စေတမန်သူငယ်ချင်း ယောကျ်ားလေးတွေက ခုနစ်နာရီခွဲကတည်းက ရောက်လာကြသည်။ မွေးနေ့လက်ဆောင် သည်းခံပါဟု ကြိုတင်တောင်းပန်ထားတာမို့ ဘယ်သူမှ ယူမလာကြပါ။ စေတမန်နှင့် တဝါးဝါး ပွဲကျပိုင်းဖွဲ့စားသောက်လို့





ပျော်နေကြသည်။

အဆိုမပါ အတီးသက်သက် ဂီတသံက ငြိမ့်ငြိမ့်လေး မျှောလွင့်လို့နေသလို နွေတမန်ရင်ခုန်သံတွေလည်း လှုပ်ခတ်မောလျလို့ နေရသည်။ ရှစ်နာရီထိုးဖို့ တရွေ့ရွေ့နီးကပ်လာသော နာရီကိုငုံ့ကြည့်ရင်း တိမ်ပဝါအရိပ်ကို မျှော်နေတာလည်း ရင်မောရသည်။

တိမ်ပဝါ ကတိပေးထားခဲ့သည်မို့လည်း အကြွင်းမဲ့ယုံသည်။ တိမ်ပဝါ ဘယ်လိုနည်းနဲ့မဆို ရောက်လာမှာပါ။

ခြံထဲကို ကားဖြူဖြူလေးတစ်စီး မောင်းဝင်လာသည်။ သိမ့်နန္ဒာရဲ့ ကားလေးဟု သူသိလိုက်သလို သူငယ်ချင်းတွေဝိုင်းမှာ ထိုင်နေသော စေတမန်လည်း ညှော်ခန်းထဲက သုတ်ခနဲထထွက်ကာ ပေါ်တီကိုအောက်ရောက်သွားခဲ့သည်။

မိုးပြာရောင်ကုတ်နှင့် ဘောင်းဘီကို ဆင်ယင်ထားသော စေတမန် အသွင်က ဖျတ်လတ်ပေါ့ပါးနေတာတွေ့တော့ နွေတမန်ရင်ထဲမှာ ပနာလို ဝန်တိုမိသလို ဖြစ်သွားမိသေးရဲ့။ စေတမန်က ထိုးရပ်လာသော ကားဖြူလေး၏ ရှေ့ခန်းတံခါးကို အလိုက်သတိနှင့်တောင် ဆွဲဖွင့်ပေးနေသည်။

ပွင့်သွားသောတံခါးလေးမှ အရင်ဆုံး ဆင်းလာသူက သိမ့်နန္ဒာ။ ကြက်သွေးရောင်ခေါင်းစွပ် ကိုယ်ကျပ်အင်္ကျီလေးနှင့် ကြက်သွေးရောင် လှိုင်းတွန့်စကပ်ပွပွလေး ဝတ်ဆင်ထားသော သိမ့်နန္ဒာက အလှနတ်သမီးလေးတစ်ပါးလို ကြွရွနေသည်။



www.burmeseclassic.com

www.burmeseclassic.com

စတပ်ဆံပင်ညိုလေးတွေက နုပျိုသောမျက်နှာလေးကို ပိုပို နုပျိုစေသည်။ ဝတ်စုံနှင့်လိုက်ဖက်သော အနီရောင်ကျောက်ပွင့်နားဆွဲလေးက လှုပ်ခါသွား၏။ နုဖတ်ချောမွေ့သော မျက်နှာလေးက အပြုံးပွင့်တွေ၊ ကိုယ်ကျပ်အင်္ကျီချပ်ချပ်လေးမှာ စီတန်းထားသော ကျောက်ပွင့်ဖြူလေးတွေနှင့်အပြိုင် စူးရှလို့။

"ဟက်ပီးဘက်ဒ်ဒေး တမန်"

အလှနုတ်သမီးလေး နှုတ်ခမ်းဖူးဖူးလေးက မွေးနေ့ဆုတောင်းသံ ချိုချိုလေးက တမန်ရဲ့ သတိကင်းလွတ်နေမှုကို လှုပ်နိုးလိုက်သည်။

"သင့်ခယူ သိမ့်၊ တကယ်ပဲကွာ အသက်ရှုမှားလောက်တယ်"

"အဟင်း ကျွေးမွေးရမှာက မွေးနေ့ရှင်နော်၊ တမန်ကလည်း မင်းသားလေးတစ်ပါးပါပဲ အဟင်း ဟင်း"

နွေတမန်မျက်ဝန်းတွေက သိမ့်နန္ဒာအလှမှာ အာရုံမဝင်စားနိုင်ပါ။ ကားနောက်ခန်းထဲမှ ဆင်းလာသူတွေထဲမှာ တိမ်ပဝါ ပါလာမလား စောင့်ကြည့်မိသေး၏။ သန္တာနှင့် မိသူကလွဲ၍ ပါမလာပါ။ နွေတမန်နှုတ်ဖျားက ပင့်သက်မောလေးတစ်ခု ပြုတ်ကျသွားရသည်။

"မွေးနေ့လက်ဆောင် လက်မခံဘူးဆိုပေမယ့် တမန်တို့ ညီအစ်ကိုအတွက် သိမ့် အမှတ်တရပေးဖို့ ယူလာတယ်"

"ဟာ သိမ့်ကလည်း မလိုပါဘူးကွာ၊ သိမ့်ရောက်လာတာကပဲ အကောင်းဆုံးလက်ဆောင်ပါ"

အပြာနုရောင်ဝတ်စုံ၊ ချောကလက်ရောင်နက်ကတိုင်နှင့်





ဖဲတိုင်ကျ ချောမောနေသော စေတမန့်စကားကြောင့် သိမ့်ရင်ထဲမှာ ကြည်နူးရိပ်တို့ လက်ဖြာသွားရလေသည်။

"လာ သိမ့် ကိုကို့ဆီ သွားနှုတ်ဆက်လိုက်ပါဦး"

စေတမန်က သိမ့်ကို ယှဉ်တွဲပြီး နွေတမန်ထိုင်နေရာ ဆိုဖာကြီးဆီသို့ လျှောက်လာလေသည်။ လိုက်ဖက်ညီလှသော စေတမန်နှင့် သိမ့်နန္ဒာကို နွေတမန် ငေးကြည့်နေမိသည်။

"ဟက်ပီးဘက်ဒ်ဒေးပါ နွေတမန်၊ ဟောဒီလက်ဆောင်လေးတွေကိုတော့ လက်ခံစေချင်ပါတယ်"

သိမ့်ကမ်းပေးနေသော ဖဲပြားဝါဝါလေးတွေ ချည်နှောင်ထားသည့် ဘူးရှည်ရှည်လေးကို နွေတမန် မျက်မှောင်ကုပ်ကြည့်ရင်း

"ဆောရီး သိမ့်နန္ဒာ၊ ကိုယ်တို့ မွေးနေ့လက်ဆောင် လက်မခံဘူးလို့ ပြောထားတယ်လေ"

သိမ့်မျက်နှာ ကွက်ခနဲပျက်သည်။ သို့ပေမယ့် လှပသော ပျက်နှာလေးကို အချိန်မီပြန်ပြင်ရင်း အပြုံးလေးတွေနှင့် ဖုံးဖိသည်။ သိမ့်မျက်နှာလေးကို အရိပ်လိုကြည့်နေသော စေတမန်ကတော့ သိမ့်မျက်နှာပျက်သွားတာမို့ ကသောကမျောဝင်ထိန်းသည်။

"ကိုကိုကလည်း သိမ့်က ညီ့ကိုခင်လို့ပေးတာ လက်ခံလိုက်ပါနော်"

သိမ့်လက်ထဲကဘူးလေးကို တမန် လှမ်းယူပြီး တမန်က နွေတမန်လက်ထဲ လှမ်းပေးနေသည်။ နွေတမန် စိတ်ညစ်ညူးဟန်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လှမ်းယူဖို့ အပြင်မှာပဲ ခြံထဲကို လှမ်းဝင်လာသော စက်ဘီးလေး တစ်စီးကို လှမ်းမြင်လိုက်ရလေသည်။

နွေတမန်မျက်ဝန်းတွေ လက်ခနဲ တောက်ပသွားကာ ဆတ်ခနဲ ထ,ရပ်သည်။ စေတမန်နှင့် သိမ့်နန္ဒာ နွေတမန်မျက်ဝန်းတွေ ဦးတည်ရာ ခြံအပြင်ကို လှမ်းကြည့်လိုက်တော့ တိမ်ပဝါ။

"ညီ သိမ်းထားလိုက်ကွာ၊ ကိုကို တိမ်ပဝါကို ကြိုလိုက်ဦးမယ်"

နွေတမန် လက်ဆောင်ဘူးလေးကို မေ့လျော့သွားပြီ။ ခြေလှမ်း ကျဲကျဲကြီးတွေက ပေါ်တီကိုအောက်မှာ ထိုးရပ်သွားသော တိမ်ပဝါရဲ့ စက်ဘီးနီနီလေးအနီးကို အသွက်လက်ဆုံး ရောက်ရှိသွားခဲ့လေသည်။

သိမ့်မျက်ဝန်းစူးစူးတွေ ကိုကိုတို့နှစ်ယောက်ထံမှာ ငေးစိုက် နေတုန်းမှာပဲ စေတမန် လက်ထဲမှာကိုင်ထားဆဲ ဘူးလေးကို ဘောင်းဘီ အိတ်ထဲ အသာထိုးထည့် သိမ်းဆည်းလိုက်သည်။

"တိမ်ပဝါရယ် မျှော်လိုက်ရတာကွာ"

"လာမယ်လို့ ကတိပေးထားတာပဲ နွေတမန်ရယ်"

မျက်နက်ဝန်းလေးတွေက နွေတမန်ကိုကျော်ကာ သိမ့်နှင့် စေတမန်ကို တိမ်ပဝါ လှမ်းကြည့်မိသည်။ သိမ့်မျက်ဝန်းစူးစူးလေးတွေက ပဝါတို့ကို စူးစိုက်ကြည့်နေပါလား။

ဗေဒါရောင်ဝတ်စုံလေးနှင့် လိုက်ဖက်သော တိမ်ပဝါ အလှ တရားတွေထဲမှာ နွေတမန် နစ်မွန်းမင်သက်နေခဲ့တာ အတော်ကြာသည်။ တကယ့်ကို ရိုးရိုးရှင်းရှင်းနဲ့ လှပလွန်းတဲ့ တိမ်ပဝါရယ်။ ရင်ကွဲအင်္ကျ





လေးက ချပ်ရပ်သော တိမ်ပဝါခန္ဓာကိုယ်လေးမှာ လှပကျော့ရှင်းစွာ ပင်းထင်းလေးရှိနေသည်။

မြတ်နိုးဖွယ် ဆံနွယ်ရှည်ကြီးတွေကိုမြင်တော့ နွေတမန် စ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

"ပဝါ ဘယ်ဘက်ကို ခဏလေး စောင်းငဲ့ကြည့်လိုက်"

နွေတမန် ဘာကိုဆိုလိုသည်ကို သဘောပေါက်စွာနှင့် တိမ်ပဝါ ပြုံးနွေးလေးပြုံးသည်။ ခေါင်းလေးကို ငဲ့စောင်းအလှည့်မှာ ကျောက်စိ ညှပ်လေးက တိမ်ပဝါဆံနွယ်တွေကို စုနှောင်ထုံးဖွဲ့ထားသည်။

တိမ်ပဝါမျက်နှာလေး ရှက်သွေးရောင်လွှမ်းနေသလို နွေတမန် မျက်ဝန်းလေးတွေက ကြည်လင်ဝင်းပလို့။

"ကဲ လာပါ တိမ်ပပါ၊ မင်းကိုစောင့်ရင်း ကိုယ် ရောဂါတွေ တိုးလာတော့မလားဘဲ၊ ရင်မောလိုက်ရတာကွာ"

"ပျော်စရာမွေးနေ့ဖြစ်ပါစေ နွေတမန်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ ပဝါ"

တိမ်ပဝါနံဘေးမှာ အရိပ်လိုကပ်ရင်း မြူးကြွနေသည့် နွေတမန် သွင်ကို သိမ့် မျက်မှောင်တွန့်ကြည့်နေမိဆဲ။ တိမ်ပဝါကို မွေ့ချီတော့ တလောက်အောင် အကဲပိုနေသော နွေတမန်ကို ဘာကြောင့်များ ိပ့် ဒေါသဖြစ်နေရတာလဲတောင် ကိုယ့်ကိုကိုယ် မတွေးမိပါ။

မိတိမ်ပဝါဆိုတာကလည်း ကြည့်စမ်း၊ မနာလိုစရာကောင်း လာက်အောင် သိမ်မွေ့လှပနေလိုက်တာ။ သိမ့် အံကလေးတင်း



www.burmeseclassic.com

www.burmeseclassic.com

စေ့ရင်း ရပ်နေမိဆဲ၊ စေတမန် နံဘေးမှာရှိနေတာတောင် မေ့လျော့လို့။

"သိမ့် လာလေ ဟိုမှာ သန္တာတို့တောင် ပါးတီးဆွဲနေကြပြီ"

စေတမန်အသံကိုကြားမှ သိမ့် သတိဝင်လာရ၏။ ခေါင်းကလေး မော့၊ အပြုံးလေးချိုလို့ စေတမန်မျက်နှာချောချောကို ကြည့်လိုက်မိသည်။ တိမ်ပဝါ မင်းရဲ့နွေတမန် မြတ်နိုးယုယတာထက်တောင် စေတမန်ရဲ့ဆီက တို့ ပိုင်ဆိုင်ရယူပြမယ်။ ထပ်ကြည့်လိုက်စမ်း တိမ်ပဝါ။

"လာ သိမ့်ရေ၊ ငါတို့တော့ လိုက်ပွဲတောင်ဆွဲနေပြီဟ"

"စားကြပါဟာ၊ ငါ ဒန်ပေါက်မကြိုက်ဘူး၊ ဒန်ပေါက်ထမင်း စားရင် ခေါင်းတွေမူးတတ်လို့"

"ဟာ သိမ့် ဒန်ပေါက်ထမင်းမကြိုက်ရင် ထမင်းဖြူနဲ့ဟင်းနဲ့ စားပေါ့၊ ကိုယ် ထည့်လာပေးပါ့မယ်၊ လာ ဒန်ပေါက်မကြိုက်သူတွေ အတွက် ထမင်းဖြူ အသင့်ရှိပါတယ် သိမ့်ရဲ့"

သိမ့် တမင်ပြောလိုက်တာကို မရိပ်မိဘဲ စေတမန်က ထမင်းဖြူတွေ ပန်းကန်ထဲ ထည့်ပေးသည်။ ဟင်းတွေကိုပါ ခပ်ထည့် ပေးနေသေးသည်။ တမန် ပျာရာခတ်နေတာကို သန္တာနှင့် မိသူ ကြိတ်ရယ်နေသည်။ သိမ့်ကတော့ ခွေးခွေးလေးပြုံးရယ်လို့ မလှမ်း မကမ်းက တိမ်ပဝါတို့ဝိုင်းကို ဝေ့ကြည့်နေမိသည်။

"စားနော် သမီးလေး၊ ဒေါ်လေးစိမ့်လက်ရာကွဲ့ အဟင်း"

"ခဏနေဦး ပဝါ၊ အဲဒီပွဲကိုထားလိုက်၊ ပဝါအတွက် ကိုယ်ကိုယ်တိုင် အသစ်ပြင်ပေးပါရစေ"





"ရပါတယ် နွေတမန်ရဲ့ အတူတူပဲဥစ္စာ"

"မတူဘူးလေ၊ ပဝါက ကိုယ် သီးသန့်ဖိတ်တဲ့ တစ်ဦး တည်းသော ဧည့်ပရိသတ်လေ၊ ဒီတော့ ကိုယ်တိုင်ပဲ ပြင်ဆင်ပေးပါ ရစေကွာ"

ဟန်မဆောင်နိုင်လောက်အောင် အကဲပိုနေသော နွေတမန်ကို ကြည့်ကာ ဒေါ်လေးစိမ့် ပြုံးလိုက်မိသည်။ ဒီကောင်လေး ဘာကြောင့် ပြုံးကြွနေသလဲဆိုသော အဖြေကို အခုမှပဲ သူမ သိတော့သည်။

တိမ်ပဝါတဲ့။ နာမည်လေးနဲ့ လိုက်ဖက်အောင် နူးညံ့လိုက်တာ။ သားညီညီနံဘေးက ကောင်မလေးနှင့်မတူ။ တိမ်ပဝါလေးကိုပဲ သူမ သဘောကျပါသည်။ သားကိုကိုကလည်း နူးနူးညံ့ညံ့နဲ့ တည်ကြည်စွာ နေတတ်သူလေ။

တိမ်ပဝါဆိုတဲ့ ကောင်မလေးနဲ့ဆိုရင်တော့ လိုက်ဖက်ညီမှာ သေချာသည်။ ဒါပေမဲ့ တစ်ခုတော့ရှိသည်။ သားကိုကိုနဲ့ ချစ်စရာ ကောင်းတဲ့ ကောင်မလေးကို သူမ ကြိတ်ပြီး သဘောတူနေခဲ့တာ ဟရားမျှတပါ့မလား။

သားကိုကိုက သိပ်နုနယ်တဲ့ကလေး။ ကျန်းမာရေးကလည်း ကောင်းရှာသူမဟုတ်။ တိမ်ပဝါဆိုသော ကလေးမလေးဘက်က စိတ်နာမှာလည်း စိုးလှသည်။ ကံကြမ္မာတွေဆိုတာ မြင်နိုင်တဲ့အရာမှ မဟုတ်ဘဲ။

ဘာတွေဖြစ်လာဦးမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"စားနော် တိမ်ပဝါ၊ သိပ်အီနေရင် ဟင်းတွေကုန်အောင်တော့ စား၊ နေဦး ဒီမှာ အအီပြေအောင် လိမ္မော်ရည်လေးသောက်ဦး"

အနားမှာ တတွတ်တွတ်ကပ်ပြီး ဂရုစိုက်ပြနေသော နွေတမန်ကြောင့် ပဝါ အနေတောင်ခက်လာမိရဲ့။ နွေတမန်ဒေါ်လေးကတော့ အလိုက်တသိ ရှောင်ထွက်သွားခဲ့သည်။

"ပဝါရယ် ကိုယ် အရမ်းကြည်နူးနေတယ် သိလား၊ ပဝါ ရောက်လာလို့ ကိုယ်အရမ်းပျော်နေတာ ဒေါ်လေးစိမ့်တောင် ရိပ်မိသွားပြီ ပဝါရဲ့"

"နွေတမန်ပျော်ရင် ပဝါကျေနပ်ပါတယ် နွေတမန်ရယ်၊ နွေတမန်အတွက် လက်ဆောင်တစ်ခု ပေးချင်တယ်"

"မလိုပါဘူး ပဝါရယ်၊ ကိုယ် ပဝါ့ဆီက ဘာမှမလိုချင်ပါဘူး"

"မွေးနေ့လက်ဆောင် လက်မခံပေမယ့် ပဝါ့လက်ဆောင်ကိုတော့ လက်ခံပါ၊ ဒီနေ့တော့ မယူလာရဲဘူး၊ သူများတွေရှေ့မှာ မပေးရဲလို့၊ မနက်ဖြန်ကျ ပဝါယူခဲ့မယ်၊ နံ့သာကုန်းထိပ်လမ်းဆုံက နွေတမန်ကားလေး လာချိန်ကို ပဝါ ကြိုစောင့်နေမယ်နော်"

"ပဝါရယ် တကူးတကကြီး မပေးပါနဲ့"

"မငြင်းကြေးလေ၊ ပဝါတုန်းကလည်း နွေတမန် အတင်းဖွတ်ပေးခဲ့လို့ လက်ခံခဲ့ရတာ၊ ဒီတစ်ခါတော့ အကြွေးပြန်ဆပ်ရမယ်"

ပြုံးပြုံးကလေးဆိုလိုက်သော တိမ်ပဝါ မျက်နှာလေးကို နွေတမန် တမေ့တမောလေး ငေးလို့ကြည့်လိုက်မိသည်။

စိုးမိုးစာပေ



ရင်ထဲမှာ ကြည်နူးချမ်းမြေ့စရာကောင်းလိုက်တာ တိမ်ပဝါရယ်။ သေချာပါတယ်၊ မင်းလေးရှိနေသ၍ ကိုယ် လောကကြီးထဲမှာ ပျော်ပျော်ကြီး ရှင်သန်နေခွင့်ရချင်ပါရဲ့။

စားလက်စထမင်းကို ဆက်မစားချင်လောက်အောင် သိမ့်ရင်ထဲမှာ ဝန်တိုမှုတွေ ပြည့်ကျပ်လာရသည်။ နှစ်ဦးတည်း မျက်နှာချင်းဆိုင် ကြည်နူးနေလိုက်ကြတာ ပတ်ဝန်းကျင်ကိုမေ့လို့။

သိပ်ပျော်နေတာလား တိမ်ပဝါ။ တစ်ချိန်မှာ မင်းနဲ့တို့ အတူတူကြဦးမှာပါ။ အဲဒီအခါကျမှ မင်းနဲ့ငါ ထပ်ပြိုင်ဆိုင်ကြရအောင် တိမ်ပဝါ။

ကံကြမ္မာကို ကြိုမြင်နိုင်နေသည်လားတော့ မသိ။ သိမ့်နန္ဒာ ရင်ထဲမှာ အတွေးတွေနဲ့ အစီအမံတွေ ဆွဲလို့နေသည်။

နွေတမန်နဲ့ တိမ်ပဝါ။

စေတမန်နဲ့ သိမ့်နန္ဒာ။

စုံတွဲနှစ်ပါးသွားလေးရဲ့ အဆုံးသတ်က ဘာလဲ၊ ဘယ်လဲ။

ကံကြမ္မာကို ကြိုမမြင်နိုင်သေးတဲ့အထိတော့ ရယ်မောလိုက်ဦးပေါ့လေ။

❀ ❀ ❀

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

'ကမ္ဘာလောကကြီးအား အမြဲလှုပ်ရှားရှင်သန်စေသော အရာမှာ အချစ်ဆိုသောအရာသာ ဖြစ်သည်'တဲ့။ စာအုပ်တစ်အုပ်ထဲမှာ သူ ဖတ်ဖူးသော စာသားလေးကို တစ်ချိန်က သဘောကျစွာနှင့် ဒိုင်ယာရီ စာအုပ်လေးထဲမှာ ကူးယူထားခဲ့ခြင်းဖြစ်သည်။

သိပ်ကိုမှန်ကန်တဲ့ စကားလေးဟု နွေတမန် ယုံကြည်မိပါပြီ။ ရှင်လျက်နဲ့ သေဆုံးနေခဲ့ရသော သူ့ဘဝမှာ တိမ်ပဝါဆိုသော သူငယ်ချင်းမလေးကြောင့် ပြန်အဓိပ္ပာယ်ရှိလာခဲ့တာပဲဖြစ်လေသည်။

အံ့ဩစရာကောင်းလိုက်တာ။ ချစ်ခြင်းရဲ့တန်ခိုးတွေက





သည့်လောက်ထိ ကြီးမားနေမည်ဟု အရင်က သူ မသိခဲ့ပါ။ သူ့ဘဝကို သူ့စိတ်ထဲမှာ အလိုမကျနိုင်ခဲ့။ ဝမ်းနည်းခြင်း၊ အလိုမကျခြင်းတွေ နှင့်သာ မွန်းကျပ်လှောင်ပိတ်နေခဲ့သည်။

ထိုအခါတွေတုန်းက သူ သေရမှာကိုလည်း မကြောက်နိုင် ခဲ့ပါ။ သူ့အသက်ကို ဆက်ရှင်သန်ခွင့်ပေးသော ဆေးတွေကိုလည်း မုန်းသည်။ ကံကြမ္မာကိုလည်း မုန်းတီးနေခဲ့သည်။

သေခြင်းတရားကလွဲလျှင် ဘာကိုမှ သူ အလိုမရှိခဲ့တာ အမှန်။ ညစ်ညူးပိတ်လှောင်နေသော စိတ်တွေအားလုံး တိမ်ပဝါဆိုသော သူမနှင့် ဆုံလိုက်ရအပြီးမှာ ပြောင်းလဲသွားခဲ့ပါချေသည်။

"သားကိုကို့ကို ဒေါ်လေးမေးချင်လို့"

မွေးနေ့ပွဲ ပြီးဆုံးသွားသည့်နေ့က ဒေါ်လေးစိမ့်က မေးလာသည်။ ဘာမေးမှာလဲဆိုတာ ကြိုသိနေသော သူ ရှက်ရွံ့ရွံ့တော့ ဖြစ်ရသေးသည်။ တိမ်ပဝါတစ်ယောက်တည်းကိုပဲ သူဖိတ်ခဲ့တာ၊ မွေးနေ့ပွဲရောက်တော့လည်း အသိတရားတွေ ကင်းလွတ်စွာ ပျော်ယာခတ်နေခဲ့တာတွေကို ဒေါ်လေးစိမ့် ရိပ်မိနေပြီထင်ပါရဲ့။

"တိမ်ပဝါဆိုတဲ့ ကလေးမလေးက သားရဲ့သူငယ်ချင်းလား"

"ဟုတ်တယ် ဒေါ်လေးစိမ့်၊ ကျောင်းမှာ ကျွန်တော် မူးလဲ တုန်းက သူကူညီပေးရင်း ခင်မင်သွားခဲ့တာပါ"

"အင်း တိမ်ပဝါလေးက ချစ်စရာလေးပါ သားရယ်၊ ဒေါ်လေးစိမ့်တော့ သဘောကျတယ်၊ သားညီညီကတော့ သိမ့်နှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်ထင်ပါရဲ့၊ ဒေါ်လေးကတော့ အဲဒီကလေးမလေးကို သိပ်မကြိုက်ချင်ဘူး။ ချောတာလှတာလေးတော့ ငြင်းလို့မရပါဘူးလေ''

''သိမ့်နန္ဒာနဲ့ ညီအကြောင်း ဒေါ်လေးစိမ့် ဘယ်လိုသိတာလဲဟင်''

''သားညီညီကိုယ်တိုင် ဒေါ်လေးစိမ့်ကို ပြောခဲ့တာလေ၊ ဒါပေမဲ့ ခုချိန်ထိတော့ သားညီညီဘက်က တစ်ဖက်သတ်ဖြစ်နေရတုန်းပဲတဲ့၊ ကောင်မလေးက အင်တင်တင်လုပ်နေတယ်တဲ့''

ညီတစ်ယောက် သိမ့်နန္ဒာရဲ့ မှုယာမာယာတွေအောက်မှာ အဆိပ်တက်နေပြီထင်ပါရဲ့။ အင်းလေ သိမ့်နန္ဒာက အလှအပမှာကော မာနကြီးတဲ့နေရာမှာပါ နာမည်ကျော်ပဲလေ။ သူငယ်ချင်းတွေ စာသင်ခန်းထဲမှာ သိမ့်နန္ဒာအကြောင်း ပြောနေတာ သူကြားဖူးထားခဲ့သည်ပဲ။

''သားညီညီကိစ္စ ထားပြီး သားအကြောင်းပြောပါဦး၊ သားနဲ့ တိမ်ပဝါလေး အခြေအနေကကော တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးကြတာတော့ ဒေါ်လေးအမြင်ပဲ၊ သားနဲ့လည်း လိုက်ဖက်မယ်ထင်မိတယ်''

ဒေါ်လေးစိမ့်စကားတွေကို နားထောင်ရင်း နွေတမန်ရင်ထဲမှာ ကြည်နူးရသည်။ အရာအားလုံး တောင့်တသလိုဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဒါပေမဲ့ သူနဲ့ တိမ်ပဝါကြားမှာ ဖြူစင်သော သံယောဇဉ်တွေပဲ ရှိသေးသည်။

''တိမ်ပဝါနဲ့ သားက သူငယ်ချင်းမိတ်ဆွေတွေပါပဲ ဒေါ်လေးစိမ့်''





သူ ထိုမျှသာ အဖြေပေးခဲ့သည်။ ရင်ထဲက ခံစားချက်တွေကိုလည်း မျိုသိပ်ထားတာအကောင်းဆုံး။

တိမ်ပဝါမှာ ကြီးမားသော ရည်ရွယ်ချက်တွေရှိနေသည်။

သူ့ကြောင့် တိမ်ပဝါဘဝလေးမှာ အနှောင့်အယှက် မဖြစ်စေလိုပါ။ စာမေးပွဲတွေလည်း နီးကပ်နေခဲ့ပြီ မဟုတ်လား။ အနာဂတ်ကို အဝေးကြီးအထိ သူ ကြိုတင်မတွေးချင်ပါ။

တိမ်ပဝါနှင့် ခင်မင်ခွင့်လေးကို သူ ကျေနပ်သည်။ ကြည်နူးမိသည်။ ထိုထက်ဘာမှ သူ မှန်းဆမထားချင်ပါ။ မေ့လျော့ထားသော အရာတွေထဲမှာ သူ့ကျန်းမာရေးဆိုတာလည်း ရှိသေးသည်။

သူ ခံစားရသော ဝေဒနာကို သူပဲသိသည်။ သေခြင်းတရားဆိုတာ ကြိုတင်မမြင်နိုင်ပေမယ့်လည်း သူ့ခန့်မှန်းမိတိုင်း ကြောက်လန့်ရသည်။ ဝေဒနာနှင့် လူးလဲခံစားရတိုင်း သူ ချွေးတွေပြန် မျက်လုံးတွေပြာဝေလျက် သေလုမတတ်။

လောကကြီးထဲက သူ စောစီးစွာ ထွက်ခွာသွားခဲ့ရတဲ့ တစ်နေ့ကို တွေးကာ အရင်က မကြောက်တတ်ပေမယ့် သူ ကြောက်လန့်နေတတ်ခဲ့ပြီ။

သူ့ဘဝရဲ့ ကျေနပ်စရာအကောင်းဆုံး ကာလလေးတွေကို ယခု သူပိုင်ဆိုင်နေခဲ့ရသည်။ သည်ကာလလေးက တိုတောင်းလှမည်လားလဲ မတွေးချင်ပါ။

တိမ်ပဝါရဲ့ စကားသံလေးတွေကို ကြားနေရသော ဘဝလေးကို



www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြာစေချင်သည်။ ဒါကြောင့်လည်း သူ မုန်းတီးလှသော ဆေးတွေကို သူ ဂရုတစိုက် သောက်ခဲ့သည်။ ကျန်းမာရေးကို သူ အလေးထား နေတတ်ခဲ့မိသည်။

တိမ်ပဝါရယ် နွေတမန်ဆိုတဲ့ကောင်ရဲ့ ဘဝလေးဟာ မင်းနဲ့ဆုံမှ ငြိမ်းချမ်းစွာ ပြောင်းလဲသွားခဲ့ရတာပါ။

"ကိုကို အိပ်နေပြီလားဟင်"

ညီ့အသက်တိုးတိုးလေးကြောင့် မျက်လုံးတွေမှိတ် ငြိမ်သက်နေသော နွေတမန် မျက်လုံးဖွင့်ကြည့်မိသည်။ အခန်းတံခါးဝမှာ ရပ်နေသော စေတမန် သူ့ခုတင်အနားကို လျှောက်လာသည်။

"ဘာကိစ္စလဲ ညီ၊ ကိုကို ဆေးသောက်ပြီးလို့ ခဏ မှေးနေတာပါ"

"ဘာရယ်မဟုတ်ပါဘူး၊ ကိုကို့ကို သိမ့်ပေးသွားတဲ့ လက်ဆောင် ပေးမလို့ပါ၊ ရွှေရောင်ဖောင်တိန်လေးတွေ ကိုကိုရဲ့"

"မင်းပဲယူလိုက်တော့ ညီရာ၊ ကိုကို မလိုချင်ဘူး"

နွေတမန်စကားကြောင့် စေတမန် မျက်မှောင်ကုပ်သွားခဲ့သည်။ ဒါကိုမြင်လိုက်သော နွေတမန် ခုတင်ပေါ်က ထထကာထိုင်လိုက်ရင်း

"ညီ့ရဲ့ သိမ့်ကပေးတာ ညီပဲယူပါ၊ ကိုကို့အတွက် မလိုအပ်လို့ပါ"

"သိမ့်သိသွားရင် မကောင်းဘူး၊ သူက မွေးနေ့လက်ဆောင် အမှတ်တရအဖြစ် ပေးတာ၊ ညီ့မှာလည်း တစ်ချောင်းရှိပါတယ်"





"ကိုကိုစာရေးရင် ဖောင်တိန်နဲ့မရေးတတ်တာဘဲ ညီရာ၊ မလိုအပ်ပဲ ယူထားလို့ သံချေးတက် ပျက်စီးသွားရုံပဲရှိမှာပေါ့၊ မင်းယူပါ၊ သိမ့်နန္ဒာ မသိနိုင်ပါဘူး၊ ကိုကိုက မင်းကို ပြန်လက်ဆောင်ပေးတယ် သဘောထားလိုက် ဘာပြဿနာရှိစရာလဲ"

နွေတမန့်စကားကို ကျေနပ်စွာ စေတမန် ခေါင်းညိတ်သည်။ မွေးနေ့လက်ဆောင် ဖောင်တိန်လေးကို ရှပ်အင်္ကျီထဲ ပြန်ထည့်ရင်း

"ကိုကို့ဆီမှာ ပျက်စီးမဲ့အတူတူ ညီပဲ ယူလိုက်တော့မယ်၊ သိမ့်သိတာမှ မဟုတ်ဘဲ၊ ကိုကိုပြောတာ မှန်တယ်"

ညီ ကျေနပ်သွားတာမို့ သူလည်း ပြုံးလိုက်မိသည်၊ စေတမန်က သူ့အပြုံးတွေကို ငေးစိုက်ကြည့်နေရင်း

"ကိုကို့ကိုကော တိမ်ပဝါက လက်ဆောင်မပေးဘူးလား ကိုကို"

သူ ခေါင်းကိုပဲ ခါရမ်းပြလိုက်မိပါသည်၊ တိမ်ပဝါနှင့် သူ့ကြားမှ ကိစ္စတွေကို ဘာကြောင့် လျှို့ဝှက်ထားချင်နေမိသည်မသိ။

"အင်းလေ တိမ်ပဝါဘဝက အဒေါ်အိမ်မှာနေပြီး အထောက်အပံ့နဲ့ ကျောင်းတက်နေရရှာတာဆိုတော့ သနားစရာပါ ကိုကိုရာ၊ မွေးနေ့လက်ဆောင် မပေးနိုင်တာ အပြစ်မဟုတ်ပါဘူး"

တိမ်ပဝါအပေါ် ညီ နားလည်စွာနှင့်ဆိုသည်။ သူကတော့ ပဝေဖန်ဘဲ တိတ်ဆိတ်နေမိသည်။

"ကိုကိုအိပ်တော့လေ ညီသွားတော့မယ်"

အခန်းထဲက ညီ လှမ်းထွက်သွားတာကို သူ ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ တိမ်ပဝါဘဝလေးက သနားစရာတဲ့။ တကယ်လည်း သနားစရာကောင်းတာ သူသိသည်။ ဒါပေမဲ့ တိမ်ပဝါက သူ့အတွက် လက်ဆောင်ပေးမှာကိုတော့ ကျေနပ်မိသည်။

တန်ဖိုးရှိဖို့ မလိုအပ်ပါဘူး တိမ်ပဝါရယ်။ မင်းပေးတဲ့ လက်ဆောင်လေးကို ကိုယ် မြတ်နိုးစွာ သိမ်းထားချင်ရုံသက်သက်ပါ။

မနက်ကျရင် ဆုံဖို့အတွက် ကိုယ့်စိတ်တွေ စောနေမိတယ် တိမ်ပဝါရယ်။ မင်းရဲ့မျက်နှာလေးကို မြင်ချင်တယ်။

အခုတော့ အိပ်မက်ထဲမှာ ဆုံကြစို့ တိမ်ပဝါရယ်။

✿ ✿ ✿



## အခန်း (၁၉)

နံ့သာကုန်းထိပ်မှာ ရပ်ထားသောကားကြီးကို တိမ်ပဝါ အဝေးကတည်းက လှမ်းမြင်ရတာမို့ အံ့ဩသွားရသည်။

တကယ်ဆို တမင်နောက်ကျမှာစိုး၍ တိမ်ပဝါ အရင်နေ့တွေကထက် စောထွက်ခဲ့ခြင်းဖြစ်သည်။ အခုတော့ နွေတမန်ကားက ရပ်စောင့်နေရပြီ။

တိမ်ပဝါ ခြေလှမ်းတွေ ခပ်သွက်သွက် လှမ်းလျှောက်ခဲ့တော့ ကားတံခါးပွင့်သွားပြီး နွေတမန်ကလည်း သူမထံ လျှောက်လာသည်။ ဖြူဖွေးသော အင်္ကျီလက်ရှည်၊ စိုလဲ့လဲ့ပုဆိုးစိမ်းနှင့် လျှောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



နွေတာမန်သည် တိမ်ပဝါမျက်ဝန်းထဲမှာ ကြည့်လို့ကောင်းနေလေသည်၊

နှစ်ဦးဆုံကြတော့ နွေတာမန် နှုတ်ခမ်းလေး အထက်မှာ ချွေးလေးတွေ စို့နေလေသည်။ (continued) 

"ဆောရီး နွေတာမန် ပဝါနောက်ကျသွားတယ်"

"ပဝါနောက်မကျပါဘူး ကိုယ်ကိုယ်တိုင်က စိတ်လောပြီး အစောကြီးထွက်ခဲ့မိတာပါ"

မောဟိုက်သံလေးနှင့် နွေတာမန်ဆိုနေတော့ တိမ်ပဝါ သနား သွားရသည်။ ဟုတ်ပါရဲ့ နွေတာမန်က အမောအပန်းမှ မခံနိုင်တာဘဲလေ၊

"အရမ်းမောနေလား နွေတာမန့်ရယ်၊ ဘာလို့ လျှောက်လာ ရတာလဲ၊ တိမ်ပဝါ လာခဲ့မှာပဲဟာ"

စိုးရိမ်စွာနှင့်ဆိုနေသော တိမ်ပဝါရဲ့ နှုတ်ခမ်းလေးတွေကို နွေတာမန် ငေးမောရင်း ခေါင်းရမ်းပြမိ၏။ ရင်ထဲမှာ မောဟိုက်နေမှု တွေက တော်တော်နှင့်မပြေနိုင်။ ခုတလော ဘာကြောင့်မှန်းမသိ၊ နွေတာမန် အရမ်းမောတတ်နေသည်။

"ရော့ နွေတာမန်အတွက် ပဝါရဲ့လက်ဆောင်"

"ဘာ ဘာတွေလဲ တိမ်ပဝါရယ်"

စက္ကူအိတ်ကြီးကို မျက်မှောင်ကုပ်ကြည့်ရင်း နွေတာမန် မေးနေသည်။ တိမ်ပဝါ နွေးနွေးကလေးပြုံးလိုက်ရင်း

"ယူလေ နွေတာမန်ရဲ့၊ ဖွင့်ကြည့်ပေါ့ ဘာလဲသိချင်ရင်"

ကမ်းပေးနေသော စက္ကူအိတ်ကြီးကို နွေတာမန် လှမ်းယူသည်၊





မျက်ဝန်းကြည့်လဲ့လဲ့လေးတွေနှင့် တိမ်ပဝါကိုကြည့်ရင်း စက္ကူအိတ်ထဲ နွေတာမန် လက်နှိုက်လိုက်သည်။

"ဟင်"

ဘယ်လိုမှ မျှော်လင့်မထားသော သိုးမွေးဆွယ်တာကလေး တစ်ထည် နွေတာမန့်လက်ထဲ ပါလာသည်။

အညိုရင့်ရင့် သိုးမွေးခေါင်းစွပ်ဆွယ်တာလေး။ ရင်ဘတ်မှာ အဖြူစင်းလေးနှစ်စင်းပါသည်။ လည်ပင်းကိုလည်း အဖြူရောင်အရစ် လေးနှင့် ဖိုင်းပတ်ထားသည်။

နွေတာမန့်နှုတ်ခမ်းတွေ တအံ့တသြ ပွင့်ဟနေတာကို တိမ်ပဝါ ပြုံးပြုံးလေး ငေးစိုက်ကြည့်နေမိသည်။ ဆွယ်တာကလေးတစ်လှည့် တိမ်ပဝါမျက်နှာလေးကိုတစ်လှည့် နွေတာမန် မော့ကြည့်သည်။

"ကြိုက်ရဲ့လား နွေတာမန်၊ အညိုရင့်ရင့်အရောင်လေးဆိုတော့ အစွန်းအထင်းခံတာပေါ့"

"တိမ်ပဝါ ဝယ်လာတာလား၊ ဘယ်လောက်ပေးရသလဲကွာ၊ ဈေးအရမ်းကြီးမှာပဲ၊ ဘာလို့ဝယ်လာရတာလဲ ပဝါရယ်"

"ပဝါဝယ်တာ ချည်လုံးပဲဝယ်တာပါ၊ ဆွယ်တာက ပဝါကိုယ်တိုင် ထိုးပေးထားတာ၊ နွေတာမန် မွေးနေ့ကို လာမယ်လို့ ကတိပေးပြီး ကတည်းက ညဘက်တွေမှာ ပဝါထိုးနေတာ မနေ့ညကမှ ပြီးတယ်"

"ဘာရယ် ပဝါကိုယ်တိုင် ထိုးပေးထားတာ ဟုတ်လား"

နွေတာမန် တအံ့တသြမေးသည်။ တိမ်ပဝါ သွားတန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ပေးနေအောင် ပြုံးနေလေသည်။

"ပဝါရယ်"

ကြည်နူးလှိုက်ဖိုစွာနှင့် ရေရွတ်မိသော နွေတမန်အသံလေး နှုတ်ဖျားက တိုးလျစွာပဲ ထွက်လာနိုင်ခဲ့သည်။ သိုးမွေးဆွယ်တာလေးကို နွေတမန် တမြတ်တနိုး ထွေးပိုက်ထားရင်း

"ပဝါရယ် ဘာဖြစ်လို့ အိပ်ရေးပျက်ခံပြီး ထိုးနေရတာလဲကွာ"

"နွေတမန်ကို တန်ဖိုးကြီးကြီးတွေ ပဝါ ဝယ်မပေးနိုင်ဘူး၊ ပြီးတော့ ပဝါကိုယ်တိုင်ထိုးတဲ့ ပစ္စည်းလေး ပေးချင်လို့ပါ၊ နွေတမန် နှစ်သက်တယ်ဆိုရင် ကျေနပ်ပါပြီ"

"ပဝါရယ် ဒီဆွယ်တာလေးကို ကိုယ် မြတ်နိုးစွာ သိမ်းထားပါ့မယ်"

"သိမ်းမထားနဲ့လေ၊ နွေတမန် ဝတ်စေချင်လို့ပေးတာ"

"ဒါဆို ကိုယ် အခုပဲဝတ်လိုက်မယ် ပဝါ"

"အို မဟုတ်တာ နွေတမန်ရယ်၊ လမ်းမကြီးပေါ်မှာ"

တိမ်ပဝါ နံဘေးဝဲယာကို ဝေ့ဝဲကြည့်ရင်း ရှက်ရွံ့ရွံ့လေး ပြောသည်။

"ဘာဖြစ်လဲ ပဝါရယ်၊ ကိုယ့်အင်္ကျီကို ကိုယ်ဝတ်တာပဲကွာ"

ပြောပြောဆိုဆို နွေတမန်က ခေါင်းစွပ်ဆွယ်တာလေးကို ခေါင်းမှစွပ်ကာ ဝတ်ချလိုက်သည်။ ခါးကိုဆွဲဆန့်၊ လည်ပင်းကိုပြင်၊ နေသားတကျဖြစ်အောင်လုပ်ရင်း နွေတမန် ကိုယ်လေးကို မတ်မတ်





M0

ရပ်လိုက်သည်။

"ဘယ့်နှယ်လဲ ကိုယ်နဲ့လိုက်ဖက်ရဲ့လား ပဝါ"

"အတော်ပါပဲ၊ နွေတမန်ကိုယ်နဲ့ လိုက်ဖက်အောင် ပဝါ စိတ်ကမှန်းပြီး ထိုးပေးထားတာ၊ ဆံပင်တွေ သပ်တင်လိုက်ဦး နွေတမန်"

တိမ်ပဝါစကားအတိုင်း နွေတမန် ခေါင်းကဆံပင်လေးတွေကို သပ်တင်လိုက်သည်။ တိမ်ပဝါမျက်ဝန်းထဲမှာ အညိုရင့်ရင့် သိုးမွေး ဆွယ်တာလေးက နွေတမန်နှင့် သိပ်ကိုလိုက်ဖက်နေလေသည်။

"သွားတော့ နွေတမန်၊ ကားပေါ်မှာစောင့်နေတဲ့ ဦးလေးနီကို အားနာဖို့ကောင်းနေပြီ"

"ပဝါပါလိုက်ခဲ့ လမ်းမလျှောက်နဲ့တော့"

"အို မဟုတ်တာ မလိုက်ပါရစေနဲ့"

"ဘာလဲ နွေတမန်ဆိုတဲ့ကောင်နဲ့ အပေါင်းအသင်းဖြစ်နေတာကို တခြားသူတွေသိမှာ စိုးလို့လား ပဝါ"

"မဆိုင်လိုက်တာ နွေတမန်ရယ်၊ ပဝါ လိုက်ဖို့မသင့်ဘူး ထင်လို့ပါ"

"ဘာမှ မသင့်စရာမရှိဘူး၊ လာစမ်းပါ ပဝါရယ်၊ ပဝါနဲ့ ကိုယ်ကြားက အလွှာတွေကို ရိုက်ချိုးပစ်လိုက်စမ်းပါ၊ ကိုယ်တို့ နှစ်ယောက်ရဲ့ ဖြူစင်မှုတွေက အသန့်ရှင်းဆုံးဆိုတာ ကိုယ်တို့အသိဆုံးပဲ ပဝါရယ်"

တစ်ခါတလေမှာ ဖွတ်အတင်း အနိုင်ယူပြီး ပဝါကို အမိန့်ပေး



www.burmeseclassic.com

www.burmeseclassic.com



တတ်သော နွေတမန်ကို ပဝါ စိတ်ညစ်ရသည်။

"ကဲ ပဝါ လာပါကွာ"

"အို နွေတမန်"

မင်သက်နေသော ပဝါ့လက်ကိုဆွဲကာ နွေတမန် ဆွဲခေါ်တော့ ပဝါ မငြင်းသာတော့ဘဲ လိုက်ပါခဲ့ရတော့သည်။ နွေတမန်က အနက်ရောင်ကားကြီးအနားထိ တိမ်ပဝါလက်ကို တင်းတင်းလေးဆွဲကာ ခေါ်သွားခဲ့သည်။

ကားအနားရောက်တော့ ကားတံခါးကိုဆွဲဖွင့်ကာ နွေတမန်က ထိုင်ခိုင်းပြန်သည်။

"တက်လေ ပဝါရဲ့၊ ပဝါလုပ်တာနဲ့ ကျောင်းနောက်ကျတော့မယ်"

"တက်ပါ သမီးရဲ့"

မွေးနေ့ကတည်းက မျက်မှန်းတန်းမိသော ဦးလေးနီကပါ ဝင်ပြောနေတာမို့ တိမ်ပဝါ ကားကြီးပေါ် တက်ထိုင်လိုက်ရသည်။

အနက်ရောင်ဖိမ်ခံကားကြီး၏ နောက်ခန်းထဲမှာ နွေတမန်နှင့် အတူ တိမ်ပဝါ ပါလာတာကို သိမ့်နန္ဒာတို့မြင်သွားလျှင်ဟူသော အတွေးက ပဝါ့စိတ်ကို ထိတ်လန့်နေစေသည်။

"ပဝါ ကိုယ့်ကိုခွင့်လွှတ်နော်၊ ကိုယ် ပဝါ့ကို အနိုင်ယူတာ မဟုတ်ပါဘူး"

နွေတမန်က တိုးတိုးကလေးတောင်းပန်သည်။ ပဝါ ခေါင်းညိတ်





လိုက်ရပေမယ့် ရင်ထဲမှာတော့ စိုးရိမ်စွာ ဆုတောင်းမိသည်။

ဘုရားသိကြားမလို့ သိမ့်နန္ဒာအုပ်စုနဲ့ ရင်ဆိုင်မတိုးမိပါစေနဲ့။

တိမ်ပဝါဆုတောင်းတွေ မပြည့်ဝနိုင်ခဲ့ပါ။

ကျောင်းဝင်းရှေ့က သစ်ပင်ရိပ်အောက်မှာ ကားကြီးထိုးရပ်သည်နှင့် တိမ်ပဝါမျက်ဝန်းတွေ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိသည်။ ဘုရားရေ ကျောင်းဝင်းတံခါးကြီးအနီးက အုတ်ခုံလေးမှာ သိမ့်နဲ့ စေတမန်၊ ကျောင်းဝင်းထဲကို မဝင်သေးပါလား။

စေတမန်ကတော့ ကားရပ်လာတာကိုတောင် သတိမထားမိဘဲ စာအုပ်ထဲ ငုံ့ကြည့်ကာ ဘာတွေဖတ်နေသည်မသိပါ။ သိမ့်နန္ဒာ မျက်ဝန်းတွေကတော့ ဖျတ်ခနဲ ကားဆီသို့ မော့ကြည့်သည်။

"ဆင်းလေ ပဝါရဲ့ ဘာလုပ်နေတာလဲ"

ကားပေါ်ကဆင်းဖို့တောင် ပဝါ မဝံ့မရဲဖြစ်နေသည်။ နွေတမန်က ကားတံခါးကိုဖွင့်ပေးရင်း ဆိုတော့မှ ခေါင်းကလေးညိတ်ကာ ဆင်းလိုက်မိသည်။

သိမ့်နန္ဒာတော့ မြင်သွားမှာ အသေအချာ။ ဘယ်လောက်အထိ ဝေဖန်တိုက်ခိုက်ဦးမည်မသိ။ သိမ့်နန္ဒာ မျက်ဝန်းအကြည့်တွေကို ရင်မဆိုင်ရဲတာမို့ တိမ်ပဝါ ခေါင်းလေးငုံ့ထားမိသည်။

အံ့ဩလွန်းလို့ သိမ့်မျက်ဝန်းတွေ ပြူးကျယ်သွားရသည်။ ဘယ်လိုမှ ယုံနိုင်စရာတောင်မရှိပါ။ ဒါပေမဲ့ မျက်မြင်ထင်ရှားမြင်ကွင်းလေ။ တိမ်ပဝါဆင်းဖို့ နွေတမန် ကားတံခါးကို ကိုယ်တိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ပေးနေတာ။

ဘာသဘောလဲ။ တမင်သက်သက် တိမ်ပဝါ သူ့ကို အနိုင်ယူပြလိုက်တာလား။ နာကျင်ခံရခက်တဲ့ ဝေဒနာတွေက သွေးသားထဲထိတောင် စိမ့်ဝင်သွားလောက်သည်ဟု သိမ့်ထင်မိသည်။

"တမန်"

အတူထိုင်နေရင်း စူးခနဲခေါ်လိုက်တဲ့ သိမ့်အသံကြောင့် တမန့်ဖျတ်ခနဲ မော့ကြည့်မိသည်။ တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းလေးတွေနဲ့ စူးစူးနစ်နစ်စိုက်ကြည့်နေတဲ့ သိမ့်မျက်ဝန်းတွေဦးတည်ရာကို တမန့်လှမ်းကြည့်တော့ တမန် ပါးစပ်အဟောင်းသား မင်သက်သွားရသည်။ ယုံနိုင်စရာတောင်မရှိ၊ ကားပေါ်က ကိုကိုနဲ့အတူ ဆင်းလာတာ တိမ်ပဝါဖြစ်နေသည်။

"ဘယ်လိုဖြစ်ကုန်တာလဲ တမန်"

"မသိဘူးလေ၊ အပေါ်း ကိုကိုက ဒီလိုဆိုတော့လည်း အသွက်သားဟ"

စေတမန်က အားကျသလိုနှင့် ဝမ်းသာအားရတောင် ဆိုနေသေးသည်။ သိမ့်ရင်ထဲမှာသာ စူးနစ်နာကျင်နေတာ။ တမန်က ပြုံးပြုံးကြီးလေ။

"တမန့်ကိုကိုနဲ့ တိမ်ပဝါက ကြိုက်နေတာလား"

"မနေ့ညကပဲ ကိုယ်မေးကြည့်တော့ သူငယ်ချင်းတွေပါတဲ့"

သေလိုက်စမ်းလို့ သိမ့် အော်ပစ်လိုက်ချင်သည်။ သူငယ်ချင်း





တွေတဲ့။ ဒါ ယုံနိုင်စရာလား။ တိမ်ပဝါလို မိန်းကလေးကိုလည်း သိမ့်အံ့သြရသည်။

ပညာရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတဲ့သူ။ ယောကျ်ားလေး သူငယ်ချင်းတောင် မထားတတ်ခဲ့တဲ့သူ။ အခုတော့ နွေတမန်နှင့်ကျမှ ဘယ်လိုဖြစ်တာလဲ။ နွေတမန်ရဲ့ ပြည့်စုံချမ်းသာမှုတွေကပဲ တိမ်ပဝါစိတ်ဓာတ်ကို ပြောင်းလဲသွားခဲ့စေတာလား။

"သိမ့်တော့ လုံးဝမယုံဘူး၊ သူတို့ပုံစံတွေက သူငယ်ချင်းအဆင့်ထက် မကတာသေချာတယ်"

"ဒါလည်းကောင်းတာပဲပေါ့ သိမ့်ရာ၊ ကိုကိုက တိမ်ပဝါနဲ့တွဲပြီးမှ အတော်ပြောင်းလဲသွားတာ၊ ဒေါ်လေးစိမ့်ကတော့ သဘောကျနေတယ်"

တမန့်စကားကြောင့် သိမ့်ရင်ထဲမှာ ပိုလို့ စိုးရိမ်စိတ်တွေတိုးလာရသည်၊ တိမ်ပဝါခြေလှမ်းတွေက ထင်မှတ်ထားသည်ထက်တောင် သွက်လက်နေခဲ့ပါလား။

တစ်ခုတော့ကောင်းပါသည်။ တိမ်ပဝါက သူမနှင့် ထိပ်တိုက်ရင်ဆိုင်ဖို့ ရည်ရွယ်နေတာပေါ့။ သိမ့်နှုတ်ခမ်းတွေ တွန့်ကွေးပြုံးသွားမိသည်။ ကျောင်းဝင်းထဲထိ လှမ်းဝင်သွားသော တိမ်ပဝါရဲ့ ဆံနွယ်ရှည်ရှည်ကြီးတွေကို ငေးမောရင်း သိမ့်ရင်ထဲက ကြိမ်းဝါးလိုက်မိသည်။

တိမ်ပဝါ နင် ငါ့ကို ဘယ်တော့မှ အနိုင်မရစေရဘူး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

နောက်ပိုင်းရက်များမှာ နွေတမန်က သူ့ရဲ့ကားကြီးနဲ့ ကျောင်းသွားကျောင်းပြန် အတူလိုက်ခဲ့ဖို့ ခေါ်နေတာမို့ တိမ်ပဝါ ပါးနပ်စွာ ငြင်းဆိုရှောင်တိမ်းမိခဲ့ရ၏။

"ပဝါလိုက်လို့မဖြစ်ဘူး နွေတမန်ရဲ့၊ ကျောင်းကသူငယ်ချင်းတွေနဲ့ ဒီရက်တွေမှာ စာစုကျက်ဖို့ စီစဉ်ထားလို့ပါ၊ စာမေးပွဲလည်း နီးနေပြီလေ"

"ဘာလဲ ပဝါက ကိုယ့်စေတနာကို ငြင်းပယ်တာလားဟင်"

"မဟုတ်ပါဘူး နွေတမန်ရယ်၊ တကယ်ပြောတာပါ၊ မယုံရင်





စောင့်ကြည့်၊ နောက်နေ့ကျရင် ပဝါ စက်ဘီးယူလာမှာ"

နွေတမန် မကျေမနပ်ကြည့်နေတော့ တိမ်ပဝါ အကြိမ်ကြိမ် ကတိပေးလိုက်ရ၏။ သည်တော့မှပဲ နွေတမန် ယုံကြည်သွားခဲ့သည်။

"ပဝါတို့ တကယ်စာကျက်မှာဆိုရင် ပြီးတာပဲလေ၊ ဘာလိုလိုနဲ့ စာမေးပွဲဖြေဖို့တောင် တစ်ပတ်ပဲလိုတော့တယ်နော်"

"ဟုတ်တယ် နွေတမန်၊ ညဥ့်နက်ခံပြီး စာတွေကျက်မနေနဲ့ဦးနော်၊ ကျန်းမာရေးကို ဂရုစိုက်ဦး"

တိမ်ပဝါ စိုးရိမ်ပူပန်စွာနှင့် သတိပေးတော့ နွေတမန် ခေါင်းကလေးညိတ်ပြရင်း

"ကိုယ့်ကိုမပြောပါနဲ့ ပဝါ့ကိုယ်ပဝါ ဂရုစိုက်ပါ၊ ပဝါက ဂုဏ်ထူးတွေနဲ့ အောင်မြင်အောင် ကြိုးစားနေတာဆိုတော့ စာတွေအရမ်းကျက်မှာ စိုးတယ်"

တိမ်ပဝါ ပြုံးပြုံးလေးနှင့် ငြိမ်သက်နေလိုက်ပါသည်။

ပဝါကို အနိုင်ယူဖို့ သိမ့်နန္ဒာ စာတွေ အရမ်းကြိုးစားနေတယ်ဟု သန္တာတို့နှင့်ဆုံတော့ ကြားခဲ့ရသည်။

ဘာကြောင့်များ ပဝါကိုမှ ပြိုင်ဆိုင်အနိုင်ယူချင်နေတာလဲ သိမ့်နန္ဒာရယ်။ တကယ်ဆိုရင် ရင်ထဲမှာ အငြိုးအတေးတွေ မထားခဲ့တာ ကိုယ်တိုင်ပဲအသိဆုံး။ သိမ့်နန္ဒာကတော့ ပဝါနှင့်ဆုံလျှင် ရင်ထဲက မကျေနပ်ချက်တွေကို တစ်နည်းနည်းနဲ့ ထုတ်ဖော်ပြတတ်သေးသည်။

ဘာပဲဖြစ်ဖြစ် သိမ့်နန္ဒာကို တိမ်ပဝါ အနိုင်ယူမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



အတ္တစိတ်ကို ရင်ထဲမှာ မမွေးခဲ့ပါ။ ပဝါကြိုးစားနေတာ ပဝါ့ရဲ့ ရည်မှန်းချက်တစ်ခုအတွက်ပါပဲ။ သိမ့်နန္ဒာကို အနိုင်ယူလိုစိတ် အလျဉ်း မရှိခဲ့ပါ။

တစ်ချိန်တုန်းက တစ်ဖွဲ့တည်း အတူရှိခဲ့ဖူးသော သူငယ်ချင်း အပေါ် မာနနဲ့ သိက္ခာအတွက် ပဝါ လမ်းခွဲခဲ့တာကလွဲလို့ ရန်ငြိုး အလျဉ်းမရှိခဲ့တာ ကျိန်ဆိုရဲသည်။

တိမ်ပဝါဘဝက သိမ့်နန္ဒာလို ပြည့်စုံချမ်းသာတဲ့ ဘဝမှ မဟုတ်ခဲ့ဘဲ။ ဒေါ်လေးရဲ့အိမ်မှာ နိုနေပြီး တပါးသူရဲ့ အထောက်အပံ့နဲ့ ရှင်သန်နေရတာလေ။

"သမီး လေးလေးကို အားမနာနဲ့၊ လေးလေးဘက်က စွမ်းသလောက် ကူညီပေးမယ်၊ ပညာတတ်ကြီးဖြစ်အောင် ကြိုးစားပါ၊ ဆယ်တန်းအောင်ရင် သမီးတက္ကသိုလ်ဆက်တက်ဖို့လည်း လေးလေး တာဝန်ယူတယ် သမီး"

လေးလေးဆန်းစကားတွေက ပဝါအတွက် အင်အားတစ်ခု ဖြစ်ခဲ့ရသည်။ လေးလေးဆန်းရဲ့ စေတနာတွေကြောင့်လည်း ပညာရေးမှာ ထွန်းပေါက်အောင် တိမ်ပဝါ ကြိုးစားခဲ့မိသည်။

တကယ်ဆို တိမ်ပဝါရဲ့ ကျေးဇူးရှင် မိဘဟုလည်း လေးလေး ဆန်းကို သတ်မှတ်ထားခဲ့သည်။ စာမေးပွဲတွေကို တစ်နှစ်တစ်တန်း ပုံမှန်အောင်မြင်ကာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ တစ်နေ့ ကျရင်တော့ လေးလေးဆန်း ကျေးဇူးတွေကို ပဝါ ဆပ်ခွင့်ရချင်ပါ





သေးသည်။ တိမ်ပဝါရင်ထဲက ဆန္ဒများစွာကိုသာ သိမ့်နန္ဒာ နားလည် နိုင်ခဲ့လျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

စာမေးပွဲရက်တွေမှာ နွေတမန်ကို ဆုံတွေ့ဖို့ မလွယ်ကူခဲ့ပါ။ ဝိဇ္ဇာနှင့်သိပ္ပံတွဲ မတူညီသော တိမ်ပဝါနှင့် နွေတမန်တို့ ဖြေဆိုသည့် ရက်တွေကလည်း မတူညီခဲ့တာမို့ မဆုံသလောက်ရှိခဲ့သည်။

နွေတမန် ဖြေဆိုနိုင်ရဲ့လားဟုတော့ တိမ်ပဝါ နေ့စဉ် တွေးမိ၏၊ ဆုတောင်းပေးနေမိတာလည်း အမှန်။

နွေတမန်က သိပ်ကို အောင်မြင်ချင်တဲ့သူလေ။ စာမေးပွဲ ရက်တွေမှာ စာကျက်လွန်ပြီး ကျန်းမာရေးထိခိုက်မှာလည်း တိမ်ပဝါ စိုးရိမ်ပူပန်မိသေးသည်။





ခက်တော့ခက်ပါသည်။ ဘာကြောင့်များ သံယောဇဉ်တွေ နှောင်တွယ်မိသည်မသိ။ ရှင်ကော တိမ်ပဝါကို သတိမှရရဲ့လား နွေတမန်ရယ်။

တတိယနေ့ သင်္ချာဘာသာရပ် ဖြေနေတုန်းမှာပဲ မမျှော်လင့်သော အဖြစ်အပျက်ကို တိမ်ပဝါ ကြုံလိုက်ရသည်။

ဝုန်းခနဲ ပြိုလဲသံတွေနှင့်အတူ အတန်းစောင့်ဆရာမ၏ အလန့်တကြား အော်သံကြောင့် တိမ်ပဝါ ခေါင်းမော့ကြည့်မိသည်။

စာဖြေနေရင်း မူးမေ့လဲကျသည့် သိမ့်နန္ဒာကို ဆရာမနှစ်ဦးက တွေးပွေ့ထားသည်။ တိမ်ပဝါရင်ထဲမှာ စိုးရိမ်စွာနှင့် ထရပ်မိတော့။

''ဖြေ ဖြေ သားတို့သမီးတို့ ဆက်ဖြေကြပါ၊ သူ့အတွက် ဘာမှမစိုးရိမ်ကြနဲ့၊ ဆရာမတို့ ရုံးခန်းမှာ ပြုစုလိုက်မယ်''

တခြားဖြေဆိုသူတွေ အနှောင့်အယှက်ဖြစ်မှာစိုး၍ ဆရာမ နှစ်ယောက် သိမ့်နန္ဒာကို ပွေ့ချီခေါ်ထုတ်သွားကြသည်၊ တိမ်ပဝါရင်ထဲမှာ ဘယ်လိုမှ မကောင်းလှ။ စာမေးပွဲဖြေဆိုနေရပေမယ့် သိမ့်နန္ဒာရဲ့ စာဖြေခုံလေးကို မကြာခဏ မော့ကြည့်မိသည်။

စာဖြေဆိုချိန် ပြီးဆုံးသည်အထိ သိမ့်နန္ဒာ ပြန်မရောက်လာခဲ့ပါ။ ဖြေဆိုခန်းထဲ အထွက်မှာပဲ ရုံးခန်းဆီသို့ ပဝါ ခပ်သွက်သွက် လှမ်းခဲ့မိသည်။

''ဆ ဆရာမ စောစောက အခန်းထဲမှာ မူးလဲသွားတဲ့ ကျောင်းသူကောဟင်''



www.burmeseclassic.com

www.burmeseclassic.com



"သူ သိပ်အားနည်းနေတယ်၊ ဘယ်လိုမှ ဆက်ဖြေလို့မရအောင်ကို မေ့မျောသွားလို့ ဆရာမတို့ ဆေးရုံပို့လိုက်ပြီ၊ သူ့မိဘတွေကိုလည်း အကြောင်းကြားထားလို့ လိုက်သွားကြပါပြီ"

"သိမ့်နန္ဒာရယ် စိတ်မကောင်းလိုက်တာ သူငယ်ချင်းရယ်"

"စာမေးပွဲရက်တွေမှာ ညလုံးပေါက်စာကျက်တာ အန္တရာယ်ရှိတယ် သမီးရဲ့၊ အခုဆို အဲဒီကလေးမခမျာ တစ်နှစ်လုံး အချိန်ကုန်လူပန်း ကြိုးစားထားသမျှ ဆုံးရှုံးရပြီလေ"

ဆရာမစကားတွေကို တိမ်ပဝါ လက်ခံခေါင်းညိတ်ရင်း နှုတ်ဆတ်ပြန်လှည့်အထွက်မှာ စေတမန်ကို အပြုံးမှုပိုင်လေးနှင့်မြင်လိုက်ရသည်။

"ဖြေနိုင်တယ်မို့လား တိမ်ပဝါ"

စေတမန်အမေးကို တိမ်ပဝါ မဖြေနိုင်သေးပါ။ ဘာမှမသိသေးသော စေတမန်ကိုပဲ သိမ့်အကြောင်း အသိပေးပြောပြရသည်။

စေတမန်မျက်နှာပေါ်မှ အပြုံးလေးတွေ လွင့်စင်ကုန်သည်။ စိုးရိမ်ပူပန်စိတ်တွေနှင့် စေတမန် ဗျာများနေတာကိုကြည့်ရင်း တိမ်ပဝါ စိတ်မကောင်းဖြစ်ရသည်။

"ဆေးရုံပို့လိုက်ပြီ ဟုတ်လား၊ ဒါဆို ငါလိုက်သွားမှဖြစ်မယ်၊ သိမ့်ရယ် ဖြစ်မှဖြစ်ရတယ်"

"တမန် ငါ ညနေကျ နင်တို့အိမ်လာခဲ့မယ်"

ကသောကမျော ပြေးထွက်သွားသော စေတမန် တိမ်ပဝါ





အော်ပြောသံကိုတောင် ကြားရဲ့လားမသိပါ။ သိမ့်အတွက် စေတမန်ရင်ထဲမှာ မီးတောက်နေပြီထင်ရဲ့။

"ငါနားလည်ပါတယ် တမန်ရယ်၊ သိမ့်အတွက် ငါ ဝမ်းနည်းပါတယ်ဟာ"

ထိုညနေမှာပဲ တိမ်ပဝါ နွေစံအိမ်ဘက်ကို စက်ဘီးလေးနင်းကာရောက်ခဲ့ရသည်။ ခြံတံခါးမှာ ပဝါရပ်လိုက်မိချိန်မှာပဲ ညည်ခန်းထဲကအပြေးလေးထွက်လာတာ နွေတမန်။

"ပဝါ ညနေလာမယ်လို့ ညီပြောလို့ ကိုယ်စောင့်ကြည့်နေတာ"

ခြံတံခါးကိုဖွင့်ပေးရင်း နွေတမန်ဆိုသည်။

"တမန်ရှိလား နွေတမန်"

"ရှိတယ် ပဝါ၊ ညီတောင် စောစောကမှ ပြန်ရောက်လာတာ"

"သိမ့်နန္ဒာ အခြေအနေ ဘယ်လိုတဲ့လဲဟင်"

စေတမန်နှင့် တွေ့ချိန်ထိတောင် မစောင့်နိုင်ဘဲ ပဝါမေးမိသည်။

"နေ့လည်က သတိပြန်ရတယ်တဲ့၊ အရမ်း အားနည်းနေလို့ဆေးရုံမှာပဲ ဆက်ထားတယ်လို့ ညီပြောတာပဲ ပဝါ"

တိမ်ပဝါတို့ ညည်ခန်းထဲလှမ်းဝင်လိုက်တော့ စေတမန်ကိုဖိုဖာထိုင်ခုံမှာ ငူငူကြီးထိုင်လျက် တွေ့လိုက်ကြရသည်။

"တမန် သိမ့် ဆေးရုံမှာပဲဆို"

"ဟုတ်တယ် ပဝါ၊ သတိတော့ရနေပါပြီ၊ သူ့မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com

စိတ်မချလို့ ဆေးရုံမှာ ဆက်ထား,ထားတယ်''

''ငါသွားတွေ့ချင်ပါတယ် တမန်ရယ်၊ ဒါပေမဲ့ သူက ငါ့မျက်နှာကိုမြင်ရင် ဝေဒနာပိုတိုးလိမ့်မယ်ထင်လို့''

တိမ်ပဝါကို နားလည်သောမျက်ဝန်းတွေနှင့် စေတမန် မော့ကြည့်ရင်း အမြဲတမ်း ရယ်ပြုံးနေတတ်သော စေတမန် ခုတော့လည်း ညှိုးလျော်သောမျက်နှာနှင့် ရှိနေသည်။

''သူ ငါရောက်သွားတော့ သတိရနေပါပြီ၊ ငါ့ကိုမြင်တော့ သူငိုနေတယ် ပဝါ၊ တိမ်ပဝါကို သူရှုံးပြီတဲ့''

တိမ်ပဝါရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရပါသည်။ အငြိုးအတေးကြီးလှချည်လား သိမ့်နန္ဒာရယ်။ ပဝါ ဘယ်တုန်းကမှ သိမ့်ကို အနိုင်ယူဖို့ မကြိုးစားခဲ့ပါဘူး။

''ငါ့ရင်ထဲမှာ တကယ်မကောင်းဘူး တမန်၊ ငါ သိမ့်အပေါ် ပြိုင်ဆိုင်လိုစိတ် မထားခဲ့ပါဘူးဟာ၊ ဒါ ဒါပေမဲ့''

တိမ်ပဝါ အသံလေးတိမ်ဝင်သွားသည်။ ဝဲတက်လာသော မျက်ရည်တွေကို တိမ်ပဝါ ပုတ်ခတ်သိမ်းဆည်းနေတာကြည့်ရင်း စေတမန် ပင့်သက်မောကြီးကို ရှိုက်သည်။

''နင့်ကို ငါနားလည်ပါတယ် တိမ်ပဝါ၊ တကယ်တော့ သိမ့်ရဲ့ အတ္တနဲ့ မာနစိတ်တွေကသာ ကြီးမားနေခဲ့တာပါဟာ၊ ငါသူ့ကို အမြဲတမ်း သတိပေးပါတယ်၊ သူက ခေါင်းမာတယ်၊ နင့်ထက်သာလွန်ရမယ်ဆိုတဲ့ စိတ်နဲ့ သူ ညလုံးပေါက် စာတွေကြည့်လို့ ခုလိုဖြစ်တာပါ''





''အေးဟာ သူစိတ်ပြေလောက်တဲ့အချိန်ကျမှ ငါ သူ့အိမ်အထိ သွားပြီး နှစ်သိမ့်လိုက်ပါဦးမယ်ဟာ၊ နင်လည်း ဂရုစိုက်ဦးတမန်၊ စာမေးပွဲရက်တွေ ကျန်သေးတယ်နော်''

''အေးပါဟာ ကဲ ငါရေချိုးလိုက်ဦးမယ် ပဝါ၊ ကိုကိုနဲ့ စကားပြောလိုက်ဦးဟာ''

စေတမန် ညဉ့်ခန်းထဲက ထွက်သွားတော့မှပဲ နွေတမန်ကို ပဝါ လှည့်ကြည့်မိတော့သည်။ မျက်ကွင်းညိုညိုလေးတွေ ချောင်ကျလို့ နွေတမန်ရဲ့ နှုတ်ခမ်းနုထွေးထွေးလေးတွေတောင် ဖြူဖျော့ဖျော့။

''နွေတမန် နေမကောင်းဘူးလားဟင်၊ ရှင့်မျက်နှာ သိသိသာသာ ချောင်ကျသွားတယ်နော်''

''အင်း ဟိုတစ်ရက်က ဖျားသွားလို့ပါ၊ သက်သာနေပါပြီ''

''နွေတမန်တို့ဖြေဖို့ နှစ်ရက်ကျန်သေးတယ်နော်၊ နေမကောင်းဘဲနဲ့ ဖြစ်ပါ့မလား၊ ကျန်းမာရေးကို ဂရုစိုက်ပါ နွေတမန်ရယ်''

''ကိုယ့်အတွက် ပဝါစိုးရိမ်ပေးတာနဲ့တင် ကျေးဇူးတင်လှပါပြီ၊ ယုံပါ ကိုယ်သက်သာနေပြီ၊ စာမေးပွဲက နှစ်ရက်ပဲလိုတော့တာ ဆက်ဖြေမှာပေါ့''

ဖွတ်တရွတ်နိုင်လှသော နွေတမန်ကို ပြောလို့မရနိုင်တာ တိမ်ပဝါ သိနေသည်။ နွေတမန်က ပဝါဘယ်လိုပြောပြော စာမေးပွဲကိုတော့ ရအောင်ဖြေမှာပဲဖြစ်သည်။

''ကိုယ့်အတွက် မစိုးရိမ်နဲ့၊ ကိုယ်က ပဝါအတွက်ပဲ စိုးရိမ်


www.burmeseclassic.com

www.burmeseclassic.com

နေတာ၊ သိမ့်နန္ဒာလို စာသင်ခန်းထဲမှာ မူးလဲရင်အခက်ပဲ''

''အံမယ် လူကဖြူဖျော့ဖျော့လေးနဲ့ မှန်ထဲပြန်ကြည့်ဦး နွေတမန်၊ ရှင့်မျက်နှာက ပိုးဟပ်ဖြူဖြစ်နေပြီ''

''ကိုယ်က အမြဲတမ်း ဒီလိုဖြစ်နေကျပါ၊ ရိုးနေပြီ၊ စိတ်ချ ဘာမှမပူဘဲ ပဝါဘာသာ စာကြိုးစားပြီးဖြေပါ၊ ပဝါတို့က သုံးရက်တောင် ဖြေရဦးမှာဆိုတော့ ကိုယ်တို့ထက် တစ်ရက်နောက်ကျမယ်၊ ပဝါ စာမေးပွဲပြီးတဲ့နေ့ကျရင် ကိုယ်လာစောင့်နေမယ်နော်''

''ဘာလာလုပ်မှာလဲ နွေတမန်ရယ်၊ ပင်ပန်းနေပြီ၊ ရှင့်ကျန်းမာရေးကို ဂရုစိုက်ပါ၊ ပဝါလာခဲ့မှာပေါ့''

''မရဘူး၊ ကိုယ် စာသင်ခန်းအပြင်က လာစောင့်နေမယ်၊ အဲဒီနေ့ကျ ပဝါကို စကားတွေပြောစရာရှိတယ်''

တိမ်ပဝါရင်ထဲ လှိုက်ခနဲဖြစ်ရသည်။ နွေတမန် မျက်ဝန်းညိုညိုတွေက ပဝါ့မျက်နှာလေးမှာ ငေးစိုက်နစ်မျောနေသည်။ အဲဒီ မျက်ဝန်းညိုတွေထဲက စကားတွေကို ပဝါ ကြားနေမိသလိုပါပဲ။

''နွေတမန် ပဝါပြန်ဦးမယ်နော်''

''ကိုယ်လိုက်ပို့ပေးမယ်လေ''

ခြံတံခါးဝအထိ နွေတမန် လိုက်ပို့ပေးတာမို့ တိမ်ပဝါ စက်ဘီးလေးကိုတွန်းကာ လျှောက်ခဲ့ရသည်။

နှစ်ဦးစလုံး အတွေးကိုယ်စီနှင့် တိတ်ဆိတ်နေရင်း ခြံဝ ရောက်တော့မှ ပဝါ နှုတ်ဆက်မိသည်။





''သွားတော့မယ်နော်''

''ပဝါ စာမေးပွဲနောက်ဆုံးနေ့ ကိုယ်လာစောင့်နေမယ်နော်''

ဒုတိယအကြိမ် ထပ်ပြီး တောင်းဆိုလာသော နွေတမန်ကို တိမ်ပဝါ ခေါင်းကလေးညိတ်ပြလိုက်မိသည်။ ရင်တွေ တဒိတ်ဒိတ် ခုန်နေတာ နွေတမန်မှ မသိနိုင်ဘဲ။

စက်ဘီးလေးကို နင်းထွက်ခဲ့သည့်တိုင် နွေတမန် ရပ်ကြည့်နေမှာကို စိတ်ကသိနေသည်။

နံ့သာကုန်းထိပ်ရောက်မှ ပြန်ငဲ့ကြည့်တော့ နွေတမန် ခြံဝမှာ ရပ်နေဆဲ။ တိမ်ပဝါကိုတောင် လက်ကလေး ဝှေ့ရမ်းပြရှာသေးသည်။

တိမ်ပဝါရင်ထဲ နွေးထွေးရှိန်းမြသွားသည်။

နွေတမန်ရယ် နှလုံးသားရဲ့ ဆန္ဒကို အလိုလိုက်နေမိတာ မှားခဲ့ပြီထင်ပါရဲ့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဦးလေးနီက ကားနှင့် လိုက်ပို့ပေးမည်ဟု ဆိုခဲ့သေးသည်။ ဒါပေမဲ့ သူ ငြင်းဆိုကာ ဖွတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ညီရဲ့စက်ဘီးလေးကို နင်းကာ စိတ်ရဲ့စေစားရာနှင့် သူ ကျောင်းဝင်းရှေ့အထိ မမောနိုင်မပန်းနိုင် နင်းခဲ့သည်။ တိမ်ပဝါတို့ စာမေးပွဲပြီးဆုံးဖို့ နာရီဝက်တောင် လိုသေးတာမို့ ကျောင်းဝင်းရှေ့က သစ်ရိပ်အောက်မှာ စက်ဘီးကိုရပ်ကာ စောင့်မိသည်။

နင်းလာတုန်းက မမောခဲ့သော အမောတွေက ခုမှပဲ ရင်ထဲကို လှိုက်တက်လာစေတော့သည်။ ဘယ်ဘက်ရင်အုံဆီက စူးခနဲဝေဒနာက





တိုးလာတာမို့ သစ်ပင်ခြေရင်းမှာ ထိုင်ချလိုက်ရသည်။ မောပန်းစွာ အသက်ရှူနေရသော ရင်က တလှိုက်လှိုက်တုန်နေသည်။

မျက်ဝန်းတွေ အသာမှိတ်ကာ အသက်ကို ဖြည်းဖြည်းရှူသွင်းမိသည်။ ဆိုးရွားလှသော ဝေဒနာကြီးကို သူ ကျွမ်းဝင်နေခဲ့တာ ကြာခဲ့ပြီပဲ။

တဖြည်းဖြည်းနှင့် ဝေဒနာက လျော့ပါးသွားမှပဲ နေသာထိုင်သာ ရှိတော့သည်။ ပိတ်ထားသော ကျောင်းဝင်းတံခါးလေးကို ငေးရင်း တိမ်ပဝါမျက်နှာလေးကို မြင်ယောင်လာသည်။

ဒီနေ့ တိမ်ပဝါလည်း စာမေးပွဲပြီးခဲ့ပြီ။ သူလည်း ဖြေပြီး သွားခဲ့ပြီ။ မနေ့က တစ်နေ့လုံး သူတွေးကာ ရင်ထဲမှာသိမ်းထားသော စကားလေးတစ်ခွန်း ရှိနေသည်။

တိမ်ပဝါကို ကိုယ်ချစ်တယ် ဆိုသော စကားလေးကိုသာ တိမ်ပဝါ ကြားလျှင် အံ့သြသွားမည်လား။ ရှက်သွေးတွေနှင့် နီမြန်း သွားမည့် တိမ်ပဝါ့မျက်နှာလေးကို သူ ရင်ခုန်စွာ ခံစားကြည့်ချင်သည်။ မြတ်နိုးစုံမက်ဖွယ် တိမ်ပဝါနှုတ်ခမ်းပါးလေးက တုံ့ပြန်အဖြေကို သူ နားထောင်ချင်သည်။

တကယ်ဆိုလျှင် နှစ်ဦးကြားမှာ ခိုင်ကျည်နေသော သံယောဇဉ် နှောင်ကြိုးတွေကို သူ ရှန်းမထွက်နိုင်ခဲ့။ တိမ်ပဝါသည်လည်း။

"ကလင် ကလင် ကလင်"

အတွေးတို့ အဆုံးမသတ်ခင်မှာဘဲ အချိန်စေ့ဘဲလ်သံကြီး ပေါ်ထွက်လာသည်။ ကျောင်းဝင်းတံခါးက ပွင့်သွားပြီ။ တိမ်ပဝါ ...ရိပ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို မျှော်ရင်း သူ စက်ဘီးလေးကိုကိုင်ကာ ရပ်စောင့်နေလိုက်သည်။

တစ်နှစ်တာလုံး ကြိုးစားခဲ့ရသော ရလာဒ်တစ်ခုကို ပိုင်ဆိုင်နိုင်ခဲ့ပြီဟု ယုံကြည်စိတ်နှင့် တိမ်ပဝါရင်ထဲ လွတ်လပ်ပေါ့ပါးသွားရသည်။ အခန်းထဲက လွယ်အိတ်ကလေးလွယ်ကာ ထွက်လာတဲ့အခိုက်မှာ နွေတမန် စောင့်နေမှာ သတိရကာ လှိုက်ခနဲ ရင်ထဲမှာ ခုန်ရလေသည်။

နွေတမန်နှုတ်ဖျားက စကားတွေကို ကြိုသိနေပြီးသည့်တိုင် ရင်က စည်းချက်ညီမျှစွာ ခုန်ချင်နေဆဲ။

ရင်ထဲက ဖြစ်တည်လာသော နှလုံးသားခံစားမှုကို တိမ်ပဝါ ထိန်းချုပ်မထားချင်တော့ပါ။ နွေတမန်အပေါ် နှောင်တွယ်မိသော သံယောဇဉ်ကြိုးက ခိုင်ကျည်နေခဲ့ပြီဆိုတာ ကိုယ်တိုင်ပဲအသိဆုံး။

ခေါင်းကလေးညိတ်ကာ နွေတမန်မျက်နှာလေး ပြုံးပျော်သွားစေဖို့ တိမ်ပဝါနှလုံးသားက အမိန့်ပေးထားခဲ့ပြီးပြီ။

သစ်ပင်ရိပ်အောက်မှ စက်ဘီးလေးကိုင်ကာ ရပ်နေသော နွေတမန်အသွင်က အားလုံးထဲမှာ ထင်ရှားနေသည်။ ကွက်စိပ်ပုဆိုးနက်ပြာရောင်နှင့် အဝါနုနု ရှပ်အင်္ကျီကို ဆင်ယင်ထားသော နွေတမန်ကို အဝေးကမြင်ရုံနှင့် ရင်ကခုန်ချင်နေလေသည်။

"ပဝါ ဖြေနိုင်တယ်မဟုတ်လား"

"ဖြေနိုင်ပါတယ် နွေတမန်၊ ပဝါမျှော်လင့်ချက်တွေ အောင်စာရင်းထွက်လာတဲ့အခါ ပြည့်ဝမှာပါ"

"အိုကေ ဝမ်းသာတယ် ပဝါ၊ ကဲ တက်"





"ဘယ်ကိုသွားမလို့လဲ နွေတမန်ရဲ့"

"အေးအေးဆေးဆေး စကားပြောလို့ရတဲ့ တစ်နေရာကိုပေါ့ ပဝါရယ်၊ ကဲ တက်စမ်းပါ ကိုယ်စောင့်နေတာ မိနစ်လေးဆယ်တိတိ ကြာသွားပြီ"

"နွေတမန် နင်းနိုင်လို့လား။ ဖယ်ပါ ပဝါနင်းမယ်၊ နောက်ကပဲ ထိုင်လိုက်ခဲ့"

"ဘာလို့မနင်းနိုင်ရမှာလဲ၊ ကယ်ရီခုံပေါ်တက်စမ်းပါ ပဝါရဲ့၊ ကိုယ်ပဲနင်းပါ့မယ်"

နွေတမန်အကြောင်း သိနေပြီးသူမို့ ပဝါကပဲ အရှုံးပေးလိုက်ရပါသည်။ စက်ဘီးလေးကို နင်းကာ နွေတမန် မောင်းထွက်တော့ တိမ်ပဝါ ကယ်ရီခုံလေးပေါ်မှာ ငြိမ်ငြိမ်လေးပါလာခဲ့၏။

တစ်လမ်းလုံး နွေတမန် နှုတ်ဆိတ်ငြိမ်သက်နေသလို တိမ်ပဝါလည်း တိတ်ဆိတ်လို့ ဘာစကားမှ မဆိုဖြစ်ပါ။

ဘာလို့ ငြိမ်သက်နေရတာလဲ နွေတမန်ရယ်။ တိမ်ပဝါလိုပဲ ရင်တွေခုန်နေတာလား။ တိမ်ပဝါကိုပြောမယ့် စကားတွေအတွက် စိုးရိမ်နေတာလား။ တိမ်ပဝါ သိချင်လိုက်တာ။

ကုန်းတက်ပြေပြေလေးအတိုင်း နွေတမန် အားစိုက်နင်းသည်။ ရင်ထဲမှာ မောဟိုက်လာတာ ကိုယ်တိုင်ပဲသိသည်။ မျက်နှာပေါ်မှာ ချွေးစတွေတောင် ခိုသီးလာတဲ့အထိ။

တိမ်ပဝါသိမှာစိုး၍ ဟန်ဆောင်ချုပ်ထိန်းထားကာမှ ဆိုး



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ရင်က တဒိတ်ဒိတ်တိုးလို့ အသက်ရှူရတာတောင် မဝချင်တော့။ မျက်လုံးတွေထဲမှာ ပြာဝေလာချိန်မှာ နွေတမန် စိုးရိမ်မိတာ တိမ်ပဝါ။

"ပ ပဝါ ဆင်း ခုန်ဆင်းလိုက်"

"ဟင်"

တိမ်ပဝါ အထိတ်တလန့်နှင့် ကယ်ရီခုံလေးပေါ်က ခုန်ချလိုက်တာ သူသိ၏။ ရမ်းခါသွားသော စက်ဘီးလေးက လမ်းမပေါ်က စိုက်ဆင်းသွားသည်။ သူ့ရဲ့ အမြင်အာရုံတွေ ဝေဝါးလာသည်။

စက်ဘီးကောလူပါ ရောထွေးလျက် မြေနီလမ်းပေါ် ထိုးကျသွားချိန်မှာ တိမ်ပဝါ အော်သံလေးကို ကြားလိုက်ရသည်။

"နွေ နွေတမန်"

✿ ✿ ✿



## အခန်း (၂၃)

အားလုံးကို ကိုယ်သိလိုက်ပြီ။ ကိုယ်အိပ်ပျော်နေတယ်အထင်နဲ့ ဒေါ်လေးစိမ့်ကို တီးတိုးမှာကြားသွားတဲ့ ဆရာဝန်ကြီးစကား။ ကလေးကို ဂရုစိုက်ပါ။ သူ့နှလုံးက အရမ်းအားနည်းနေတယ်။ စိုးရိမ်စရာ အခြေအနေပဲ။ ဆေးဝါးတွေရဲ့ အင်အားနဲ့တောင် နှလုံးက အလုပ်မလုပ်ချင်တော့ဘူးတဲ့။

ကိုယ်သိပ်ကို ချောက်ချားသွားခဲ့တယ်။ ဒေါ်လေးစိမ့်က သိုဝှက်ထားပေမယ့် အမှန်တရားကို ကိုယ်သိနေတယ်။ နွေတမန်ဆိုတဲ့ကောင်အတွက် ရှင်သန်ချိန်တွေ မရှိတော့ဘူး ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ပဝါရယ် ကိုယ်အရမ်းခံစားရတယ်။ ပဝါကို ကိုယ်ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကို အတွင့်ဆန့်စွာ ပြောမထွက်ခဲ့တော့ဘူး။ ကိုယ့်လိုသေလူတစ်ယောက်ရဲ့ ဒုက္ခတွေကို မင်း မခံစားစေချင်ဘူး၊ သောကတွေနဲ့ ပူလောင်မကျန်ရစ်စေချင်ပါဘူး။

ပဝါကို မြတ်နိုးစွာ ချစ်ခဲ့တယ်ဆိုတဲ့ စကားလေးကို သိုဝှက်သိမ်းဆည်းရင်းနဲ့ပဲ ကိုယ် လောကကြီးထဲက ထွက်သွားချင်တယ်။

မျက်ရည်တစ်ပေါက်က စာရွက်ပေါ်ကို ကြွေလွင့်သွားခဲ့၏။ သူငိုနေမိတာလား။ မဟုတ်ဘူး။ ရင်ထဲမှာ အနက်ရှိုင်းဆုံး ခံစားနေရတာပဲဖြစ်မှာပါ။ မပြောဖြစ်တဲ့စကားတွေအတွက် ခံစားချက်တွေကို ဒိုင်ယာရီစာအုပ်ထဲမှာပဲ သူ ဖြေသိမ့်နေမိခဲ့သည်။

စာအုပ်ပြာလေးကို ခွေတာမန် အသာပိတ်လိုက်မိသည်၊ မျက်ဝန်းတွေထဲက မျက်ရည်တွေကို ပုဆိုးခတ်ထုတ်ပစ်လိုက်မိသည်။

အခန်းထဲလှမ်းဝင်လာသော ဒေါ်လေးစိမ့်ကို ရိုပ်ခနဲ မြင်လိုက်ချိန်မှာ စာအုပ်ပြာလေးကို သူ ခေါင်းဦးအောက် ထိုးသွင်းလိုက်မိသည်။

"သားကိုကို စွပ်ပြုတ်လေးသောက်လိုက်ဦးနော်"

"ကျွန်တော် ဘာမှမစားချင်ဘူး ဒေါ်လေးစိမ့်"

"မဟုတ်တာပဲ သားရယ်၊ သားကိုကို တစ်ခုခုစားပြီးမှ ဆေးသောက်လို့ရမှာလေ"

"အဲဒီဆေးဝါးတွေက ကျွန်တော့်အသက်ကို ဘယ်အချိန်ကာလအထိ ဆွဲဆန့်ကယ်တင်နိုင်မှာမို့လဲ ဒေါ်လေးစိမ့်ရယ်"





ခွေတာမန့်အမေးစကားကို ဒေါ်လေးစိမ့် အဖြေမပေးနိုင်ပါ။ စွပ်ပြုတ်ပန်းကန်လေးကို ကိုင်ရင်း မျက်ရည်စတွေ ယိုစီးကျလာသည်။

"အဟင်း ဟင့် သားလေးရယ်"

ရှိုက်သံတွေနှင့်အတူ ဒေါ်လေးစိမ့်ပါးပြင်ပေါ်မှ မျက်ရည်တွေကို ခွေတာမန် ငေးကြည့်နေမိသည်။ သူ့ကြောင့် ဒေါ်လေးစိမ့် မျက်ရည်ကျရပြန်ပြီ။ သောကပူတွေနဲ့ ငိုကြွေးနေရပြန်ပြီပဲ။

"ဆောရီး ဒေါ်လေးစိမ့်၊ သားစိတ်တိုပြီး ပြောမိတာပါ၊ မငိုနဲ့တော့ သားသောက်ပါ့မယ်"

မခြောက်သွေ့သေးသော မျက်ရည်စတွေနှင့် ဒေါ်လေးစိမ့်က သူ့ကို စွပ်ပြုတ်ပန်းကန်လေး ကမ်းပေးသည်။ စက်ရုပ်တစ်ရုပ်လို စွပ်ပြုတ်ပန်းကန်လေး တစ်ဝက်ကျိုးသည်အထိ သူ ခပ်သောက်လိုက်၏။

"တော်ပြီလား သား သောက်ဦးလေ"

"ဆက်မသောက်နိုင်တော့ဘူး ဒေါ်လေးစိမ့်၊ ဆေးတွေထားခဲ့လေ၊ ခဏနေရင် ကျွန်တော်သောက်ပါ့မယ်"

သူသောက်ဖို့ ဆေးလုံးလေးတွေ ရွေးချယ်ထုတ်ပေးပြီး ဒေါ်လေးစိမ့် စွပ်ပြုတ်ပန်းကန်ကို ပြန်သိမ်းသွားခဲ့သည်။

အခန်းထဲမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ သည်။ အတွေးထဲကို တိုးဝင်လာသည်က တိမ်ပဝါမျက်နှာလေး။

ဆက်ဘီးမှောက်လဲကာ သူသတိလစ်သွားတော့ တိမ်ပဝါက ကားတစ်စီးကို အကူအညီတောင်းကာ သူ့ကို အိမ်လိုက်ပို့ပေးခဲ့သည်တဲ့


www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာနှင့် သူ အိပ်ရာထဲမှာလဲနေသော ရက်တွေမှာလည်း တိမ်ပဝါ နေ့စဉ်ရောက်လာတတ်သည်။

"နွေတမန် သိပ်အားနည်းနေတယ်တဲ့၊ ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ နွေတမန်ရယ်"

စိုးရိမ်ပူပန်သော တိမ်ပဝါမျက်ဝန်းလေးတွေကို သူ မြင်ခဲ့ရသည်။ အားပေးစကားတွေကို သူ ကြားခဲ့ရသည်။

"ဆေးမှန်မှန်သောက် အနားယူလိုက်ရင် နွေတမန် သက်သာသွားမှာပါ၊ ဒီမှာ ဒေါ်လေးစိမ့်လာပေးထားတဲ့ ကြက်သားစွပ်ပြုတ်လေး သောက်လိုက်နော် နွေတမန်"

ရောက်လာတိုင်း နွေတမန်ကို တိမ်ပဝါ ဂရုစိုက်ပြုစုပေးသည်။ ဒေါ်လေးစိမ့်ကလည်း ပဝါ့စကားကို နားထောင်တတ်သောကြောင့် အကူအညီတောင်းတာမို့ ပဝါ နေ့စဉ်ပုံမှန်ရောက်လာ ကူညီပေးတတ်သည်။

"ရပါပြီ ပဝါ၊ ပဝါပြန်တော့လေ ညနေစောင်းနေပြီ"

"ဘာလဲ ပဝါရှိနေတာကို နွေတမန် မနှစ်သက်လို့လား၊"

အလိုမကျသလို မျက်စောင်းလေးခဲကာ ပဝါဆိုတိုင်း သူ့ရင်ထဲမှာ ဝမ်းနည်းနာကျင်ခဲ့ရသည်။ ရင်ထဲကစကားတွေကို ဘယ်တော့မှ ပြောခွင့်မရတော့တာ တိမ်ပဝါ မသိနိုင်ပါ။

"ပဝါ့ကို အားနာလို့ပါ။ ပြီးတော့ ပဝါ့ဒေါ်လေးက ဆူနေမှာစိုးလို့"





"အိမ်မှုကိစ္စတွေ လုပ်ပြီးမှ ပဝါ ဒီကိုထွက်လာခဲ့တာပါ နွေတမန်ရယ်၊ မစိုးရိမ်ပါနဲ့၊ နွေတမန်ကို ဆေးတိုက်ပြီးမှ ပြန်မှာပေါ့"

"ကဲ ဒါဆိုလည်း ကိုယ်ဆေးသောက်မှာပေါ့၊ ရေခွက်ပေး"

"သိပါတယ် ပဝါ့ကို မြန်မြန်ပြန်စေချင်နေမှန်း သိတာပေါ့"

"ဟာ မဟုတ်ရပါဘူး ပဝါရယ်၊ ပဝါ အပြန်နောက်ကျမှာ စိုးရိမ်လို့ပါ၊ ကဲ ဒါဆိုလည်း မသောက်သေးဘူးကွာ"

"တမင်စတာပါ နွေတမန်ရဲ့၊ ဆေးသောက်လိုက်ပါ၊ နွေတမန် မြန်မြန်နေကောင်းလာမှ စကားတွေတဝကြီး ပြောကြမယ်နော်"

မျက်နက်ဝန်းလေးထဲက တောင့်တမှုတွေကို နွေတမန်လည်း မြင်သိနိုင်ပါသည်။

ဒါပေမဲ့ ခွင့်လွှတ်လိုက်ပါတော့ တိမ်ပဝါရယ်။ တကယ်ဆို ရှိုးသားဖြူစင်တဲ့ မင်းလိုမိန်းကလေးတစ်ယောက်ကို ကိုယ် မခင်သင့်ခဲ့ပါဘူး။ နှောင်ကြိုးတွေနဲ့ မရစ်ပတ်ခဲ့သင့်ပါဘူး။

အခုချိန်မှာ ကိုယ် အတောင့်တဆုံးက မင်း ကိုယ့်ကိုမေ့လိုက်ပါ ပဝါရယ်။

နှလုံးသားထဲက အပြီးပိုင် မေ့ပစ်လိုက်ပါတော့ တိမ်ပဝါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘာရယ် တမန် နင်ဘာပြောလိုက်တယ်"

သိမ့်မျက်ဝန်းလေးတွေ မယုံနိုင်မှုကြောင့် ပိုင်းစက်သွားခဲ့သည်။ ဟိုးအရင်တုန်းကအတိုင်း အပြုံးချိုချိုလေးနှင့် ကြည့်နေသည့် စေတမန့်ကို စက္ကန့်ပေါင်းများစွာ ငေးစိုက်ကြည့်နေရင်းက သိမ့်ခေါင်းကလေးကို ခါရမ်းနေမိပြန်သည်။

"အဓိပ္ပာယ်မရှိတာဘဲ တမန်၊ နင် လုံးဝ အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို လုပ်ခဲ့တာပဲ"

"ငါ့အတွက်တော့ သိပ်အဓိပ္ပာယ်ရှိတယ် သိမ့်၊ နင်မပါဘဲနဲ့





တက္ကသိုလ် ပါးသွားချင်ဘူး၊ ဒါကြောင့် သချာဖြေပြီးတဲ့နောက်နေ့မှာပဲ ငါ အဖြေလွှာထဲမှာ ဘာမှမဖြေဘဲ နေခဲ့တာပေါ့"

"အဲဒါကိုက အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်ပဲ၊ နင် စာတွေပိုင်နေတာ ငါအသိဆုံး၊ ငါ့အတွက်နဲ့ ဘာလို့ တစ်နှစ်အောက်ခံရမှာလဲ"

"ငါပြောပြီးပြီပဲ သိမ့်ရယ်၊ နင်မအောင်ဘဲ ငါ စားမေးပွဲ မအောင်ချင်ဘူး။ နင်နဲ့အတူ ဆယ်တန်းမှာပဲ နေခဲ့ချင်တယ် သိမ့်ရယ်၊ ငါ့ကို နားလည်ပါ"

စေတမန်မျက်ဝန်းလေးတွေကို သိမ့် ငေးစိုက်ကြည့်နေမိသည်။ သည်မျက်ဝန်းလေးတွေထဲက အဓိပ္ပာယ်တွေကို သိမ့်သိနေသည်။ စကားတွေကို ကြားနေခဲ့သည်။

ဒါပေမဲ့ စေတမန် သည်လောက်အထိ ရူးသွပ်လိမ့်မည် မထင်ခဲ့မိ။

"သိမ့်ရယ် နင့်ကို ငါ မခွဲနိုင်ဘူး၊ စိတ်မချနိုင်ဘူး၊ နင့်ကို ငါ့နှလုံးသားထဲက မြတ်မြတ်နိုးနိုး ချစ်တာပါ၊ ငါ့လုပ်ရပ်အတွက် ပိုက်တယ်၊ မှားတယ်လို့ နင်ဘယ်လောက်ပဲဆိုဆို ငါ့ဘက်က မှန်တယ်ဟာ၊ ငါ့ကို နင် နားမလည်နိုင်သေးဘူးလားဟင်၊ ငါ့ရင်ထဲကို မမြင်တွေ့သေးဘူးလား သိမ့်ရယ်"

သိမ့်ရင်ထဲမှာ ရှုးစူးနစ်နစ် ခံစားလိုက်ရသည်။ တကယ်ဆို နှောင်ဖွဲ့ခဲ့သော သံယောဇဉ်တွေက အများကြီးပဲလေ။

အမြဲတမ်း ပျော်ပျော်နေတတ်တဲ့ စေတမန်ရင်ထဲမှာ ချစ်ခြင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး လေးနက်လိမ့်မည်ဟု လုံးဝ မထင်ခဲ့မိပါ။ ဒါကြောင့်လည်း စေတမန်တောင့်တနေတဲ့ အဖြေကို သူမဘက်က အကြောင်းပြချက်မျိုးစုံနဲ့ ရှောင်တိမ်းနေခဲ့မိတာပေါ့။

အခုတော့ သိမ့်ရင်ထဲထိ မြားချက်က စူးစူးနစ်နစ် စိုက်ဝင်ခဲ့ပြီ။ စေတမန်ဆိုတဲ့ ခပ်ချောချော ခပ်ပျော့ပျော့ ကောင်လေးတစ်ယောက်ရဲ့ နှလုံးသားကို သိမ့် မြင်ကြည့်တတ်ခဲ့ပြီလေ။

"တမန်"

"ပြောပါ သိမ့်၊ ငါနားထောင်နေတယ်"

"နင့်ကို ငါလက်ထပ်မယ် တမန်"

"ဘာရယ်"

"ဟုတ်တယ်၊ နင့်ကိုငါလက်ထပ်မယ်၊ ငါ့အဖြေကကားအတွက် နင် ကျေနပ်နိုင်မယ်မဟုတ်လား တမန်"

တမန့်မျက်ဝန်းလေးတွေ တလက်လက်တောက်ပလို့ ရောင်စဉ်တွေ လှဲဖြာနေသည်။ ညို့ယူခြင်းကင်းမဲ့တဲ့ အပြုံးလေးတွေနဲ့ သိမ့်ဘဝမှာ ပထမဆုံးအကြိမ် တမန့်ကို ပြုံးပြနေမိသည်။ သိပ်ကို သေချာပါတယ် တမန်။ နင့်ကို ငါ့နှလုံးသားက နင့်နှင့်သီးသီး ချစ်သွားခဲ့တာပါ။

"နင် နင်ငါ့ကို ချစ်တယ်ပေါ့နော် သိမ့်"

"ချစ်တယ်၊ စူးစူးနစ်နစ် မြတ်မြတ်နိုးနိုးကို ချစ်သွားမိတာ တမန်၊ ဒါကြောင့် နင့်ကို ငါလက်ထပ်မှာပေါ့ တမန်ရယ်"





"ဟား ငါ့ဘဝမှာ အပျော်ဆုံးနေ့ပဲ သိမ့်ရယ်"

မချင့်မရဲနဲ့ သိမ့်လက်ဖဝါးလေးကို တမန် ဆုပ်ကိုင်ဖျစ်ညှစ်တော့ နာကျင်သွားတာမို့ သိမ့်မျက်နှာလေး ရှုံ့မဲ့သွားရ၏။

"ဟာ ဆောရီးနော် သိမ့်၊ ငါ ဝမ်းသာလွန်းလို့ပါ"

"နင့်ရင်ထဲကို ငါမြင်တတ်ခဲ့ပါပြီ တမန်ရယ်"

"အိုကေ သိမ့်၊ နင့်နဲ့ငါ ဒီနှစ် ပြန်ကြိုးစားကြမယ်၊ တက္ကသိုလ်မှာ အတူတက်နိုင်မှာ သေချာပါတယ်"

"ဟင့်အင်း ငါ ဆယ်တန်းကိုပြန်ဖြေဖို့ အစီအစဉ်မရှိဘူး"

"ဘာရယ် ဘယ်လို သိမ့်"

"တိမ်ပဝါက ငါ့ကိုနိုင်သွားပြီလေ၊ ဒီပွဲမှာ ငါရှုံးတာ ငါလက်ခံလိုက်ရပြီးပြီပဲ"

"ဟာ မဟုတ်တာ၊ နင့်ရဲ့အပြုံးတွေ အတ္တမာနတွေ ခဝါချပစ်လိုက်စမ်းပါ သိမ့်ရယ်"

"ဟင့်အင်း ငါ တိမ်ပဝါကို ရှုံးခဲ့ပြီ၊ နောက်ထပ်တစ်ခါ မရှုံးနိမ့်ချင်ဘူး တမန်၊ နင်ငါ့ကို လက်ထပ်ပါ"

"ဟာ ဘာဆိုင်လို့လဲ၊ ငါနဲ့ပဝါက လုံးဝဖြူစင်တယ်"

တမန့် ကသောကမျော ငြင်းနေတာကြည့်ကာ သိမ့် ကျေကျေနပ်နပ်လေး ပြုံးလိုက်ရင်း

"နင့်အချစ်ကို ငါ အကြွင်းမဲ့ယုံပြီးသားပါ တမန်၊ နင်နဲ့ငါ အမြန်ဆုံးလက်ထပ်ချင်တာ တိမ်ပဝါကို ငါ အနိုင်လိုချင်လို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



နွေစံအိမ်ဆိုတဲ့ အိမ်ကြီးကို တိမ်ပဝါထက် အရင်ဦးဆုံး ငါရောက်ချင်တယ် တမန်''

တမန် မျက်မှောင်လေးကုပ်ကာ ခေါင်းကိုခါရမ်းသည်။ သိမ့်နှုတ်ခမ်းဖူးဖူးလေးတွေက လှပသော အပြုံးမပျက်တဲ ဆက်ပြောသည်။

''တိမ်ပဝါနဲ့ နွေတမန် တစ်နေ့နီးစပ်မှာ သိပ်ကိုသေချာတယ် တမန်၊ ဒီတော့ တိမ်ပဝါဟာ နွေစံအိမ်ကို မလွဲမသွေ ရောက်လာမှာပဲ၊ နင့်ကို ငါလက်ထပ်ပြီး နွေစံအိမ်ကို အရင်ဆုံးရောက်ချင်တယ်''

''မ မဟုတ်သေးဘူး သိမ့်၊ နင့်စကားတွေက ငါတို့နှစ်ယောက်ရဲ့ ချစ်ခြင်းနဲ့ မသက်ဆိုင်ဘူးဟာ''

''တမန်ရယ် နင့်ကို ငါတကယ်ချစ်တာ နှလုံးသားကကိစ္စ၊ တိမ်ပဝါကို အနိုင်ရချင်တာ ငါ့မာန ငါ့အတ္တပဲ၊ နင်နဲ့ငါ တရားဝင် လက်ထပ်ကြမယ်၊ နွေတမန်ကို နင် အသိပေးလိုက်တော့ ဒါပဲ''

''ကိုကိုနဲ့တင် ပြီးမယ့်ကိစ္စ မဟုတ်ဘူး သိမ့်၊ အဓိက,က ဒယ်ဒီနဲ့မာမီကို အသိပေးရမှာ၊ ဒါပေမဲ့ ငါသိနေတယ်ဟာ''

''နင်ဘာသိတာလဲ၊ ဘာကိုဆိုလိုတာလဲ တမန်''

''ဒယ်ဒီက ငါ့ကို အမိန့်ထုတ်ထားပြီးသား၊ ပညာရေး ဆုံးခန်းတိုင်ပြီး ဘွဲ့တစ်ခုရမှ အိမ်ထောင်ပြုရမယ်တဲ့''

''ခပ်ညံ့ညံ့အတွေးတွေ ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ တမန်ရယ်၊ နင့်မိဘတွေက နင့်ကို စွန့်ပစ်နိုင်မှာတဲ့လား၊ နင်နဲ့ငါ လက်ထပ်ပြီးခဲ့ရင် မိဘတွေ ဘာတတ်နိုင်မှာလဲ၊ နင် သတ္တိမရှိဘူးလား''





''သတ္တိမရှိတာမဟုတ်ဘူ သိမ့်၊ ဖြစ်လာမယ့်ဒုက္ခတွေကို ငါရင်ဆိုင်ရဲပေမယ့် နင်ရင်ဆိုင်ရဲပါ့မလား''

သိမ့် နားမလည်နိုင်စွာ တမန့်ကိုကြည့်မိသည်။ တမန် ဘာကို ဆိုလိုတာလဲ။

''သိမ့်သိအောင် ငါ အားလုံးပြောပြမယ်၊ ဒယ်ဒီနဲ့မာမီက နွေစံအိမ်ကြီးနဲ့ ပိုင်ဆိုင်သမျှကို ကိုကို့နာမည်နဲ့ လွှဲပေးထားတာ''

''ဟင်''

''ဟုတ်တယ်၊ ဒယ်ဒီတို့က ကိုကို့ကို ရောဂါသည်၊ လူ့ဘဝ ထဲမှာ သက်တမ်းရှည်ရှည်နေရမယ့်သူ မဟုတ်ဘူးဆိုတာ သိတယ်၊ မတော်တဆ မိဘတွေ တိမ်းပါးသွားရင် ကိုကို အားမငယ်ရအောင် ပိုင်ဆိုင်သမျှ ကိုကို့နာမည်နဲ့ လွှဲပေးထားခဲ့တာ''

''ဘာရယ် ဒါမတရားဘူး၊ တမန့်အတွက် ဘာပိုင်ဆိုင်မှုမှ မရှိခဲ့ဘူးပေါ့''

''ဒယ်ဒီတို့ အမိန့်ထုတ်ထားတဲ့အတိုင်းပဲလေ၊ ငါ့အသက် နှစ်ဆယ့်ငါးနှစ်ပြည့်ရင် ကိုကို့ဆီက အမွေထက်ဝက် ပိုင်ဆိုင်ရမယ်၊ ကိုကို တိမ်းပါးသွားခဲ့ရင်၊ ကိုကို့အမွေ ဆက်ခံမယ့် ဇနီးမယား မရှိခဲ့ရင် ငါ အားလုံးပိုင်ဆိုင်ခွင့်ရှိတယ် သိမ့်''

သိမ့် နှုတ်ဆိတ်ငြိမ်သက်လို့ ခေါင်းကိုသာ ခါရမ်းနေသည်။ တမန်က သိမ့်ပခုံးလေးကို ပွေ့ဖက်လိုက်ရင်း

''မင်းကို ကိုယ်ဘယ်လောက်ချစ်သလဲဆိုတာ မင်းသိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



သိမ့်ရယ်၊ ကိုယ်တို့ ရည်ရွယ်ချက်တွေနဲ့ ကြိုးစားကြရအောင်နော်၊ ဘွဲ့တစ်ခုပိုင်ဆိုင်ပြီးကြရင် သိမ့်နဲ့ကိုယ်တို့ အနာဂတ်က ဂုဏ်ယူနေမှာပါ"

သိမ့်ရင်ထဲမှာ မောဟိုက်သွားရသည်။ သိမ့်မျှော်လင့်ထားသမျှက တကယ် တလွဲတချော်တွေချည်းပါလား။ စေတမန်မှာက စည်းကမ်းတွေ ဘောင်တွေ အမိန့်ကန့်သတ်ချက်တွေနှင့်။ နွေတမန်ဘဝက အနှောင်အဖွဲ့မရှိ။ ပြည့်စုံသောချမ်းသာမှုမှန်သမျှ လက်တွေ့ဘဝမှာ ပိုင်ဆိုင်ထားသည်။

မင်းသိပ်တော်တယ် တိမ်ပဝါ။ ဒီအကြောင်းတွေကိုသိလို့ မင်းနွေတမန်ကို အရအမိ သိမ်းသွင်းခဲ့တာပဲပေါ့။ မင်းကို အနိုင်ယူဖို့အတွက် တို့ရဲ့ နောက်ဆုံးပြိုင်ပွဲမှာလည်း မင်းပဲ အနိုင်ယူဦးမှာလား တိမ်ပဝါ။

ငါမင်းကို အရှုံးမပေးပါရစေနဲ့။

✿ ✿ ✿



အခန်း (၂၅)

"ဟော သမီးလေးတိမ်ပဝါ ဒီနေ့ စောလှချည်လား"

ခြံဝင်းတံခါးရှေ့မှာ တိမ်ပဝါ စက်ဘီးလေးထိုးရပ်လိုက်မိစဉ်မှာပဲ ဦးလေးနီက ခြံတံခါးသော့ကို ဖွင့်ပေးရင်း ဆီးကြိုနှုတ်ဆက်သည်။

"ဒေါ်လေးတို့သားအမိတွေ ရုပ်ရှင်သွားကြည့်နေတုန်း ခဏထွက်လာခဲ့တာ ဦးလေးနီရဲ့၊ နွေတမန်ကောဟင်"

"ခြံထဲက သစ်ပင်ရိပ်အောက်မှာ ဒရင်းဘက်နဲ့ ဘာတွေရေးနေလဲ မသိပါဘူး"

"ဟုတ်လား၊ ဒါဆို ပဝါသွားလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"အေး အေး မောင်နွေတမန် ထူထူထောင်ထောင်ဖြစ်လာလို့ ဦးလေးနီ ဝမ်းသာနေတာ၊ ကဲ သွားလိုက် သမီး သွားလိုက်"

တကယ့်ကို ချစ်စရာကောင်းတဲ့ ကလေးမလေးပါပဲ။ မျက်နှာလေးက အပြစ်ကင်းစင် ငြိမ်းချမ်းသလို စိတ်ဓာတ်ကလေးကလည်း ဖြူစင်သိမ်မွေ့လွန်းသည်။ နွေတမန်ကို ဂရုစိုက်ပြုစုတဲ့နေရာမှာလည်း အနွံအတာခံနိုင်လွန်း၏။ တိမ်ပဝါလေးသာ မောင်နွေအနီးမှာ အမြဲရှိနေလျှင် ဘယ်လောက်ကောင်းလိုက်မလဲ တွေးရင်း ဦးနီ ကားရေဆေးဖို့ ထွက်ခဲ့လေသည်။

စက်ဘီးလေးကို ကွန်ကရစ်လမ်းမပေါ် အသာထောက်ရပ်လိုက်ပြီးမှ တိမ်ပဝါ ဒရင်းဘက်နှင့် ဓိမ်ကျနေသော နွေတမန်ရှိရာသို့ လှမ်းခဲ့သည်။ အနားရောက်မှ စာရေးနေသည်ဆိုသော နွေတမန်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လို့နေသည်။

ရှင်းသန့်နေတဲ့ မျက်နှာလေးကို တိမ်ပဝါ အခွင့်အရေးရတုန်း တစိမ့်စိမ့် ရပ်ကြည့်မိသည်။ မည်းနက်သွယ်တန်းသော မျက်ခုံးအစုံ အောက်မှ မျက်တောင်ကော့တွေက ကော့ညွတ်ညီညာလို့နေသည်။

သွယ်စင်းသွားသော နှာတံလေးက ကျစ်ကျစ်လစ်လစ် အချိုးကျအောင် လှပပါသည်။ နှုတ်ခမ်းပြည့်ပြည့်လေးတွေက ဟိုးအရင်ရက်တွေကလို ဖြူဖျော့ဖျော့မဟုတ်တော့ပါ။ ပန်းနုသွေးလွှမ်းလို့ စိုလဲ့နေသည်။

အပြာနုရောင် စပို့ရှပ်လေးကို အောက်ကခံလျက် ပဝါ





ပေးထားသော ဆွယ်တာအညိုလေးနှင့် နွေတမန်ကိုကြည့်ကာ တိမ်ပဝါ ရင်ထဲမှာ နွေးထွေးရှိန်းမြသွားရသည်။

တသိမ့်သိမ့်လှိုက်ဖိုလာသော ရင်ခုန်သံတွေကို ချုပ်ထိန်းရင်း ဒရင်းဘက်ဘေးက စားပွဲပုလေးပေါ် တိမ်ပဝါ အာရုံရောက်သွားရသည်။ နွေတမန် ဘာတွေရေးထားသည်မသိ။ ဒိုင်ယာရီစာအုပ်လေးမှန်း ကောက်ကိုင်ပြီးမှပဲ တိမ်ပဝါ သိလိုက်ရပါသည်။

"ဟင်"

တိမ်ပဝါ မျက်ဝန်းလေးတွေ ဝိုင်းစက်အံ့သြသွားရသည်။ ရေးလက်စ နွေတမန် ခံစားချက်တွေထဲမှာ တိမ်ပဝါနာမည်ကို တွေ့ရသည်။

ပြင်းပြသော သိချင်စိတ်တို့နှင့် တိမ်ပဝါ ဒိုင်ယာရီစာအုပ်လေးကို လှန်လှောကာ ဖတ်နေမိတော့၏။

နွေတမန်ရဲ့ ခံစားချက်စာလုံးလေးတွေက တိမ်ပဝါရင်ထဲအထိ စူးနစ်စွာ ခံစားရစေသည်။ တိမ်ပဝါ မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲတက်လာတာတောင် ကိုယ့်ကိုကိုယ် သတိမထားမိခဲ့။

"နွေတမန်ရယ် ချစ်တယ်ဆိုတဲ့ စကားလေးကို သေတဲ့အထိ ရင်ထဲမှာပဲ သိုဝှက်ထားတော့မှာတဲ့လားဟင်"

တိမ်ပဝါမသိသော နွေတမန်ရင်ထဲက ခံစားချက်တွေကို သိလိုက်ရသလို နွေတမန်ခံစားနေရတဲ့ ဝေဒနာကိုလည်း တိမ်ပဝါ သိခဲ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

နွေတမန်ရယ် သောကပူတွေနဲ့ မချန်ထားခဲ့ချင်ဘူးတဲ့လား။ ဟင့်အင်း ရှင့်ဆန္ဒ ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိမ်ပဝါ့နှလုံးသားမှာ နွေတမန် ရှိနေလို့ပဲ။

လောကကြီးထဲက နွေတမန် ပျောက်ကွယ်သွားခဲ့ရင်တောင် တိမ်ပဝါ နှလုံးသားမှာ နက်ရှိုင်းစွာ ဆက်တည်ရှိနေဦးမှာပါ နွေတမန်ရယ်။

"ဟင် ပ ပဝါ မင်း မင်း"

ဒရင်းဘက်ပေါ် ထထိုင်ရင်း လန့်နိုးလောသော နွေတမန်မျက်ဝန်းမှာ အံ့ဩထိတ်လန့်ခြင်းတွေနှင့် တိမ်ပဝါလက်ထဲက စာအုပ်ကို လှမ်းကြည့်နေ၏။

"နွေတမန်ရယ် ရှင်တစ်ယောက်တည်း ကြိတ်ခံစားနေခဲ့တာ မဟုတ်ခဲ့ပါဘူး"

"ဟာ ဟို ဟို မင်း ငါ့စာအုပ်ကို ဘာလို့ဖတ်နေတာလဲ ပဝါ၊ ပေး ပြန်ပေးစမ်းပါ"

သွေးရူးသွေးတန်းနှင့် တိမ်ပဝါလက်ထဲက စာအုပ်ကို လုယူဖို့ နွေတမန် ကြိုးစားသည်။ တိမ်ပဝါ စာအုပ်လေးကို အနောက်ဘက်မှာ ကွယ်ဝှက်ထားရင်း

"နွေတမန်ရယ် ရှင်ထဲက ခံစားချက်တွေကို သိုဝှက်ဖို့ မကြိုးစားပါနဲ့"

မျက်ရည်စတွေ ရစ်ဝိုင်းနေသော မျက်နက်ဝန်းလေးတွေနှင့် တိမ်ပဝါဆိုနေသည်။ နွေတမန် သိပ်ကို တုန်လှုပ်ချောက်ချားသွားရသည်။





တိမ်ပဝါ အားလုံးကို ဖတ်ပြီးသွားခဲ့ပြီလား။

မေ့မေ့လျော့လျော့ ထားလိုက်မိသော ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်မိတော့သည်။ တကယ်ဆို ဒါတွေအားလုံး တိမ်ပဝါ ဘယ်လိုမှ မသိသင့်သော ကိစ္စတွေသာဖြစ်သည်။

"ကိုယ့်စာအုပ်ပြန်ပေးပါ တိမ်ပဝါ၊ ကိုယ်မသိဘဲ ခိုးယူဖတ်တာ ကိုယ်လုံးဝမကြိုက်ဘူး"

မာထန်ထန် သူ့စကားတွေကြောင့် တိမ်ပဝါ တွေတွေလေး မင်သက်နေသည်။ အပြစ်ကင်းစင်သော တိမ်ပဝါဘဝလေးကို သူ ဘယ်လိုအကြောင်းနှင့် မပူလောင်စေချင်ပါ။ သူ့မျက်နှာကို အတည်ငြိမ်ဆုံး ဖြစ်အောင် ထိန်းရင်း

"မင်းကိုယ်မင်း အထင်ကြီးမနေနဲ့ တိမ်ပဝါ၊ အဲဒါ ငါ့ရင်ထဲက ခံစားချက်အစစ်အမှန်တွေ မဟုတ်ဘူး"

"နွေ နွေတမန် မညာပါနဲ့"

"ကိုယ်ဘယ်တော့မှ မညာတတ်ဘူး။ မင်းကိုယ့်ကို ဘယ်လို အကြောင်းနဲ့ ချဉ်းကပ်လဲဆိုတာ သိချင်လို့ တမင်ဖန်တီးထားတဲ့ စာအုပ်ကွ၊ ဘာလဲ မင်းက ငါ့ကိုဖြားယောင်းပြီး ပိုင်ဆိုင်ဖို့ ကြိုးစားမလို့လား၊ ဘယ်တော့မှမရဘူး တိမ်ပဝါ၊ မင်းရဲ့တက်မက်မှုက ငါ့အမွေတွေဆိုတာ ငါသိတယ်"

"နွေတမန် ရှင် ရှင် အဟင့် ဟင့်"

မယုံနိုင်လောက်အောင် ထိတ်လန့်ချောက်ချားသွားတဲ့ တိမ်ပဝါ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကိုကြည့်ပြီး သူ့ရင်ထဲမှာ နာကျင်သွားရသည်။ ရှိုက်သံတွေနှင့် လုံးထွေးရင်း တိမ်ပဝါမျက်ဝန်းတွေက သူ့ကို စူးစူးရဲရဲ ငေးစိုက်ကြည့်သည်။

"ရှင့်ကို ကျွန်မ သိပ်ကိုမုန်းသွားပြီ နွေတမန်"

ထာဝစဉ် နူးညံ့သိမ်မွေ့မှုနှင့် မြတ်နိုးခဲ့ရသော နှုတ်ခမ်းပါးလေးထက်က ခုန်ထွက်လာသော စကားလုံးတွေက ပြင်းထန်လွန်းသည်။ သူ့ရင်ထဲမှာ စူးခနဲ နာကျင်ခံစားရပေမယ့် တိမ်ပဝါမျက်နှာလေးကို ငေးစိုက်ကြည့်ကာ သူပြုံးလိုက်မိသည်။ လှောင်ပြောင်မှုစွက်သော သရော်အပြုံးတွေ။

"နွေတမန်ကလည်း မင်းကို ဘယ်တုန်းက ချစ်ခဲ့ဖူးလို့လဲ တိမ်ပဝါ"

သူ့စကားအဆုံးမှာ တိမ်ပဝါ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ကာ ချာခနဲလှည့်ပြေးသည်။ ယောင်မှားစွာ ပြေးလိုက်မိတော့မည့် ခြေလှမ်းတွေကို သူ ချုပ်ထိန်းထားလိုက်ရသည်။

စက်ဘီးလေး ဒယီးဒယိုင်နှင့် အရှိန်ပြင်းစွာ နင်းထွက်သွားတော့ သူ့ရင်ထဲ ပူပန်သွားရသေးသည်။ တိမ်ပဝါအရိပ်ကလေး ခြံဝမှာ ပျောက်ကွယ်သွားခဲ့သည်။ သူ့ရင်ထဲမှာတော့ ဝေဒနာကို အံကြိတ်တင်းခံရင်း မြက်ခင်းပေါ် ကျကျန်ရစ်သည့် သူ့ရဲ့ ဒိုင်ယာရီစာအုပ်လေးကို ကောက်ယူလိုက်မိသည်။

မျက်ဝန်းထဲမှာ လက်ခနဲ ရောင်ပြန်တစ်ခု အရိပ်ထင်သည်။





တိမ်ပဝါရဲ့ လှပသော ဆံနွယ်တွေထဲက ပြုတ်ကျကျန်ရစ်ခဲ့သော ကျောက်ပွင့်လေးတွေ စီခြယ်ထားသည့် ဆံညှပ်ကလေး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ဒယ်ဒီနှင့်မာမီတို့ ဖုန်းမဆက် စာမပို့ဘဲ ပြန်ရောက်လာခြင်းအတွက် သူ အံ့ဩရသည်။

"သားကိုကို"

ညေ့်ခန်းထဲမှာ မတ်တပ်ကြီး မင်သက်နေသော သူ့ကို မာမီက ဝမ်းသာအားရ ပြေးဖက်သည်။ ဒယ်ဒီက သူ့ပခုံးကို တင်းတင်း ဆုပ်ကိုင်ရင်း ပြုံးပြုံးကြီးငေးကြည့်နေ၏။

"သားကိုကိုရယ် ပိန်သွားလိုက်တာ"

သူ့ကို ပွတ်သပ်မော့ကြည့်ရင်း မာမီ မျက်ရည်ရစ်ဝဲစွာဆိုတော့





သူလည်း တင်းမခံနိုင်တော့ပါ။ ပါးပြင်ပေါ် စီးကျလာသော မျက်ရည်တွေနဲ့ မာမီ့ကို တင်းတင်းကျပ်ကျပ် ပြန်ပွေ့ဖက်ထားမိသည်။

"သား မာမီ့သားလေးရယ်၊ မာမီ့ကို စိတ်ဆိုးနာကျည်းနေပြီလား သားရဲ့ အဟင့် ဟင့်"

"ကဲ ထိုင်ကြပါဦးကွာ၊ မင်းတို့ကလည်း မတ်တပ်ကြီးတွေနဲ့"

ဒယ်ဒီက သတိပေးဆိုရင်း သူနှင့်မာမီတို့ ပခုံးတွေကို ဆုပ်ကိုက်ကာ ထိုင်ခုံတွေမှာ ထိုင်စေသည်။ မျက်ရည်စတွေနဲ့ သူ ဒယ်ဒီ့ကိုတစ်လှည့် မာမီ့ကိုတစ်လှည့် ငေးစိုက်ကြည့်နေမိ၏။

ဂျပန်မှာ တစ်နှစ်နီးပါး နေထိုင်ခဲ့သော ဒယ်ဒီနှင့်မာမီသည် ဟိုစဉ်တုန်းကအတိုင်း မပြောင်းလဲဟုထင်သည်။ အသားအရည်တွေ ဖြူဖွေးလာသည်ကလွဲရင် ဟိုစဉ်ကအတိုင်းပါပဲ။

"သား ဒယ်ဒီတို့ကို စိတ်ဆိုးနေတာလား၊ သားရင်ထဲမှာ ဘယ်လိုခံစားနေရလဲ၊ ပြောကွာ၊ ဒယ်ဒီ့ကို အားရပါးရ ပြောလိုက်စမ်းပါ"

ဒယ်ဒီက သူ့မျက်ဝန်းတွေထဲ စူးစိုက်ကြည့်ရင်း အပြုံးနွေးနွေးတွေနှင့် မေးလာသည်။

"ဟင့်အင်း ကျွန်တော် စိတ်မဆိုးစိတ်မနာပါဘူး ဒယ်ဒီ၊ ကျွန်တော် အရမ်းမျှော်လင့်တာတစ်ခုပဲ ရှိတယ်၊ ဒယ်ဒီတို့ ဒီကို အပြီးပြန်လာတာလားဟင်"

"သားကို ဒယ်ဒီတို့လာခေါ်တာ၊ ဒီတစ်လအတွင်းမှာ ဒယ်ဒီတို့နဲ့အတူ သားလိုက်ခဲ့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ ပျက်ယွင်းသွားတာ ဒယ်ဒီ ရိပ်မိနိုင်မှာပါ။ ဒါပေမဲ့ ဒယ်ဒီ့မျက်နှာက အပြုံးမပျက်သွားခဲ့ပါ။

''သား ဘယ်မှမလိုက်ချင်ဘူး ဒယ်ဒီ၊ နွေစံအိမ်မှာပဲ သားသေချင်တယ်''

''ဒယ်ဒီကော မာမီပါ နွေစံအိမ်မှာပဲ တစ်သက်လုံးနေမှာပါ သားရဲ့၊ အခု သားကိုလာခေါ်တာ သားကျန်းမာရေးအတွက် ဆေးကုသပေးဖို့ကွ''

ဒယ်ဒီ့စကားကြောင့် သူ မင်သက်သွားရသည်။ မျက်ရည်စတွေ ပွတ်သုတ်ပြီးသော မာမီက သူ့ကို ပြုံးပြုံးလေးကြည့်ရင်း

''ဟုတ်တယ် သား၊ သားရဲ့ရောဂါကို ခွဲစိတ်ကုသပေးဖို့ မာမီတို့ အားလုံးစီစဉ်ပြီးခဲ့ပြီ၊ မာမီ့သားလေးကို နှလုံးအစားထိုးကုသပေးမလို့''

''ဘာရယ် မာမီ''

''သားကိုကိုရယ် သားခံစားနေရတဲ့ ဝေဒနာကို မာမီတို့ ကြည့်ရက်ခဲ့မယ်ထင်သလား၊ မာမီတို့ သားကို ထားရစ်ခဲ့တာ မဟုတ်ဘူး၊ မွေးရာပါနှလုံးအားနည်းရောဂါ ခံစားနေရတဲ့ သားလေး ပကတိ ကျန်းမာဖို့ လူ့လောကကြီးထဲမှာ သက်တမ်းစေ့နေနိုင်ဖို့ မာမီတို့ စီစဉ်နေခဲ့တာပါ၊ အခုတော့ အားလုံး အဆင်ပြေသွားပြီ သား''

''သားရဲ့ဝေဒနာကို ကုသဖို့ ပါရဂူကြီးတွေနဲ့ ဒယ်ဒီတို့ ညှိနှိုင်းပြီးပြီ၊ အားလုံးက ဒယ်ဒီ့သားလေး ကျန်းမာစေဖို့ တာဝန်ယူလိုက်ကြပြီ သား''





သူ မယုံနိုင်အောင် မင်သက်အံ့သြနေမိဆဲ၊ မာမီနှင့် ဒယ်ဒီတို့ စကားတွေက သူ့အတွက် အိပ်မက်ဆန်လွန်းလှသည်။

''ခွဲစိတ်ကုသမှု ပြီးပြတ်သွားတာနဲ့ မာမီတို့သားလေး လူကောင်းပကတိ ပြန်ဖြစ်သွားပါပြီ၊ သား ဝမ်းသာသွားစေချင်လို့ ကြိုအသိမပေးဘဲ မာမီတို့ အရောက်ပြန်ခဲ့ကြတာပဲ သား''

''မာမီရယ်''

ဒီတစ်ခါတော့ မာမီ့ရင်ခွင်ထဲ တိုးဝင်ကာ သူ ကလေးငယ် တစ်ဦးလို ငိုကြွေးလိုက်မိသည်။ မာမီက သူ့ပခုံးကို ပွတ်သပ်ရင်း သူနှင့်အတူ ငိုကြွေးသည်။ သားအမိနှစ်ဦးအဖြစ်ကို ကြည့်ကာ ဒယ်ဒီလည်း မျက်ရည်စတွေ ရစ်ဝိုင်းလျက်။

ထိတ်လန့်စရာကောင်းတဲ့ အိပ်မက်ဆိုးကြီးထဲက သူ လွတ်မြောက်လာရသလိုပါပဲ။

ဒယ်ဒီနဲ့မာမီအပေါ် အထင်လွဲကာ စိတ်ဆိုနာကျည်းခဲ့သမျှ အတွက် နောင်တတွေရနေမိတာလည်း အမှန်။

တကယ်ဆို မာမီနဲ့ဒယ်ဒီက သူ့အပေါ် အနှိုင်းမဲ့ မေတ္တာ တရားတွေ ကြီးမားခဲ့ကြတာပဲဖြစ်သည်။ သူ့ရောဂါအတွက် သူ့ကိုခွဲကာ မာမီတို့ ရေခြားမြေခြားမှာ လုံးပမ်းနေခဲ့ကြခြင်းတဲ့လေ။

ကြီးမားနက်ရှိုင်းလှတဲ့ မိဘမေတ္တာတရားကို သူ စာနာတတ်ခဲ့ပါပြီ။ တိမ်ပဝဆိုသော မိန်းကလေးအပေါ်မှာ စွန့်လွှတ်ပေးဆင်ခြင်းနဲ့ သူလည်း ချစ်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

Phyo

အခုတော့ သူပိုလို့ ကြည်နူးဝမ်းသာရသည်က ချစ်သော တိမ်ပဝါကို သူ ပိုင်ဆိုင်ဖို့ အခွင့်ရခဲ့ခြင်းကြောင့်ဖြစ်သည်။

တိမ်ပဝါရယ် မင်းရဲ့အမုန်းတွေ ရုပ်သိမ်းပေးပါ။

မင်းရဲ့ ဘဝတစ်ခုလုံးကို ငါ့ရဲ့အသက်နဲ့ခန္ဓာ တည်နေသ၍ မြတ်နိုးသိမ်းပိုက်ချင်လို့ပါ တိမ်ပဝါ။

✿ ✿ ✿



## အခန်း (၂၇)

အထပ်ထပ်ရစ်နှောင်ခဲ့သော သံယောဇဉ်နှင့် ဖြစ်တည်ခဲ့သော ချစ်ခြင်းတရားတစ်ခုမှာ အမုန်းဆိုသောအရာသည် အလွယ်တကူနှင့် အစားထိုးဝင်ရောက်လာနိုင်စွမ်း မရှိမှန်း တိမ်ပဝါသိခဲ့ရသည်။

နွေတမန်ကို ပဝါချစ်ခဲ့တာ နိုင်ကျည်သောနှောင်ကြိုးတွေနဲ့ ပြတ်နိုးစွာ ချစ်ခဲ့မိတာပါ။ ဖန်တီးယူခဲ့သော ချစ်ခြင်းမဟုတ်။ နှလုံးသားက ဟစိမ့်စိမ့် နက်ရှိုင်းစွာ ပေါ်ပေါက်လာတဲ့ ချစ်ခြင်းပါ။

ချစ်ခြင်းနှင့် သိက္ခာတရားကို စော်ကားခံလိုက်ရချိန်မှာ လွယ်ကူစွာ နှုတ်ဖျားက မုန်းတယ်ဟု ပဝါ ဆိုခဲ့သည့်တိုင် တကယ်


www.burmeseclassic.com

www.burmeseclassic.com

တမ်းကျ လွယ်ကူသောအရာ မဟုတ်ခဲ့ပါ။

နွေတမန်ရယ် ရှင်တကယ်ပဲ တိမ်ပဝါကို လှည့်စားစမ်းသပ်ခဲ့တာလားဟင်။ ရှင့်ကို နာကျည်းမုန်းမေ့အောင် တမင် ခါးသီးရက်စက်ပြခဲ့တာလား။

နေနိုင်လိုက်တာ နွေတမန်ရယ်။

တစ်ခါတုန်းက ဟောဒီ နံ့သာကုန်းထိပ်လေးမှာ သတိလစ်သွားတဲ့ ရှင့်ကို တိမ်ပဝါ စိုးရိမ်တကြီးနဲ့ ထွေးပွေ့ထားခဲ့ရတာ ရှင် မသိနိုင်ခဲ့ပါဘူး။ တိမ်ပဝါကို စက်ဘီးပေါ်က ခုန်ဆင်းဖို့ သတိပေးခဲ့တာကကော ဟန်ဆောင်စိုးရိမ်ပြတာလို့ ငြင်းဆိုဦးမှာလား နွေတမန်။

အဲဒီတုန်းက သတိလစ်မေ့မျောနေတဲ့ ရှင့်ကို ကျွန်မ စိုးရိမ်ပူပန်စိတ်တွေ မွန်ထူစွာနဲ့ ပြုစုခဲ့ရတာကို ရှင်ဘယ်သိခဲ့မှာလဲ။ သွေးရူးသွေးတန်းနဲ့ တိမ်ပဝါရဲ့ နှုတ်ခမ်းလေးတွေ ထူပူနီမြန်းသွားခဲ့တဲ့အထိ ရှင်သတိလည်လာအောင် ကြိုးစားခဲ့ရဖူးတယ်။ ဒါတွေကို တွေးမိတိုင်း တိမ်ပဝါ ရှက်ရွံ့ထူပူခဲ့ရသေးတာပေါ့။

အခုတော့ နံ့သာကုန်းထိပ်က မြေနီလမ်းကလေးမှာ တိမ်ပဝါ မျက်ရည်ဝဲနေခဲ့ရပြီ နွေတမန်ရယ်။

စက်ဘီးကလေးကို ညင်သာစွာတွန်းခဲ့ရင်း တိမ်ပဝါ မြေနီလမ်းလေးကို နှုတ်ဆက်ကျောခိုင်းလိုက်မိသည်။ နွေတမန်ကို သတိရတိုင်း ဒီနေရာလေးကို တိမ်ပဝါ မနက်တိုင်း ရောက်ခဲ့ရပေမယ့် နွေတမန်ဆိုတဲ့ နေနိုင်ရက်သူကတော့ သတိရနိုင်မှာမဟုတ်ပါဘူး။





"ဟင်"

နံ့သာကုန်းထိပ် လမ်းလေးအတိုင်း တိမ်ပဝါ စက်ဘီးလေးကို တွန်းပြီး ပြန်လာတုန်း မြင်လိုက်ရတဲ့မြင်ကွင်းက ထင်ယောင်မှားမှုတော့ မဟုတ်နိုင်ပါ။ တိမ်ပဝါမျက်ဝန်းလေးတွေ ပိုင်းစက်တုန်လှုပ်လို့ ကုန်းထိပ်လေးမှာ ခွေလဲကျနေသူဆီကို ပြေးခဲ့မိတယ်။

သတိလက်လွတ် လွှတ်ချထားခဲ့တဲ့ တိမ်ပဝါ စက်ဘီးကလေး လဲကျကျန်ရစ်ခဲ့တာလည်း တိမ်ပဝါ သတိမရနိုင်ဘူး။

"အို ဘုရားရေ နွေတမန်"

တိမ်ပဝါကိုယ်တိုင် အမှတ်တရပေးခဲ့တဲ့ အညိုရင့်ရောင်ပွယ်တာလေးနဲ့ နွေတမန် ဘယ်အချိန်ကတည်းက လဲကျနေတာလဲ မသိ။ ရင်ထဲက တလှိုက်လှိုက်တက်လာတဲ့ စိုးရိမ်ပူပန်စိတ်နဲ့ တိမ်ပဝါ ပြေးပွေ့ထူမိသည်။

"နွေတမန် နွေတမန်"

တိမ်ပဝါ လှုပ်ရမ်းခေါ်ပေမယ့် နွေတမန်မျက်ဝန်းတွေ ဖွင့်မလာရှာပါ။ နွေတမန်ရင်ဘတ်ကို ကပ်ပြီး နားထောင်ကြည့်တော့ နှလုံးခုန်သံသဲ့သဲ့ ကြားနေရတုန်းရှိသေးသည်။

"နွေတမန် နွေတမန်"

သတိလစ်နေတာ သေချာသွားသည်။ ပကတိ မလှုပ်မယှက် ငြိမ်သက်နေတဲ့ နွေတမန်မျက်နှာလေးကို ကြည့်ကာ တိမ်ပဝါ မျက်ရည်တွေ ဝဲတက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ဟင့်အင်း ရှင်မသေရဘူး။ မသေစေရဘူး နွေတမန်။

ရှိုက်သံလေးနဲ့ ထိတ်လန့်တကြား ရေရွတ်ရင်း ပန်းနုရောင် စိုလဲ့နေဆဲ နွေတမန်နှုတ်ခမ်းလေးကို တိမ်ပဝါ နှုတ်ခမ်းနွေးနွေးလေးနဲ့ ဖိကပ်လိုက်မိတော့သည်။

တိမ်ပဝါစိတ်ထဲမှာ ပူပန်စိတ်တို့ လှိုင်းထနေသည်ပဲ။ သတိလစ်နေသော နွေတမန် ပြန်သတိရလာစေချင်တာ တစ်ခုပဲ ရင်ထဲမှာ ပြင်းပြနေခဲ့သည်။

"အို ဘုရားရေ"

နွေတမန်နှုတ်ခမ်းနွေးနွေးလေးတွေရဲ့ အထိအတွေ့ကြောင့် တိမ်ပဝါ မျက်နက်ဝန်းလေးတွေ ပိုင်းစက်သွားခဲ့ရသည်။ ကြည့်စမ်း နွေတမန်ရဲ့ မျက်ဝန်းညိုညိုတွေ မှေးစင်းနေရဲ့။

ထူပူရှက်ရွံ့စိတ်တွေ လုံးထွေးရင်း တိမ်ပဝါ ခေါင်းကလေး ပြန်မတ်ဖို့ ကြိုးစားပေမယ့် နွေတမန်ရဲ့လက်တွေက သိုင်းဖက်ထားတာမို့ ရုန်းမထွက်နိုင်။

စူးနစ်မွတ်သိပ်လွန်းတဲ့ အနမ်းတွေကြားမှာ တိမ်ပဝါ မောဟိုက်လာရ၏။

"နွေ နွေတမန် ကျွန်မကိုလွှတ်ပါ"

နွေတမန်က တိမ်ပဝါနှုတ်ခမ်းပါးလေးတွေကို ထပ်စကားဆိုခွင့် မပေးတော့ပါ။ အနမ်းရှည်ကြီးတွေရဲ့ ခေါ်ဆောင်ရာ လှိုင်းတွေထဲမှာ တိမ်ပဝါ လွင့်မျောသွားခဲ့ရလေသည်။





"အရမ်းချစ်တယ် ပဝါရယ်"

"လွှတ် မုန်းတယ်၊ ရှင့်ကို ကျွန်မသိပ်မုန်းတယ် နွေတမန်"

အနမ်းပင်လယ်ကြီးထဲက ရုန်းထွက်နိုင်ခဲ့ပေမယ့် ခိုင်မြဲသော နွေတမန်ရဲ့လက်တွေထဲက ရုန်းမသာအောင် တိမ်ပဝါ မောဟိုက်နေခဲ့ရသည်။

"ကိုယ်မယုံဘူး။ ကိုယ့်ကိုမုန်းတဲ့ ကောင်မလေးက ကိုယ့်ကို နမ်းပါ့မလား ပဝါရယ်"

တိမ်ပဝါမျက်နှာလေး ရဲရဲနီမြန်းထူပူသွားကာ သူ့ရင်ခွင်ထဲက ရုန်းထရင်း

"ရှင့်ကိုနမ်းတာမဟုတ်ဘူး၊ သေမှာစိုးလို့ စေတနာနဲ့ ပြုစုနေတာ"

"စေတနာအနမ်းလေးတွေလား။ နောက်တစ်ကြိမ်လောက် စွန့်ကြဲပါဦး တိမ်ပဝါရယ်"

"နွေတမန် ရှင်ဘာဖြစ်နေတာလဲ၊ အဲဒီလောက်ထိ အရှက်မဲ့နေတာ ကျွန်မအံ့သြတယ်၊ နွေတမန်မှ ဟုတ်ရဲ့လား"

ရှက်ဒေါသလေးနဲ့ တိမ်ပဝါဆိုတော့ နွေတမန် သဘောကျစွာ ရယ်မောနေပြန်သေး၏။ တိမ်ပဝါမှာတော့ ထူပူနီမြန်းလို့။

"ပဝါ ကိုယ့်ကို တကယ်မုန်းသွားပြီလား သိချင်လို့ ဒီနေရာလေးက လာစမ်းသပ်ကြည့်တာပါကွာ"

"မုန်းတယ် အရမ်းကိုမုန်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"မုန်းတဲ့သူကလည်း လွမ်းနေလိုက်တာ သေချင်ယောင် ဆောင်နေတဲ့သူတောင် အိပ်ပျော်သွားတယ် အပွန်း"

"တော်ပြီ ဟန်ဆောင်တတ်တဲ့သူကို ပဝါ တကယ်မုန်းတယ်"

ပြေးထွက်ဖို့ကြံရွယ်သည့် တိမ်ပဝါကို သူလှမ်းဆွဲထားရင်း

"စိတ်မဆိုးပါနဲ့ ပဝါရယ်၊ ကိုယ့်ကြောင့် ပဝါ သောကဒုက္ခတွေ မခံစားရစေချင်လို့ လိမ်ညာခဲ့မိတာပါ၊ စိတ်ချ နောက်ဘယ်တော့မှ ပဝါ ကိုယ့်ကြောင့် မငိုစေရတော့ပါဘူးကွာ"

"မကျေနပ်ဘူး၊ ရှင့်ကြောင့် ကျွန်မမျက်ရည်တွေ ကျခဲ့ရတာ ပြန်လျော်ပေးမှ ကျေနပ်နိုင်မယ်"

"ပဝါကျခဲ့ရတဲ့ လွမ်းမျက်ရည်တွေအတွက် ကဲ"

"အို နွေတမန်"

သည်တစ်ခါတော့ ချစ်သူရဲ့ မြတ်နိုးစုံမက်ခြင်းနဲ့ သိမ်မွေ့ ညင်သာသော အနမ်းရှည်ကြီးထဲမှာ တိမ်ပဝါကိုယ်တိုင် ယစ်မူးပါသွား ခဲ့သည်။

ရင်ခုန်သံမြစ်နှစ်စင်းကတော့ ငြိမ့်ငြိမ့်လေးစီးမျောလို့။

✿ ✿ ✿



၂၁၇ (၅)

## အခန်း (၂၀)

သည်နေ့ ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့။ တိမ်ပဝါ ပနက်လေးနာရီလောက်ကတည်းက ရင်ခုန်လှုပ်ခတ်စွာနှင့် နိုးနေခဲ့သည်။ သည်အချိန်လောက်ဆို ကျောင်းဝင်းရှေ့မှာ အောင်စာရင်းလာကြည့် သူတွေနှင့် စည်ကားနေမှာ သေချာလေသည်။

တိမ်ပဝါကိုယ်တိုင်ကလည်း အောင်စာရင်းသွားကြည့်ချင်လှပြီ။ ပါပေမဲ့ အိပ်အပြင်ဘက်ကို လှမ်းမျှော်ကြည့်ကာ တိမ်ပဝါ ကြက်သီး တဖြန်းဖြန်း ထမတတ် ထိတ်လန့်သွားရသည်။

အတော်ကို မှောင်နေသေးသည်ပဲ။ အဖော်မပါဘဲ တစ်ယောက်တည်းသွားလို့ မသင့်။ မသွားရဲသေးတာမို့ တိမ်ပဝါ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခန်းလေးထဲမှာပဲ ငုတ်တုတ်ထိုင်ကာ အလင်းရိပ်လေး သန်းလာတာကို စောင့်ရသည်။

ငါးနာရီလောက်မှ အရုဏ်အလင်းရိပ် ပေါ်လာသည်။ တီမ်ပဝါလည်း အိမ်လေးထဲမှာထွက်ခဲ့ကာ ကျောင်းဘက်ဆီသို့ ထွက်ခဲ့မိသည်။

"ပဝါ"

နားထဲမှာကြားလိုက်ရသော ခေါ်သံကြောင့် အနောက်ကို ပဝါလှည့်ကြည့်တော့ နွေတမန်ကို စက်ဘီးလေးနှင့်တွေ့ရသည်။ ဂျင်းဂျက်ကက်အနက်ရောင်၊ ဂျင်းပင်န့်အနက်ရောင်နှင့်မို့ နွေတမန်ကို တီမ်ပဝါ မမြင်ရခြင်းဖြစ်သည်။ ပတ်ဝန်းကျင်က အမှောင်ရိပ်လေး ရှိနေသေးသည်ကိုး။

"နွေ အောင်စာရင်း သွားကြည့်မလို့လားဟင်"

"မနက်လေးနာရီကျော်ကျော်ကတည်းက ကျောင်းတံခါးဖွင့်တာ၊ ကိုယ်သွားကြည့်ပြီးလို့ ဒီနေရာလေးက ပဝါကိုစောင့်နေတာ"

"ဟင် ဟုတ်လား၊ ပဝါ အရမ်းမှောင်နေလို့ မထွက်ရဲဘဲ ခုမှထွက်ခဲ့တာ နွေ၊ နွေအောင်တယ်မို့လားဟင်"

"အောင်ပါတယ်၊ ပဝါလည်းအောင်တယ်၊ ဘာသာစုံဂုဏ်ထူးနဲ့ကို အောင်တာ"

"ဟယ် တကယ် ဝမ်းသာလိုက်တာ နွေရယ်၊ ပဝါ ဆုတောင်း တကယ်ကို ပြည့်ပြီပေါ့"





ဝမ်းသာစိတ်လေးကြောင့် ပဝါ ဝမ်းသာကြည်နူးနေမိသည်။ နွေတမန်ကော ပဝါပါ အောင်ကြသည်ဆိုတာနဲ့ပဲ ပဝါ အပျော်တွေ လွှမ်းနေတာမို့ ကျန်တဲ့သူတွေအကြောင်း မမေးမိသေးပါ။

"စေတမန်တော့ကျတယ် ပဝါ"

"ဘာရယ် ဘယ်လို နွေ၊ စေတမန် စာမေးပွဲကျတယ် ဟုတ်လား"

"ဟုတ်တယ် ပဝါ ညီကျတယ်၊ သန္တာနဲ့မိသူ အောင်တယ်၊ ပဝါ အံ့ဩနေသလား၊ ကိုယ်လည်းအံ့ဩနေတာ၊ ညီ စာတော်ရက်နဲ့ ဘာလို့ကျတာလဲလို့"

ပဝါကိုယ်တိုင်လည်း မယုံချင်ပါ။ နွေတမန်ကိုယ်တိုင် ပြောနေတာမို့သာ ယုံလိုက်ရခြင်းဖြစ်သည်။

"ကဲ ပဝါ ပြန်မှာမို့လား၊ မောင်လိုက်ပို့ပေးမယ်လေ ဘီးပေါ်တက်"

"ဟင့်အင်း ပဝါနင်းမယ်၊ နွေ ကယ်ရီခုံကလိုက်ခဲ့၊ နံ့သာကုန်း လမ်းက ကုန်းမြင့်ကြီး နွေရဲ့"

"ဘာလဲ သတိလစ်ပြီး လျှာထွက်သွားမှာစိုးလို့လား ပဝါ"

"အင်း သတိမေ့ချင်ယောင်ဆောင်ပြီး လူလည်ကျနမ်းခိုင်းမှာ စိုးလို့ အဟင်း ဟင်း"

ပဝါစကားကို သဘောကျစွာ နွေ ရယ်နေသည်။ နှင်းမှုန်တွေ ဝေ့ဝဲနေသော မြေနီလမ်းလေးအတိုင်း ပဝါ စက်ဘီးလေးကိုနင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေက ကယ်ရီခုံမှာထိုင်ရင်း လိုက်လာသည်။ လူသူရှင်းလင်းသော မြေနီလမ်းလေးရဲ့ အရှေ့ဘက်ပိုင်းကို ရောက်တော့ နွေက တိမ်ပဝါ ခါးလေးကို အနောက်ဘက်က သိုင်းဖက်လာသည်။

"အို နွေ ခါးကိုမကိုင်နဲ့နော် ယားတတ်တယ်"

ပဝါဆိုပေမယ့် နွေလက်တွေက ရုပ်သိမ်းမသွားဘဲ ပဝါရဲ့ ခါးကျဉ်ကျဉ်လေးကို ပို၍တင်းကျပ်စွာ ဖက်ထားသည်။ ပဝါ မနေတတ်တော့ဘဲ စက်ဘီးလေးကိုကိုင်ထားသော လက်တွေ တုန်ခါယမ်းသွား၏။

"နွေ မလုပ်ပါနဲ့၊ ပဝါ တကယ်မနေတတ်လို့ပါ"

"ကိုယ့်ချစ်သူကို ဖက်ထားတာပဲကွာ၊ ပဝါက သိပ်တွန့်တိုတတ်လွန်းတယ်၊ ဘာဖြစ်တာမှတ်လို့ အသားပုံ့သွားတာကျနေတာပဲ"

"နွေ မ ကိုင် နွေ မ မရတော့ဘူး"

စက်ဘီးလေးက မြေနီလမ်းအတိုင်း လိမ့်ဆင်းသွားကာ မြို့နွယ်တွေထဲ ထိုးကျသွားတာကို တိမ်ပဝါ မထိန်းသိမ်းလိုက်နိုင်ပါချေ။

ကံကောင်းထောက်မစွာနှင့် မြို့နွယ်တွေထဲကို နှစ်ယောက်စလုံး ထိုးကျသွားတာမို့ ထိခိုက်ဒဏ်ရာ မရတာပဲဖြစ်သည်။

"နွေ အရမ်းနောက်တာပဲ၊ ပဝါ ခါးကိုင်ရင် မနေတတ်ဘူး ယားပါတယ်ဆိုမှ"

"ပဝါ အဲဒီလိုပြောတော့ ကိုယ်က ပိုအသည်းယားတယ်၊ ကဲ အသည်းယားအောင်လုပ်ဦး"

"အို နွေ နွေနော်"

စိုးမိုးစာပေ



ပဝါ့ခန္ဓာကိုယ်လေးကို နွေတမန်က တင်းတင်းပွေ့ဖက်ရင်း သနပ်ခါးရနံ့လေးတွေ သင်းပျံ့နေသော မျက်နှာအနှံ့ အနမ်းမိုးတွေ ရွာချလိုက်သည်။ တိမ်ပဝါရင်တွေ တလှပ်လှပ် မောဟုန်တုန်ရီစွာနှင့် နွေ့ရင်ခွင်ကျယ်ကြီးထဲ နစ်မြုပ်သွားခဲ့ရသည်။

လမ်းဘေးမှာ , လဲကျနေသော စက်ဘီးကလေးနှင့် မြို့နွယ်အနီးမှာ ပူးကပ်နေသော လူရိပ်နှစ်ခုကို သိမ့် မမိုတ်မသုန် ငေးကြည့်နေမိသည်။

သိပ်ပျော်ရွှင်နေကြတဲ့ နွေတမန်နဲ့ တိမ်ပဝါတို့နှစ်ယောက် ပါလား။ နွေတမန်လည်း အောင်သည်။ တိမ်ပဝါကတော့ အောဒီအပြည့် ဆိုတော့ ပတ်ဝန်းကျင်ကိုတောင် မေ့လျော့နေတော့မည်ပေါ့လေ။

သိမ့် အံကလေးတင်းတင်းကြိတ်ကာ စက်ဘီးကို နောက်ကို ပြန်လှည့်နင်းထွက်ခဲ့သည်။ ရင်ထဲမှာ ရှုံးနိမ့်ခြင်းရဲ့ ဝေဒနာတွေနဲ့ မွန်းကျပ်ပူလောင်လွန်းနေသည်။

နောက်တစ်ကြိမ် ထပ်ရှုံးနိမ့်ခဲ့မယ်ဆိုရင် တိမ်ပဝါကို ဘယ်တော့မှ သူမ မော့ကြည့်ရဲတော့မှာမဟုတ်။

နွေတမန်ကို တိမ်ပဝါ တကယ် မြတ်နိုးစုံမက်စွာ ချစ်တာလား။ သိမ့် သွေးကြောတွေ ဆူရှူပူလောင်သွားသည်။

နှုတ်ခမ်းဖူးဖူးလေးတွေ တွန့်ကွေးရင်း သိမ့် ပြုံးလိုက်မိသည်။ ကြောက်စရာကောင်းတဲ့ အတ္တဆိပ်တွေပြည့်နေတဲ့ အပြုံးဆိုတာ။

✿ ✿ ✿

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

သည်ရက်ပိုင်းတွင်တော့ သိမ့်နန္ဒာ အိမ်ကို ဝင်ထွက်နေတာ နေ့စဉ်မို့ နွေတမန် အလိုလို မျက်စိဆံပင်မွေး စူးနေရသည်။ စေတမန်ဆီ လာသည်ဆိုပေမယ့် စေတမန်မရှိလျှင်လည်း ရောက်လာတတ်တာ မဟုတ်သေးဟု ထင်သည်။

ဒယ်ဒီနှင့် မာမီကလည်း သိမ့်နန္ဒာကို အရေးတယူရှိတတ်သည်။ ပိုဆိုးသည်က သိမ့်နန္ဒာရဲ့ ဖခင်နှင့် ဒယ်ဒီက ကျောင်းနေဖက် သူငယ်ချင်းတွေ ဖြစ်နေခြင်းကြောင့်ပင်ဖြစ်သည်။

သည်တော့ သိမ့်နန္ဒာ အိမ်ကိုဝင်ထွက်ရင်း မာမီတို့နှင့် ပလဲနံသင့်အောင် ပေါင်းနေတော့သည်။ စေတမန်ကလည်း မိဘတွေနဲ့





သိမ့်နန္ဒာ ကြည်ဖြူအဆင်ပြေနေတာမို့ ကျေနပ်နေသည်။

နွေတမန်ကတော့ သိမ့်နန္ဒာကို အတတ်နိုင်ဆုံး ရှောင်နေမိသည်။ သည်နေ့ ဒယ်ဒီနှင့်မာမီ အိမ်မှာမရှိကြပါ။ သူ့ကို ရေခြားမြေခြား တိုင်းပြည်တစ်ခုမှာ ဆေးကုသဖို့အတွက် အစီအစဉ်တွေကို ချုပ်ထွေးစွာ စီမံနေရလေသည်။ ဘာတွေလည်း နွေတမန်မသိပါ။

သူ့ရင်ထဲမှာ တောင့်တမိသည်က ဆေးကုသပြီး ပြန်ရောက်လာလျှင် တိမ်ပဒါနှင့် သူ့ကို စေ့စပ်ပေးဖို့ ဒယ်ဒီတို့ကို ဖွင့်ပြောမည်။ ဘာမှလည်း လွဲချော်စရာမရှိဟု မှတ်ယူမိသည်။

"နွေတမန်"

သူ့အခန်းထဲအထိ ဝင်လာသော သိမ့်နန္ဒာကြောင့် နွေတမန် အိပ်ရာပေါ်က လူးလဲထထိုင်မိသည်။

"မင်း မင်း ဘာလာလုပ်တာလဲ သိမ့်နန္ဒာ"

"ဘာကြောင့် ဒီလောက် ကြောက်လန့်နေတာလဲ နွေတမန်၊ သိမ့်က တိမ်ပဒါထက် အကျည်းတန်နေလို့လား၊ အဟင်း ဒီမှာ ဒေါ်လေးစိမ့် နွားနို့ပို့ခိုင်းလိုက်လို့ပါ၊ အန်တီတို့မရှိလို့ ဒေါ်လေးစိမ့်ကို ဝိုင်းကူပေးနေတာ"

"ရ ရတယ် အဲဒီစားပွဲပေါ်တင်ခဲ့ပါ"

"ပူပူလေးသောက်လိုက်ပါတဲ့၊ ရှင့်ကို ဒေါ်လေးစိမ့် မှာလိုက်တယ်"

နှုတ်ခမ်းဖူးဖူးလေးတွေ တွန့်ကွေးပြုံးသော သိမ့်နန္ဒာအပြုံး



www.burmeseclassic.com

www.burmeseclassic.com



သူ မကြိုက်လှပါ။ လူကို လှောင်သလို ပြောင်သလို ပြုံးကြည့်ခြင်းပဲ ထင်သည်။ အင်း ခက်တော့ခက်ပါသည်။ သိမ့်နန္ဒာဆိုတာက တစ်ချိန်ကျ သူ့ရဲ့ မရီးတော်စပ်လာမှာဆိုတော့လည်း။

ဒေါ်လေးစိမ့်ပေးလိုက်သော နွားနို့ကို သူသောက်ပြီး စာရေးစားပွဲမှာ ဝင်ထိုင်မိသည်။ သူမရှိတော့ရက်တွေမှာ ပေးခဲ့ဖို့အတွက် တိမ်ပဝါကို စာလေးတွေရေးထားမိသည်၊ တိမ်ပဝါ အလွှမ်းပြေဖတ်ဖို့လေ။

ဒိုင်ယာရီစာအုပ်ပြာလေးကို ဖွင့်ကာ တိမ်ပဝါမျက်နှာလေးကို သူ တွေးမြင်ကြည့်နေမိုက် ခေါင်းထဲမှာ မိုက်ခနဲ မူးဝေသွားရသည်။

သူ့ရင်ထဲမှာ ထိတ်ခနဲ၊ ဘာဖြစ်တာလဲမသိ၊ ထိတ်လန့်စိတ်နှင့် ထရပ်လိုက်မိတော့ လူက တစ်ချက်ယိမ်းယိုင်ကာ ပြီးလဲအကျ။

"နွေတမန် ကျွန်မကိုတွဲထား ခုတင်ပေါ်ပို့ပေးမယ်"

"မ မလုပ်နဲ့၊ ရ ရတယ်"

မော့ကြည့်ရင်း သူ တားမြစ်ပေမယ့် မျက်ဝန်းထဲမှာ သိမ့်မျက်နှာတွေက ဝေဝါးနေသည်။ လူက သိမ့်နန္ဒာ ခန္ဓာကိုယ်ပေါ် ဦးညွှတ်ကျသွားခဲ့သည်။ ထို့နောက်ပိုင်းမှာတော့ အရာအားလုံးသည် ဝိုးတဝါးအသိများသာ။

တိမ်ပဝါ မျက်နှာလေးက သူ့အသိအာရုံထဲ တိုးဝင်လာသည်၊ မွှေးပျံ့ပျံ့သနပ်ခါးရနံ့လေးတွေ အနမ်းမောတွေထဲမှာ သူ နစ်မွန်း၊ ပျော်ဝင်နေခဲ့သည်လား မရေရာနိုင်ခဲ့ပါ။

✿ ✿ ✿



## အခန်း (၃၀)

"ဟင့်အင်း မဖြစ်နိုင်ဘူး၊ သားလက်မခံနိုင်ဘူး ဒယ်ဒီ"

သူ့နှုတ်ဖျားက ခါးခါးသီးသီး ငြင်းဆိုစကားကြောင့် ဒယ်ဒီ့ မျက်နှာ မာတင်းတင်းဖြစ်သွား၏။ မာမီက သူ့ကို နှစ်သိမ့်အပြုံးတွေနှင့် ငေးစိုက်ကြည့်ရင်း

"ဒီလိုပြောလို့ မရတော့ဘူး သား၊ တစ်ဘက်က မိန်းကလေး ဆိုတာ သားထည့်တွက်ရမှာပေါ့၊ အဲဒီညနေက သားအခန်းထဲက ရှိုက်ငိုသံကြားလို့ မာမီတို့ဝင်ကြည့်မိတော့ သမီးလေးနန္ဒာ သားရဲ့ ခုတင်ပေါ်မှာ ရှိုက်ငိုနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဓိပ္ပာယ်မရှိတာ၊ ကျွန်တော်နဲ့ပတ်သက်တယ်လို့ မာမီ စွပ်စွဲနေတာလားဟင်"

ဒီတစ်ခါတော့ ဒယ်ဒီ နှုတ်ဆိတ်မနေတော့ပါ။ သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း ချောင်ပိတ်မေးခွန်းနှင့် ဒယ်ဒီ တုပ်နှောင်လာ၏။

"သား မာမီနဲ့ဒယ်ဒီတို့ ပြန်လာချိန်မှာ ထိပ်တိုက်တိုးတဲ့ကိစ္စ၊ သားငြင်းရအောင် မခိုင်လုံဘူး သား။ သားအခန်းထဲမှာ သိမ့်နန္ဒာ ရှိနေတယ်၊ ဘာကြောင့်ဝင်လာသလဲ မေးနဲ့ မသိမ့်ကိုယ်တိုင် ဖွားနို့ ပို့ခိုင်းလိုက်တာ၊ ဒီမှာ သား ယောကျ်ားဆိုတာ တာဝန်ယူရဲရတယ်"

ဒယ်ဒီ့စကားက သူ့ရင်ထဲကို ထိမှန်သော မြားတစ်စင်းနှယ် ရှိသည်။ သူ့သိက္ခာတရားကို ဒယ်ဒီတို့ မယုံကြည်ခဲ့တာလား။ ပြီးတော့ သူ့စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေမိတာ သူ သိမ့်နန္ဒာကို မှားယွင်းခဲ့သည်လား။ ဒါဆိုရင်တော့ တစ်စုံတစ်ရာရဲ့ ဖြားယောင်းမှုကြောင့်ပဲ ဖြစ်လိမ့်မည်။

"သားရဲ့သိက္ခာ၊ ဒယ်ဒီတို့ရဲ့သိက္ခာအတွက် သား တစ်ခုခုကိုတော့ ဆုံးဖြတ်ရလိမ့်မယ်၊ သားက ဒယ်ဒီတို့နဲ့ မလိုက်ခဲ့ခင် သိမ့်နန္ဒာကို လက်ထပ်ခဲ့တာ ပိုအဆင်ပြေလိမ့်မယ်"

"ဟာ မဖြစ်နိုင်ဘူး ဒယ်ဒီ"

သူ့ငြင်းပယ်စကားကြောင့် ဒယ်ဒီ့မျက်နှာက ညိုမှောင်တင်းမာသွား၏။ မာမီကလည်း မျက်စိမျက်နှာ ပျက်နေချေပြီ။ သူကတော့ ခေါင်းကို ခါရမ်းနေမိဆဲ။ တိတ်ဆိတ်ခြင်းကို ခွဲထွက်လာသော အသံကို





အခန်းတံခါးဝက ကြားလိုက်ရသည်။

"ကိုကို သိမ့်ကို တာဝန်မယူဘူးဆိုရင် သားတာဝန်ယူမယ် ဒယ်ဒီ၊ သိမ့်ကို ကျွန်တော်လက်ထပ်ပါ့မယ်"

ဒယ်ဒီရော မာမီပါ တမန်ကို လှည့်ကြည့်လိုက်ကြသည်။ သူလည်း ညီကို လှမ်းကြည့်မိသည်။ ညီ့မျက်ဝန်းတွေက သူ့ကို စေးစိုက်ကြည့်နေသည်။ ထိုမျက်ဝန်းတွေထဲမှ အဓိပ္ပာယ်များစွာကို သူ မြင်သိနေခဲ့သည်။

ညီ့မျက်ဝန်းထဲမှာ နာကျည်းမှု၊ စက်ဆုပ်မှု၊ အထင်သေး မုန်းတီးမှုတွေ ယောင်မြှက်နေသည်။

"ညီ မင်း မင်းကော ငါ့ကို မယုံဘူးလားကွာ"

"ယုံရမယ် ဟုတ်လား။ ဘာကိုယုံကြည်ရမှာလဲ ကိုကို၊ ဒယ်ဒီနဲ့ မာမီအပြင် ဒေါ်လေးစိမ့်ပါ သိနေတဲ့ကိစ္စ၊ သိမ့်နှုတ်ခမ်းက ဝန်ခံ ငိုကြွေးခဲ့တဲ့ ကိစ္စ ကိုကို ဘာလို့ငြင်းချင်တာလဲ၊ ရတယ်- သိမ့်ကို ကျွန်တော်လက်ထပ်မယ်၊ ကိုကိုဘာကြောင့်ငြင်းနေလဲ ကျွန်တော်သိတယ်၊ ထိမ်ပဝါကြောင့် မဟုတ်လား ကိုကို"

သူ အဖြေမပေးနိုင်ခဲ့ပါ။ ဒယ်ဒီက ထိုင်ခုံက ဆတ်ခနဲ ထရပ်ရင်း

"သားညီညီ. ဘာမှမပြောနဲ့တော့၊ ဒီကိစ္စမှာ ဆုံးဖြတ်သင့်တာ သားကိုကိုပဲ၊ သားကိုကို စဉ်းစားပါ၊ သိမ့်နန္ဒာဖေဖေနဲ့ ဒယ်ဒီက အရင်းနှီးဆုံး သူငယ်ချင်းတွေ၊ သားကိုကို တာဝန်မယူရင် အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းနဲ့ ဒယ်ဒီ ဖြေရှင်းရမှာပဲ၊ သိက္ခာတရားအတွက် လိုအပ်ရင် အသက်ကိုတောင် စတေးရဲရမယ်၊ ဘာလို့လဲဆိုတော့ မိသားစုဆိုတာ ရှိတယ်၊ ကဲ စဉ်းစားဦး၊ မနက်ဖြန် သားဆီကအဖြေစကားတစ်ခွန်းပဲ ဒယ်ဒီကြားချင်တယ်"

စကားအဆုံးမှာ ဒယ်ဒီ အခန်းထဲက လှည့်ထွက်သွားသည်။ မာမီက ရှုပ်ထွေးညစ်ညူးနေသော စိတ်နှင့် ဒယ်ဒီနောက် လိုက်သွားသည်။ အခန်းထဲမှာ သူတစ်ယောက်တည်း။ အခန်းဘေါင်းဝမှာ ညီရပ်နေဆဲ။

"ကိုကို သိပ်ရက်စက်တယ်ဗျာ၊ သိမ့်ကို ကျွန်တော် ဘယ်လောက်ချစ်တယ်ဆိုတာ သိရက်နဲ့"

"မဟုတ်ဘူး ညီ၊ ဒီကိစ္စမှာ ကိုကို မမှားခဲ့ဘူး"

"ဘာဗျ၊ ဒါဆို သိမ့်ကပဲ ကိုကို့ကို ဖြားယောင်းလှည့်ဖြား ခဲ့တယ်လို့ ဆိုချင်တာလား၊ အဓိပ္ပာယ်မရှိလိုက်တာဗျာ၊ စေတနာနဲ့ရဲ့ အနှိုင်းမဲ့ချစ်ခြင်းတွေကို ပိုင်ဆိုင်ထားပြီးမှ ဘာကြောင့်များ ကိုကို့ဆီက သိမ့်က မျှော်လင့်ရဦးမှာလဲ"

"ကိုကို ဘာဖြစ်သွားမှန်း မသိဘူးကွာ၊ အဲဒီအချိန်က ခေါင်းမူးပြီး သတိလစ်ချင်သလိုလို ဖြစ်သွားခဲ့တယ်၊ ကိုကို သိမ့်နှုတ်ခမ်း အပေါ် မှားခဲ့ရင်လည်း လုံးဝ မရည်ရွယ်ဘဲ မှားတဲ့အမှားပါ ညီ"

"ဘာပဲဖြစ်ဖြစ် အားလုံးဟာ ပြင်မရတော့ဘူး ကိုကို၊ သိမ့်ကို ကျွန်တော်ချစ်တယ်၊ ကိုကိုနဲ့ ပတ်သက်နေရင်လည်း ချစ်နေဦးမှာပဲ၊





ကိုကို ဝန်မခံရင်လည်း ကျွန်တော် သိမ့်ကိုလက်ထပ်ရဲတယ်၊ ကျွန်တော် အဲဒီလောက်ထိ သိမ့်ကိုချစ်တယ်၊ ကိုကို ခံစားတတ်မှာပါဗျာ"

ညီ့မျက်ဝန်းမှာ မျက်ရည်တွေရစ်ဝိုင်းနေတာလား သူ ရေရေ ရာရာ မမြင်လိုက်ပါ။ ချာခနဲ လှည့်ထွက်သွားသော ညီ့ကိုငေးရင်း ရင်ထဲမှာ မောဟိုက်ကျန်ရစ်ခဲ့ရသည်။

ကံကြမ္မာက ဘယ်လိုလှဲချော်မှုတွေနဲ့ ဖန်တီးခဲ့တာလဲ။

ဒယ်ဒီ့စကားတွေက နားထဲ ပြန်ကြားယောင်လာမိသည်။ သိက္ခာတရားအတွက် လိုအပ်ရင် အသက်ကိုတောင် စတေးရဲရမယ်တဲ့။

နွေတမန်ဆိုတာ ယောကျ်ားတစ်ယောက်ပါ ဒယ်ဒီ။ ဘယ်လိုကြောင့်ပဲ မှားခဲ့မှားခဲ့ တာဝန်ယူရဲပါတယ်။ သိက္ခာတရားတစ်ခု အတွက် ကျွန်တော့်နှလုံးသားကို စတေးဖို့အသင့်ပါပဲ။

ထိမ်းပါရယ် ကိုယ့်ကိုခွင့်လွှတ်ပေးပါတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

နွေတမန်နဲ့ သိမ့်နန္ဒာတို့ လက်ထပ်ပွဲသတင်းကို ကြားလိုက်ရချိန်မှာ တိမ်ပဝါ တကယ်ပဲ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ ဘာကြောင့်လဲ။ နွေ သစ္စာပျက်ယွင်းခဲ့တာလား မယုံချင်ပါ။

တိမ်ပဝါ

ဖြေရှင်းချက်တွေနဲ့ ဘာကိုမှ ကိုယ်မပြောပြချင်တော့ပါဘူး။ မရှောင်လွှဲနိုင်တဲ့ သိက္ခာတရားတစ်ခုအတွက် သိမ့်နန္ဒာကို ကိုယ် လက်ထပ်လိုက်ရတယ်။ ဒါပေမဲ့ ကိုယ့်နှလုံးသားကို တိမ်ပဝါဆီမှာပဲ ထားရစ်ခဲ့ပါရစေ။

နွေတမန်





နွေတမန်ရဲ့ စာတိုလေးက တိမ်ပဝါလက်ထဲ ရောက်လာခဲ့ပါသည်။ သေချာခဲ့ပြီဟု တိမ်ပဝါ ယုံကြည်လက်ခံလိုက်ရသည်။ နွေတမန်ကို ဆုံးရှုံးခဲ့ရပြီပေါ့။ သစ္စာမဲ့သူအဖြစ် မုန်းတီးနာကျင်လိုက်ရမည်လား။

ဟင့်အင်း နွေကို ပဝါ မြတ်နိုးချစ်ခဲ့တာ မုန်းဖို့အတွက် မဟုတ်ပါဘူး။ ပိုင်ဆိုင်ခွင့်မရရင်လည်း ကျေနပ်ပါတယ် နွေရယ်။

နွေကို ပဝါ ဘယ်တော့မှမမုန်းဘူး။ ချစ်ခဲ့ဖူးတဲ့ ချစ်ခြင်းတွေ ပြည့်ဝစွာနဲ့ပဲ တိမ်ပဝါရင်ထဲမှာ နွေ ထာဝရရှိနေမှာပါကွယ်။

နွေတမန်နှင့် သိမ့်နန္ဒာတို့ လက်ထပ်ပြီးသည့်ရက်ပိုင်းမှာပဲ နွေတမန် ဆေးကုသဖို့အတွက် လန်ဒန်ကို ထွက်သွားသည်ဟု ကြားခဲ့ရသည်။ စေတမန်ကတော့ ဂျပန်မှာ အလုပ်သွားလုပ်ဖို့ ထွက်သွားသည်ဟု သိရသည်။

ကံကြမ္မာက ဘယ်လိုအကြောင်းတရားတွေနဲ့ လွဲချော်မှုတွေကို ဖန်တီးခဲ့တာလဲ တိမ်ပဝါ မသိပါ။

သိမ့်ကို မြတ်နိုးစွာချစ်ခဲ့သော စေတမန် ဘယ်လောက်ခံစားရမှာလဲဆိုတာတော့ စာနာမိသည်။ သိမ့်ကရော နွေတမန်နှင့် ကြည်နူးစွာ ပေါင်းဖက်နိုင်မည်လား။ နွေစံအိမ်ကြီးမှာတော့ သိမ့်နန္ဒာ ကျန်ရစ်ခဲ့သည်ဟု တိမ်ပဝါ သိခဲ့ရသည်။

"တီ တီ"

ကားဟွန်းသံကြောင့် တိမ်ပဝါ အိမ်ရှေ့ကိုလှမ်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင် MARK II ကားကြီးကို မြင်လိုက်ရသည်။ တိမ်ပဝါ ရင်ထဲ ထိတ်ခနဲဖြစ်သွားရပေမယ့် ကားပေါ်ကဆင်းလာသော သိမ့်နန္ဒာကို မြင်လိုက်ရချိန်မှာ တိမ်ပဝါ မင်သက်တွေဝေသွားခဲ့ရသည်။

ရဲရဲနီသော ကိုယ်ကျပ်အင်္ကျီလေးပေါ်မှာ အဖြူရောင် လက်ပြတ်ကုပ်အင်္ကျီလေးနှင့် အနီရင့်ရင့် အရိုပ်ပန်းပွင့်လေးတွေ ရေးရေးထင်သော ထဘီကို ဝင်ဆင်ထားသည့် သိမ့်နန္ဒာ၏ နှုတ်ခမ်း ဖူးဖူးလေးက လှပစွာပြုံးနေသည်။ စိန်ပွင့်သေးသေးလေးတွေပါသော နားဆွဲလေးကို လက်ခနဲဖြစ်အောင် လှုပ်ခါရမ်းရင်း တိမ်ပဝါရှေ့ကို သိမ့် ရောက်လာ၏။

"ညှိသည်ကို အိမ်ထဲဝင်ခွင့် မပြုတော့ဘူးလား တိမ်ပဝါ"

မျက်မှန်နက်ကို လက်ချောင်းသွယ်သွယ်လေးနှင့် ဆွဲချွတ် လိုက်ရင်း သိမ့်နန္ဒာ မျက်ဝန်းလေးတွေ တောက်ပအောင်ပြုံးလေသည်။

"ဝင် ဝင်ပါ သိမ့် ငါ အံ့ဩသွားလို့ပါ ထိုင်ပါ"

ကြိမ်ကုလားထိုင်လေးမှာ သိမ့် ဝင်ထိုင်သည်။ အိမ်မှာ ဒေါ်လေးမြတို့မိသားစု မရှိနေတာမို့ သိမ့်နှင့်ပဝါ နှစ်ယောက်တည်း။

"ညှိမခံနိုင်တာ ခွင့်လွှတ်ပာ၊ အချိန်ရမယ်ဆိုရင် ငါ စက်ဘီးနဲ့ အအေးတစ်ပုလင်း ပြေးဝယ်ပေးမယ်လေ သိမ့်"

"ဟင့်အင်း ရတယ် ပဝါ၊ မင်းကိုသတိရလို့ ကိုယ်ဝင်လာတာ၊ မင်းရင်ထဲမှာ ဘာတွေဖြစ်နေသလဲ မြင်ချင်လို့လေ အတင်း"

တိမ်ပဝါ မျက်နက်ဝန်းတွေထဲ ငေးစိုက်ရင်း သိမ့်နန္ဒာ





တသိမ့်သိမ့်လေးရယ်သည်။

"သိမ့် ဘာကိုဆိုလိုတာလဲ၊ ပဝါက ဘာခံစားရမှာလဲ"

"မင်းကိုယ့်ကို အနိုင်ယူသွားတိုင်း ကိုယ့်သွေးထဲကစိမ့်အောင် ခံစားခဲ့ရတယ်၊ ဒါကြောင့် မင်းကိုရှုံးနိမ့်မှာ ကိုယ်ကြောက်တယ် ပဝါ၊ အခုပွဲမှာတော့ မင်းကို ကိုယ်အနိုင်ယူလိုက်နိုင်ပြီလေ အဟင်း ဟင်း"

"တို့နားမလည်ဘူး သိမ့်၊ မင်း ဘာကိုအနိုင်ယူလိုက်တာလဲ တို့က ဘာကိုရှုံးနိမ့်ခဲ့တာလဲဟင်"

ပြုံးနေသော သိမ့်နန္ဒာ နှုတ်ခမ်းလေးတွေ တင်းတင်းလေး ခဲ့ပိတ်သွားခဲ့သည်။ ပြီးမှ တိမ်ပဝါမျက်ဝန်းတွေထဲ စိုက်ကြည့်ကာ တရှိုင်းရှိုင်း တစိမ့်စိမ့် ပြုံးသည်။

"မင်းသိပ်ချစ်တဲ့ နွေတမန်ကို တို့ အရယူပြလိုက်လို့ မင်းခံစား နေရမှာ တို့သိပါတယ် တိမ်ပဝါရယ်၊ နွေတမန်နဲ့ပတ်သက်ပြီး မင်း တစ်ခုခုတော့ ဆုံးရှုံးခဲ့ရမှာပဲ၊ မင်းရဲ့နှလုံးသားလား၊ ငွေကြေးပြည့်စုံ ချမ်းသာမှုတွေလား၊ နှစ်ခုစလုံးပဲလား တိမ်ပဝါ"

"လုံးဝမှားယွင်းတယ် သိမ့်၊ ကိုယ်ဝန်ခံရပါတယ်၊ နွေတမန်ကို ကိုယ်ချစ်ခဲ့တယ်၊ ဘာတစ်ခုမှ တပ်မက်မှုမပါတဲ့ အချစ်နဲ့၊ မင်းထင်သလို ငွေကြေးပြည့်စုံမှုတွေလည်း ကိုယ်မတပ်မက်ခဲ့ပါဘူး"

"ဒါဆိုလည်း ကျေနပ်တယ် တိမ်ပဝါ၊ မင်းရဲ့နှလုံးသားကို တို့ အနိုင်ရလိုက်တာပဲလေ၊ မင်း တစိမ့်စိမ့်နဲ့ ရှုံးနိမ့်ခဲ့ရတာကို ခံစား စေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



''မင်းထပ်မှားပြန်ပြီ သိမ့်၊ ကိုယ့်ဘဝမှာ ဘာဆိုဘာမှ မရှုံးနိမ့်ခဲ့ပါဘူး၊ နွေတာမန်ကို ကိုယ်ချစ်တယ်၊ ပိုင်ဆိုင်ရမှ မဟုတ်ပါဘူး၊ နွေတာမန့်ဘဝဟာ လောကကြီးထဲမှာ သက်တမ်းတိုတိုလေးနဲ့ အပြီးသတ်မယ်လို့ သိခဲ့ရချိန်ကတည်းက ကိုယ်ချစ်နေခဲ့တာ၊ ဆုံးရှုံးလိုက်ရရင်တောင် လက်ခံဖို့အသင့်စိတ်နဲ့ ချစ်ခဲ့တာ၊ အခု နွေတာမန်ကို ဆုံးရှုံးလိုက်တာ သိပ်မထူးခြားပါဘူး၊ ဒါပေမဲ့ တို့ရင်ထဲမှာ တစ်သက်လုံး ချစ်သွားလို့ရတယ်၊ ဘာပူလောင်သောကမှ မပါဘူးလေ၊ အချစ်ဆိုတာ ပိုင်ဆိုင်ရမှ မဟုတ်ဘဲ သိမ့်ရယ်၊ ရင်ထဲမှာ ဖြူစင်စွာနဲ့ ချစ်နေရင်လည်း ရနိုင်တာပဲ''

''ဟင့်အင်း မဖြစ်နိုင်ဘူး မင်းညာနေတာပဲ၊ ရှုံးနိမ့်တာကို ဝန်မခံရဲတာပဲ တိမ်ပဝါ''

''သိမ့်ရယ် မင်းကို ပြိုင်ဘက်တစ်ယောက်လို့ တို့ မသတ်မှတ်ခဲ့တဲ့အတွက် အရှုံးတွေ အနိုင်တွေ တို့မှာမရှိပါဘူး၊ ပြီးတော့ အချစ်ဆိုတာကို မင်း မခံစားဖူးဘူးထင်တယ်''

တိမ်ပဝါစကားကြောင့် သိမ့်မျက်ဝန်းလေး တွေတွေလေး ငေးမောသွားခဲ့ရသည်။ အချစ်ဆိုတာတဲ့ သိမ့် ခံစားခဲ့ဖူးတာပေါ့ တိမ်ပဝါ။ ငါ့ရင်ထဲမှာ စေတမန်ပဲရှိခဲ့တာ။ နွေတာမန်ကို ငါချစ်ခဲ့တာမှ မဟုတ်ဘဲ။

''အချစ်ကို မင်းခံစားတတ်တဲ့တစ်နေ့ကျရင် နားလည်လာမှာပါ သိမ့်ရယ်၊ မင်းအနိုင်ယူချင်တယ်ဆိုရင်လည်း တို့ အရှုံးပေးပါတယ်''

သေလိုက်စမ်း။ နာကျင်ခံစားမှုမရှိဘဲ တည်ငြိမ်သိမ်မွေ့တဲ့





အပြုံးတွေနဲ့ မင်းအရှုံးပေးတာ သိမ့်မလိုချင်ဘူး တိမ်ပဝါ။ သိမ့်လိုချင်တာ မင်းမျက်ဝန်းထဲက ရှုံးနိမ့်မှုတွေ၊ နာကျင်ခံစားမှုတွေ၊ ခါးသီးမုန်းတီးမှုတွေပဲ။

တိမ်ပဝါမျက်နှာလေးက ပကတိ တည်ငြိမ်အေးချမ်းစွာနှင့် သိမ့်ကို စိုက်ကြည့်နေသည်။

သိမ့်မျက်ဝန်းတွေ ဆက်ရင်မဆိုင်ရဲလောက်အောင် တိမ်ပဝါဘက်က သိမ်မွေ့ညင်သာနေသည်။ ဟင့်အင်း သိမ့်လိုချင်တာ ဒါမဟုတ်ဘူး။

ရင်ထဲမှာ လှိုက်တက်လာတဲ့ ခံစားမှုတွေက သွေးသားထဲထိ တဆတ်ဆတ်တိုးလာသည်။

သိမ့် တိမ်ပဝါကို နှုတ်ဆက်ဖို့တောင် အင်အားတို့မရှိတော့ပါ။ ဆတ်ခနဲထရပ်ကာ ပျဉ်ထောင်အိမ်လေးထဲက ထွက်ခဲ့မိသည်။ ကားပေါ် အရောက်မှာ တစ်ချက် လှည့်ကြည့်မိသည်။

သူ့ကို ကရုဏာမျက်ဝန်းတွေနဲ့ တိမ်ပဝါ ရပ်ကြည့်နေဆဲ။ ဒီတစ်ခါလည်း ထပ်ရှုံးနိမ့်ခဲ့ရပြန်ပြီလား သိမ့်နန္ဒာ။

နွေတာမန်ကို လက်ထပ်အပိုင်ယူခဲ့တာ ချစ်ခြင်းတစ်ခုမှ မပါခဲ့။ မာယာတွေနဲ့ လှည့်စားသိမ်းသွင်းခဲ့တာပါ။ ဘာမှမသိနိုင်တဲ့ နွေတာမန် ငြင်းဆိုမရနိုင်အောင် အကွက်ချ စီစဉ်ခဲ့တာလေ။

သိမ့်အတွက် ဆုံးရှုံးခဲ့ရတာ စေတမန်ကိုပါပဲ။ စေတမန် ကိုယ်တိုင်ကတောင် တကယ်ပဲ နွေတာမန်နဲ့ မှားယွင်းခဲ့တာလို့ ယုံသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"သိမ့်ရယ် မင်း မင်းကို ကိုယ်ဆုံးရှုံးမှာ သိပ်ကြောက်တယ်၊ မင်း ခုချက်ချင်း ကိုယ့်နောက်လိုက်ခဲ့ပါနော်၊ မင်းကို ကိုကျော်လက်ထဲ ကိုယ်ထည့်မပေးနိုင်ဘူး"

တမန်ရဲ့ ချစ်ခြင်းတရားက သိမ့်အပေါ် တကယ်ပဲ ခိုင်မြဲခဲ့တာ။ ပေးဆပ်အနစ်နာခံမှုတွေနဲ့ ချစ်ခဲ့တယ်ဆိုတာ ဆယ်ဆန်းစာမေးပွဲကိုတောင် အရှုံးနိမ်ခံလိုက်ကတည်းက သိမ့် နားလည်ခဲ့ရသည်။

စေတမန်ချစ်ခြင်းကို သိလိုက်ရတဲ့အချိန်မှာ သိမ့်နှလုံးသားမှာ အချစ်ကို ခံစားတတ်ခဲ့တာ အသေအချာပါပဲ။ စေတမန်ကို သိမ့်နှလုံးသားက မြတ်နိုးစွာ စုံမက်ခဲ့ပါတယ် တိမ်ပဝါ၊

ဒါပေမဲ့ ပဝါကို အနိုင်ယူဖို့အတွက် စေတမန်ကို စွန့်လွှတ်လိုက်ဖို့လည်း သိမ့် မိုက်မဲစွာ ဆုံးဖြတ်ခဲ့တယ်၊

"မဖြစ်နိုင်တော့ပါဘူး စေတမန်၊ ကိုယ့်ဘဝက နွေတမန့်ကြောင့် နစ်မွန်းခဲ့ရပါပြီ၊ မေမေတို့လည်း သိနေပြီ၊ ကိုယ် နွေတမန်ကိုပဲ လက်ထပ်မှဖြစ်လိမ့်မယ်"

"မင်း နွေတမန်ကို ချစ်လို့လား သိမ့်"

"ဟင့်အင်း တို့ဝန်ခံပါတယ်၊ တို့ရင်ထဲမှာ ချစ်ခဲ့သူက တစ်ယောက်တည်း၊ အဲဒီသူက တမန်ပဲ"

"ဒါဆို ပြီးပြီပဲပေါ့၊ ကိုကျော်ကလည်း မင်းကိုမချစ်ခဲ့ပါဘူး သိမ့်ရယ်၊ သူတကယ်ချစ်နေခဲ့တာ တိမ်ပဝါပါ၊ ဒီတော့ သိမ့် ကိုယ့်နောက်





လိုက်ခဲ့၊ ကိုယ် အားလုံးကို ရင်ဆိုင်ရဲတယ်"

ဆုပ်ကိုင်လာတဲ့ စေတမန်လက်တွေထဲက သိမ့် ရုန်းထွက်ခဲ့တယ်၊ နွေတမန် တကယ်ချစ်တာ တိမ်ပဝါတဲ့။ တို့သိပ်သိတာပေါ့။ တိမ်ပဝါကလည်း နွေတမန်ကို ချစ်ခဲ့တာပဲလေ။ တိမ်ပဝါကို အကောင်းဆုံး အနိုင်ယူဖို့အတွက် နွေတမန်ကို တို့ လက်ထပ်ရမှာပဲ တမန်ရယ်။ ခွင့်လွှတ်လိုက်ပါတော့။

"တမန် တို့ကိုမေ့လိုက်ပါတော့၊ တို့ နွေတမန်ကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

"သိမ့် မင်း သိပ်ရက်စက်လွန်းတယ်"

အဲဒီတုန်းက နာကျည်းစူးရှစွာနဲ့ ကြည့်သွားတဲ့ တမန့်မျက်ဝန်းတွေကြောင့် ဘဝမှာ အကြေကွဲဆုံး တို့ ငိုကြွေးခဲ့ရတယ်။ နှလုံးသားတစ်ခုနဲ့ ချစ်ခြင်းကိုရင်းပြီး မင်းကို အနိုင်ယူဖို့ ကြိုးစားမိတာ မဟာအမှားကြီးဖြစ်နေပြီလား။ တကယ်ပဲ မင်းကို ကိုယ် အနိုင့်မရခဲ့ဘဲ ရှုံးနိမ့်ခဲ့တာလား။

မျက်ရည်စတွေ သိမ့်ပါးပြင်ပေါ်ကို လိမ့်ဆင်းကျလာသည်။ နောက်ဆုံးတော့ အားလုံးကို သိမ့် ရှုံးနိမ့်ခဲ့ရတာပါ။ သိပ်ချစ်ခဲ့ရတဲ့ စေတမန်ကိုရော၊ ပျော်ရွှင်မှုအားလုံးရော ကင်းဝေးခဲ့ရ၏။

"မင်း ငါ့ကို ဘာကြောင့်လက်ထပ်သလဲ ငါမသိဘူး သိမ့်နန္ဒာ၊ ဒါပေမဲ့ ငါဘာကြောင့် လက်ထပ်ခဲ့သလဲဆိုတာ မင်းသိပါတယ်၊ သေချာတာက မင်းနဲ့ငါ့ဘဝ ဘယ်လိုနည်းနဲ့မှ ပေါင်းစပ်လို့မရတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ အခု ကိုယ် ဂျပန်မှာဆေးကုသပြီး ပြန်လာရင် ဒီနွေစံအိမ်ကို ပြန်မလာတော့ဘူး၊ ဂျပန်မှာပဲ ကိုယ်တစ်သက်လုံး နေတော့မယ်၊ ကိုယ်ပိုင်ဆိုင်သမျှ မင်းယူလိုက်ပါ၊ ဟောဒီမှာ ကွာရှင်းစာချုပ်၊ ကိုယ်လက်မှတ်ထိုးပေးခဲ့တယ်''

ယတိပြတ်စကားတွေနဲ့ နွေတမန် သိမ့်ကို အပြီးပိုင် စွန့်ခွာသွားခဲ့၏။ ဒီအတွက်လည်း ကြေကွဲဝမ်းနည်းခြင်း သိမ့်မှာမရှိခဲ့။ နွေတမန်ကိုချစ်လို့ လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ။

အနိုင်ယူချင်စိတ်တစ်ခုတည်းနဲ့ လှပတဲ့မာယာတစ်ခု ဖန်ဆင်းခဲ့ခြင်းပဲလေ။

အခုတော့ သိမ့် အနိုင်ရခဲ့သူ မဟုတ်ခဲ့။ ဆုံးရှုံးခဲ့သူတဲ့။ ရှုံးနိမ့်ခဲ့ရသူတဲ့။

ပါးပြင်ပေါ်က မျက်ရည်တွေကို သိမ့် မချုပ်ထိန်းထားချင်တော့ပါဘူး။ မှားခဲ့တဲ့အမှား၊ အရှုံးတရားတွေအတွက် သိမ့်ငိုနေတယ်။

ကြေကြေကွဲကွဲ ငိုနေရပြီ တိမ်ပဝါ။

✿ ✿ ✿



အခန်း (၃၂)

''သမီးတိမ်ပဝါ ဆေးကျောင်းတက်နိုင်ဖို့အတွက် လေးလေးဆန်း အားလုံး စီစဉ်ပြီးပြီ သမီး''

''ဟင့်အင်း သမီး ဆေးကျောင်းမတက်ပါဘူး လေးလေးဆန်းရယ်၊ အလုပ်တစ်ခုလုပ်ရင်း ဘွဲ့ရအောင်ကြိုးစားမှာပါ၊ လေးလေးဆန်းကိုလည်း ဒုက္ခမပေးချင်တော့ဘူး''

''ဘာမှထပ်မငြင်းနဲ့တော့ သမီး၊ သမီးရည်ရွယ်ထားတဲ့ ဆရာဝန်မကြီးဖြစ်အောင် လုပ်ပါ၊ လေးလေး အားလုံး စီစဉ်ထားပြီးပါပြီ၊ ရန်ကုန်မှာ သမီးနေထိုင်ဖို့ တိုက်ခန်းတစ်ခန်း စီစဉ်ထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သမီးပညာသင်စရိတ်ကို လစဉ် ဘဏ်မှာထုတ်ယူ၊ သမီး ဆရာဝန်မကြီးဖြစ်တဲ့အထိ ပြည့်စုံလုံလောက်အောင် စီစဉ်ထားပြီးပြီ''

တိမ်ပဝါ အိပ်မက်,မက်နေတာလားဟုတောင် ထင်မိရဲ့။

တိမ်ပဝါ ရည်ရွယ်ချက်တွေအတွက် လေးလေးဆန်းက ပြည့်ဝစွာ စီစဉ်ထားသည်တဲ့။ ကြည်နူးဝမ်းသာလိုက်တာ ပြောမပြတတ်ပါ။

''သမီးလေး သိပ်ကံကောင်းပါတယ်ကွယ်၊ အားလုံး အဆင်ပြေဖို့အတွက် ကံကြမ္မာက ဖန်တီးပေးလာတယ်လို့ပဲ သတ်မှတ်ပါကွယ်''

''လေးလေးဆန်းကျေးဇူးတွေကို သမီး မမေ့တော့ပါဘူး၊ အရမ်း ကျေးဇူးတင်ပါတယ် လေးလေးဆန်းရယ်၊ တစ်နေ့ကျရင် လေးလေးဆန်းရဲ့ ကျေးဇူးတွေကို သမီး ဆပ်ခွင့်ရချင်ပါတယ်ရှင်''

တိမ်ပဝါရင်ထဲက လှိုက်လှိုက်လှဲလှဲ ကတိပြုမိတာပါ။ အိပ်မက်တောင် မမက်ရဲတဲ့ အခွင့်အရေးကို ပိုင်ဆိုင်ခဲ့ရတာလေ။ ဆရာဝန်တစ်ယောက်ဖြစ်ဖို့အတွက် တိမ်ပဝါရည်စူးခဲ့တဲ့ စိတ်ကူးတွေ တကယ်ပြည့်ခဲ့ပြီ။

ရန်ကုန်မှာ လေးလေးဆန်း စီစဉ်ပေးထားသော တိုက်ခန်းက တိမ်ပဝါအတွက် ပြည့်စုံအဆင်ပြေသည်။ လစဉ်တိုင်းလည်း လိုအပ်သော အသုံးစရိတ်နှင့် ကျောင်းစရိတ်က လောက်ငှဖူလုံခဲ့ပါသည်။

တိမ်ပဝါရင်ထဲမှာ ရည်ရွယ်ချက်တစ်ခုပဲ ရှိခဲ့သည်။ တိမ်ပဝါ





ဖြစ်ချင်လှသော ဆရာဝန်တစ်ယောက် ဖြစ်ရမည်။

အချစ်ဆိုတာ တိမ်ပဝါနှလုံးသားအတွက် မလိုအပ်တော့တာ အမှန်။ တိမ်ပဝါနှလုံးသားက နွေတမန်ကို မြတ်နိုးချစ်ခင်သော ချစ်ခြင်းနှင့် ပြီးပြည့်စုံခဲ့ပြီပဲလေ။

နွေစံအိမ်မှာ နွေတမန်နဲ့ သိမ့်နန္ဒာ အဆင်ပြေ ချောမွေ့နိုင်ကြမည်လား။ တစ်ခါတရံ တိမ်ပဝါအတွေးတွေထဲကို တိုးဝင်လာမိသည်။

နွေတမန်ကို သိမ့်နန္ဒာက စုံမက်ခြင်းမရှိခဲ့သလို သိမ့်နန္ဒာကိုလည်း နွေတမန် စုံမက်ခြင်းမရှိခဲ့တာတော့ တိမ်ပဝါရိပ်မိခဲ့သည်။

တောင့်တတပ်မက်ခြင်း မဟုတ်ပေမယ့် နွေတမန် နောက်ဆုံး ပေးခဲ့သော စာကလေးကိုတော့ တိမ်ပဝါ သတိရတိုင်း ပြန်ဖတ်ကြည့်မိတတ်စပြု။

နွေစံအိမ်မှာ ဘာတွေဖြစ်နေသည်ကိုလည်း တိမ်ပဝါ မေ့ပျောက်ထားခဲ့သည်။ ဘဝအတွက် တိမ်ပဝါ ရည်ရွယ်ချက်တွေကသာ အရေးကြီးဆုံး။

ဝါသနာနှင့် ရွေးချယ်ကြိုးစားခဲ့သော ဆရာဝန်လောင်း တစ်ယောက်ဘဝမှာ တိမ်ပဝါအတွက် အချိန်ပိုတွေ မရှိသလောက်အောင် ရှားပါးခဲ့သည်။

ကျောင်းစာတွေနှင့် လုံးပန်းရင်း တိမ်ပဝါ မျှော်လင့်ခဲ့သော ဆရာဝန်တစ်ယောက်ဘဝကို ပိုင်ဆိုင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



''သမီး ရန်ကုန်မှာပဲ တာဝန်ကျတာဆိုတော့ အဆင်ပြေတာပေါ့၊ သမီး ဘာလုပ်ချင်တဲ့ဆန္ဒရှိသလဲ လေးလေးဆန်းကိုပြော''

''သမီးအတွက် ဘာမှမလိုအပ်တော့ပါဘူး လေးလေးဆန်း၊ အားလုံး ပြည့်စုံနေပြီပဲ၊ အခု လေးလေးဆန်းကျေးဇူးတွေကို သမီး တစ်လှည့်ပြန်ဆပ်ချင်နေတာပါရှင်''

''လေးလေးအတွက် မလိုအပ်ပါဘူး သမီးရယ်၊ လေးလေးရဲ့ အလုပ်တွေထဲမှာ လေးလေး ပျော်ရွှင်နေတုန်း၊ ဖျတ်လတ်နေတုန်းပါကွဲ၊ သမီးလုပ်သင့်တာ သမီးတတ်ထားတဲ့ ပညာတွေနဲ့ လူတွေအသက်ကို ကယ်တင်ဖို့လေ၊ သမီး ဆေးခန်းဖွင့်ချင်သလားဟင်''

''သမီးစိတ်ထဲမှာ ရည်ရွယ်ထားပါတယ် လေးလေး၊ ကိုယ်ပိုင် ဆေးခန်းလေး ဖွင့်ချင်တယ်၊ ငွေကြေးစီးပွားအတွက် မဟုတ်ဘဲ စေတနာနဲ့ လူတွေကို ကုသပေးချင်လို့ပါ''

''တကယ်ဖြူစင်မြင့်မြတ်တဲ့ စိတ်ဓာတ်ပဲ၊ လေးလေးဆန်း စီစဉ်ပေးမယ် သမီး''

ဆင်ခြေဖုံးရပ်ကွက်တစ်ခုက နေရာလေးမှာ လေးလေးဆန်းက တိမ်ပဝါဆေးခန်းထိုင်ဖို့ စီစဉ်ပေးခဲ့သည်။ မပြည့်စုံသောလူတွေကို ကုသခွင့်ရသော နေရာလေးမို့ တိမ်ပဝါ ကျေနပ်ရသည်။

''လေးလေးဆန်းရှာပေးတဲ့ နေရာလေးက ပဝါ့အတွက် တကယ် အဆင်ပြေတယ်၊ မပြည့်စုံတဲ့လူတွေတဝက တကယ် သနားစရာကောင်းတယ်၊ သမီး စေတနာနဲ့ ကုသပေးနိုင်တာပေါ့''





''သမီး သွားလိုလွယ်ကူအောင် ကားတစ်စီး လေးလေးဆန်း စီစဉ်ပေးမယ် သမီး၊ ဆေးရုံနဲ့ဆေးခန်း ပြေးနေရတာ ကားလေးတစ်စီး ရှိမှ ဖြစ်မှာပေါ့ကွယ်''

လေးလေးဆန်းရဲ့ ကျေးဇူးတွေကတော့ တကယ့်ကို အနိုင်းမဲ့ ပြီးပြည့်စုံလှတာမို့ ပဝါ့အတွက်တော့ လေးလေးဆန်းက ဖခင် တစ်ယောက်နဲ့မခြားခဲ့ပါချေ။

''နွေတာမန်တဲ့ ဟုတ်လား၊ သမီးပေးထားတဲ့ နာမည်လေးက အဆန်းပဲ''

ဆေးခန်းနာမည်လေးကို နွေတာမန်ဟု ဆိုင်းဘုတ်ချိတ်ထားတာ ကြည့်ပြီး လေးလေးဆန်း အံ့သြနေပုံရသည်။ နွေတာမန်ဆိုတာ မည်သူ့ကို ရည်ညွှန်းတာလဲ လေးလေးဆန်းတစ်ယောက် မသိနိုင်ရှာပါ။

တိမ်ပဝါအတွက် နွေတာမန်ကို သတိတရနှင့် နွေတာမန် ဘဝလေးကို စာနာသနားခဲ့မိသော ဘဝလေးကို သတိရကာ ပေးခဲ့ခြင်းပါ။

ပြီးတော့ နွေတာမန်ဆိုတာ တိမ်ပဝါရဲ့ နှလုံးသားလေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

နောက်ဆုံးသောလူနာကို တိမ်ပဝါ စမ်းသပ်စစ်ဆေးပေးပြီး လိုအပ်သည့်ကုသမှုတွေ အဆုံးသတ်တော့ ဆေးခန်းပိတ်ချိန် ညရှစ်နာရီခွဲကို ဆယ်မိနစ်တောင် စွန်းနေခဲ့ပြီ။

"မနော်ရေ ဆေးခန်းပိတ်ဖို့ ကူပါဦးနော်"

အခန်းအပြင်ဘက်က အကူနာ့စ်လေး မနော်ကို လှမ်းပြောရင်း တိမ်ပဝါလည်း သိမ်းစရာတွေကို သိမ်းဆည်းနေမိသည်။

"ဒေါက်တာ"

မနော်ခေါ်သံကြောင့် တိမ်ပဝါ ဆေးသေတ္တာလေးကိုပိတ်ရင်း





မော့ကြည့်မိသည်။ မနော်မျက်ဝန်းတွေက ဆေးခန်းအပြင်က အရိပ်တစ်ခုကို လှမ်းကြည့်ရင်း

"ဆေးခန်းရှေ့မှာ လူတစ်ယောက်ရောက်နေတယ် ဒေါက်တာ"

"လူနာလား မနော်၊ ခေါ်လိုက်လေ၊ ခဏကြည့်ပေးလိုက်တာပေါ့၊ ဘာမှမကြာပါဘူး"

"မဟုတ်ဘူး ဒေါက်တာ၊ ရပ်နေတာကြာပြီ ဆေးခန်းထဲလည်း ဝင်မလာဘူး၊ ယောကျ်ားတစ်ယောက်၊ အမှောင်ရိပ်ထဲမှာဆိုတော့ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရဘူး ဒေါက်တာ"

တိမ်ပဝါစိတ်ထဲမှာ ထိတ်ခနဲဖြစ်ရသည်။ မိန်းမသားနှစ်ဦးတည်း ရှိသောအချိန် ဆေးခန်းထဲမဝင်ဘဲ အပြင်မှာရပ်နေသော ယောကျ်ား တစ်ဦးဆိုတော့ စိုးရိမ်မိသည်။

လူဆိုးသူခိုးတွေများလား။ ဟုတ်တော့မဟုတ်နိုင်။ ဒီရပ်ကွက်လေးထဲမှာ တိမ်ပဝါကို မချစ်မခင်သောသူ မရှိပါ။ တိမ်ပဝါ့စေတနာကို အားလုံးက နားလည်သည်။ ဒါပေမဲ့ အန္တရာယ်ဆိုတာ ကြိုမြင်နိုင်တာ မဟုတ်ပါ။

တိမ်ပဝါ ဆေးခန်းလိုက်ကာစကို အသာဖယ်ကာ ချောင်းကြည့်တော့ တကယ်ပါပဲ။ ရပ်ထားသော တိမ်ပဝါကားလေးနဲ့ မလှမ်းမကမ်းမှာ အရိပ်တစ်ခု။ ဘောင်းဘီနဲ့ဆိုတော့ ယောကျ်ားတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းလို့ရ၏။

"သိမ်းစရာရှိတာသိမ်း မနော်၊ သူ့ဘာသာရပ်နေတာ ဖြစ်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့၊ သတိတော့ထား၊ ကြောက်မသွားနဲ့ဦး၊ ဒီရပ်ကွက်ထဲမှာ ကျွန်မတို့ကို ခင်မင်ကြသူချည်းပါ''

မနော်ကို သတိပေးရသည်။ ဆေးခန်းကိုပိတ်ကာ သော့ခတ်နေချိန်အထိ အမှောင်ထဲကလူ ရပ်နေဆဲ။

တိမ်ပဝါ သတိနှင့် မနော်လက်ကိုကိုင်ကာ ကားဆီသို့ လှမ်းခဲ့သည်။ အမှောင်ရိပ်ထဲကလူက ကားဆီသို့ လျှောက်လာတာမို့

''ရှင်ဘယ်သူလဲ ဘာကိစ္စလဲ''

နှုတ်ကမေးရင်း လက်နှိပ်မီးနှင့် လှမ်းထိုးမီသည်။ တိမ်ပဝါ မျက်ဝန်းတွေ မယုံနိုင်အောင် ဝိုင်းစက်သွားရသည်။

''နွေ နွေတမန်''

''ဟုတ်ပါတယ် ပဝါ၊ ကိုယ် ပဝါ့ကိုစောင့်နေတာပါ၊ ဆေးခန်းထဲဝင်လာရင် အနှောင့်အယှက်ဖြစ်မှာစိုးလို့''

လက်နှိပ်မီးအောက်မှာ မြင်ရသော နွေတမန်သည် ဟိုးလွန်ခဲ့သော ရှစ်နှစ်ကျော်က အသွင်အတိုင်း မပြောင်းလဲ၊ မျက်ဝန်းညိုညိုလေးတွေက ကြည်လဲ့နေသည်။ နှုတ်ခမ်းပြည့်ပြည့်လေးတွေ နီရဲစိုလဲ့လို့နေဆဲ။ အရင်ကထက်တောင် ပြည့်ပြည့်ဝဝ ဖြစ်လာသည့် ထင်မိရဲ့။

''ဘယ် ဘယ်ကဘယ်လို ရောက်လာတာလဲ နွေတမန်ရယ်''

''ရှင်းပြရင် အရှည်ကြီးပဲ ပဝါရယ်၊ တစ်ရက် ပဝါကို ကိုယ်ဆုံချင်တယ်၊ ကိုယ်အခု တိုက်ခန်းလေးငှားနေတယ် (  )ဘက်မှာ''





''ဒါဆို ပဝါနဲ့လမ်းကြုံတယ်၊ လိုက်ခဲ့လေ ပဝါပို့ပေးမယ်''

တိမ်ပဝါဖိတ်ခေါ်တော့ သူ မငြင်းပါ။ အကူဆရာမလေး မနော်ကို အရင်ပြန်ပို့ပေးရသည်။ ပြီးမှ နွေတမန်လမ်းညွှန်ပြသော လမ်းအတိုင်း တိမ်ပဝါကားလေး မောင်းနှင်ခဲ့သည်။

ကားလေးထဲက မီးပွင့်လေးကို တိမ်ပဝါ ဖွင့်လိုက်မိသည်။ အနောက်ခန်းထဲမှ ထိုင်နေဆဲ နွေတမန်မျက်ဝန်းတွေက တိမ်ပဝါကို ငေးကြည့်နေဆဲ။ တိမ်ပဝါရင်ထဲမှာ လှိုက်ခနဲတော့ ခုန်ရ၏။

''တစ်ခုခုစားရအောင် ဖြစ်မလား နွေတမန်''

''တိမ်ပဝါ အချိန်ရရင်ထိုင်လေ၊ ကိုယ်က ပြဿနာမရှိပါဘူး၊ တစ်ကိုယ်တည်းသမားပဲ''

နွေတမန်စကားက ဘာကိုဆိုလိုတာလဲ သူမ သိချင်လိုက်တာ ဖုံးမရနိုင်။ ကားလေးကို တိမ်ပဝါ အနီးဆုံးဆိုင်ကလေးရှေ့မှာပဲ ထိုးရပ်လိုက်သည်။ ဆိုင်ကလေးက လူရှင်းလင်းနေသည်။

ဆီချက်နှစ်ပွဲရောက်မလာခင် အအေးပုလင်းတွေကို အရင်မှာသူလိုက်၏။ အခုမှပဲ နွေတမန်ရဲ့မျက်နှာလေးကို ပဝါ လွတ်လပ်စွာ မြင်တွေ့နိုင်တော့၏။ မျက်ဝန်းညိုတွေက မှိုင်းညိုညိုဖြစ်နေတာကလွဲရင် ယခင်အတိုင်း။

အပြာရောင်ရှပ်လက်ရှည်နှင့် ဂျင်းပင်န်အနက်ကတော့ ခပ်နွမ်းနွမ်းပဲဖြစ်သည်။ သူ့ကို ပဝါငေးနေသလို သူကလည်း တိမ်ပဝါကို ငေးမောကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တိမ်ပဝါရင်တွေ လှုပ်ခါနေသလို နွေတမန်ကော လှုပ်ခါနေရဲ့လား သိချင်လိုက်တာ နွေတမန်ရယ်။

"ရန်ကုန်ကို ဘယ်လိုရောက်လာတာလဲ နွေတမန်၊ မိသားစု မပါဘူးလားဟင်၊ သားသမီးတွေ ရနေပြီလား"

သိချင်စိတ်တို့ များပြားနေတာမို့ ပဝါ့မေးခွန်းတွေက ဆင့်ကဲသွားသည်။ တိမ်ပဝါကို ငေးစိုက်ကြည့်နေရာမှ နွေတမန် နှုတ်ခမ်းမှာ အပြုံးရိပ်တို့ ဖျတ်ခနဲခိုတွယ်သည်။

"ကိုယ်ရောက်နေတာ နှစ်ပတ်ကျော်ပြီ၊ မိသားစုမရှိပါဘူး၊ ဂျပန်ကို ဆေးသွားကုပြီးကတည်းက ကွာရှင်းစာချုပ်နဲ့အတူ ကိုယ်ပိုင်သမျှ လွှဲပေးခဲ့တာပဲလေ၊ ကိုယ်တို့ သားသမီးရစရာ မရှိပါဘူး၊ တကယ်ဆို ဘာမှမဖြစ်ခဲ့ဘဲနဲ့ သူ လိမ်ညာမာယာသုံးခဲ့တာပဲ"

"ဒါဆို အခု နွေတမန်က ရန်ကုန်မှာ နေ့,နေတာပေါ့"

"ကိုယ့်မှာ နေစရာမရှိဘူး။ တိုက်ခန်းပေါ်က ခြောက်လပြည့်ရင် ဆင်းပေးရမယ်၊ ကိုယ်မြန်မာပြည်ရောက်နေတာ ဘယ်သူမှမသိဘူး၊ ဒယ်ဒီနဲ့မာမီဆီက ခွင့်တောင်းပြန်လာတာ၊ မာမီတို့က ဂျပန်မှာလေ"

"ဟင် နွေစံအိမ်ကြီးကကော"

"ကိုယ်မသိဘူး၊ စိတ်လည်းမဝင်စားဘူး၊ သိမ့်နန္ဒာနဲ့ကိုယ် အဆက်အသွယ်ပြတ်နေခဲ့တာ ကြာပြီ၊ အင်း ကိုးနှစ်နီးပါးပဲ"

"နွေတမန်ရယ် ဘာတွေဖြစ်ကုန်တာလဲ၊ ပဝါအံ့သြမဆုံးဘူး"

"အံ့သြစရာမဟုတ်ပါဘူး ပဝါရယ်၊ ကိုယ်မြတ်နိုးတဲ့ အရာ





တစ်ခုကို ဆုံးရှုံးပြီးမှတော့ ဘာကိုမှ တွယ်မက်မနေတော့ဘူးလေ၊ အခု ကိုယ့်ရဲ့ကျန်းမာရေး ကောင်းနေပြီ၊ ရန်ကုန်မှာ နေစရာရှာပြီး ဘဝကိုရှန်းကန်ဖို့ပဲရှိတယ်"

"နွေတမန် တကယ်ဒုက္ခရောက်နေတာလား၊ ဒါဆို ပဝါ ကူညီမယ်လေ၊ နေစရာအခက်အခဲရှိရင် အဲ ပဝါကတော့ တစ်ယောက်တည်းနေတာဆိုတော့ မသင့်တော်ဘူး၊ ဆေးခန်းမှာ နေလို့ရတယ်"

"နွေတမန်ဆေးခန်းလား တိမ်ပဝါ"

တိမ်ပဝါမျက်နှာလေး ရဲရဲနီကာ ရှက်သွေးဖြန်းသွားပုံက ဟိုးအရင်က မြတ်နိုးဖွယ်လေးအတိုင်းပါပဲ။ ဆံနွယ်ရှည်ကြီးတွေက မပြောင်းလဲသလို တိမ်ပဝါရဲ့ နူးညံ့သိမ်မွေ့တဲ့ မျက်ဝန်းတွေပါ မပြောင်းလဲသေးပါ။

"ပြောလေ၊ နွေတမန်အဆင်ပြေမယ်ဆို ပဝါကူညီချင်ပါတယ်"

"အင်း ပဝါက အမြဲတမ်း ကိုယ်ဒုက္ခရောက်ရင် ကူညီခဲ့သူပဲ၊ ကိုယ်နေပါ့မယ် ပဝါ"

"ဟုတ်ပြီ ဒါဆို မနက်ဖြန်ကျ နွေ့ဆီ ပဝါလာခဲ့မယ်လေ၊ အဲဒီကျမှ လိုတာပြော ကူညီမယ်၊ ကဲ စားလိုက်ဦး နွေ၊ အရမ်းမိုးမချုပ်ခင် ပြန်ရအောင်၊ ဒီညတော့ နွေ့ကို လိုက်ပို့ပေးပါ့မယ်"

ရင်ထဲမှာ ကြည်နူးသွားရသည်။ နွေလို့ တိမ်ပဝါက သူ့ကို တရင်းတနှီး ပြန်ခေါ်လိုက်တာ။ ပြီးတော့ ပဝါ့မျက်နက်ဝန်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သံယောဇဉ်ရဲ့အရိပ်တွေ ကျန်နေသေးတာ။

တိမ်ပဝါရယ် မင်းက ကိုယ့်ဘဝရဲ့ တစ်ဦးတည်းသောချစ်သူပါ။

✿ ✿ ✿



## အခန်း (၃၄)

တိမ်ပဝါရဲ့ နွေတမန်ဆေးခန်းလေးမှာ နွေတမန်အတွက် နားခိုရာဘုံနန်းလေး ဖြစ်ခဲ့သည်။

ညနေခင်းတွေမှာဆို တိမ်ပဝါနှင့်အတူ ကူညီရင်း နွေတမန် ရှင်သန်ရသည့်ဘဝလေးက ကြည်နူးစရာ။

မနော်ကလည်း နွေတမန်ကို ရင်းနှီးကျွမ်းဝင်သွားခဲ့သည်။ တိမ်ပဝါပြောပြထား၍ တစ်ချိန်က နွေနှင့်ပဝါတို့ အဖြစ်တွေကို မနော်က သိထားသည်။

"ဒါဆို ဒေါက်တာတို့ ဖူးစာဆုံလို့ ပြန်ပေါင်းခွင့်ရတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ အချိန်ဆွဲနေတာလဲ ဒေါက်တာရယ်၊ အသက်တွေ မငယ်တော့ဘူးနော်''

မနော်ဆိုတော့ တိမ်ပဝါ ရှက်ပြုံးလေးနှင့်ပဲ ငြိမ်သက်နေခဲ့မိချေသည်။ တကယ်ပဲ ဖူးစာဆုံခဲ့တာလား နွေတမန်ရယ်။ ဘယ်လိုကံကြမ္မာတွေက တိမ်ပဝါတို့ကို ထပ်ဝေးစေဦးမှာလဲ။

ပြီးတော့ နွေတမန်ကိုယ်တိုင်က ဘာဖြစ်လို့ တိမ်ပဝါဆီက ခွင့်တောင်းဖို့ တွန့်ဆုတ်နေတာလဲ။

တိမ်ပဝါ့ရင်ထဲမှာ မေးခွန်းတွေနှင့် ပြည့်နေခဲ့သည်။ ဆေးခန်းပိတ်ရက်မှာတော့ နွေတမန်နှင့်အတူ မြို့ထဲကို ထွက်ဖြစ်ကြသည်။ ဆေးခန်းအတွက် လိုအပ်သောဆေးတွေကို ဝယ်ဖို့ဖြစ်သည်။

''ဟာ ဆရာလေး ဆရာလေး''

အနောက်က လှမ်းခေါ်သံကြောင့် ပဝါ လှည့်ကြည့်ပေမယ့် နွေတမန်ကတော့ လှည့်မကြည့်ဘဲ ဆက်လျှောက်သည်။ ထိုပုဂ္ဂိုလ်ကလည်း နွေတမန်မကြားလို့ အထင်နှင့် ပြေးလိုက်ကာ ရှေ့က ပိတ်လိုက်သည်။

''ဆရာလေး မရောက်တာကြာပြီနော်၊ ကျွန်တော့်ဆရာဦးဆန်းထွန်းမောင်က ဆရာလေးကိုမျှော်နေတာ''

''ဟာ ခင်ဗျား လူမှားနေပြီ''

''အာ ဘာလို့မှားရမှာလဲ ဆရာလေးရယ်၊ မနောက်ပါနဲ့ ဆရာလေးနာမည်ကိုတောင် မှတ်မိပြီသား''





''ဟာ ဖယ် ဖယ်ပါဗျာ''

နွေတမန် ထိုပုဂ္ဂိုလ်ကို အတင်းတိုးဝှေ့ကာ ဖြတ်ကျော်သွားခဲ့သည်။ တိမ်ပဝါလက်ကိုလည်း နေရစ်ခဲ့မှာစိုး၍ ဖွတ်ဆွဲခေါ်လာသည်။

''နေပါဦး နွေတမန်ရဲ့ အဲဒီလူနဲ့ တကယ်မသိတာလား''

''တကယ်ကိုမသိပါဘူး၊ ဘယ်ကလူမှန်းမသိဘူး၊ လာပါ ပဝါရယ်''

နွေတမန်မျက်ဝန်းတွေ ဘာကြောင့် ကွက်ကြည့်ကွက်ကြည့် ဖြစ်နေတာလဲ။ တိမ်ပဝါ စဉ်းစားမရပါ။ တိမ်ပဝါမေးလျှင်ကော အမှန်ဖြေမှာမဟုတ်ဟု သိနေသည်။

တိမ်ပဝါနားထဲမှာတော့ စောစောကပုဂ္ဂိုလ်စကားကို ကောင်းကောင်းမှတ်မိသည်။ ဆရာဦးဆန်းထွန်းမောင်တဲ့။

ဒါ လေးလေးဆန်းရဲ့ နာမည်ပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

''ဘာရယ် သမီး၊ နွေတမန် သမီးရဲ့ဆေးခန်းမှာ ရောက်နေတယ် ဟုတ်လား''

''ဟုတ်တယ် လေးလေးဆန်း၊ နွေတမန်ကို လေးလေးဆန်း သိမှာပါ၊ ပဝါကို မလိမ်မညာပါနဲ့ အမှန်အတိုင်းပြောပါနော်''

လေးလေးဆန်းမျက်နှာက လေးနက်တည်ငြိမ်စွာ တွေတွေလေး ဖြစ်သွားခဲ့သည်။ ပြီးမှ ပင့်သက်မောကိုချလိုက်ရင်း

''သိုဝှက်စရာအကြောင်း မရှိပါဘူး သမီးရယ်၊ လေးလေးက သမီးကို အဖြူစင်ဆုံးမေတ္တာနဲ့ ကူညီခဲ့တာ၊ သမီးရင်းလို တူမရင်းလို





စောင့်ရှောက်ခဲ့တာ သမီးအသိပါ''

''သမီးသိပါတယ် လေးလေးဆန်း၊ သမီးအတွက် လေးလေးဆန်းက ကျေးဇူးဖေဖေတစ်ယောက်ပါပဲ''

''လေးလေးကို သမီးနားလည်တာ ဝမ်းသာတယ်၊ တကယ်တော့ မောင်နွေတမန်ကို လေးလေး မသိခဲ့ပါဘူး၊ လွန်ခဲ့တဲ့ ကိုးနှစ်လောက်က သူ လေးလေးဆီရောက်လာခဲ့တယ်၊ အဲဒီအချိန်တုန်းက သမီးလေးက ဆယ်တန်းအောင်ပြီးခါစလေ''

လေးလေးဆန်းစကားကို နားထောင်ရင်း တိမ်ပဝါ မျက်နက်ဝန်းလေးတွေ မင်သက်လို့ အံ့ဩမယုံနိုင်မှုတွေနှင့် ငေးမောလို့ နေပါတော့၏။

''သူရောက်လာတုန်းက လေးလေးဆန်းကို ပြောပြလို့ သိရတာ၊ သူဟာ သမီးတို့နေတဲ့မြို့က နွေစံအိမ်မှာနေတဲ့ မောင်နွေတမန်ဆိုတာပဲ၊ သမီးလေးအကြောင်းကို သူအားလုံးသိနေတယ်၊ သမီးလေး ဆရာဝန်တစ်ယောက် ဖြစ်ချင်လှတာကိုလည်း သူပြောပြတယ်၊ တကယ်ဆို သမီးလေးရဲ့ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ အဲဒီအချိန် လေးလေးမှာ အင်အားမရှိခဲ့ဘူး သမီး၊ စီးပွားရေးတွေကျဆင်းလို့ ဒုက္ခရောက်နေတဲ့အချိန်ပဲ၊ မောင်နွေတမန်က သမီးရဲ့ပညာရေးအတွက် သူတာဝန်ယူပါရစေတဲ့၊ ရန်ကုန်က သူပိုင်ဆိုင်တဲ့တိုက်ခန်း၊ ပြီးတော့ လစဉ်ထောက်ပံ့ဖို့ငွေကြေး အားလုံးကို မောင်နွေတမန်က ကူညီခဲ့တယ်၊ လေးလေးအတွက်လည်း သူက ငွေချေးပြီး ထောက်ပံ့ကူညီခဲ့တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို သမီးဆေးကျောင်းတက်နေတဲ့ ကာလတွေမှာ နွေ နွေက အားလုံးကူညီခဲ့တာပေါ့ ဟုတ်လား လေးလေး"

"ဟုတ်တယ် သမီး၊ သမီးဆေးခန်းဖွင့်မယ်ဆိုတော့လည်း သူကပဲ အစစကူညီခဲ့တာ၊ နောက်ဆုံး သမီးစီးနေတဲ့ ကားလေးကလည်း သမီးအတွက် သူစီစဉ်ပေးခဲ့တာပဲလေ"

တိမ်ပဝါရင်ထဲမှာ တလှပ်လှပ်နဲ့ တုန်လှုပ်အံ့ဩနေမိတာ အမှန်။ နွေတမန်ရယ် ဒါတွေကို ပဝါ မသိခဲ့ပါဘူး။ အားလုံးက နွေ့ရဲ့ ကျေးဇူးတရားတွေပေါ့။

တိမ်ပဝါအတွက် နွေတမန်က အရိပ်လို စောင့်ရှောက်ပေးနေခဲ့တာပဲပေါ့။ မယုံနိုင်စရာကောင်းလိုက်တာ နွေတမန်ရယ်။

"သမီးသိရင် လက်မခံမှာစိုးလို့ ဘာမှမပြောပါနဲ့လို့ သူ ကတိတောင်းထားတယ်၊ ဒါကြောင့် လေးလေး ကတိတည်ခဲ့ရတာ သမီး"

လေးလေးဆန်းရဲ့ မျက်ဝန်းတွေကို ပဝါ မော့ကြည့်မိသည်။ ဟိုးငယ်စဉ်ကတည်းက တိမ်ပဝါပေါ် ကူညီခဲ့တဲ့ကျေးဇူးတွေ အများကြီး။ လေးလေးဆန်းရဲ့မေတ္တာကို ပဝါ အကြွင်းမဲ့ယုံကြည်ခဲ့ပြီးသားလေ။

"လေးလေးဆန်းကို ပဝါ အပြစ်မတင်ပါဘူးရှင်၊ အားလုံး သိခွင့်ရလို့လည်း ပဝါ အရမ်းဝမ်းသာတယ်၊ အံ့ဩတယ်၊ နွေ့ရဲ့ အပြုအမူတွေကို ပဝါ ပိုလို့အံ့ဩနေမိတာပါ လေးလေးဆန်း"

"အင်း မောင်နွေတမန်ရဲ့ စိတ်ထားကတော့ သမီးလေးအပေါ်





သိပ်ကို ဖြူစင်လွန်းခဲ့တာ သေချာတယ် သမီး၊ သူ့မှာ ပိုင်ဆိုင်သမျှ ဘာမှမရှိတော့ပေမယ့် ဂျပန်မှာ အလုပ်လုပ်ရင်း သမီးလေးကို ထောက်ပံ့ပေးနေခဲ့တာလေ"

တိမ်ပဝါရင်ထဲမှာ စူးစူးနစ်နစ် ခံစားလိုက်ရသည်။ နွေတမန်ရဲ့ နှလုံးသားထဲက ချစ်ခြင်းတရားက သိပ်ကို ကြီးကျယ်မြင့်မြတ်ခဲ့သည်။

တိမ်ပဝါဘဝလေးအတွက် ထောက်ပံ့ကူညီရင်း ကိုယ့်အတွက် ကျတော့ ဘာတစ်ခုမှ အလေးမထားခဲ့ဘူးတဲ့လား။

နွေတမန်ရယ် ပဝါ ထင်မှတ်နားလည်ထားတာထက်တောင်မှ ရှင့်နှလုံးသားက မြင့်မြတ်နေခဲ့တာပါ။

တိမ်ပဝါနှလုံးသားထဲမှာ ရှင် ထာဝရရှိနေတာ ရှင်သိစေချင်လိုက်တာ။ တိမ်ပဝါဘဝကို သိမ်းပိုက်ခဲ့တဲ့ ရှင့်ဘဝကို ကျွန်မ ပြန်သိမ်းပိုက်ပြမယ် နွေတမန်။

ဒီတစ်ခါတော့ ကျွန်မအတွက် အတုံ့အလှည့်အဖြစ် ရှင်ခွင့်ပြုပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

ကားကလေးက မြို့နယ်တရားရုံးခန်းထဲအထိ တည့်မတ်စွာ မောင်းဝင်လာခဲ့ချိန်အထိ နွေတမန် တည်ငြိမ်စွာရှိနေဆဲ။ တိမ်ပဝါ ကားလေးကို ထိုးရပ်ပြီး ထိုင်ခုံမှာ ငြိမ်သက်စွာထိုင်နေဆဲ နွေတမန်ကို ငဲ့ကြည့်ရင်း

"ဆင်းတော့လေ နွေတမန်ရဲ့ ရောက်နေပြီ"

"ကိုယ်ပါလိုက်ခဲ့ရမှာလား"

"အိုး လိုက်ခဲ့ရမှာပေါ့၊ နွေမလိုက်လို့မဖြစ်ဘူး ကဲ ဆင်းပါ၊ အထဲမှာ ကျွန်မမိတ်ဆွေ ဆရာဝန်တွေလည်း စောင့်နေကြတယ်"





နွေတမန် မျက်မှောင်ကုပ်ရင်း တိမ်ပဝါကိုကြည့်သည်။ တိမ်ပဝါက သူ့အကြည့်တွေကို မသိကျိုးကျွံပြုရင်း ရှေ့မှ ဦးဆောင် လှမ်းဝင်သွားတာမို့ နွေတမန် နောက်က အသာ ခပ်သွက်သွက် ပြေးလိုက်ခဲ့ရတော့၏။

တိမ်ပဝါ ဘာတွေလုပ်နေတာလဲ မသိပါ။ မနေ့ကတည်းက သူ့ကို အမိန့်ပေးစီစဉ်သွားတာဖြစ်သည်။

"မနက်ဖြန် မနက်ကိုးနာရီမှာ နွေကို ပဝါလာခေါ်မယ်၊ ရေမိုးချိုးပြီး ဟောဒီအဝတ်အစားတွေ လဲထားလိုက်နော်"

နို့သာရောင်တိုက်ပုံ၊ နို့သာရောင်ချိတ်ပုဆိုးနှင့် ရုပ်ဖြူ လက်ရှည်တစ်ထည်တောင် ပါသေးသည်။ ဒီအဝတ်အစားတွေကိုဝတ်ပြီး လိုက်ခဲ့ရမည်ဆိုတော့ တိမ်ပဝါကို နားမလည်နိုင်စွာ မေးမိ၏။

"အရေးကြီးကိစ္စရှိလို့ ဝတ်နိုင်းတာပေါ့ နွေတမန်ရယ်၊ ရှင် တော်တော် အမေးအမြန်းထူတာပဲ၊ ကျွန်မခိုင်းတာ လုပ်စမ်းပါ"

မျက်မှောင်လေးကုပ်ပြီး သူ့ကိုတောင် မာန်မဲခဲ့သေးတာမို့ သူ ငြိမ်နေခဲ့ရသည်။

နောက်တစ်နေ့ မနက်ရှစ်နာရီမှာ တိမ်ပဝါ နွေတမန်ဆေးခန်း လေးရှေ့ကို ရောက်လာချိန်မှာ သူ အဝတ်အစားလဲပြီး အသင့် စောင့်နေပြီးနေပြီ။

သူ အံ့ဩသွားမိတာက တိမ်ပဝါဝတ်ဆင်ထားသည့် နို့သာရောင် ဇာပဝါအင်္ကျီနှင့် ချိတ်ထဘီလေးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ အခမ်းအနားတစ်ခုကို သွားမည့်ပုံ။ ဘာပဲဖြစ်ဖြစ် လှပချောမောသော တိမ်ပဝါနှင့် ယှဉ်တွဲသွားရမှာတော့ ကြည်နူးစရာပါပဲ။

ယခုတော့ တိမ်ပဝါခေါ်ဆောင်လာတာ မြို့နယ်တရားရုံး။ ရှေ့ကနေ စိတ်မရှည်နိုင်စွာ သွက်သွက်လေး လှမ်းဝင်သွားတာမို့ နွေတမန်လည်း မိအောင်လိုက်ခဲ့ရသည်။

"ဟာ စောင့်လိုက်ရတာ သတို့သမီးရယ်"

"သတို့သားက ဘယ်မှာလဲ၊ အဲ ဝတ်စုံက အရောင်တူအသွေးတူပဲ"

"တကယ်လိုက်ဖက်တယ် တိမ်ပဝါ၊ တရားရုံးကပြန်ရင် အမှတ်တရဓာတ်ပုံတစ်ပုံလောက် ငါတို့နဲ့တွဲရိုက်မယ်ဟာ"

တရားရုံးခန်းထဲမှာ ထိုင်နေသော တိမ်ပဝါမိတ်ဆွေတွေရဲ့ တစ်ယောက်တစ်ခွန်း ချီးကျူးစကားတွေကို 'တိမ်ပဝါ ပြုံးပြုံးလေး ခံယူနေ၏။ သူကတော့ အနောက်က မတ်မတ်ကြီးရပ်လို့။

"ကဲ ကဲ သတို့သားနဲ့ သတို့သမီး လက်မှတ်ထိုးဖို့ ထိုင်ကြပါ"

နွေတမန် မင်သက်ကြောင်တွေနေသည်။ တိမ်ပဝါက သူ့လက်ကိုဆွဲကာ ထိုင်ခုံမှာထိုင်စေသည်၊ ပြီးတော့ တိမ်ပဝါ သူ့နံဘေးမှာ ယှဉ်လျက်ဝင်ထိုင်သည်။

"ပဝါ ဒါ ဒါ ဘာလုပ်တာလဲဟင်"

"နွေနဲ့ပဝါ လက်မှတ်ထိုးကြမှာလေ"





"ဘာ ဘာရယ်"

သူ မယုံနိုင်အောင် မင်သက်ကြောင်တွေနေမိဆဲ။ တိမ်ပဝါ မျက်နက်ဝန်းလေးတွေနှင့် ခပ်ပြုံးပြုံးလေးပြန်ကြည့်နေသည်။

"ကဲ သတို့သား လက်မှတ်ထိုးပါ"

တရားရုံးဝန်ထမ်းစကားကြောင့် သူ သတိဝင်လာရသည်။ နှစ်ဦးသဘောတူ လက်ထပ်စာချုပ်လေးမှာ သူ လက်မှတ်ထိုးလိုက်သည်၊ ပြီးတော့ တိမ်ပဝါဆီကို လှမ်းပေးလိုက်သည်။

တိမ်ပဝါ ကျေနပ်စွာပြုံးလျက် သူ့ကို ငေးမောကြည့်နေပုံလေးက ရင်ခုန်သံတွေအားလုံးကို သိမ်းပိုက်နိုင်စွမ်းရဲ့။

တရားရုံးထဲမှ ပြန်ခဲ့ကြတော့ တိမ်ပဝါမိတ်ဆွေတွေကို ကျွေးမွေးပြုစုဖို့အတွက် စားသောက်ဆိုင်လေးရဲ့ သီးသန့်ခန်းထဲမှာ တိမ်ပဝါက စီစဉ်ပြီးဖြစ်သည်။

"မင်္ဂလာမောင်မယ် အိုအောင်မင်းအောင် ပေါင်းသင်းကြရပါစေ"

အားလုံး ဆုတောင်းပေးကြ၊ ရယ်မောနောက်ပြောင်ကြနှင့် မင်္ဂလာထမင်းစားပိုင်းလေးက အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။ နှုတ်ဆက်လမ်းခွဲပြန်ကြတော့လည်း တိမ်ပဝါနှင့်သူ တိမ်ပဝါကိုယ်တိုင်မောင်းနှင်သော ကားလေးပေါ်မှာ နှစ်ယောက်တည်း။

"ခု ကိုယ်တို့ ဘယ်သွားကြမှာလဲ ပဝါ"

"ကျွန်မနဲ့ မောင်တို့ အတူနေထိုင်ကြမယ့် မင်္ဂလာတိုက်ခန်းလေး



www.burmeseclassic.com

www.burmeseclassic.com

ဆိုကိုပေါ့ မောင်ရယ်''

''ပဝါရယ် ကိုယ့်ကို ဘာတစ်ခုမှ အသိမပေးဘဲ ဘာဖြစ်လို့ ဒီလိုစိစဉ်လိုက်တာလဲ ပြောစမ်းပါဦးကွာ''

''ရှင်ကကော ပဝါမသိအောင် ကိုးနှစ်လုံးလုံး လိမ်ညာထားခဲ့တာလေ''

''ဟင် ဒါတွေကို ပဝါသိသွားပြီ ဟုတ်လား''

''သိပ်ဟုတ်တာပေါ့၊ ဒါကြောင့် အခု မောင့်ကို ကျွန်မ သိမ်းပိုက်ဖို့အတွက် မောင်မသိအောင် ကျွန်မ စီစဉ်တာလေ''

''ပဝါရယ် မောင်ဝမ်းသာလိုက်တာ''

သူ့လက်တွေ ပဝါ့ပခုံးလေးတွေကို သိုင်းဖက်လာတာမို့ ပဝါ ပခုံလေးတွန့်ရုန်းရင်း

''မောင် မလုပ်နဲ့နော်၊ ပဝါ ကားမောင်းနေတာနော် မှောက်ကုန်မယ်''

''ပဝါကို ပိုင်ဆိုင်ပြီးမှတော့ သေမယ်ဆိုရင်လည်း သေပျော်တယ်ကွယ်''

''အို မောင်နော်''

မောင့်လက်တွေက တင်းကျပ်နှောင်တွယ်ထားတာမို့ ပဝါ ကားလေးကို ဘရိတ်နင်းကာ ထိုးရပ်လိုက်ရသည်။ မောင့်နှုတ်ခမ်း နွေးနွေးတွေက ယစ်မူးစေသော အနမ်းတွေက ဆင့်ကဲကျလာသည်။

ရုန်းကန်ဖို့ ပဝါ့မှာ အင်အားမရှိ။





မွတ်သိပ်စူးနစ်သော အနမ်းတွေထဲမှာ အရာရာကို မေ့လျော့လျက်။ ရင်ခုန်သံတွေ ဆူညံနေပေမယ့် ကားလေးကတော့ ငြိမ်သက်စွာ။

❀ ❀ ❀

ပြီး၏



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ပဝါ ရေချိုးခန်းဝင်ပြီးသည်အထိ မောင်က မနိုးသေးပါ။ ခုတင်ကျယ်ကြီးပေါ်မှာ အိပ်ယူကောင်းနေဆဲရှိသည်။

အိပ်မောကျနေသော မောင့်မျက်နှာလေးကိုကြည့်ရင်း ပဝါ့ ရင်ထဲမှာ စာနာသနားစိတ်တို့ လှိုက်ဖိုတက်လာရသည်။ တိမ်ပဝါအတွက် ကိုးနှစ်နီးပါးလုံးလုံး မောင် စွန့်လွှတ်အနစ်နာခံခဲ့တာတွေ။ ဒီချစ်ခြင်းတွေ အတွက် ပဝါ ဒီတစ်သက်လုံးတောင် ဆပ်လို့ကျေနိုင်ပါ့မလား။

မောင့်မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း မြတ်နိုးစုံမက်သော စိတ်ဖြင့် ငုံ့ကာ မောင့်နဖူးပြင်လေးကို နမ်းရှိုက်မိသည်။ ရေချိုးပြီးစမို့





အေးစက်စက် ပဝါ့နှာဖျားလေးကြောင့် မောင် တွန့်ခနဲဖြစ်သွားခဲ့သည်။

"ဆောရီး မောင်ရယ်"

နှုတ်ဖျားက တိုးတိုးလေးတောင်းပန်ရင်း သဘက်ခြုံလွှာလေးကို တန်းမှာ ပဝါ လွှားတင်လိုက်သည်။ အဝတ်အစားလဲလှယ်ဖို့ ပဝါ ပြင်ဆင်နေတုန်းမှာ မောင့်လက်တွေက သိုင်းဖက်လာတာမို့ ထိတ်လန့် သွားရ၏။

"ကြည့်စမ်း လန့်လိုက်တာမောင်ရယ်၊ နိုးနေရက်နဲ့ မထဘူး"

"ပဝါ အနမ်းနဲ့နိုးမလားလို့ စောင့်နေတာ၊ နဖူးပေါ် ရေခဲတုံးကြီးပြုတ်ကျလာမှ လန့်နိုးတာ"

"မောင်နော် သွား"

"မသွားပါရစေနဲ့ ပဝါရယ်၊ ချစ်လို့တောင်မဝနိုင်သေးတာ"

မောင့်လက်နှစ်ဖက်က တိမ်ပဝါလက်မောင်းသား ဝင်းဝင်း လေးကို ညင်သာစွာဆုပ်ကိုင်သည်။ လျှော်ထားပြီးစ ဆံနွယ်တွေကို မောင် တမြတ်တနိုး နမ်းရှိုက်သည်။

"လွှတ်တော့ မောင်ရယ် အလုပ်နောက်ကျနေဦးမယ်"

"မင်္ဂလာသတို့သမီးလေးရဲ့ မင်္ဂလာညကို သူတို့ စာနာနိုင်မှာပါ ပဝါရဲ့"

မောင့်အနမ်းတွေက ဆံနွယ်တွေကို သိမ်းဖယ်ကာ ဂုတ်သား လေးပေါ် ကျူးကျော်လာတော့ ပဝါ ရှက်သွေးနှင့် တွန့်ခနဲရုန်းမိသည်။

"တော်တော့ မောင်ရယ် ရှက်စရာတွေ"



www.burmeseclassic.com

www.burmeseclassic.com

"မောင့်ဇနီးလေးကို မြတ်နိုးလို့ နမ်းတာ ရှက်စရာလားကွာ၊ မောင် အမြဲတမ်း အမှတ်ရနေတာ နှံ့သာကုန်းထိပ်မှာ ပဝါ မောင့်ကို နမ်းခဲ့တဲ့ အနမ်းတွေလေ၊ ပဝါ မှတ်မိသေးလားဟင်"

"သွား ဘာတွေပြောနေမှန်းမသိဘူး"

"အမှန်တွေပြောတာပါ ပဝါရယ်၊ တကယ် မောင် ပဝါ့ကို သိပ်ချစ်ခဲ့တာမို့ ဆုံးရှုံးတော့မယ့်အချိန်မှာ ကြေကွဲဝမ်းနည်းခဲ့ရတယ်"

"ပဝါလည်း မောင့်ကို လွမ်းခဲ့ရတာပဲ မောင်ရယ်"

မြတ်နိုးစုံမက်ခြင်း အနမ်းတွေထဲမှာ မောင်နှင့်တိမ်ပဝါ နစ်မျောသွားခဲ့ကြရပြန်သည်။

ဝေးကွာသွားမှာစိုးသည့်အလား တင်းတင်းပွေ့ဖက်ထားသော မောင့်ကို တိမ်ပဝါ ပြန်လည်ဖက်တွယ်ထားလိုက်မိသည်။

ပဝါတို့ ဘယ်တော့မှ မဝေးကြေးနော်။

✿ ✿ ✿



အခန်း (၃၈)

ကြည်နူးပျော်စရာနေ့ရက်တွေကို မောင်နှင့် တိမ်ပဝါတို့ ဖြတ်ကျော်ခဲ့ကြသည့် ကာလတွေက တစ်လကျော်ကြာခဲ့ပြီ။

ချစ်ခြင်းနှင့် ပေါင်းစည်းခဲ့သော နှစ်ဦးဘဝကြားမှာ တိမ်ပဝါ ဆေးရုံကအပြန်မှာ ဝင်လာတတ်တဲ့ နွေတမန်ဆေးခန်းလေးကို သူသွားရသည်။ လူနာတွေအတွက် တုံကင်ပေးပြင်ဆင်ပြီး တိမ်ပဝါကို စောင့်ရသည်။

တိမ်ပဝါရောက်လာတော့ တိမ်ပဝါနှင့်အတူ လူနာတွေကို ဝိုင်းဝန်းကူညီပေးရင်း ရှင်သန်ရသည့် ဘဝလေးက ပျော်စရာတော့အတိ။


www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူတွေးမိသည်က တိမ်ပဝါအရိပ်မှာ ခုနေရသော ဘဝက မဟုတ်သေးပါ။

ယောက်ျားတစ်ယောက်၊ အိမ်ထောင်ဦးစီးတစ်ယောက်ဟူသော အသိနှင့် သူ အလုပ်တစ်ခု ရှာဖွေမိသည်။ ထိုအတွက် တိမ်ပဝါကတော့ သူ့ကို တားမြစ်ခဲ့သေးသည်။

"မောင်ရယ် လတ်တစ်လောမှာ အဆင်ပြေနေတာပဲဥစ္စာ၊ မောင် အလုပ်လုပ်စရာ မလိုသေးပါဘူး"

"ဘယ်ဟုတ်မှာလဲ ပဝါရယ်၊ မောင်က အိမ်ထောင်ဦးစီး ယောက်ျား၊ မောင့်မိန်းမလုပ်စာကို မှီခိုစားနေရတာ မောင် စိတ်မချမ်းသာဘူးလေ၊ မောင်ကပဲ ပဝါ့ကို တာဝန်ယူချင်တာ၊ ပြီးရင် မောင့်သားသမီးတွေ ရှိလာဦးမှာလေ"

"မောင်က အဲဒီဘဝလေးကို တကယ်ပဲလိုလားတောင့်တနေပြီလားဟင်"

"ဟာ ပဝါကလည်း ရင်သွေးဆိုတာ အိမ်ရဲ့ရတနာတဲ့၊ မောင်လိုချင်တာပေါ့"

"ဒါဆိုရင် မောင့်အတွက် ပဝါ မွေးပေးမှာပေါ့ မောင်ရယ်"

တိမ်ပဝါ စကားလေးတွေ လှုပ်ခတ်တိုးညှင်းစွာ ကတိပေးတော့ သူ ဝမ်းသာကြည်နူးရသည်။ တိမ်ပဝါခန္ဓာကိုယ်လေးကို မြတ်နိုးစွာနှင့် ထွေးပွေ့ထားမိသည်။

တကယ်ဆိုလျှင် တိမ်ပဝါကို ပြည့်စုံသောဘဝလေးမှာ သူ





ထားချင်သည်။ ဒါပေမဲ့ သူပိုင်ဆိုင်သမျှ အားလုံးက သိမ့်နန္ဒာလက်ထဲမှာ ကျန်ရစ်ခဲ့ချေပြီ။

တစ်ခါတစ်လေမှာတော့ သူ တောင့်တဝမ်းနည်းမိသည်။ သိမ့်နန္ဒာရဲ့ မာယာတွေထဲမှာ သူ မနစ်မွန်းခဲ့လျှင် အရာရာသည် အဆင်ပြေမှာသေချာပါသည်။

သူနဲ့တိမ်ပဝါရဲ့ ဘဝလေး အေးချမ်းသွားမည်။

ပူပင်သောကတွေ ဘာဆိုဘာမှ လိုအပ်မည်မဟုတ်။

အခုတော့ ကံကြမ္မာက သူနှင့် တိမ်ပဝါဘဝကို ဝေးစေခဲ့သည်။ ပြီးတော့ လွမ်းမောစွာ ဖြစ်သန်းခဲ့ရသော ကာလရှည်ကြီး။ ထိုကာလတွေမှာ သိမ့်နန္ဒာ ဘာဖြစ်နေသလဲ သူမသိပါ။ ညီကလည်း မြန်မာပြည် ပြန်ရောက်နေပြီလား သူမသိ။

စိတ်ပျက်ညစ်ညူးစရာ အတိတ်တွေကို သူ မေ့ထားချင်သည်။ လက်တစ်လော သူ့ရင်ထဲမှာ တောင့်တမိတာ တိမ်ပဝါနှင့် သူတို့ဘဝလေး အဆင်ပြေချင်တာပဲဖြစ်သည်။

"မောင် ဘယ်လိုမှမထင်နဲ့နော် မောင့်ကိုမေးချင်လို့"

"ဟာ ပဝါကလည်း မေးချင်တာပဲ မေးပေါ့ကွာ၊ မောင့်ကိုများ စကားပလ္လင်ခံနေရသေးတယ်"

"ဟိုလေ မောင်နဲ့ သိမ့်နန္ဒာတို့နှစ်ယောက်က တကယ် အပြီးအပိုင် ပြတ်စဲခဲ့ကြတာလားဟင်"

သူ့ရင်ထဲမှာမကောင်း။ တိမ်ပဝါရင်ထဲမှာ ဘာခံစားချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာလဲ။ တိမ်ပဝါကိုလည်း မညာချင်ပါ။

"မောင့်ဘက်က ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးခဲ့တယ်၊ မောင်ပိုင်ဆိုင်သမျှတွေ လွှဲပေးခဲ့တယ်၊ ဒါပဲလုပ်နိုင်တယ်၊ ကျန်တာ မောင်ဘာမှ အသေအချာမသိဘူး"

တိမ်ပဝါ ပင့်သက်မောလေးရှိုက်သည်။ သူ့ဆံနွယ်တွေကို ပွတ်သပ်ရင်း တိမ်ပဝါ ခွေးခွေးကလေးပြုံးသည်။

"ဘာရယ်မဟုတ်ပါဘူး မောင်ရယ်၊ တစ်ချိန်မှာ သိမ့်နန္ဒာနဲ့ ပြဿနာတက်လာမှာစိုးလို့ပါ၊ သိမ့်နန္ဒာက အငြိုးအတေးကြီးတာ မောင်အသိဆုံးပဲ"

ဒါတော့ သူမငြင်းနိုင်ပါ။ တိမ်ပဝါကို အနိုင်ရလိုမှုတစ်ခုအတွက် သိမ့်နန္ဒာက သူ့ကိုတောင် လက်ထပ်ခဲ့သည်။

ညီအချစ်ကိုလည်း ဥပေက္ခာပြုခဲ့နိုင်သည်။

သိမ့်နန္ဒာအမုန်းတွေ အဆုံးသတ်ခဲ့ပြီလို့ ဆိုနိုင်မှာလား။

တိမ်ပဝါ စိုးရိမ်သလို တစ်ချိန်ချိန်မှာ သူတို့မိသားစုလေးကို နှောင့်ယှက်လာခဲ့ရင်။

"မောင် သူ့ကို အားလုံးဆုံးရှုံးခံပြီး စွန့်လွှတ်ခဲ့ပြီးပြီပဲ ပဝါရယ်၊ ဒီအထိ သူနှောင့်ယှက်လာမယ် မထင်ဘူး၊ နှောင့်ယှက်လာခဲ့ရင်တောင်မှ မောင် ပဝါ့ဘက်မှာရှိမှာ ယုံပါ"

"မောင့်ကို အကြွင်းမဲ့ယုံပါတယ် မောင်ရယ်"

✿ ✿ ✿



## အခန်း (၃၉)

တိမ်ပဝါဝမ်းထဲမှာ သူ့ရဲ့ရင်သွေးလေးကို လွယ်ပိုးထားရပြီ ဟူသော စကားကို ကြားလိုက်ရပြီးသည့်နောက်ပိုင်းမှာ သူ အလုပ်တစ်ခုကို မဖြစ်မနေ ရှာဖွေဖို့ ဆုံးဖြတ်ခဲ့သည်။

"မင်းလုပ်ချင်တယ်ဆိုရင် လေးလေးရဲ့ အသိကုမ္ပဏီတစ်ခုမှာ ဝင်လုပ်လို့ရနိုင်ပါတယ်၊ လေးလေး ပြောပေးမှာပေါ့ မောင်နွေ"

လေးလေးဆန်း အကူအညီနှင့် သူ အလုပ်အတွက် အဆင်ပြေခဲ့သည်။ ထို့အတွက် တိမ်ပဝါကလည်း ဝမ်းသာစွာ သဘောတူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက သူ့အတွက် အခွင့်အရေးတွေ ပေးလာသည်ဟု ထင်မှတ်နေတုန်းမှာ မမျှော်လင့်သော ပြဿနာ၏အရိပ်ကို သူ မြင်ခဲ့ရသည်။

ထိုနေ့က ကုမ္ပဏီကိစ္စတစ်ခုအတွက် မြို့ထဲသို့ သူ ထွက်ခဲ့ရသည်။ ဘဏ်မှာငွေထုတ်တာစောင့်ရင်း အနီးက လက်ဖက်ရည်ဆိုင်လေးမှာ သူ ထိုင်နေခိုက်မှာ

"ဟင် ညီ ညီပါလား"

သောက်လက်စ လက်ဖက်ရည်တွေတောင် သီးသွားမတတ် သူ တုန်လှုပ်ရသည်။ ဘဏ်ထဲမှထွက်လာသော ညီကတော့ သူ့ကို မမြင်ပါ။

ညီသည် ဟိုစဉ်တုန်းကအတိုင်း မပြောင်းလဲပါ။ တစ်ခုပဲရှိသည်။ ဆံနွယ်တွေက ဂုတ်ထောက်အောင်ရှည်သည်။ ကာကီရောင်ဂျင်းပင်န်နှင့် အဖြူရောင်စပို့ရှပ်ကို ဝတ်ဆင်ထားသည်။

မျက်မှန်နက်ကြီးတပ်ဆင်ထားသော ညီကတော့ သူ့ကို မမြင်ပါ။ ညီ ဘာလာလုပ်တာလဲ။ ရန်ကုန်ကို ဘယ်လိုရောက်နေတာလဲ။ တွေးရင်း မေးခွန်းတွေနှင့် သူ ချောက်ချားသွားရသည်။

သိမ့်နန္ဒာကို အသက်မက ချစ်ခဲ့သော ညီ။

သူနှင့် သိမ့်နန္ဒာတို့ လက်ထပ်တော့မည်ဆိုသည်နှင့် မြန်မာပြည်က ထွက်ခွာသွားခဲ့သည်။

သူ ဂျပန်ရောက်တော့လည်း ညီက ဂျပန်မှာမနေတော့ပါ။





စင်ကာပူကုမ္ပဏီတစ်ခုမှာ အလုပ်ပြောင်းလုပ်သည်။

သုံးမိနစ်သာခြားမွေးသော သူနှင့်ညီကြားမှာ သိမ့်နန္ဒာ၏အရေးကိစ္စသည် သွေးကွဲစေခဲ့တာတော့ အမှန်ပင်။

အရင်က သူရှိနေလျှင် မျက်နှာချင်းမဆိုင်လို၍ နိုင်ငံခြားပြီးတောင် ရှောင်ပြေးတတ်တဲ့ညီ အခု ရန်ကုန်ကို ဘယ်လိုရောက်လာတာလဲ မသိ။ သူ့ကို ရှာဖွေနေတာလား။

တွေးရင်း သူ စိုးရိမ်လာမိတာ အမှန်။ တိမ်ပဝါ စိုးရိမ်ထားသလို ဖြစ်နေခဲ့ပြီလား မသိ။

ဘဏ်ရှေ့မှာရပ်ထားသော အနီရောင်ဆလွန်းကားပေါ်တက်ကာ ညီပြန်သွားတော့မှ သူ ပင့်သက်မောကို ချလိုက်မိသည်။

"ညီရယ် ငါ့ကို ဒုက္ခမပေးပါနဲ့ကွာ"

ထိုညနေက သူအိမ်ပြန်ရောက်တော့ ဆေးခန်းထိုင်နေသော တိမ်ပဝါ ပြန်ရောက်မလာသေးပါ။

ညီ့ကိုတွေ့ခဲ့ရတာ တိမ်ပဝါကို မပြောဖို့ သူ ဆုံးဖြတ်လိုက်သည်။ တော်ကြာ တိမ်ပဝါ စိုးရိမ်ပူပန်သွားမှာ စိုးသည်။

ညီလာတာ ဘာကိစ္စလဲ သူမသိ။

သူထင်မှတ်ထားသော ပြဿနာ မဟုတ်ပါစေနှင့်ဟုသာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ဒေါက်တာရေ ညှော်သည်ရောက်နေတယ်"

ဆေးခန်းထဲမှာ လူနာတစ်ဦးကို စမ်းသပ်အလုပ်ရှုပ်နေတုန်းမှာ မနော်အသံကြောင့် သူမ ခေါင်းညိတ်ပြရင်း

"အထဲကိုလွှတ်လိုက်လေ မနော်"

လူနာကို လိုအပ်သည့်ဆေးဝါး ရေးပေးပြီး ခေါင်းအမော့မှာ အခန်းထဲဝင်လာသောသူကို မော့ကြည့်မိသည်။

"ဟင်"

တအံ့တသြ မျက်ဝန်းလေးအစုံနှင့် သူမကို ငုံ့ကြည့်နေတာ





သိမ့်။ ပဝါကိုယ်တိုင်လည်း မင်သက်ကြောင်တွေစွာ ငေးနေမိသည်။ နှစ်ဦးစလုံး တဒင်္ဂမင်သက်ရင်း တိတ်ဆိတ်နေခဲ့ကြသည်။

"ပဝါ"

သိမ့်နှုတ်ခမ်းလေးတွေ အရင်ဆုံး လှုပ်ခတ်လာတော့မှပဲ ပဝါလည်း သတိဝင်လာရသည်။

"ထိုင် ထိုင်ပါ သိမ့် ဘယ်ကဘယ်လို"

သိမ့် ခုတင်စွန်းမှာဝင်ထိုင်ရင်း ပဝါကို ပြုံးကြည့်နေသည်။ သိမ့်အပြုံးတွေကို ရင်ဆိုင်ဖို့အတွက် ပဝါ သိပ်ကိုကြောက်လန့်နေတာ ဘာကြောင့်မှန်းမသိပါ။

"နွေတမန်ဆိုတဲ့ ဆိုင်းဘုတ်လေးကို မြင်လိုက်လို့ စိတ်ဝင်စားပြီး ဝင်ခဲ့မိတာပါ"

ပဝါ မလုံမလဲမျက်ဝန်းတွေကို ဟန်ဆောင်ထိန်းချုပ်ရင်း ဟန်ဆောင်ပြုံးလေးတစ်ခု နှုတ်ခမ်းမှာပွင့်ဖူးသည်။

"အင်း ဒါ ကိုယ့်ဆေးခန်းရဲ့နာမည်လေ၊ ဘာရယ်မဟုတ်ဘူး သတိရသွားလို့ ပေးလိုက်တာပါ"

"အင်း မဆိုးပါဘူး၊ စိတ်ကူးကောင်းလေးပဲ"

သိမ့်နန္ဒာ သူ့ကို လှောင်လိုက်တာလား အသေအချာတော့ အကဲခတ်နိုင်စွမ်းမရှိပါ။ ရင်ထဲမှာ တလှပ်လှပ်နှင့် ဘာတွေဆက်ပြော မှာလဲ စောင့်ဆိုင်းရတာ ရင်မောချောက်ချားစရာကောင်းလှသည်။

"တိမ်ပဝါတောင် ဆရာဝန်မကြီး ဖြစ်နေပြီပဲ၊ ဂုဏ်ယူပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ပဝါ၊ တို့သူငယ်ချင်းတွေထဲမှာ ထွန်းထွန်းပေါက်ပေါက်ဖြစ်သွားတာ ပဝါပဲနော်"

"ပဝါ ငယ်ငယ်ကတည်းက ဆရာဝန်တစ်ယောက် ဖြစ်ချင်ခဲ့တာလေ"

"အင်း ပဝါက တကယ်တော်ပါတယ်၊ ရည်မှန်းချက်အတိုင်း ကြိုးစားနိုင်တာ ချီးကျူးစရာပါ"

ခုချိန်ထိ မောင်နှင့်ပတ်သက်သော စကားတွေကို မကြားရသေးတာ ဝမ်းသာရမှာလား ပဝါ မဆုံးဖြတ်နိုင်သေးပါ။

နောက်ဆုံးတော့ မအောင့်အီးနိုင်ဘဲ ပဝါ မေးမိသည်။

"သိမ့် ဘယ်ကိုလာတာလဲဟင်၊ ရန်ကုန်ကို ဘယ်တုန်းက ရောက်တာလဲ"

"ကိစ္စလေးတစ်ခုရှိလို့ ရောက်နေတာ တစ်ပတ်လောက်ရှိပြီ၊ ဒီဘက်ရောက်တော့ နာမည်လေးတွေ့လို့ ဝင်မေးရင်း ပဝါဆေးခန်းမှန်း သိလိုက်ရတာပါ"

အိမ်ကိုလိုက်ခဲ့ဖို့တောင် မဖိတ်ခေါ်ရဲပါ။ ပြတ်တောင်းပြတ်တောင်း စကားတွေနှင့်သာ သူနှင့်သိမ့်ကြားမှာ အေးစက်နေခဲ့သည်။

"ကဲ ကိုယ်ပြန်ဦးမယ် ပဝါ၊ ဒါနဲ့ ပဝါ အိမ်ထောင်ကျပြီလားဟင်"

"အင်း"

ခေါင်းကလေးညိတ်ကာ ပဝါဖြေမိသည်။ သိမ့်တာမှ ထပ်မမေး





တော့ဘဲ ယဲ့ယဲ့လေးပြုံးသည်။

"အင်း ကောင်းပါတယ်ကွာ၊ တို့တွေ မတွေ့ကြတာ အတော်ကြာခဲ့ပြီပဲ၊ ခွင့်ပြုဦး ပဝါ ပြန်ဆုံကြဦးမှာပါ"

ဘာစကားနှင့် သိမ့်ဆိုသွားတာလဲ ပဝါ မသိနိုင်ခဲ့ပါ။ ဆေးခန်းလေးထဲမှ သိမ့်ထွက်သွားသည်အထိ လိုက်ကြည့်နေမိသေးသည်၊

အနက်ရောင် MARK II ကားကြီး မဟုတ်တော့ပါ။ ချောကလက်ရောင် ဖိမ်ခံကားကြီးနှင့် သိမ့်နန္ဒာဖြစ်နေသည်။

ကားပြတင်းတံခါးက တိမ်ပဝါကို လက်လှမ်းပြသွားခဲ့သေးသည်။ ပဝါ့ရင်ထဲမှာ စိုးရိမ်ပူပန်စိတ်တွေ အလုံးအရင်း တိုးဝင်လာခဲ့သည်။

မောင်သိလျှင် ဘယ်လိုနေမည်မသိ။ သိမ့်နန္ဒာကတော့ ဘာမှ အစွန်းမထွက်သွားခဲ့ချေ။ ခန့်မှန်းရခက်လှသည်။

သိမ့် မောင့်ကို ရှာနေတာလား ပဝါ့ရင်ထဲမှာ ပူပန်လာရ၏။

သိမ့်ရယ် ဒီတစ်ခါတော့ မင်း အနိုင်မယူလိုက်ပါနဲ့ကွာ။

✿ ✿ ✿

ပြီး ပေါ့


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

"ဘာ ဘာရယ် ပဝါ သိမ့်ကိုတွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် မောင်၊ ပဝါ ဆေးခန်းထဲအထိ သိမ့်ဝင်လာတာ၊ ဆေးခန်းနာမည်ကြောင့်တဲ့လေ"

မောင့်မျက်နှာမှာ ထိတ်လန့်တုန်လှုပ်ခြင်းတွေ အရိပ်ထင်သွားကြတာ အထင်အရှား။

"သူ သူ ဘာတွေပြောသွားသေးသလဲ ပဝါ"

"ဟင့်အင်း ဘာတစ်ခုမှ မပြောမသွားပါဘူး မောင်၊ ရန်ကုန်ကို ကိစ္စတစ်ခုနဲ့ လာတာတဲ့၊ ပဝါကို အိမ်ထောင်ကျပြီလားတဲ့"





"ဟာင်"

"နာမည်ကိုမမေးလို့ ပဝါမဖြေလိုက်ဘူး မောင်ရယ်"

ပင့်သက်မောကြီး မောင့်နှုတ်ဖျားက အံထွက်ကျသွားခဲ့သည်။ မောင့်ကိုကြည့်ရင်း ပဝါ စိတ်မကောင်းနိုင်ပါ။ မောင် ဒုက္ခသောကတွေနဲ့ ပူလောင်ဆူဝေနေပြီလား။

မောင့်ကို ပဝါသနားလိုက်တာ မောင်ရယ်။

"မောင် ဘာမှမပူပါနဲ့ကွယ်၊ ဖြစ်လာတော့လည်း ရင်ဆိုင်လိုက်တာပေါ့"

"တစ်ခုခုတော့ ထူးခြားနေပြီ ပဝါ၊ ဟိုရက်က မောင် မြို့ထဲမှာ ညီ့ကိုတွေ့ခဲ့တယ်"

"ဘာ ဘာရယ် မောင်၊ တမန်ကိုတွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်၊ သူက မောင့်ကို မတွေ့သွားဘူး၊ မောင်လည်း စိုးရိမ်သွားတယ်၊ ဘဏ်ရှေ့မှာတွေ့ခဲ့တာ၊ သူပြန်သွားမှ မောင့်ရင်ထဲက အလုံးကြီးကျသွားခဲ့ရတယ်"

မောင့်ကိုကြည့်ကာ တိမ်ပဝါ စိတ်မကောင်းဖြစ်ရတာထက် ပိုလို့တောင် စာနာသနားလာမိသည်။

အတိတ်ကဖြစ်ရပ်တွေက တစ္ဆေတစ်ကောင်လို မောင့်ကို ချောက်လှန့်နေခဲ့ပြီထင်သည်။

"မောင် ဘာမှစိုးရိမ်မနေနဲ့တော့နော်၊ ဖြစ်ပျက်သမျှ အတူ ရင်ဆိုင်ကြမယ်၊ မောင် ရင်ဆိုင်ရဲတယ်မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ရင်ဆိုင်ရဲတယ် ပဝါ၊ ပြီးတော့ မောင်ကြောက်နေတာ ပဝါ့ကို မောင် ထပ်ဆုံးရှုံးမှာကိုပါ"

"မောင်ရယ်"

မောင့်ရင်ထဲက သောကတွေနဲ့ ပဝါ့ရင်ထဲက သောကတွေလည်း ထပ်တူညီနေခဲ့သည်ပဲ။

ထိုညက မောင်အိပ်မပျော်နိုင်ဘဲ ပင့်သက်မောရှိုက်သံတွေကို ပဝါ ကြားနေရသည်။

ပဝါ့အာရုံထဲမှာ သိမ့်မျက်နှာကို မြင်ယောင်မိသည်။

ဟိုစဉ်တုန်းကလို သိမ့်နန္ဒာ လှပနေဆဲ။ ဒါပေမဲ့ အပြောအဆိုတွေက ဟိုတုန်းကနဲ့မတူတာတော့ သေချာသည်။

သည်မျှ ကွဲကွာခဲ့တာကြာပြီဖြစ်သော မောင့်ကို သိမ့်နန္ဒာ တကူးတက လိုက်ရှာမည်ဟု မထင်ပါ။

ပြီးတော့ မောင်ကလည်း စေတမန်ကို မြင်တွေ့ခဲ့သည်တဲ့။ သိမ့်နဲ့တမန် ဘယ်လိုဆုံကြတာလဲ။ အတူပဲ ရှိနေကြတာလား။ မောင့်ကို ဘာကြောင့် ရှာဖွေနေတာလဲ။

အတွေးမောတွေက ပဝါ့မျက်ဝန်းတွေကို အိပ်စက်မရအောင် နှိပ်စက်နေခဲ့သည်။ မောင်လည်း အတူတူပဲဖြစ်မှာပါ။

✿ ✿ ✿



အခန်း (၄၂)

မောင်နှင့်ပဝါ ကြောက်ရွံ့ထိတ်လန့်နေသော ပြဿနာကြီးကို နောက်တစ်နေ့မနက်မှာပဲ ထိပ်တိုက်ရင်ဆိုင်လိုက်ရလေသည်။

မောင်နှင့်ပဝါတို့ရဲ့ နေအိမ်တိုက်ခန်းလေးအထိ ရောက်လာကြသူတွေက သိမ့်နန္ဒာနှင့် စေတမန်။

အခန်းတံခါးကို သွားဖွင့်ပေးမိသော ပဝါ မြင်လိုက်ရသော မြင်ကွင်းကြောင့် ချောက်ချားမင်သက်စွာ ရပ်နေမိတော့။

"ကိုကိုနဲ့တွေ့ချင်လို့ တိမ်ပဝါ၊ တို့ကို ခွင့်ပြုပါ"

ပဝါ့ခေါင်းကလေး ပုတ်သင်ညိုလေးကို ညိတ်လိုက်မိပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့သည်။ ဖွင့်ပေးသောတံခါးမှ ဝင်လာသည်က စေတမန် တစ်ယောက်တည်းမဟုတ် သိမ့်နန္ဒာလည်း ပါလာချေသည်။

ညှော်ခန်းထဲမှာ သတင်းစာဖတ်နေသော မောင့်မျက်ဝန်းတွေ ကြက်သေသေလျက် ထိုင်နေရာမှထရပ်ရင်း

"ညီ မင်း မင်း ဘာလုပ်တာလဲ"

"အပြေးကောင်းတဲ့ကိုကို့ကို လိုက်ရှာနေတာလေ၊ မြန်မာပြည် နှံ့နေပြီ"

တမန့်နှုတ်ခမ်းလေးတွေ ပြုံးယဲ့ယဲ့နှင့်ဆိုသလို အနောက်က သိမ့်နန္ဒာမျက်နှာကလည်း ပြုံးယဲ့ယဲ့မို့ မောင် ချောက်ချားတုန်လှုပ် သွားရင်း

"မင်း မင်း ငါ့ကို ထပ်မနှောင့်ယှက်ပါနဲ့တော့ သိမ့်နန္ဒာ၊ မင်းကို ငါ အရှုံးပေးခဲ့တယ်၊ အားလုံးပေးအပ်ပြီး ငါထွက်ခဲ့တာပါ"

"ကိုကို ဒီလိုလုပ်လို့ မရဘူးလေ၊ ကိုကိုနဲ့သိမ့်က တရားဝင် လက်ထပ်ထားတဲ့ စာချုပ်ရှိတယ်"

"ငါ့ဘက်က ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးခဲ့ပြီးပြီ၊ အမွေအားလုံးကိုစွန့်ပြီး ငါ ကွာရှင်းခဲ့တာပါ ညီ"

"ကိုကို့ဘာသာ လုပ်ချင်တာလုပ်လို့မရဘူး၊ ကိုကို့နှုတ်က တိကျတဲ့အဖြေကို ကျွန်တော်သိချင်တာ၊ ကိုကို သိမ့်ကို တကယ် စွန့်လွှတ်တာဆိုရင် သိမ့်ကို ကျွန်တော် တရားဝင်လက်ထပ်မလို့"

"ဟင်"





"အို"

တမန့်စကားကြောင့် မောင်နှင့်ပဝါ မယုံမရဲ ဖြစ်နေမိသည်။ သိမ့်နှုတ်ခမ်းဖူးလေးတွေ ပြုံးရယ်ရင်း

"သိမ့်တကယ်ချစ်ခဲ့တာ တမန်ပါ၊ တမန်ကို လက်ထပ်ဖို့ အတွက် ကိုနွေတမန်ဆီက တရားဝင်နှုတ်စကားကို သိမ့်ကြားချင်တယ်"

"ဟာ မင်း ညီကို လက်ထပ်မယ်ဆိုရင် ငါတကယ်ခွင့်ပြုတယ် သိမ့်နန္ဒာ၊ ညီ ငါခွင့်ပြုတယ်၊ အခု ငါ့ကို မနှောင့်ယှက်ကြပါနဲ့၊ ငါနဲ့ ပဝါဘဝလေး အေးချမ်းနေပါပြီ ညီရာ"

ကိုကို ချောက်ချားနေတာကြည့်ပြီး တမန် သွားဖြူဖြူလေးတွေ ပေါ်သည်အထိ ပြုံးနေသည်။ သိမ့်အပြုံးတွေကလည်း လှပရွှန်းစိုလို့။

"ကိုကို သိမ့်ကို အမွေအားလုံး လွှဲပေးခဲ့တာက"

"ငါဘာမှမမက်မောဘူး ညီ"

"နေဦး နွေတမန်၊ ခုချိန်မှာ နွေတမန်ရဲ့ တရားဝင်ဇနီး မယားက ပဝါဆိုတော့ သိမ့်မေးပါရစေဦး"

ကြားထဲကဝင်လာသော သိမ့်စကားတွေကြောင့် နွေတမန် စိတ်ရှုပ်ထွေးသွား၏။

"အားလုံးပြီးနေပြီပဲကွာ မင်းဘာထပ်မေးချင်လို့လဲ သိမ့်နန္ဒာ"

"ရှင်ပိုင်ဆိုင်သမျှ အမွေတွေ ကျွန်မကို တရားဝင်လွှဲပေးတာ ဆိုတော့ ပဝါက ကျေနပ်သလားဆိုတာ မေးချင်လို့ပါ"

သိမ့်နန္ဒာစကားကြောင့် ပဝါ ငွေးငွေးကလေးပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



အပ္ပအပင် သောကတို့ကင်းစင်သော အပြုံး။

"အဲဒီအတွက် ပဝါ ပြဿနာမရှိပါဘူး သိမ့်၊ မောင့်ကို ပိုင်ဆိုင်ရပြီးမှတော့ ပဝါ့အတွက် ဘယ်အရာကမှ တန်ဖိုးမရှိပါဘူး၊ မောင်နဲ့ပတ်သက်သမျှ ပဝါခွင့်လွှတ်တယ်၊ စွန့်လွှတ်ရဲတယ် သိမ့်"

တိမ်ပဝါ အဖြေစကားကြောင့် မောင် ကျေကျေနပ်နပ်လေး ပြုံးနေသည်။

သိမ့်မျက်နက်ဝန်းတွေထဲမှာ ပဝါမျှော်လင့်ထားသော ဒေါသနှင့် မာနတွေ ကင်းစင်နေတာ အံ့သြစရာ။

စေတမန်နှုတ်ခမ်းတွေမှာလည်း မူပိုင်အပြုံးလေး လှပစွာ ပွင့်ဖူးရင်း

"ကိုကိုနဲ့ တိမ်ပဝါတို့ရဲ့ ချစ်ခြင်းမေတ္တာကို သိမ့်က သပ်သပ် ကျိုးစယ်လိုက်တာပါ ကိုကို၊ ဟောဒီမှာ ကိုကို သိမ့်ကို အမွေလွှဲထားတဲ့ စာချုပ်"

"ဟာ ငါဘာလုပ်ရမှာလဲ မယူပါဘူး ညီ"

"ယူပါ ကိုကို၊ သိမ့် ကိုကို့အပေါ် မှားမိတာတွေအတွက် တောင်းပန်ချင်လို့၊ ကိုကို့ရဲ့စာချုပ်ကို ပြန်ပေးချင်လို့၊ သိမ့် လိုက်ရှာနေတာပါ၊ ကိုကိုနဲ့ဆုံတွေ့ပြီး ရှင်းလင်းပြီးတာနဲ့ သိမ့် တမန့်နောက်ကို လိုက်သွားတော့မှာပါ"

"ဟုတ်တယ် ကိုကို၊ သိမ့်ကို ကျွန်တော် ဘယ်လောက် ချစ်တယ်ဆို ကိုကိုသိပါတယ်၊ ကိုကိုနဲ့သိမ့်တို့ရဲ့ အဆင်မပြေမှုတွေကို





ကျွန်တော် ဒယ်ဒီတို့ပြောပြလို့ သိရတယ်၊ အဲဒီကတည်းက ကျွန်တော် သိမ့်ဆီပြန်ရောက်အောင် သွားခဲ့တယ်၊ သိမ့်ကို လက်ထပ်ယူဖို့အတွက် သိမ့်မိဘတွေဆီမှာ ကျွန်တော် ခွင့်တောင်းခဲ့ပြီးပါပြီ ကိုကို"

"ဩော် မင်းတို့က အားလုံးအဆင်ပြေနေပြီပဲ ညီ၊ ကိုကို ဝမ်းသာပါတယ်ဗျာ၊ ကွန်ကရက်ကျူလေးရှင်း ညီ"

အခုမှပဲ နွေတမန်မျက်နှာပေါ်မှ ဝမ်းသာကြည်နူးမှုအပြုံးတွေ ဝေဆာလာနိုင်တော့ချေသည်။ စေတမန်နှင့် နွေတမန် အမွှာညီအစ်ကို နှစ်ယောက် လက်ဆွဲနှုတ်ဆက်နေတာကို သိမ့်နှင့် တိမ်ပဝါတို့ ပြုံးပြုံးလေး ငေးကြည့်နေမိကြလေသည်။

"ပဝါ မင်းကို တို့ ကျေးဇူးအရမ်းတင်တယ် သိလား"

"ဘာအတွက်လဲ သိမ့်ရယ်"

"အချစ်ဆိုတဲ့အရာကို တို့ခံစားတတ်အောင် မင်းသတိပေးခဲ့လို့ပါ ပဝါ၊ မင်းကို တို့ တကယ်ကျေးဇူးတင်မိတာပါ၊ တို့ဘဝမှာ အချစ်ကို အလေးမထားခဲ့ဘူး၊ အတ္တမာနတွေနဲ့ အနိုင်ယူချင်တာ တစ်ခုအတွက်နဲ့ ကိုကိုနွေတမန်ကို လက်ထပ်ခဲ့တယ်၊ မရ ရတဲ့နည်းနဲ့ ယူခဲ့တယ်၊ အဲဒီအတွက် တို့ဆုံးရှုံးခဲ့ရတာ တမန်ကိုပါပဲ၊ တမန် တို့ကို ဘယ်လောက်ချစ်သလဲ တို့သိတယ်၊ တို့နှလုံးသားမှာလည်း တမန်ကို တောင့်တလိုလားခဲ့တာပါပဲ၊ အခုမှ တို့ဘဝက အဓိပ္ပာယ်ရှိသွားခဲ့တာပါ ပဝါရယ်"

"သိမ့် သူငယ်ချင်းရယ် မင်းကို တို့နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သိမ့်ပုခုံးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း တိမ်ပဝါ ဆိုလိုက်မိသည်။ တောက်ပသော သိမ့်မျက်နက်ဝန်းတွေထဲမှာ ချစ်ခြင်း၏ လှပမှုတွေနှင့် စိုလဲ့နေသည်၊ ပြည့်ဝနေသည်ဟု ပဝါယုံသည်။

"တို့အနားမှာ ဘယ်သူမှမရှိဘဲ ရှင်သန်ရတဲ့ကာလတွေက သိမ့်ကို အထီးကျန်ဆန်ခဲ့ပါတယ် ပဝါ၊ အဲဒီအချိန်မှာ ကိုယ့်အတော့်တဆုံးက တမန်ကိုပဲလေ၊ တမန်ပြန်ရောက်လာမှ အရာအားလုံး ပြီးပြည့်စုံသွားခဲ့တာပါ ပဝါ"

အမုန်းနှင့်အငြိုးတရားတွေ ကင်းစင်သွားသော သူငယ်ချင်းနှစ်ဦးရဲ့ မြင်ကွင်းကို နွေတမန်တို့ ညီအစ်ကိုလည်း ကျေနပ်ပြုံးတွေနှင့် ငေးမောကြည့်နေခဲ့ကြပါသည်။

"ကျွန်တော်တို့ လက်ထပ်ပြီးတာနဲ့ ဒယ်ဒီနဲ့မာမီတို့ရှိတဲ့ ဂျပန်ကို ခဏပြန်ကြမယ် ကိုကို၊ ပြီးတော့ ပျော်စရာကောင်းတဲ့ မိသားစုဘဝလေးကို သိမ့်နဲ့အတူ တည်ဆောက်နေထိုင်တော့မှာပါ၊ ဟောဒီမှာ ကိုကို့ရဲ့စာချုပ် အမွေတွေပြန်ယူပါ။ သိမ့်အတွက် ဒါတွေမလိုဘူး ကိုကို အချစ်တစ်ခုပဲ လိုအင်တာပါ ကိုကိုရယ်"

ညီကမ်းပေးသော စာချုပ်ကို နွေတမန် လှမ်းယူလိုက်မိပါသည်။ ပဝါအနီးမှာရှိနေသော သိမ့်ကိုလည်း နွေတမန် လှမ်းကြည့်လိုက်မိ၏။ သည်ကောင်မလေး နှုတ်ခမ်းဖူးလေးတွေ ပြုံးနေပါလား။

အချစ်ရဲ့ အနှစ်သာရကို ရှာတွေ့သွားပြီထင်ပါရဲ့။

✿ ✿ ✿



BURMESE CLASSIC .com

အခန်း (၄၃)

နှီးသာကုန်းထိပ်မှ နွေစံအိမ်ကြီးက ဟိုးယခင်ကအတိုင်း ထည်ဝါမှု၊ ခန့်ညားမှုတွေနှင့် လှပစွာ တည်ရှိနေဆဲရှိသည်။ ကားဖြူလေးတစ်စီးက ခြံဝင်းရှေ့မှာ ညင်သာစွာ ထိုးရပ်သွားခဲ့သည်။

ခြံထဲမှ ပြေးထွက်လာသော ဦးနီ၊ ကားပေါ်မှဆင်းလာသော စုံတွဲကို မျက်မှောင်ကုပ် မျက်လုံးတွေမှေးစင်းလျက် ကြည့်သည်။

"ဦးလေးနီ ကျွန်တော်တို့ကို မမှတ်မိဘူးလား"

"မောင် မောင်နွေ၊ သ သမီးလေးက တိမ်ပဝါမဟုတ်လား"

တိမ်ပဝါကိုကြည့်ကာ ဦးလေးနီ တအံ့တသြကြီး ရေရွတ်တော့ တိမ်ပဝါ အပြုံးလေးနှင့် ခေါင်းကလေးညိတ်ပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝမ်းသာလိုက်တာကွယ်၊ မင်းတို့ကို ဦးလေးနီမျှော်နေတာ၊ ဝင် ဝင်ကြ၊ ဒေါ်လေးစိမ့်ကလည်း မင်းတို့ကိုမျှော်နေကြတာ မောင်နွေရေ"

ဦးလေးနီ ခြံတံခါးကို ဖွင့်ပေးရှာသည်။ ကိုးနှစ်ကျော်ဆိုသော ကာလကြီးမှာ ဦးလေးနီ အတော်တော့ အိုမင်းသွားခဲ့ချေပြီ။ မျက်လုံးတွေ မှုန်လို့ အသားအရည်တွေ တွန့်ချင်နေပြီ။ ဒါပေမဲ့ အပြုံးတွေက နွေးထွေးနေဆဲ။

ကားလေးကို နွေတမန်က ဆင်ဝင်အောက်အထိ မောင်းခဲ့သည်။ ဟွန်းသံနှစ်ချက်ပေးကာ နွေတမန်တို့ ကားပေါ်က ဆင်းလိုက်ကြချိန်မှာ ညေ့ခန်းတံခါးကို အပြေးလာဖွင့်ကြိုသူက ဒေါ်လေးစိမ့်။

"သားကိုကိုတို့ လာမယ်ဆိုလို့ ဒေါ်လေးစိမ့် စပါယ်ရှယ် ချက်ပြုတ်နေတာကွယ့်၊ သမီးလေး တိမ်ပဝါလည်း ကြည့်စမ်းပါဦးကွယ် ဒေါက်တာမကြီးဖြစ်လာမှ အသားတွေဖြူဝင်းပြီး ပိုလှလာလိုက်တာကွယ်"

ဒေါ်လေးစိမ့်က တိမ်ပဝါကို ပွေ့ဖက်ကာ ဝမ်းသာအားရ ဆိုနေလေသည်။ နွေတမန် ခရီးဆောင်အိတ်တွေကို ကားပေါ်က သယ်ချရင်း

"ဒီမနက်တော့ ကျွန်တော်တို့လင်မယားနဲ့ ဒေါ်လေးစိမ့်ရယ် ဦးလေးနီရယ် ပျော်စရာထမင်းဝိုင်းလေး ဖွဲ့ကြရအောင်နော်"

"ကောင်းတာပေါ့ကွယ်၊ ဒေါ်လေးစိမ့် ရှယ်ချက်ပေးထားမယ် သား"





"လာ ပဝါ မောင်တို့အခန်းမှာ ခရီးဆောင်အိတ်တွေကို သွားထားကြရအောင်"

သားကိုကို ရွှင်မြူးနေတာကြည့်ရင်း ဒေါ်လေးစိမ့် သိပ်ကို ဝမ်းသာကြည်နူးနေခဲ့ပါသည်။ တစ်ချိန်က အရိပ်တကြည့် စောင့်ရှောက်ခဲ့ရသော သည်ကလေး။ သက်ဆိုးမရှည်ဘဲ လောကကြီးထဲက ထွက်ခွာသွားရတော့မယ် ထင်ထားခဲ့တာ အခုတော့ ကံကောင်းထောက်မစွာ ချမ်းသာကျန်းမာနေလိုက်တာ။

သိမ့်နန္ဒာနှင့် မင်္ဂလာဆောင်တော့ နွေတမန်ကိုကြည့်ပြီး သနားမိသူကလည်း သူမပဲဖြစ်သည်။ နွေတမန်လေးကို သူချစ်နေသော တိမ်ပဝါဆိုတဲ့ ကောင်မလေးနဲ့ပဲ သူမ ယှဉ်တွဲမြင်ထားတာလေ။

အခုတော့ အားလုံး ပျော်စရာတွေပါပဲ။ သိမ့်နန္ဒာလေးလည်း သူချစ်နှစ်သက်တဲ့ စေတမန်လေးနဲ့ ကြည်နူးသွားခဲ့ပြီ။ သူမစိတ်ထဲမှာ ယှဉ်တွဲမြင်ခဲ့သော နွေတမန်နှင့် တိမ်ပဝါလေးတို့လည်း ပေါင်းဖက်ခဲ့ရပြီလေ။

တစိမ့်စိမ့်တွေးရင်း ဒေါ်လေးစိမ့် ကြည်နူးချမ်းမြေ့နေရတော့၏။

နွေစံအိမ်ကြီးရဲ့ ဝရန်တာလေးမှာရပ်ရင်း တိမ်ပဝါမျက်ဝန်းတွေက နှံ့သာကုန်းထိပ်က မြေနီလမ်းကလေးကို လှမ်းမျှော်ကြည့်နေမိသည်။

ရင်ထဲမှာ တသိမ့်သိမ့်နွေးလို့ မြင်ယောင်လာမိတာ အတိတ်က ပုံရိပ်လေးတွေပါပဲ။ တစ်ချိန်က ဒီမြေနီလမ်းနံဘေးမှာ နွေတမန်နဲ့


www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ဖိုလှိုက်မောစရာကောင်းလှတဲ့ဖြစ်ရပ်တွေ၊ အမှတ်ရစရာ အဖြစ်တွေ အများကြီး ကြုံခဲ့ဖူးသည်။

"ပဝါ"

မောင့်ခေါ်သံလေးကြောင့် တိမ်ပဝါ လှည့်ကြည့်မိသည်။ ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားရသည်။ မောင်က အညိုရောင် သိုးမွေး ဆွယ်တာလေးကို ဆင်ယင်ထားသည်။ တိမ်ပဝါမျက်ဝန်းလေးတွေ တောက်ပရွှန်းလဲ့လို့ မောင့်ကို ငေးစိုက်ကြည့်နေမိသည်။

"ဒီဆွယ်တာလေးကို ဝတ်ထားတိုင်း ကိုယ့်ကို တိမ်ပဝါ ဖက်ထားသလို အမြဲခံစားရတယ် ပဝါရဲ့"

မောင်ဆိုတော့ တိမ်ပဝါ ကျေနပ်ကြည်နူးရပြန်သည်။ ပဝါရဲ့ လက်ဆောင်ဆွယ်တာလေးက မဟောင်းနွမ်း မပျက်စီးသေးပါလား။ မောင် တမြတ်တနိုး တယုတယနဲ့ သိမ်းထားခဲ့တာ သေချာသည်။

"မောင်ရယ် မောင့်ရဲ့ချစ်ခြင်းတရားတွေကိုတော့ တိမ်ပဝါ အုံ့ဩလောက်တဲ့အထိ ခံစားရပါတယ်ကွယ်"

"ပဝါနဲ့ပတ်သက်ရင် မောင် အမြဲတမ်း အသေးအဖွဲလေးက အစ ဂရုစိုက်ခဲ့တာပါ၊ ကဲ ကိုယ်နဲ့ ခဏလိုက်ခဲ့နော်"

"ဘယ်ကိုလဲ မောင်"

"ဟိုရောက်တော့သိမှာပေါ့ လာပါကွာ"

တိမ်ပဝါလက်ကိုဆွဲကာ မောင် အိမ်အောက်ထပ်ကို ခေါ်လာသည်။ မောင်ဘာလုပ်နေတာလဲ တိမ်ပဝါ စဉ်းစားမရပါ။





ညည့်ခန်းကိုဖြတ်ကျော်ပြီး ခြံဝင်းထဲရောက်တော့

"ခဏလေးစောင့် ပဝါ၊ မောင် ချက်ချင်းပြန်လာမယ်"

ပဝါ ခေါင်းကလေးညိတ် နာခံသည်။ မောင်က ညာဘက် ကားဂိုထောင်လေးထဲ ပြေးဝင်သွားသည်။

မောင်ပြန်ထွက်လာတော့ ဂျပန်စက်ဘီးလေးတစ်စီးကို တွန်းလျက်။

"နောက်ကတက် ပဝါ"

စက်ဘီးလေးကို မောင်နင်းသည်။ တိမ်ပဝါ မောင့်ခါးလေးကို ဖက်ကာ ပါလာခဲ့သည်။ နွေစံအိမ်ကြီးမှ ထွက်လာသော စက်ဘီးလေးက နံ့သာကုန်းထိပ် လမ်းမကြီးအတိုင်း ဦးတည်သွားသည်။

အခုမှပဲ မောင်ဦးတည်ရာအရပ်ကို တိမ်ပဝါ သိရပါတော့သ မြေနီလမ်းလေးမှ ခွဲထွက်၍ မောင်ဦးတည်နင်းနေတာ မောင်နှင့် ပ အမှတ်တရနေရာလေးပါပဲ။

"ဆင်းတော့လေ တိမ်ပဝါရဲ့"

တိမ်ပဝါ စက်ဘီးလေးပေါ်က ခုန်ဆင်းလိုက်ရပါသည်။

မြေနီလမ်းလေးက တိတ်ဆိတ်လို့ လမ်းဘေးက မြို့နွယ်လေး တွေက စိမ်းစိုနေသည်။ နွေတမန်က တိမ်ပဝါလက်ကိုဆွဲကာ ထင်းရှူးပင် ကြီးဆီ ခေါ်ဆောင်လာသည်။

"ဒီမှာကြည့်လိုက်စမ်း တိမ်ပဝါ၊ နွေစံအိမ်က မောင်ထွက် သွားတော့မယ်လို့ ဆုံးဖြတ်ပြီးတဲ့နေ့က မောင်ရေးခဲ့တဲ့စာလေး



www.burmeseclassic.com

www.burmeseclassic.com

ထင်းရှူးပင်ကြီး၏ ပင်စည်မှာ ရေးထားသော မောင့်စာလေးက ထင်ရှားနေဆဲပါ။ မောင် အသေအချာ ထွင်းထုထားခြင်းပါလား။

"နွေပဝါ"

"ဟုတ်တယ်၊ နွေဆိုတာက မောင်၊ ပဝါနဲ့မောင့်နာမည်ကို ထွင်းထုခဲ့တာ နှစ်ပေါင်းများစွာကြာပြီပေါ့ ပဝါရယ်"

မောင့်မျက်ဝန်းညိုညိုတွေထဲကြည့်ရင်း တိမ်ပဝါ ဘာမှ မဆိုနိုင်ခဲ့ပါ။ တိမ်ပဝါမျက်ဝန်းတွေထဲမှာတော့ စကားလုံးများစွာ ရှိနေမှာ သေချာသည်။

တိမ်ပဝါ သတိရတော့ မွှတ်သိပ်ရှိန်းမြသော မောင့်ရဲ့ အနမ်းတွေ။

"ပဝါ့ကို မောင် သိပ်ချစ်ခဲ့တာပါ"

မောင် တိုးတိုးလေးပြောသည်။ တိမ်ပဝါကတော့ နူးညံ့သော တုံ့ပြန်အနမ်းလေးတွေနှင့် မောင့်ကို သက်သေပြနေမိတော့သည်။

တိတ်ဆိတ်သော နံ့သာကုန်းထိပ်လေးမှာ ရင်ခုန်သံတွေ လှုပ်ခတ်နေဆဲ။

✿ ✿ ✿

ပရိတ်သတ်အတွက်
အမြဲတမ်း
သျှိုး



အသည်းတလုပ်လုပ် ရင်တဖိုဖို ခြေဖျားလက်
အေးစက်သွားစေမယ့်ဝတ္ထု

# သျှိုး

စင်တင်သည့်

# နိုင်စိမာန်

# ပြေး

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၇၉၁၂၀၇

ဗျူးစာပေမှ သေသေသပ်သပ် ခန့်ခန့်ညားညား
ထွက်ရှိပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

# ပျိုး
(ကလောင်ခွဲ)

# ဝ
# သျိုး



နှစ်ပါး သွား ဓလေ့

www.burmeseclassic.com